
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ဖြူဖူလဲသွယ်ယိ

အချစ်လှိုင်း

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ ဓကားဝါလမ်း<br>အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

အချစ်လှိုင် / မြပုလဲသွယ် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၃

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အချစ်လှိုင်း


BURMESE CLASSIC .com

## အခန်း (၁)

မြင်ကွင်းတစ်ခုလုံး အုံ့ဆိုင်းမှိုင်းညို့နေ၏။

အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ပတ်ဝန်းကျင်။

ဘယ်နေရာကိုပဲကြည့်ကြည့် အရှိန်ပြင်းစွာ စီးဆင်းနေသော မိုးရေအစုအဝေးက အမှိုက်သရိုက်မှန်သမျှ အကုန်စုဝေးလျက် မြင့်ရာမှ နိမ့်ရာသို့ ဦးတည်ပြေးလွှားမဆုံးသော ရေစီးကြောင်းတို့ဖြစ်လာ၏။

"မိုးကလည်း သည်းပဲ သည်းနိုင်လွန်းတယ်၊ ဒီပုံနဲ့ဆို မနက်ဖြန်တောင် မိုးက တိတ်ပါဦးမလား မသိဘူး"

ဒေါ်ထားညို မျက်နှာက အလိုမကျစွာ အိုကျနေသည့် ညိုညစ်ညစ်မျက်နှာ၊ မှုန်အစ်လျက် တဝေါဝေါရွာနေသော မိုးကို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်လိုက်သည်။

ပေါက်ပြဲနေသော အိမ်ခေါင်က မိုးမလုံ။ အိမ်ရှေ့ကပြင် တစ်ခုလုံး မိုးတို့ရွဲနစ်စွတ်စိုလျက်။

"မတိတ်လည်း ဘာဖြစ်လဲ ထားညိုရယ်၊ ဒီအိမ်အို အိမ်စုတ်လေးမှာ တို့လင်မယားက နေတော့မှာမှမဟုတ်တဲ၊ အလွန် ဆုံး ဒုက္ခခံရလှ တစ်နာရီ နှစ်နာရီပေါ့၊ မကြာခင် တို့လင်မယားက သူဌေးဖြစ်တော့မှာပဲဟာ"

ဦးပိုက်ထွေးက ပြောရင်း ဖွက်ပေါက်နေသော လမ်းကျဉ်း လေးအတိုင်း လှမ်းမျှော်ကြည့်သည့် မျက်ဝန်းတွေက အရောင် တဖျပ်ဖျပ် လင်းလက်တောက်ပလျက်။ သူကိုယ်တိုင် မမြင်မတွေ့ ရသေးသော်လည်း ကိုယ့်စိတ်ကူးဖြင့် ကိုယ့်စိတ်ကြိုက် ပုံစံဖော် ထားသော သူဌေးကြီးဦးပိုက်ထွေး ဘဝကို အလွန်ကျေနပ်သော အမူအရာဖြင့် နှုတ်ခမ်းအစုံက သူ့အလိုလိုပြုံးနေသည်။

"ဆောက်ဖြစ်မှ ကျောင်းတကာပါတော်၊ တော်ကြာ သူတို့က လာမခေါ်ရင် ဘယ့်နယ်လုပ်မလဲ"

"လာမှာပါကွ…မင်းကလည်း၊ ထွန်းမြတ်ညိုဆိုတဲ့ မင်းသားကိုယ်တိုင်က သူ့အမေကို တွေ့ချင်မြင်ချင်လှချည်ရဲ့ဆို ပြီး ဒီအထိအောင် ရှာဖွေပြီး လိုက်လာတာမဟုတ်လား"





ထွန်းမြတ်ညို ဆိုသည့် အသံကြောင့် ဒေါ်ထားညို မျက်နှာ တစ်မျိုးဖြစ်သွားကာ စိုးရွံ့ထိတ်လန့်မှုနှင့် တုန်လှုပ်ချောက်ချားစွာ ဘာအမူအသင်မှမရှိဘဲ ပြုံးပြုံးကြီးလုပ်နေသည့် ဦးပိုက်ထွေးကို စိတ် မသက်သာသော အမူအရာနှင့် လှမ်းကြည့်လိုက်သည်။

ဒေါ်ထားညို၏သား ထွန်းမြတ်ညို။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်က ဒေါ်ထားညို ရင်နှင့် လွယ် မွေးခဲ့ရသော ဒေါ်ထားညို၏သားကြီး ထွန်းမြတ်ညိုဆိုသော နာမည်သာကြားဖူးပြီး လူချင်း တစ်ခါမှမတွေ့ဖူးသေးသည့် သားကြီး။

လူကိုယ်တိုင် ရောက်မလာပေမယ့် အမေနှင့် ညီဖြစ်သူ တို့ အမြန်ဆုံးလိုက်လာရန် လူလွှတ်အခေါ်ခိုင်းလိုက်တာကို ကြား ခါစက ဒေါ်ထားညိုကိုယ်တိုင် ကိုယ့်နား ကိုယ်မယုံနိုင်သလို အရောင်ဖိတ်ဖိတ်လက်နေသည့် ကားကြီးကိုကြည့်ပြီး တုန်လှုပ် ချောက်ချားမှုတွေနှင့် ဘာစကားသံမှမထွက်။

ဦးပိုက်ထွေးက ဦးဆောင်ပြောဆိုသွား၍ တော်တော့ သည်။

"သားကြီးက သူ့ညီကို သိပ်တွေ့ချင်နေတာ ရှင်လည်း သိရက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသား စစ်လာရင် တွေ့ရမှာပေါ့၊ ဒါ ဘာခက်တာမှတ်လို့"

ပြောသည့်လူက ပြီးစလါယ်။

ဒီလောက်အရေးကြီးသည့်ကိစ္စကိုပဲ ဘာမှမဖြစ်သည့်ပုံစံနှင့်ဆိုတော့ ဒေါ်ထားညိုစိတ်ထဲ တစ်မျိုးကြီး ခံစားနေရသည်။ ဆင်းဆင်းရဲရဲဘဝနှင့် နေထိုင်ခဲ့ရပေမယ့် ဘဝကို ကျေနပ်စွာနေတတ်အောင် ကြိုးစားခဲ့သည်။ ကားတဝီဝီစီးပြီး ငွေကို ရေလိုသုံးဖြုန်းနေသူတွေကိုလည်း အပြစ်မမြင်ခဲ့။

ကိုယ့်ဘဝနှင့်ကိုယ်ဆိုသည့် အတွေးအပြင် တခြား ဘယ်လို ခံပြင်းနာကြည်းမှုမျိုးမှ မဖြစ်ခဲ့။ တစ်နေ့တစ်နေ့ ယောကျ်ားဖြစ်သူ ရှာဖွေပေးသည့် ပိုက်ဆံလေးကို သားအဖသုံးယောက်လောက်ငှအောင် ခွဲဝေသုံးစွဲခြင်းဖြင့် ငြိမ်းချမ်းစွာ ဘဝကို တည်ဆောက်နေထိုင်ခဲ့တုန်းက ဘာအပူအပင်မှမရှိ။

အခုလို မမျှော်လင့်ဘဲ ဒေါ်ထားညို၏သားကြီး ထွန်းမြတ်ညို လွှတ်လိုက်သော လူကြုံကတစ်ဆင့် ဆင်းရဲတွင်းနက်လှသည့် ဒေါ်ထားညိုဘဝက နေ့ချင်းညချင်း ပြောင်းလဲဖို့ဖြစ်လာခြင်းဖြစ်သည်။

သားကြီး ထွန်းမြတ်ညို၏ အစီအစဉ်ဖြင့် စုတ်ချာနိမ့်ကျ





လှန်းသော ဘဝမှ ပြည့်စုံချမ်းသာကြွယ်ဝသော လူ့အဆင့်အတန်းမြင့်မားသည့် သူဌေးမကြီးဘဝသို့ ရောက်ရတော့မှာဖြစ်ပါလျက် ဒေါ်ထားညို မပျော်။ တက်ကြွလန်းဆန်းခြင်းမရှိ။ လင်ခရူဆာကားနက်ကြီး ဒေါ်ထားညိုတို့ အိမ်စုတ်လေးရှေ့ရောက်လာပြီး သားကြီး ထွန်းမြတ်ညို၏ ရှေ့နေကြီး ရောက်လာပြီးကတည်းက တစ်ယောက်တည်း ကြိတ်မျိုချနေရသည့် သက်ပြင်းတွေက ဒေါ်ထားညိုအတွက် ဘယ်နှကြိမ် ဘယ်နှခါ ရှိမှန်းပင်မသိ။

"ကျွန်မတော့ ရင်လေးတယ် ကိုပိုက်ထွေး၊ စစ်ကို..."

"ဟော..ဟိုမှာ မင်းသား စစ် ပြန်လာပြီဗျာ"

BURMESE CLASSIC .com

မိုးရေထဲက စစ်ရှိရာ ဒေါ်ထားညို လှမ်းမျှော်ကြည့်လိုက်တော့ ပြောရန်ပြင်နေသော စကားက သူ့အလိုလို လည်ချောင်းဝမှာ ပျောက်သွားရပြန်သည်။ ထီးမလုံတလုံထဲမှာ စစ် တစ်ကိုယ်လုံး မိုးရေတို့ရွဲစိုလျက်။

အမှိုက်သရိုက် အညစ်အကြေးပေါင်းစုံ စီးမျောနေသော ရေပြင်ကိုဖြတ်နင်းပြီး ဒေါ်ထားညိုတို့လင်မယား ထိုင်နေသည့် ရေကပြင်အရောက် စိုနေသည့်ထီးကို ပစ်ချပြီး မိုးလွတ်ရာမှာ သူ့ကိုယ်ပေါ်က မိုးရေအဝတ်တွေ ဖျိုးခနဲ ဖျတ်ခနဲ ခါချသည်။

"ဘာကိစ္စ ဒီလောက်အရေးကြီးလို့ စစ်ကို မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



လာပါ ဘာညာနဲ့ ဖွတ်ခေါ်ရတာလဲ မေမေရ၊ ကြီးစုက သူ့အလုပ်တွေပစ်ပြီး စစ် သွားတာ လုံးဝကြိုက်တာမဟုတ်ဘူး၊ သိတဲ့အတိုင်းပဲ၊ ဆိုင်မှာက စစ် ရှိမှဖြစ်တာလည်း သိရဲ့နဲ့''

စစ်က အပေါ်ဝတ်ဂျာကင်တစ်ထည်ကို ဆွဲချွတ်ခါချရင်း စစ်မျက်နှာကို တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသည့်ပုံစံနှင့် ပြုံးကြည့်နေသည့် ဖခင်ဖြစ်သူနှင့် မျက်နှာတစ်မျိုးဖြစ်နေသည့် မိခင်ဖြစ်သူကို လှမ်းကြည့်သည်။

''အဲဒီအလုပ်တွေ ဒီနေ့ကစပြီး မင်း ဘာတစ်ခုမှလုပ်ဖို့မလိုတော့ဘူး စစ်၊ ဒီနေ့ ဒီအချိန်ကစပြီး မင်း သူဌေးဖြစ်ပြီ''

''ဗျာ''

''အဖေတို့ ထီပေါက်လို့လား''

''ထီပေါက်တာထက် ပိုကောင်းတဲ့ အစီအစဉ်ရှိနေလို့ပေါ့ စစ်ရ၊ ထားညို…မင်းသား စစ်ကို အဖြစ်မှန်တွေ ပြောပြလိုက်လေ''

အဖြစ်မှန်…။

ဦးပိုက်ထွေး စကားအဆုံးမှာ ဒေါ်ထားညိုမျက်နှာက ပိုပြီးထိန်းမရအောင် ပျက်သွားကာ မနည်းသတိထားလိုက်ရသည်။

''အဖေ ဘာတွေပြောနေတာလဲ အမေ၊ စစ်တော့ ဘာ





ကိုမှ နားမလည်တော့ဘူး၊ စစ်တို့က ဘယ်လိုလုပ်ပြီး သူဌေးဖြစ်ရမှာလဲ''

''မင်းအစ်ကိုက သူဌေးမို့လို့ပေါ့ကွ''

''အစ်ကို''

စစ် နှုတ်ဖျားက အစ်ကိုဆိုသည့်စကားကို ခပ်ဖွဖွရေရွတ်ရင်း မိခင်ဖြစ်သူမျက်နှာကို လှမ်းကြည့်သည်။

''ထားညို…မင်းသား စစ် ဝမ်းသာအောင် သူ့အစ်ကိုထွန်းမြတ်ညို ဘယ်သူဆိုတာ ပြောပြလိုက်လေကွာ''

''အစ်ကိုထွန်းမြတ်ညို…ဟုတ်လား၊ သူက ဘယ်သူလဲ၊ စစ်အစ်ကိုလား၊ စစ်လည်း အစ်ကိုအကြောင်း တစ်ခါမှ မကြားဖူးပါလားဗျာ၊ ဘာတွေဖြစ်နေတာလဲ အမေရယ်၊ စစ်ကို သေချာပြောစမ်းပါဦး''

''ပြောပါ့မယ် စစ်ရယ်၊ အခု စစ်ကိုယ်ပေါ်က ရေစိုအဝတ်တွေ အရင်လဲပြီး နွေးနွေးဖြစ်အောင် လုပ်စမ်းပါဦး၊ တော်ကြာ လမ်းခရီးမှာ တစ်ခုခုဖြစ်ရင် အမေက ဘာတစ်ခုမှ လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး''

''စစ်တို့က ခရီးထွက်ရဦးမှာလား၊ ဘယ်ကိုသွားရမှာလဲ အမေရာ၊ စစ်တော့ ဘာမှကို နားမလည်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ချင်ရင် မင်းအမေ ခိုင်းတဲ့အတိုင်း ရေစို အဝတ်တွေ အရင်လဲလေကွာ၊ ဒါဆို မင်းသိချင်တာ သိရမှာပေါ့"

"ဟုတ်တယ်…စစ်၊ မင်းကိုယ်ပေါ်က ရေစိုအဝတ်တွေ အရင်လဲထား၊ ပြီးမှ မင်းကို အမေ ပြောပြမယ်"

အမြဲတမ်း တည်ငြိမ်နေသည့် အမေ့မျက်နှာက ဒီနေ့မှာ ထူးခြားစွာ လေးနက်စွာ အရောင်ပြောင်းနေသလို အပြုံးအရယ် ကင်းသော အဖေသည်ပင်လျှင် စစ် စရောက်ချိန်ကတည်းက တစ်ချိန်လုံး အပြုံးတွေဆေနေတာ မြင်နေရသဖြင့် ထူးခြားနေသည်က အမှန်ဖြစ်သည်။

ရေစိုအဝတ်တွေ ခပ်မြန်မြန်လဲပြီး စစ် အမေတို့နား ပြန်ရောက်သွားတော့ အမေက စစ်တစ်ကိုယ်လုံး စေ့စေ့ကြည့်ပြီး သက်ပြင်းချသည်။

"မင်း ပြောစရာရှိတာ မင်းသားကို မြန်မြန်ပြော ထားညို၊ တော်ကြာ လာကြိုတဲ့ကား ရောက်လာလို့ သားအမိနှစ်ယောက် ဘာစကားမှမပြောရဘဲ ဖြစ်နေဦးမယ်"

"လာကြိုမယ့်ကား…ဟုတ်လား၊ ဘယ်သူ့ကိုလာကြို မယ့်ကားလဲ အမေ၊ စစ်တို့ကို လာကြိုမယ့်ကားလား"

"ဒီလိုပါ စစ်ရယ်၊ တိုတို့နဲ့လိုရင်းပြောရရင် အမေ့မှာ





အရင်အိမ်ထောင်နဲ့ သားတစ်ယောက် ရခဲ့တယ်၊ အခုပြောနေတဲ့ ထွန်းမြတ်ညိုဆိုတဲ့ သားကြီးပေါ့"

သားကြီး…

အမေ့သားကြီး ထွန်းမြတ်ညို။

"အဲဒါ မင်းအစ်ကိုပဲ စစ်၊ အခု သူက သူဌေးကြီးဖြစ် နေပြီ၊ သူ့အမေနဲ့ ညီလေးကို တွေ့ချင်လို့တဲ့၊ လူလွှတ်စုံစမ်းခိုင်း ထားတာ ကြာလှပြီ၊ အခုမှပဲ သူ့အမေရှိတဲ့နေရာကိုသိရလို့ လူ လွှတ်ပြီး အခေါ်ခိုင်းတာ"

အမေ ပြောတာကို အားမလိုအားမရ ဖြစ်နေပုံရသော အဖေကိုယ်တိုင် ဒီကိစ္စကို ခပ်ပြုံးပြုံးဝင်ရှင်းပြတာကို စစ် နား မလည်။ အဖေဟာ အမေ့ရဲ့နောက်အိမ်ထောင်ဆိုတာ စစ်ပင် မသိ။ အခုမှ အမေ့မှာ အဖေ့အရင် တခြားတစ်ယောက်နှင့် အိမ်ထောင် ကျပြီး သားတစ်ယောက်ရခဲ့တာကို အံ့သြလျက် မျက်လုံးအဝိုင်း သား၊ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေမိသည်။

"အမေ့မှာ အရင်တုန်းက တခြားအိမ်ထောင်ရှိခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ ရှိခဲ့ပါတယ်၊ သားနှစ်ယောက် ကိုလည်း မွေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်"

"အေး…ကျန်တဲ့တစ်ယောက်က မင်းပဲ"

"ဗျာ…အဖေ ဘာတွေပြောနေတာလဲ"

အဖေက ဝင်ပြောသဖြင့် စစ် အဖေ့မျက်နှာကို အလန့်တကြား ကြည့်လိုက်ပေမယ့် အဖေ့ပုံစံက တည်တည်ငြိမ်ငြိမ်။

"မင်း ဘာမှလျှာရှည်မနေနဲ့ စစ်၊ ဟိုက သူ့အမေနဲ့ ညီလေးကို သိပ်တွေ့ချင်နေတာ၊ ဟိုရောက်ရင် မင်း ဆယ်တန်းအောင် အောင်ဖြေရမယ်၊ အမှတ်ကောင်းကောင်းရရင် နိုင်ငံခြားကို သွားပြီး ကျောင်းတက်ရုံပဲ၊ ဘာမှပူစရာမလိုဘူး၊ မင်းလုပ်ရမှာက ဒါပဲ"

"စစ်က ဘာလုပ်ရမှာလဲ"

"ဟ…အခုချိန်ကစပြီး မင်းက ထွန်းမြတ်ညိုရဲ့ညီ လုပ်ရမှာပေါ့၊ ဒီလောက်လေးမှ အထာမပေါက်ရင် ရှေ့ခရီး ဘယ်လိုဆက်လျှောက်မှာတုန်း"

အဖေ ပြောပုံက ငှက်ပျောသီးအခွံနွှာစားသလို လွယ်လွယ်ပေါ့ပေါ့လေး။ စစ်က ထွန်းမြတ်ညိုရဲ့ညီ လုပ်ရမည်တဲ့။ စစ် အကြည့်တွေက အဖေ့ထံ ပြန်ရောက်သွားသည်။ စစ်မျက်ဝန်းမှာက နားမလည်နိုင်ခြင်းတွေ အပြည့်။





"အမေ့သားငယ်လေးက မင်းအဖေနဲ့မတွေ့ခင်ကတည်းက ဆုံးသွားခဲ့ပြီ စစ်"

ဆုံးသွားပြီ။

မရှိတော့ဘူး။

စစ်ကို ဘာလို့ အဖေက ထွန်းမြတ်ညိုရဲ့ညီ ဖြစ်စေချင်ခဲ့တာလဲဆိုတာ အခုမှ စစ် သဘောပေါက်သွားသည်။ စစ် ရောက်နေသည့်နေရာက လူစားထိုးခံရမည့်နေရာ။ စစ် တစ်ခါမှ မမြင်မတွေ့ဖူးသည့် အမေ့သားကြီး ထွန်းမြတ်ညိုဆိုတဲ့ လူကြီးကို သူ့ညီအဖြစ် အယုံသွင်း လှည့်စားရမည့်ဇာတ်ရုပ်။

"စစ် မလုပ်ချင်ဘူး အမေ၊ စစ်ကို ခွင့်လွှတ်ပါ၊ စစ် ဘဝနဲ့ စစ်ပဲ နေပါရစေ"

"အံမယ်…မင်းက လူတတ်ကြီးလုပ်ပြီး မိဘက လက်နဲ့ရေးထားတာကို ခြေနဲ့ဖျက်ဦးမလို့လား၊ သူတစ်ပါးအိမ်မှာ တစ်သက်လုံး ကျွန်ခံပြီး နေနေရတာကို တော်တော်သဘောကျနေတယ်ထင်တယ်"

"မီကုပ်ပြီး နတ်ပြည်တင်တာ မြင့်တယ်ဆိုပြီး ခုန်ချချင်တဲ့ကောင်မျိုး၊ အခုချိန်ကစပြီး ငါခိုင်းတဲ့အတိုင်းလုပ်၊ ပြောမရရင် ပိုက်ထွေး ဘာကောင်လဲဆိုတာ အကြောင်းသိသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…မင်းတို့သားအမိကို လာကြိုတဲ့ကား ရောက်လာပြီ ထားညို"

"စစ်…မင်း အမေ့စကားကိုနားထောင်ပြီး မင်းသမေနောက်ကိုလိုက်သွား၊ နောက်မှ မင်းတို့သားအမိအခြေအနေကို ကြည့်ပြီး အဖေ စီစဉ်ပေးမယ်"

ဘာကို ဘယ်လိုစီစဉ်ပေးမှာလဲဆိုတာ စစ် မသိ။ အမေကတော့ စစ်တို့အိမ်ရှေ့ ထိုးဆိုက်လာသည့် ကားကြီးကိုကြည့်ပြီး မျက်မှိမျက်နှာပျက်နေတာကို ကြိုးစားထိန်းနေသည်။

ကားပေါ်က ဥပမိရုပ် သန့်ပြန့်သားနားသော လူကြီးတစ်ယောက်ကိုလည်း ဒရိုင်ဘာကိုယ်တိုင် ထီးမိုးလျက် ဆင်းစေသည်။ နံ့သာရောင်တိုက်ပုံ၊ လည်ကတုံးအင်္ကျီအဖြူ၊ နံ့သာရောင်ပုဆိုး၊ ကတ္တီပါဖိနပ်ညိုညို၊ လက်ဆွဲအိတ်အမည်းကြီးကို ခန့်ညားစွာ ဆွဲကိုင်ထားသူက အမေ့ရှေ့မှာလာရပ်ပြီး အမေနှင့်အတူ ရှိနေသည့် စစ်ထံ ဖျတ်ခနဲ အကြည့်ရောက်လာ၏။

"အားလုံးအသင့်ဖြစ်ရင် သွားလို့ရပါပြီ အစ်မကြီး"

"ဟို…ကျွန်မ"

"အားလုံးအသင့်ပါပဲ ဆရာကြီး၊ ထားညို…မင်းသားငယ်ကိုခေါ်ပြီး လိုက်သွားလေ"





"ဆရာကြီး…ဒါ မောင်ထွန်းမြတ်ညိုရဲ့သား စစ် ဆိုတာပဲ"

ဒေါ်ထားညို ဘာမှပြောခွင့်မရ။

ဦးပိုက်ထွေးကပဲ ဒေါ်ထားညိုတို့ သားအမိရှေ့က ဦးဆောင်ပြောသွား၍ စစ်တို့သားအမိမှာ ဦးပိုက်ထွေး ပြောသမျှကိုသာ ငြိမ်သက်ဆွံ့အစွာ ကြောင်ကြည့်နေမိကြသည်။

"တွေ့ရတာဝမ်းသာပါတယ် ကလေးရယ်၊ မင်းအစ်ကိုကြီး သူ့ရဲ့အမေနဲ့ ညီလေးကို သိပ်တွေ့ချင်နေရှာတာပါ"

"စစ်…အဲဒါ မင်းအစ်ကိုကြီးရဲ့ရှေ့နေ ဦးတိုင်းကျော်တဲ့၊ လက်ဆွဲနှုတ်ဆက်လိုက်ပါဦး"

"ဟုတ်"

ဦးတိုင်းကျော် ကမ်းပေးလာသည့် လက်ထဲကို စစ်လက်လေးတစ်ဖက် အဖေဖြစ်သူ၏ အမိန့်နှင့် ယောင်ယမ်းကမ်းပေး လှမ်းထည့်ပေးလိုက်တော့ ဦးတိုင်းကျော်က စစ်လက်လေးကို အသာဆုပ်ကိုင် ခါယမ်းလျက် နှုတ်ဆက်သည်။

"အစ်မကြီးတို့သားအမိ ကားပေါ်တက်နိုင်ပါပြီ"

"ဗျာ"

"ဒီက ဦးပိုက်ထွေးကတော့ ဒေါ်ထားညိုတို့ သားအမိ



www.burmeseclassic.com

www.burmeseclassic.com

နဲ့အတူ သုခမြိုင်ကို လိုက်လာစရာမလိုတဲ့အတွက် မောင်ထွန်းမြတ်ညိုက ဦးပိုက်ထွေး အသုံးစရိတ်အတွက် ယောဒီငွေတွေကို မေတ္တာနဲ့ ပေးလိုက်ပါတယ်၊ လက်ခံပါ ဦးပိုက်ထွေး''

ဥပမိရပ်ကအစ ကျက်သရေရှိရှိ။ အသံသြဇာကလည်း တစ်ဖက်သား မနာခံလို့မရအောင် သြဇာသံအပြည့်။ ဖြူဝင်းခန့်ညားကာ ရွှေမျက်မှန်တဝင်းဝင်းနှင့် အသက် ငါးဆယ်ကျော် ခြောက်ဆယ်တွင်းဖြစ်သည်။

တိုက်ပုံဝတ်မထားပေမယ့် ရှပ်လက်ရှည် စတစ်ကော်လံကို ရွှေကြယ်သီးနှင့် ဝတ်ထားသည်။ မျက်နှာက မွေးကတည်းက ရွှေလင်ပန်းနှင့် အချင်းဆေး၊ ရွှေဇွန်းကိုကိုက်မွေးလာသလို အလိုလိုနေရင် စင်မြင့်ထက် ရောက်နေသည့် ရုပ်ဆင်းသဏ္ဌာန်မျိုး။

တရားသူကြီးတာဝန်နှင့် ဦးတိုင်းကျော် မျက်နှာထားက လိုက်ဖက်အပ်စပ်လှသည်။ တည်ကြည်ခန့်ညားသောမျက်နှာမှာ ပညာဉာဏ်နှင့်ပြည့်ဝခြင်း၊ ထက်မြက်ခြင်း၊ တရားမျှတခြင်း၊ စည်းကမ်းကြီးခြင်း၊ သနားကြင်နာတတ်ခြင်းအားလုံး ရောပြွမ်းပေါ်လွင်နေ၏။

ဒေါ်ယားညိုတို့သားအမိကို ထွန်းမြတ်ညိုက သူနှင့်အတူ





သုခမြိုင်မှာ အတူလိုက်နေဖို့ခေါ်သော်လည်း မိခင်ကြီး၏ နောက်အိမ်ထောင် ပထွေးဖြစ်သူကို သူ့အိမ်ကြီးပေါ်အထိ မခေါ်ယူနိုင်ခြင်းမှာ တရားကျူးပါသည်။ မှုလည်း မှုတသည့်အတွက် ဘယ်သူမှ ဘာမှထပ်စကားမဆိုရဲ။

ဆိုလည်း မဆိုဝံ့။

ဦးတိုင်းကျော် လှမ်းပေးသည့် အညိုရောင်စက္ကူအိတ်ထူထူကြီးကိုသာ ဒေါ်ထားညို၏မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ဦးပိုက်ထွေးက ဆွဲယူလိုက်၏။ စက္ကူအိတ်ကို ဖွင့်ကြည့်လိုက်တော့ ငွေငါးထောင်တန် ပါကင်အသစ်ကျပ်ချွတ်တွေက မွှေးခနဲမို့ ဦးပိုက်ထွေးပါးစပ်မှ ဟာခနဲ အသံထွက်သွားသည်အထိ အံ့သြဝမ်းသာသွားသည်။

''ငွေသားအားလုံး သိန်းတစ်ရာတိတိပါ ဦးပိုက်ထွေး၊ ယောဒီစာချုပ်မှာ လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးစေချင်ပါတယ်''

အသင့်ရေးထားပြီး စာချုပ်ကို ဦးတိုင်းကျော်က ထုတ်ပေးသည်နှင့် စာချုပ်ထဲမှာရေးထားသည့် စာတွေကို လုံးဝမဖတ်ဘဲ ဦးတိုင်းကျော် ကမ်းပေးသည့် ဘောပင်ကိုဆွဲယူပြီး စိတ်လှုပ်ရှားလွန်းစွာ တုန်တုန်ရီရီနှင့် လက်မှတ်ထိုးချလိုက်ပုံက အလော


www.burmeseclassic.com

www.burmeseclassic.com



တကြီး၊

"အဖေ"

စစ်က လှမ်းတားပေမယ့် အချိန်မမီတော့။

အချိန်မီသည့်တိုင်အောင်လည်း ဦးပိုက်ထွေးတို့ မိသားစုဘဝမှာ သိန်းတစ်ရာဆိုတာ မြင်ဖူးကြတာမဟုတ်။ ဖြစ်ချင်ရာဖြစ် အဖေကတော့ ကျေကျေနပ်နပ်ကြီး လက်ခံယူမှာသေချာပါသည်။

"ဒီငွေတွေကို ဦးပိုက်ထွေး ကြိုက်သလိုသုံးနိုင်ပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဦးပိုက်ထွေး"

"အစ်မကြီး ဒေါ်ထားညိုတို့သားအမိ ကားပေါ်တက်နိုင်ပါပြီ"

ဒေါ်ထားညို ဦးပိုက်ထွေးကို တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် ပါးစပ်ကမထွက်။ ကားဒရိုင်ဘာ အသင့်ဖွင့်ပေးထားသည့် ကားပေါ် ဦးတိုင်းကျော်က တက်နိုင်းနေပြီမို့ နောက်ဆံတင်းတင်းနှင့်ပင် ငွေထုပ်ပိုက်ထားသည့် ဦးပိုက်ထွေးကို တစ်ချက်ကြည့်ကာ ကားကြီးပေါ် လှမ်းတက်လိုက်ရသည်။

"စစ်…မင်းလည်း ကားပေါ်တက်လေ"

"စစ် မလိုက်ချင်ဘူး အဖေ"

စစ်ထံမှ ငြင်းပယ်စကားကြောင့် ဦးပိုက်ထွေးရော





ဒေါ်ထားညိုပါ မျက်စိမျက်နှာ ပျက်သွားကြသည်။

"အမေ လိုက်ချင်လိုက်သွားပါ၊ စစ် ဒီမှာပဲနေခဲ့မယ်"

"ဟိတ်ကောင်…စစ်"

အဖေ့ထံမှ အလန့်တကြားအော်သံကို စစ် ဂရုမစိုက်။

အခုရှုပ်မှ နောင်ရှင်းမည့်ကိစ္စမို့ အခုကတည်းက ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် စစ်ဘက်က ပိုင်နိုင်တိကျစွာ ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။

"အမေလိုက်သွားပါ၊ စစ် ကြီးစုတို့ဆီမှာပဲ နေခဲ့မယ်"

"စစ်"

ဒေါ်ထားညိုက စစ်မျက်နှာနုနုလေးကိုကြည့်ပြီး မျက်စိမျက်နှာပျက်လျက် စစ်အမည်ကို အကျယ်ကြီးလှမ်းခေါ်ပေမယ့် စဉ်က ဘာမှမပြော။

"အမေ့ကို စစ် ကန်တော့ပါတယ်"

"စစ်…ဟိတ်ကောင်၊ မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ ထားညို…မင်းသားကို မင်း ရအောင်ခေါ်လေ"

ဦးပိုက်ထွေးက စစ်ကိုပြောမရတာနှင့် ဒေါ်ထားညိုဘက်ကို လှည့်ပြီး အကူအညီတောင်းတော့ ဒေါ်ထားညို မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ချက်ချင်းပြည့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စစ်...အမေ့ကို မသနားတော့ဘူးလားကွယ်၊ အမေနဲ့အတူ လိုက်ခဲ့ပါ၊ စစ်မပါဘဲ အမေ မသွားချင်ဘူး"

"အမေ့စေတနာကို စစ် သိပါတယ် အမေရယ်၊ အဲဒီလိုပဲ စစ်ဘဝကို စစ်သိပါတယ်၊ စစ် အရွယ်ရောက်နေပါပြီ၊ စစ်ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပါပြီ၊ အမေ့ကို စစ် ဒုက္ခမပေးချင်ဘူး၊ အမေ လိုက်သွားပါ၊ စစ် သွားတော့မယ်"

"စစ်...စစ်"

"ဟိတ်ကောင်...စစ်၊ ဒါက ဘယ်လဲ"

ဦးပိုက်တွေးနှင့် ဒေါ်ထားညို လှမ်းခေါ်ပေမယ့် စစ်က နောက်ကို လှည့်မကြည့်တော့။ အံကို တင်းတင်းကြိတ်ပြီး အမေနှင့် အဖေကို ကျောခိုင်းလိုက်သည်။

မိုးတွေက သည်းသည်းထန်ထန် ရွာနေသလို စစ်ရင်ထဲမှာလည်း မျက်ရည်မိုးတွေကလည်း မိုးနှင့်အပြိုင် ရွာသွန်းလျက်။

■ ■ ■



## အခန်း (၂)

"မိုက်လိုက်တာ စစ်ရယ်၊ ကိုယ့်အစ်ကိုကြီးကိုယ်တိုင် စစ်တို့သားအမိကို လိုလိုလားလား ခေါ်နိုင်းနေမှတော့ အမေညို နဲ့အတူ လိုက်သွားတာမဟုတ်ဘူး။

စစ်နေရာမှာ ငြိမ်းဆိုရင် အခုချိန်ဆို ကြီးစုထမင်းဆိုင်မှာ အလုပ်လုပ်နေမယ့်အစား သူဌေးအစ်ကိုဆီသွားပြီး သူဌေး လုပ်နေတာ ကြာလှပြီ"

ငြိမ်းက စစ်ပြောသမျှနားထောင်ပြီး စစ်ကိုယ်စား အားမလိုအားမရ၊ မချင့်မရဲဖြစ်နေပေမယ့် စစ်က ဘာတစ်ခွန်းမှ ပြန်မပြော။ လုပ်စရာရှိတာတွေကိုသာ တစ်ခုပြီးတစ်ခု လုပ်နေ၍ ငြိမ်းပြောသမျှ စစ်နဲ့မဆိုင်သလို ပုံစံမျိုးဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်မျက်နှာထားက ခပ်တင်းတင်း။

ဖြစ်ချင်ရာဖြစ် လောကကြီးကို ဘာတစ်ခုမှ ဂရုမစိုက်သည့်ဟန်။ တစ်ဆိုင်လုံး ရှိရှိသမျှ အလုပ်တွေကို စစ်တစ်ယောက်တည်း သိမ်းကျုံးလုပ်သွားသည်။

"ဟဲ့...စစ် ငြိမ်းပြောတာ ကြားရဲ့လား"

"ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ ငြိမ်းရယ်၊ သူများအကြောင်းတွေ စိတ်ဝင်စားမနေစမ်းပါနဲ့"

စစ်အသံက စိုက်မရှည်သံ။

အမေက သူ့သားကြီး ထွန်းမြတ်ညို လာခေါ်သည့် တရားသူကြီး ဦးတိုင်းကျော်နှင့်အတူ မြတ်ရတနာကို အတူပါသွားပေမယ့် စစ်က အမေနဲ့အတူ လိုက်မသွား။ လိုက်သွားစရာလည်း အကြောင်းလုံးဝမရှိ။

ထွန်းမြတ်ညိုဆိုတာ အမေ့သားဆိုပေမယ့် စစ်ရဲ့အစ်ကို မဟုတ်။ စစ်နဲ့လည်း ဘာမှမဆိုင်။ ဒါကို ငြိမ်း မသိပေမယ့် စစ် သိသည်။ စစ်ဘဝကို စစ် နားလည်သည်။

အမေ ပျော်လျှင်၊ အမေ စိတ်ချမ်းသာလျှင် စစ် ကျေနပ်သည်။ စစ်ကိုမိသားစုဘဝကို ဆင်းဆင်းရဲရဲ ပင်ပန်းစွာ ရုန်းကန်ခဲ့ရပြီးပြီမို့ အမေ့ဘဝအခမောတွေကို ချမ်းသာပြည့်စုံသည့် သားကြီး





ထွန်းမြတ်ညိုရဲ့ မေတ္တာရိပ်အောက်မှာ နားခိုရင်း ကုန်ဆုံးပါစေလေ။

အမေ့ကိုခွဲရလို့ စစ်ရင်ထဲ နာကျင်လွမ်းဆွတ်ရပေမယ့် အမေ သူ့သားကြီး ထွန်းမြတ်ညိုအိမ်မှာ ချမ်းသာသုခတွေနှင့် ပြည့်စုံစွာ သူဌေးမကြီးလုပ်နေတာပါလားဟု တွေးလိုက်ချိန်မှာ စစ်ရင်ထဲက အလွမ်းတွေ သက်သာလျော့ပါးသွားသည်။

စစ်တို့နဲ့ အမေဆက်နေရင် အခုလို သူဌေးမကြီးဘဝကို အိပ်မက်ပင် မက်ရမည်မဟုတ်။

"နင့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ အခု ငြိမ်းပြောနေတာ သူများအကြောင်းမဟုတ်ဘူး စစ်ရဲ့၊ နင့်အကြောင်း၊ စစ်တို့ သားအမိအကြောင်း၊ ကြည့်စမ်းပါဦး...အခုတော့ စစ်တစ်ယောက်တည်း ရှိရှိသမျှအလုပ်တွေ သိမ်းကျုံးလုပ်နေလိုက်တာ စစ်ရဲ့သူဌေးအစ်ကို သိရင် ရင်ကွဲမယ် သိလား"

"ဘာဆိုင်လို့ ရင်ကွဲရမှာလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရတာ၊ သူများ ချမ်းသာတာနဲ့ စစ်နဲ့ဘာမှမဆိုင်ဘူး"

"ပြောရက်လိုက်တာ စစ်ရယ်၊ ဟိုက သူ့အစ်ကိုမဟုတ်တဲ့အတိုင်းပဲ"

"တကယ်လည်း ဟုတ်မှမဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…စစ်ဟာက ပြောလေဆိုးလေဖြစ်နေပြီ သိလား၊ စစ်အစ်ကိုသာ စစ် ဒီလိုပြောတာသိရင် စိတ်ကောင်းမှာမဟုတ်ဘူး"

"စကားများလိုက်တာ ငြိမ်းရာ၊ ကိုယ် လုပ်စရာရှိတာသာ ပါးစပ်ပိတ်ပြီး လုပ်စမ်းပါ၊ စစ်ကိုနောက်ထပ် ဘာအကြောင်းမှ မပြောစမ်းပါနဲ့၊ နားငြီးလွန်းလို့"

"ဒါဆိုလည်း ပြီးရော"

ငြိမ်းက စစ်ကိုစိတ်ကောက်ပြီး စစ်နားက ခြေဆောင့်ထွက်သွားပေမယ့် ငြိမ်းကို စစ် စိတ်မဆိုးပါ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုတာ စစ်ရဲ့ဘဝ။ စစ်အကြောင်းကို စစ်ကိုယ်တိုင်မှလွဲ၍ ဘယ်သူမှမသိ။

"စစ် ရှိလား"

ဆိုင်ရှေ့က အဖေ့အသံကြောင့် စစ်ခေါင်းလေး ဆတ်ခနဲ ထောင်သွားသည်။ ဆိုင်ကို အဖေ လိုက်လာပြီပဲ။

"စစ် ရှိတယ် ဦးလေး၊ ငြိမ်း ခေါ်ပေးမယ်၊ ခဏလေးနော်"

"စစ်ရေ…ဒီမှာ ဦးလေးပိုက်ထွေး ရောက်နေတယ်"

"လာပြီ"





"ထိုင်ဦးလေ ဦးလေးပိုက်ထွေး၊ ထမင်းရော စားပြီးပြီလား"

"စားပြီးပါပြီ သမီးရယ်၊ ညည်းတို့သူငယ်ချင်း စစ်ကတော့ သိပ်မိုက်တယ်၊ ကိုယ့်ဘဝ တိုးတက်ကောင်းစားမယ့် အခွင့်အလမ်းကို လက်လွှတ်ပြီး ဒီမှာပဲ အလုပ်လုပ်ချင်တယ်တဲ့၊ မိဘက အမြင့်ရောက်ဖို့ ဇိကုပ်ပြီး နတ်ပြင်တင်တာကို မိဘ စကားနားမထောင်တဲ့ ကလေး"

"အဖေ"

အာလေးလျှာလေးဖြစ်နေသည့် အဖေ့အသံကို ကြားပြီး ကတည်းက အဖေ အရက်သောက်ထားမှန်း စစ်သိသည်။ မူးမူးနှင့် ငြိမ်းကို အာလွန်လျှာလွန်တွေ လျှောက်ပြောမှာစိုးတာနှင့် စစ် အဖေ့နား ရောက်သွားသည်။

"လာစမ်းပါဦး စစ်ရာ၊ အဖေက မင်းကို မင်းအမေနဲ့ အတူ လိုက်သွားပါဦးဆိုတာကို ဘာလို့ မင်းက အဖေ့စကားကို နားမထောင်ချင်ရတာလဲ"

"ဟိုက သူဌေးကွ၊ မင်းနားလည်လား"

အဖေ့အသံက စစ်အတွက် အားမလိုအားမရ။

သူဖြစ်ချင်တာ ဖြစ်ခွင့်မရလိုက်၍ အဖေ့ရင်ထဲ အတော်



www.burmeseclassic.com

www.burmeseclassic.com



~~ခံစားရမှုနှုန်း~~ စစ်သိပေမယ့် မတတ်နိုင်။

"သူ သူဌေးဖြစ်တော့ စစ်နဲ့ဘာဆိုင်လို့လဲ အဖေရာ၊ ဒီကိစ္စက စစ်တို့ရဲ့ဘ၀နဲ့ တခြားစီပါ"

"ဘာတခြားစီပါလဲကွ၊ ဟိုက မင်းကို သူ့ညီလေးဆိုပြီး သိပ်ကို၀မ်းသာနေတာ၊ မင်း သူဌေးညီ မလုပ်ချင်ဘူးလား စစ်"

"မလုပ်ချင်ဘူး"

"တောက်"

စစ်ဘက်က ခပ်ပြတ်ပြတ်တုံ့ပြန်လိုက်တော့ အဖေ ဘာဆက်ပြောရမှန်းမသိဘဲ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပြီး စားပွဲကို လက်သီးနှင့်ထုသည်။

အဖေ ဒေါသဖြစ်နေတာ စစ် သိသည်။

ခံပြင်းစိတ်နှင့် မချင့်မရဲ ဖြစ်နေတာလည်း စစ် နားလည်သည်။ တစ်ခုပဲ စစ် နားမလည်။ အဖေ့ဒေါသက စစ်ကို ဖြစ်နေတာလား၊ သူ့ကိုယ်သူ ဖြစ်နေတာလား၊ ကံတရားကိုပဲဖြစ်နေတာလားဆိုတာတော့ စစ် မသိ။ သိလည်း မသိချင်။

"အဖေ...အရက်မူးနေရင် အိမ်ပြန်တော့ဗျာ၊ စစ်တို့လည်း တစ်နေကုန်ပင်ပန်းထားတာဆိုတော့ နားချင်ပြီ"





မိုးမရွာခင် အဖေ့ကို အိမ်ပြန်ဖို့ စစ် တိုက်တွန်းပေမယ့် အဖေက မလှုပ်။ နေရာမှာ ငူငူကြီးထိုင်နေရာက စစ်ကို လှမ်းကြည့်သည်။

"မင်း အဖေ့ကိုမချစ်တော့ဘူးလား စစ်"

"ချစ်သားပဲ"

"ချစ်ရင် အဖေ စိတ်ချမ်းသာအောင် မထားနိုင်ဘူးလားကွ၊ အခုချိန်ဆို မင်းအမေ ထားညိုလည်း စစ်ကို သတိရပြီး ငိုနေလောက်ပြီ"

အဖျားခတ်ပြီး တုန်ရီသွားသည့် အဖေ့အသံကို နားထောင်ပြီး စစ်ကိုယ်တိုင်လည်း အမေ့ကို သတိရစိတ်နှင့် လွမ်းမိပေမယ့် မတတ်နိုင်။

"အမေလည်း သူ့ဘ၀နဲ့ သူပဲဗျာ၊ နောက်တော့လည်း သူ့သားကြီးနဲ့ သူ ပျော်သွားမှာပါ၊ စစ်တို့နဲ့ တစ်ခါမှမခွဲဖူးတော့ လွမ်းတော့ လွမ်းနေမှာပေါ့"

"မင်းအမေကို မသနားဘူးလား"

"သနားလည်း မတတ်နိုင်ဘူး အဖေ"

"မင်းတတ်နိုင်ပါတယ် စစ်ရာ၊ မင်းအဖေနဲ့အမေကို တကယ်ချစ်တယ်၊ တကယ်သနားတယ်ဆိုရင် ထွန်းမြတ်ညိုဆီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားပြီး မင်းအမေနဲ့ အတူနေပါ''

အဖေက သူထုံးစံအတိုင်း သူဖြစ်ချင်တာကိုပဲ ပြောသည်။ ရှေ့နောက် ဘာမှမတွေး။ ဒါကြောင့်လည်း အဖေလုပ်သမျှ ဘာစီးပွားရေးမှမဖြစ်။ အားလုံး အရှုံးနှင့်ချည်း ရင်ဆိုင်ခဲ့ရသည်။

''မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့ဖေ၊ မိုးမလွှာခင် အဖေ အိမ်ကိုပြန်တော့''

''မဟုတ်သေးဘူး စစ်ရာ၊ မင်းဘဝကို ဒီအတိုင်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘာမဟုတ်တဲ့ ဘဝနဲ့ အဆုံးသတ်ပစ်လိုက်တော့မှာလား''

အဖေ့ပုံစံက စစ်ကိုကြည့်၍ အားမလိုအားမရ ဖြစ်နေတာကိုကြည့်ပြီး လှပသော စစ်မျက်နှာပေါ်မှာ ခပ်လှောင်လှောင် အပြုံးလေးတစ်ခု ရောက်လာသည်။

''စစ်ဘဝအမှန်က ဒီဘဝပဲလေ၊ ဒါကို အဖေ သိပါတယ်''

အဖေ့မျက်နှာက နည်းနည်းမှပုံစံမပြောင်း။

စစ်မျက်နှာကိုသာ စိတ်ရှုပ်သည့် အမူအရာနှင့်ကြည့်ပြီး မျက်မှောင်တွန့်သည်။

''မင်း သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ စစ်၊ မင်းကို ဒီလောက်သွေးကြောင်တတ်မှန်း အဖေ အခုမှပဲသိတယ်''

''အဖေ''

စစ်အသံက နာနာကြည်းကြည်း။

စစ် ဘာကောင်လဲဆိုတာ သိသိနဲ့ အဖေက စစ်ကို သတ္တိနည်းသူ၊ သွေးကြောင်သူလို့ စစ်ရှေ့မှာ ပေါ်တင်ကြီးလာပြောနေတာကို စစ် သည်းမခံနိုင်။

''သတ္တိရှိရှိ မင်းဘဝကို ရင်ဆိုင်လိုက်စမ်း စစ်၊ လောကကြီးမှာ အနိုင်နဲ့အရှုံး နှစ်ခုပဲရှိတယ်၊ ပွဲကို မင်းက ဝင်မပြိုင်ရသေးဘဲနဲ့ အခုကတည်းက ကြောက်ဒူးတုန်ပြီး အရှုံးပေးချင်နေရင် အခုချိန်ကစပြီး မင်း ငါ့ကို အဖေလို့မခေါ်နဲ့ စစ်၊ သတ္တိနည်း တဲ့ သွေးကြောင်တဲ့လူမျိုးကို ငါ အမုန်းဆုံးပဲ''

''အဖေ''

စစ် လှမ်းခေါ်ပေမယ့် ဦးပိုက်ထွေးဆိုသည့် စစ်အဖေက စစ်ကို တစ်ချက်လှည့်မကြည့်။ သူပြောချင်ရာတွေ ခွတ်ပြောပြီး မိုးရေတွေ သွန်ချထားသည့် ညအမှောင်ထုထဲကို ခြေလှမ်းကျဲကြီးတွေနှင့် တိုးဝင်ပျောက်သွား၏။

စစ်ရင်ထဲက ခံစားချက်ကို ဘာတစ်ခုမှ ထည့်မတွက်။ အဖေက သူဖြစ်ချင်တာတစ်ခုပဲ သိသည်။







www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ကလည်းဟယ် ဦးလေးစကားကို နားထောင်လိုက် တာမဟုတ်ဘူး၊ အလကားနေရင်း မာနတွေ စွတ်ကြီးနေလိုက်တာ၊ ဦးလေးပိုက်ထွေးခများ သနားစရာ"

ငြိမ်းက စစ်တို့မိသားစုအတွင်းရေးကို ဘာမှမသိဘဲ မိုးရေ စိုစွတ်သည့် အမှောင်ထုထဲ တစ်ယောက်တည်း တိုးဝင်ကွယ်ပျောက် သွားသည့် စစ်အဖေကို သနားစိတ်နှင့် စစ်ကို အပြစ်တင် ရှုတ်ခမ်း စူနေ၏။

စစ်မျက်ဝန်းမှာ ပြည့်အိုင်လာသည့် မျက်ရည်တွေကို ဘယ်သူမှမမြင်ခင် အလင်းရောင်ကို စစ်ဘက်က အရင်ကျောခိုင်း ပစ်လိုက်သည်။ ငြိမ်းက သူ့ထုံးစံအတိုင်းစစ်ကို အပြစ်တင်စကား တွေဆိုရင်း ကျန်ခဲ့သည်။

လုပ်စရာအလုပ်တွေအားလုံး လက်စသတ်ပြီး စစ် အိပ်ခန်း လေးထဲဝင်ခဲ့သည်။ အိပ်ရာပေါ် ကိုယ်ကိုပစ်လှဲချလိုက်ပေမယ့် ခါတိုင်းအချိန်တွေလို ခေါင်းချတာနှင့် အိပ်မပျော်။

စစ် ရင်ဘတ်ထဲမှာ နင့်နေသော ခံစားချက်တွေနှင့် နာကြည်းကြေကွဲ ဝမ်းနည်းနေမှုတွေက လှိုင်းထနေ၏။ စစ်တို့ မိသားစုဘဝလေးမှာ ညှိမျှရှုပ်ထွေးနက်ရှိုင်းသော အပြောင်းအလဲ တွေ ရှိလာလိမ့်မည်ဟု စစ် ဘယ်တုန်းကမှ စိတ်ကူးယဉ်မကြည့်





ခဲ့ဖူးသလို အိပ်မက်လည်း မမက်ခဲ့ဖူးပါ။ ဒီအဖေ ဒီအမေနှင့် စစ် မိသားစုဘဝလေးက အသားကျကျနေလာခဲ့ပြီးမှ အမေ့မှာ အရင်အိမ်ထောင်ရှိခဲ့ဖူးမှန်း စစ် သိခဲ့ရသည်။

အမေ့သားကြီး ထွန်းမြတ်ညို ဆိုသော သူဌေးတစ်ယောက် အဖြစ် သူ့အမေနှင့်အတူ ပါသွားသည့် ညီလေးကို လိုက်ရှာနေ သူ။ သားကြီးတစ်ယောက်၊ အစ်ကိုကြီးတစ်ယောက်အဖြစ် ဘယ် လောက် ချစ်စရာ အားကိုးစရာ ကောင်းလိုက်တဲ့ အစ်ကိုလဲ။

စစ်သာ ထွန်းမြတ်ညိုရဲ့ ညီဖြစ်ခဲ့ရင် အမေနဲ့အတူ သူဌေး အစ်ကိုကြီး ထွန်းမြတ်ညိုအိမ်ပေါ် အခန့်သားတက်၍ သူဌေးညီ အဖြစ် အဖိုးတန် အသုံးအဆောင်တွေ ထည်လဲသုံး၊ အကောင်းစား ကားကိုစီး၊ အကောင်းဆုံး အစားအစာတွေစား၊ အကောင်းဆုံး ကျောင်းကို ပျော်ပျော်ကြီးတက်မိမှာ သေချာသည်။

အခု စစ်က ထွန်းမြတ်ညိုရဲ့ ညီလည်းမဟုတ်။ အမေ ဒေါ်ထားညိုရဲ့ သားလည်းမမည်။ စစ်က အဖေ ဦးပိုက်ထွေး တစ်ဦးနဲ့သာ သက်ဆိုင်သည့် အဖေ့သမီးဖြစ်နေ၏။

အဖေက သူ့သမီးစစ်ကို အမေ့သား ထွန်းမြတ်ညိုရဲ့ညီ အဖြစ် သရုပ်ဆောင်ခိုင်းပြီး မြတ်ရတနာခြံကြီးကို အမေနဲ့အတူ လိုက်သွားစေချင်သည်။ ကျောင်းကောင်းကောင်းတက်၊ အစား



www.burmeseclassic.com

www.burmeseclassic.com


ကောင်းတွေစား၊ အကောင်းစား အဝတ်အစား အသုံးအဆောင်
သုံးပြီး လောကကြီးကို ပျော်ပျော်ပါးပါး ဖြတ်သန်းစေချင်သ

ဒါ အဖေ့ရဲ့မေတ္တာ၊ အဖေ့ရဲ့စေတနာဆိုပေမယ့် စ
တာ အမေတို့မိသားစုနဲ့ ဘာမှမပတ်သက်။ ဘယ်လိုမှမသက်
သည့် သူစိမ်းမိန်းကလေးတစ်ယောက်။ ဒါကို အဖေကိုယ်
လည်း သိလျက်နဲ့ စစ်ကို ထွန်းမြတ်ညိုရဲ့ညီအဖြစ် လူစားဝ
ချင်နေသည်။

စစ်သာ လောကကြီးမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊
တစ်ခုမှ အတွေးအခေါ်မရှိသည့် ခပ်ညံ့ညံ့မိန်းကလေးတစ်ယေ
ဆိုရင် အဖေ ဖြစ်စေချင်သလို စစ်ဘက်က ဖြစ်ချင်ဖြစ်သွ
သည်။

အခု စစ်က ဘဝခရီးလမ်းကို အားမာန်အပြည့်၊
အပြည့်၊ မာနအပြည့်နှင့် ကိုယ့်အားကိုယ်ကိုးပြီး ရင်ဆိုင်ရပ်
နေသည့် မိန်းကလေး။ ငွေမျက်နှာတစ်ခုတည်းအတွက် ဘ
လူစားကိုမှ ဒူးထောက်အောက်ကျို့မည်လည်း မဟုတ်။

အမေ့သားအဖြစ် လူစားထိုးလိမ်ညာဖို့ဆိုတာ စစ်
အဝေးကြီးမှာ။

အဖေ ဖြစ်စေချင်သလို စစ်ဘက်က ဘာတစ်ခု





လာမှာမဟုတ်။ ယောက်ျားလေးတစ်ယောက်လို စစ်ဘဝကို ပုံစံ
ပေး လေ့ကျင့်ခဲ့သူက အဖေကိုယ်တိုင်ပါ။ သားအဖနှစ်ယောက်
တည်းဘဝမှာ စစ်ဘဝ လုံခြုံမှုအတွက် အဖေက စစ်ကို တကယ့်
ယောက်ျားလေးတစ်ယောက်လို ပုံသွင်းလေ့ကျင့်ပေးခဲ့သည်။

နောက်တော့ စစ်တို့သားအဖဘဝထဲကို စစ်အမေဖြစ်လာ
မည့် ဒေါ်ထားညို ရောက်လာသည်။ ထိုအတွက် စစ်ဘဝမှာ
ဘာပြဿနာမှမဖြစ်။ အမေ စစ်ကို တုန်နေအောင်ချစ်သည်။
မျက်နှာတစ်ချက် အညိုမခံ။ အခုချိန်ထိလည်း စစ်ကို စကားသံ
မာမာနှင့် မပြောဖူး။ စစ်မျက်နှာလေးကိုသာ အရိပ်လိုကြည့်နေသူ။

ဟိုတုန်းကတည်းက အမေ ဒေါ်ထားညို စစ်ကိုသိပ်ချစ်
တာသိပါသည်။ အမေ မရှိသည့် စစ်ကိုယ်တိုင်လည်း ဒေါ်ထားညို
ကို စစ်အမေအရင်းလို ချစ်ခဲ့သည်။ တန်ဖိုးထား မြတ်နိုးခဲ့သည်။
အမေ့ကို စစ်ကိုယ်တိုင် မျက်စိအောက်က အပျောက်မခံနိုင်သည်
အထိ။ စစ် ဘယ်သွားသွား၊ ဘာလုပ်လုပ် အမေပါမှ၊ အမေ
ရှိနေမှဆိုတာမျိုး။

အမေနဲ့အဖေ အကြောင်းပါရတာကိုက စစ်ကြောင့်ဖြစ်
သည်။ အမေ့ကို စစ်ကိုယ်တိုင် မိတွေးဆိုတာ မေ့နေသည်အထိ
စစ်တို့သားအမိအချစ်က ခိုင်မြဲသည်။ အခုတော့ အမေက သူ့


www.burmeseclassic.com

www.burmeseclassic.com



သားကြီး ထွန်းမြတ်ညိုနောက်ကို ပါသွားသည်။

ဒါကလည်း အမေ့ဆန္ဒချည်းမဟုတ်။

စစ်အဖေက ငွေမက်ပြီး အမေ့ကို သူ့သားကြီးနော ဖွတ်ထည့်နေတာ စစ် မျက်လုံးနဲ့အမြင်။ နားနှင့်လည်း အကြား သည်။ အမေက စစ်နဲ့ခွဲချင်တာမဟုတ်။ စစ်ကိုပါ သူနဲ့အ တစ်ပါတည်းခေါ်ချင်နေတာ စစ် သိသည်။

တစ်ပြိုင်နက်တည်းမှာ စစ်ဆိုတာ အမေ ရင်နဲ့လွယ် ရသည့် အမေ့သားမဟုတ်တာကိုလည်း အမေ တွေးမိပုံရသည် ဒါကြောင့်လည်း အမေ့မျက်နှာက ထိန်းမရအောင် ပျက်နေ

အမေ့အခက်အခဲကို စစ် နားလည်စာနာပေမယ့် အဖေ ဘာမှနားမလည်။ အမေ့နောက် စစ်ကို ဖွတ်ထည့်ပြီး သူဌေး အဖြစ် ဟန်ဆောင်စေချင်သည်။ ဒါကလည်း အဖေ့အတွေး အဖေ။

အဖေက စစ်ဘဝ စစ်အနာဂတ်ကို လုပ်စေချင်တာ သိသည်။ သူဌေးထွန်းမြတ်ညိုရဲ့ ညီအဖြစ် သူဌေးအိမ် ခဏ ပြီးတော့ အစ်ကိုသူဌေးကို နိုင်ငံခြားပို့စေပြီး ကျောင်းကောင်းကော တက်၊ ဟိုမှာ အခြေချနေရုံ။ အဖေက သူ့တွက်ကိန်းနှင့်သူ ဟု နေ၏။





စစ်ကသာ ကိုယ့်မာန၊ ကိုယ့်ဂုဏ်သိက္ခာနှင့် ကိုယ့်ဘဝ လိပ်ပြာလုံစွာ ရပ်တည်ချင်သူမို့ အဖေ့အစီအစဉ်ကို လုံးဝ က်မခံ။ အပြတ်ငြင်းပယ်တော့ စစ်တို့သားအဖ စိတ်ဝမ်းကွဲဖို့ ဖြစ်လာသည်။

အားလုံး တရားခံက တခြားမဟုတ်။

ငွေ သို့မဟုတ် ပိုက်ဆံကြောင့်ဖြစ်သည်။

ပြီးတော့ အမေ့သား ထွန်းမြတ်ညိုဆိုတဲ့လူကြီး။

သူက သူဌေးဖြစ်နေတော့ စစ်တို့သားအဖနှင့် အေးအတူ နေလာသည့် အမေ့ကို ဇိမ်ခံကား အကောင်းစားကြီးနှင့် ခေါ်သွားနိုင်သည်။

စစ်လည်း အမေ့ကိုပြန်ခေါ်ချင်ရင် အမေ့သားကြီး သူဌေး မြတ်ညိုထက် သာသည့် ကားတွေ၊ တိုက်တာအဆောက်အဦ တွေနှင့် ခေါ်မှဖြစ်မည်။

ဒီလိုဖြစ်ဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့မှာ ည်းမှမလွယ်။ လက်ရှိ စစ်ဘဝက သူများအရိပ်မှာခိုပြီး ကျောင်းစရိတ်ကိုယ်ရှာ၊ ကိုယ့်တစ်ကိုယ် ကျောင်းနေရသည့်



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေကို စစ် လုပ်အားခလေးတစ်ခုတည်းနှင့် ပြည့်စုံစွာမထားနိုင်။ ချမ်းသာဖို့ဆိုတာ ဂိဟ်ကူးထဲမှာတောင်မရှိ။ အခု အမေ့ဘဝ အမေ့သားကြီးကြောင့် ပြည့်စုံချမ်းသာစွာ ငြိမ်းငြိမ်း ချမ်းချမ်း နေနိုင်တာ ကျေးဇူးတောင်တင်ရဦးမည်။

ဒီကြားထဲ မှဆီမဆိုင် အမေ့ယောက်ျား စစ်အဖေကို ငွေ တွေ တစ်ထပ်ကြီး ပေးသွားလိုက်သေးသည်။ တစ်နည်းပြောရရင် ထွန်းဖြတ်ညီဆိုတဲ့ အမေ့သားကြီးက ငွေကိုလမ်းခင်းပြီး အဖေနဲ့ အမေ့ကို လှလှပပလေး ခွဲထုတ်ပစ်လိုက်ခြင်း။

အဖေနဲ့ အမေရယ်...

မငိုဘူးလို့ ဆုံးဖြတ်ထားပေမယ့် အိပ်ရာထဲမှာ စစ် တစ်ယောက်တည်း တိတ်တိတ်ကျိတ် မျက်ရည်ကျနေတာ ဘယ် သူမှမသိ။ မရှိအတူ ရှိအတူ စစ်တို့မိသားစုလေး အေးအတူ ပူအမျှ နေခဲ့ရတဲ့ ဘဝလေးရဲ့အဆုံးက မလှမပ။ သားအဖသုံးယောက် တကွဲတပြားစီ။

အဖေက ညအမှောင်ထု မိုးရေထဲ တစ်ယောက်တည်း ထွက်သွားသလို မီးထိန်ထိန်လင်းနေသည့် တိုက်လှလှကြီးထဲမှာ အမေကိုယ်တိုင်လည်း စစ်တို့သားအဖကို သတိရနေမှာ သေချာ





သည်။ စစ်တို့မပျော်သလို အမေလည်း ပျော်နိုင်မည်မထင်။

စစ်ကိုခွင့်လွှတ်ပါ အဖေနဲ့အမေရယ်။

စစ်ဘဝမှာ အမြဲ လိပ်ပြာသန့်နေချင်တယ်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မေမေ"

"သားကြီး"

ထွန်းမြတ်ညိုက မိခင်ဖြစ်သူကို မြင်မြင်ချင်း ကလေးတစ်ယောက်လို ပြေးဖက်တာမို့ ဒေါ်ထားညို သားဖြစ်သူကိုယ်ကြီးကို ပြန်ဖက်ရင်း မျက်ရည်တွေ သွန်ချသလို ဝေါခနဲကျလာ၏။

ရတနာစံအိမ်သို့ ဒေါ်ထားညို ရောက်လာချိန်အထိ သားကြီး ထွန်းမြတ်ညိုက တစ်ဖက်နိုင်ငံကို ခရီးလွန်နေတာနှင့် တော်တော်နှင့်မရောက်သေး။ ကြီးကျယ်ခမ်းနားမှုအပေါင်းနှင့် ဖွဲ့စည်းထားသော ရတနာရိပ်မြိုင်မှာ သားကြီးပြန်အလာကို စောင့်





နေရပေမယ့် ပြည့်စုံပြီမ်းချမ်း ခမ်းနားမှုကြားမှာ လူက မပျော်။

စစ်တို့သားအဖကို သတိရစိတ်နှင့် မျက်ရည်တစမ်းစမ်း။ ဒေါ်ထားညို မရှိရင် စစ်တို့သားအဖ ဘယ်လိုနေရှာမလဲဆိုသည့် အတွေးနှင့် အိစက်ညက်ညောသော အိပ်ရာထက်မှာ တလူးလူးတလှိမ့်လှိမ့် အိပ်မပျော်သည့်ညတွေ။

အခု သားကြီး ပြန်လာပြီ။

ဘယ်တော့မှ ပြန်လည်ဆုံတွေ့ခွင့်ရလိမ့်မည်ဟု ထင်မှတ်မထားသော သားကြီးက အမေ့ပျောက်ကို မရရအောင် သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းခဲ့သည့် ကလေး။

"ဝမ်းသာလိုက်တာ မေမေရယ်၊ ကျွန်တော်တို့သားအမိ ဘယ်တော့မှမခွဲတော့ဘူးနော် မေမေ"

"အေးပါ...သားရယ်၊ အေးပါ"

"ညီလေးက မလိုက်ဘူး နေခဲ့တယ်ဆို၊ ဘာဖြစ်လို့လဲဗျာ၊ ကျွန်တော့်ကိုများ စိတ်နာလို့လား"

"မဟုတ်ပါဘူးကွယ်"

"စစ်က လူတော်လေးပါ"

"စစ်"

"ညီလေးနာမည်က စစ်လား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း”

ဒေါ်ထားညို ခပ်လေးလေး ခေါင်းကိုညိတ်သည်။

ထွန်းမြတ်ညိုက ဒေါ်ထားညိုနှင့်အတူ သူ့ညီဟုထင်ထားသော စစ်တစ်ယောက် အမေနဲ့အတူ လိုက်မလာဘဲ တမင်ချန်နေရစ်ခဲ့တာကို စိတ်ထဲက သဘောမတွေ့။

အစ်ကိုကြီး အဖအရာဆိုတာ သိပေမယ့် ထွန်းမြတ်ညိုနဲ့ စစ်ကိုသားအမိ ပြန်ဆုံတွေ့ချိန်က အတော်လေးနောက်ကျခဲ့သည်။ ဆင်းရဲကြပ်တည်းစွာ စစ်က သူ့ဘဝကို အမေဖြစ်သူနဲ့ ရုန်းကန်နေရချိန်မှာ ထွန်းမြတ်ညိုကတော့ သုံးမကုန် ဖြုန်းမကုန် အမွေအနှစ်တွေ မြောက်မြားစွာနဲ့ အမေနှင့်ညီပျောက်ကို နေရာအနှံ့ ခြေဆန့်ရှာနေသည်။

သတင်းအစအနရတာနှင့် ချက်ချင်းလိုက်သည်။ စုံစမ်းသည်။ ဒါပေမဲ့ အခြေအနေတွေက ထင်သလောက်မလွယ်။ နှစ်နှစ်ဆယ်နီးပါး ပျောက်ဆုံးသွားသည့် အမေနှင့် ညီလေးကို ရှာပုံတော်ဖွင့်သည်က ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရတာနှင့် မခြား။

အမေနှင့်ညီကို တွေ့ပြီဆိုတော့ ထွန်းမြတ်ညိုက တစ်ဖက်နိုင်ငံမှာ အလုပ်ကိစ္စနှင့် ပြန်ချင်တိုင်း ပြန်လာလို့မရတော့။ အဲဒီအချိန်မှာပဲ ဦးတိုင်းကျော်က အမေနှင့်အတူ လိုက်မလာသည့် ညီ





အကြောင်း ပြောခဲ့ခြင်းဖြစ်သည်။

ထွန်းမြတ်ညိုရဲ့ညီ…

စစ်ဆိုသည့် ကောင်လေးက လူချောလေးတစ်ယောက် ဖြစ်သလို ကိုယ့်အားကိုယ်ကိုး၊ မဟုတ်မခံစိတ်ရှိသူတစ်ယောက် ဆိုတာ သိခဲ့ရသည်။

အမေနှင့်လည်း အတူမလိုက်။

ပထွေးဖြစ်သူနဲ့လည်း အတူမနေ။

စစ်က သူ့ဘဝရေး သူ့ဘာသာ လျှောက်နေသည်။

ထွန်းမြတ်ညိုနဲ့ မတွေ့ခင် စစ်က သူ့မှာရှိသမျှ အားမာန်သတ္တိလေးနဲ့ အမေနဲ့ပထွေးကို သူ့လုပ်ခလေးနှင့် ကူညီထောက်ပံ့ကျွေးမွေးခဲ့သည့် သားလိမ္မာ။

ဆင်းရဲတွင်းနက်လှသည့် ဘဝမှာ စစ်တစ်ယောက် အသက်အရွယ်လေးနဲ့မမျှ၊ ဘယ်လောက်များပင်ပန်းလိုက်ရှာမလဲလို့ တွေးနေမိတာ ထွန်းမြတ်ညို။

စစ်ကို သူ့ညီလေးဟု ထင်နေသည်။

သူ့သွေးသားအဖြစ် စစ်ဘဝအကြောင်းတွေးပြီး ယူကျုံးမရ။ သနားကရုဏာနဲ့ စစ်ဘဝကို အမြင့်ဆုံးမှာထားဖို့ စိတ်ကိုခိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ရိပ်ငြိမ်ကို စစ် လိုက်မလာပေမယ့် ဦးတိုင်းကျော် အတစ်ဆင့် ထွန်းမြတ်ညိုက စစ်အကြောင်း စုံစမ်းသည်။ စစ် ဘယ်မှာနေသည်၊ ဘာအလုပ် လုပ်သည်၊ ဘယ်ကျောင်းတက်တာ အဆုံး အားလုံး သူ မသိတာ ဘာမှမရှိစေရ။

''ကျွန်တော့်ညီလေးကို ကျွန်တော့်အရိပ်အောက်မှာနေဖို့ ကျွန်တော်ကိုယ်တိုင် အခုပဲသွားခေါ်ခဲ့မယ် မေမေ''

''သွား''

''ဘာလဲ...မေမေ၊ ကျွန်တော့်ကို ဘာပြောမလို့လဲ''

ရောက်ရောက်ချင်း အမေဖြစ်သူကိုတွေ့ပြီး ညီဖြစ်သူကို မတွေ့ရတော့ ထွန်းမြတ်ညို စိတ်မကောင်းဖြစ်နေတာ ဒေါ်ထားညို သိသည်။ ထွန်းမြတ်ညိုက စစ်ကို သူ့ညီလေးဟု ထင်နေသည်။

ဒါပေမဲ့ စစ်ဆိုတာ ထွန်းမြတ်ညိုနဲ့ ဘာမှမဆိုင်။ ဒေါ်ထားညိုရဲ့ သားမဟုတ်သလို ထွန်းမြတ်ညိုရဲ့ ညီလည်းမဟုတ် ပါ။

''စစ်ဆီကိုသွားမှာဆိုရင် သွားမနေပါနဲ့ကွယ်''

ဒေါ်ထားညို ဒါပဲပြောနိုင်သည်။

စစ်အကြောင်း ဒါထက်ပိုပြီးတော့လည်း ရှင်းပြမနေချင် တော့။ စစ်ကို ဒေါ်ထားညို ချစ်သည်။ ဒေါ်ထားညိုကြောင့် စစ်





ဝမ်းနည်းနာကြည်းရမှာ၊ စိတ်ထိခိုက်ခံစားရမှာ ဘာတစ်ခုမှမလို လား။

ဖြစ်လည်း မဖြစ်စေချင်။

စစ်က လူငယ်ပေမယ့် ဘဝရည်မှန်းချက် ကြီးသည်။ စစ်ဘဝမှာ ဖြစ်ချင်တာတွေက အများကြီး။ ဖြစ်ခွင့်မရလို့ မဖြစ် နိုင်သေးလို့ စစ်ဘက်က ငြိမ်နေတာပဲရှိသည်။

''မေမေ ဘာပြောတာလဲ၊ စစ်က ကျွန်တော့်ညီ၊ ကျွန်တော့်သွေးသားဗျ။ အမေနဲ့အစ်ကိုက စိန်ပုံပေါ်မှာထိုင်ပြီး စစ် ကို တစ်ယောက်တည်း လောကငရဲထဲ ဒီအတိုင်းပစ်ထားလို့ ဖြစ် ပါ့မလားဗျာ၊ စစ်ဆိုတာ ကျွန်တော့်ညီလေးပါ''

ထွန်းမြတ်ညိုရင်ထဲမှာ စစ်ဆိုတာ သူ့ညီဆိုတဲ့အသိ။ စစ် ဒုက္ခရောက်နေတာကို မခံစားနိုင်သည့် စိတ်ဒဏ်ရာတွေနှင့် စစ် နဲ့ပတ်သက်ပြီး ကဲကဲဆတ်ဖြစ်နေတာ ဒေါ်ထားညို သိသည်။

စာနာ နားလည်သည်။ သားကြီးရင်ထဲမှာ စစ်ကို သူ့ညီ လေးအဖြစ်တွေးတိုင်း အသည်းနာနေသည်။ ထို့အတူ စစ်ကိုယ် တိုင်လည်း အခုအခြေအနေမှာ သူ့ဘဝ၊ သူ့အကြောင်းတွေးမိပြီး စိတ်ထိခိုက် နာကျင်နေရှာလိမ့်မည်။

''ကျွန်တော် စစ်ကို အခုပဲသွားခေါ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"သားသွားခါလည်း စစ်က လိုက်မှာမဟုတ်ဘူး သား စစ်အကြောင်း မေမေသိတယ်၊ စစ်အကြောင်း သား ဘာမှမတွေး ပါနဲ့ကွယ်၊ စစ်ဘာသာ သူ နေတတ်သလိုပဲ နေပါစေ"

"မေမေ"

ဒေါ်ထားညိုစကားကို ထွန်းမြတ်ညို မခံမရပ်နိုင်သလို မချိမဆံ့ ဟစ်အော်လိုက်သည်။ မိခင်ဖြစ်သူရဲ့ မျက်နှာကိုလည်း တအံ့တသြ ကြည့်မိသည်။ ထွန်းမြတ်ညိုကို တုံ့ပြန်ကြည့်နေတဲ့ မေမေ့မျက်နှာမှာ ဝမ်းနည်းကြေကွဲရိပ်တွေ အထင်းသားမြင်တွေ့ နေရပေမယ့် စစ်ကို ထွန်းမြတ်ညိုသွားခါမှာကိုတော့ သဘော မတူဟန် ပီတ်ပင်စကားပြောနေတာကို ထွန်းမြတ်ညို နားမလည်၊

"စစ်က မေမေ့သား မဟုတ်ဘူးလား၊ စစ်ကို သူ့သဘော အတိုင်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားရင် စစ် ဘာဖြစ်သွားမလဲ"

"စစ်က သူ့ဘဝသူ ကောင်းကောင်းနားလည်စောင့် ရှောက်တတ်တဲ့သူပါ သားရယ်၊ စစ်က မေမေတို့နဲ့ အတူလ မနေနိုင်ပေမယ့် သူ ဘာမှမဖြစ်ပါဘူး။ သားခံစားနေရတာတွေဟာ သားညီလေးအတွက်ဆိုတာ မေမေ သိပါတယ်၊ စစ်ကို သူ့ဆန္ဒ အတိုင်းပဲ ရှိပါစေ သားရယ်၊ စစ်အတွက် လိုအပ်တာတွေ မေမေ တို့ အဝေးကထောက်ပံ့ရင်လည်း ရပါတယ်"





"မေမေပြောတာ ကျွန်တော်တော့ ဘာတစ်ခုမှ နားမလည် တော့ဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် စစ်နဲ့တွေ့မယ်"

"တွေ့တာက တွေ့ရပါတယ် သားရယ်၊ ဒါပေမဲ့ သား က ငါ အစ်ကိုပဲဆိုပြီး စစ်ကို ဖွတ်အတင်းအကျပ် တောင်းဆို တာတွေ၊ အမိန့်ပေးတာတွေလုပ်ရင် သားတို့ချင်း အဆင်မပြေဖြစ် ကြမှာ မေမေက စိုးရိမ်လို့ပါကွယ်"

ဒေါ်ထားညိုစကားကြောင့် ထွန်းမြတ်ညို ငြိမ်သွားသည်။ မေမေပြောတာ မှန်သင့်သလောက် မှန်သည်။ ထွန်းမြတ်ညိုက ကိုယ့်ဘဝနဲ့ကိုယ် အထာကျနေသလို စစ်ကိုယ်တိုင် သူ့ဘဝထဲမှာ သူ့ဘာသာ စီးမျောအသားကျနေမှာကို သူ ထည့်မတွက်မိ။

ထွန်းမြတ်ညိုနှင့် စစ်တို့ ဘဝအခြေအနေချင်း မတူသလို လောကကြီးပေါ် ရှုမြင်သုံးသပ်ပုံခြင်းလည်း ဆန့်ကျင်နေနိုင်သည်။ အပြောမတတ်လို့ကတော့ ညီအစ်ကိုချင်း ပြဿနာပင်တက်နိုင် သည့် အနေအထား။

"စစ်က သူ့ဘဝနဲ့သူ အသားကျပြီးသားပါကွယ်၊ သား ကြီး ဖြစ်စေချင်တာတွေ နောက်တော့ စစ်ကို မေမေကိုယ်တိုင် ပြောပြပါ့မယ်"

ထွန်းမြတ်ညို ဘာစကားမှ မပြောနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



မိခင်မျက်နှာကိုသာ ငြိမ်သက်တိတ်ဆိတ်စွာ ငေးကြည့်နေမိသည်။ မေမေက အခုချိန်ထိ ချောမောလှပနေဆဲဖြစ်သလို ရင့်ကျက်သော ဣန္ဒြေတို့ ပေါင်းစုလိုက်သောအခါ ကျက်သရေတစ်မျိုးက ထွန်းတောက်လျက်။

"ခရီးက ပြန်ရောက်ခါစဆိုတော့ သားလည်း ပင်ပန်းလာမှာပေါ့၊ စစ်ကိစ္စကို နောက်မှပဲ မေမေတို့ အေးအေးဆေးဆေး ပြောကြရအောင်လားကွယ်၊ ဖြစ်နိုင်ရင် မေမေကိုယ်တိုင်လည်း စစ်လေးကို မေမေနဲ့ ရင်အုပ်မကွာထားချင်တာပါပဲ၊ ဒါပေမဲ့ စစ်ကိုယ်တိုင်က…"

"ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ မေမေ၊ စစ်က သူ့မာနနဲ့သူ နေချင်တာမဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး သားကြီးရယ်၊ စစ်က သနားစရာပါ"

ပြောရင်း တိမ်ဝင်သွားသည့် မေမေ့စကားသံများနှင့် ရီဝေသောအကြည့်က စစ်အပေါ်ထားရှိသည့် မိခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာကို ထွန်းမြတ်ညို နားလည်လိုက်သည်။

သူ နားမလည်နိုင်တာ စစ်ကို။

အမေနဲ့ အစ်ကို အရင်းခေါက်ခေါက် နှစ်ယောက်စလုံး





ရှိလျက်နဲ့ သူများထမင်းဆိုင်မှာ အလုပ်သမားဘဝနဲ့ သူတစ်ယောက်တည်း ဆက်နေဖို့ကို ထွန်းမြတ်ညို နားမလည်။

ဘယ်လိုပဲစဉ်းစားစဉ်းစား စစ် ရတနာရိပ်ငြိမ်ကို လိုက်လာနိုင်စရာဆိုလို့ အကြောင်းပြချက်တစ်ခုပဲရှိသည်။ ထိုတစ်ခုက တခြားမဟုတ်၊ အစ်ကိုကြီးဖြစ်သည့် ထွန်းမြတ်ညို ဆိုသည့် သူ့ကို မိတ်ဆိုးစိတ်နာနေခြင်းမှတစ်ပါး တခြားမရှိ။

မေမေနှင့်စစ်အတွက် ဝယ်လာသည့် လက်ဆောင်တွေ တစ်ပုံကြီး မေမေ့ကို ပေးလိုက်သည်။ မေမေက စစ်အတွက် ထွန်းမြတ်ညို ရည်ရွယ်ပြီးဝယ်လာသည့် အဝတ်အစားတွေကိုကြည့်ပြီး သက်ပြင်းချသည်။

ဒါကိုပဲ ထွန်းမြတ်ညိုစိတ်ထဲ သဘောမတွေ့။ သူ့စိတ်ထဲမှာ စစ်နဲ့ပတ်သက်ပြီး သူ မသိနိုင်သည့်အကြောင်းတစ်ခုခု ရှိနေသလို ထင်မိသည်။ ထိုအကြောင်းအရာက ဘာမှန်းမသိ။ မေမေကိုယ်တိုင်ကလည်း သားကြီးသြရသဖြစ်သော ထွန်းမြတ်ညို ကို တစ်စုံတစ်ရာ ထုတ်ဖော်ပြောလိုဟန်မတူ။

သူ့စိတ်ထဲက ဘဝင်မကျစိတ်ကို ကျိတ်မှိတ်မျိုသိပ်ရင်း သားအမိနှစ်ယောက် တွေ့ရာလေးပါး စကားပြောဖြစ်ကြသည်။ ထွန်းမြတ်ညို အမိကသိချင်တာက ဘာဖြစ်လို့ မေမေနှင့်ညီလေး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြတ်ညိုတို့သားအဖကို ထားသွားခဲ့ရသလဲဆိုတာ သိချင်နေ၏။

ပြီးတော့ ထွန်းမြတ်ညိုရဲ့ညီလို စိတ်ချယုံကြည်ထားတဲ့ စစ်ကရော ဘာဖြစ်လို့ အစ်ကိုဖြစ်သူ ထွန်းမြတ်ညို မျက်နှာကို မကြည့်ချင် မမြင်ချင် ဖြစ်နေရတာလဲ။ ဘာအတွက် ထွန်းမြတ်ညို အိမ်ကို မေမေနဲ့အတူ လိုက်မနေနိုင်ရတာလဲ။

ထွန်းမြတ်ညို ခေါင်းထဲမှာ စစ်နဲ့ပတ်သက်ပြီး မေးခွန်း ပေါင်း မြောက်မြားစွာ ရှိနေပေမယ့် မေမေ့ကို သူ ထပ်မမေးတော့ ပါ။ မေးလည်း မေမေ့အဖြေက အားရစရာမရှိ။ မေမေ့အဖြေစကား တွေ ထွန်းမြတ်ညိုစိတ်ကို ဆွပေးသလို ဖြစ်နေ၏။

နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ညီအစ်ကိုချင်း ပြန်ဆုံ တွေ့ကြရတဲ့ပွဲက ထွန်းမြတ်ညို ကြိုတင်မျှော်လင့်ထားသလို ပေါင်းစည်းပွဲမဟုတ်ဘဲ တကွဲတပြားစီဖြစ်နေတာကိုက ထွန်းမြတ်ညို ရင်ကို အရှိန်ပြင်းပြင်းလာထိဖို့ ဖြစ်လာသည်။

နောက်ဆုံး သူ ဘယ်လိုမှ ငြိမ်မနေနိုင်။

အခုလို သူတို့မိသားစု တကွဲတပြားစီဖြစ်ခဲ့ရသော အကြောင်းအရင်းကို သိချင်လာတာနှင့် မေမေ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်၏။





"မေမေ့ကို ကျွန်တော် မေးစရာရှိတယ်"

"မေးပါ သား"

"ကျွန်တော်နဲ့ ဖေဖေ့ကိုထားပြီး ဘာလို့ မေမေနဲ့ ညီလေး က ထွက်သွားရတာလဲ၊ အဲဒီအဖြေကို ကျွန်တော် အသိချင်ဆုံးပဲ"

"သားတို့သားအဖကိုထားပြီး မေမေတို့သားအမိက ထွက်သွားခဲ့ရတာ မဟုတ်ပါဘူးကွယ်၊ မေမေတို့သားအမိကိုသာ ထားသွားခဲ့ကြတာပါ"

"ဗျာ…မေမေ ဘယ်လိုပြောလိုက်တယ်၊ မေမေတို့ သားအမိကိုသာ ထားသွားကြတာ ဟုတ်လား။ မေမေတို့သားအမိ ကို ဘယ်သူတွေက ထားသွားကြတာလဲဟင်၊ အဲဒီကိစ္စကို မေမေ ကရော မသိဘူးလား"

အဖြစ်အပျက်တွေက ထွန်းမြတ်ညို ထင်ထားသလို မဟုတ်။ တခြားစီဖြစ်နေ၍ သူ အံ့သြနေချိန်မှာ မေမေက တည် ငြိမ်စွာပြုံးသည်။

"ဟိုတုန်းက မေမေ့ခံစားချက်ကိုပြောရရင် သိပ်ကို နာကြည်းခါးသီးခဲ့ရတဲ့ အကြောင်းအရာတွေပေါ့ သားကြီးရယ်၊ အခုချိန်မှာတော့ အရာရာကို ကံတရားလို့ မေမေကိုယ်တိုင် တရား နဲ့ ဖြေသိမ့်နိုင်လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့သားအမိကို သားဘွားဘွားက စီစဥ်တကျဆုံ ပြီး တမင်သက်သက် စွန့်ပစ်ခဲ့ကြတာလေ၊ ဒီကိစ္စကို သားဖေဖေ ကိုယ်တိုင်လည်း မသိရှာပါဘူး သားရယ်…

ဆင်းရဲနွမ်းပါးတဲ့ မေမေနဲ့ သားဖေဖေလို လူချမ်းသာ တစ်ယောက်နဲ့ ဘယ်မိဘက သဘောတူပါ့မလဲကွယ်၊ မေမေ အခုလို သားနှစ်ယောက်ရပြီးမှ စွန့်ပစ်ခံရတဲ့ အစီကအကြောင်းအရင်းက မေမေ့မှာ ယောက္ခမတွေလိုချင်တဲ့ ငွေကြေးဥစ္စာ မနေအင်အား ဘာမှ မရှိခဲ့သူအဖြစ် အပြစ်ဒဏ်ကျခံပေးရတာမျိုးပါ”

ဟိုတုန်းကတော့ မရှိဆင်းရဲအဖြစ် လူတကာရဲ့ အနှိမ် ဘဝနဲ့ နေရပေမယ့် ဒေါ်ထားညို့မှာ ချစ်စရာသားနှစ်ယောက် မြတ်နိုးစရာ ခင်ပွန်းသည်ရှိနေ၍ ဘယ်သူတွေ ဘာပြောပြော ဒေါ်ထားညို တစ်ယောက်တည်း ရင်စည်းခံရင်း အပြုံးမပျက် ခင်ပွန်းသည်မျက်နှာ၊ သားတို့မျက်နှာကိုကြည့်ပြီး ဘာမှမဖြစ်သလို နေနိုင်ခဲ့သည်။ ယောက္ခမတွေ အမျိုးမျိုးနှိပ်စက်တာကို တစ်ခွန်း ပြန်မပြော။

ခင်ပွန်းသည်ကိုပင် အသိမပေး။ သွေးအေးသတ္တဝါ ဒေါ်ထားညို ယောက္ခမကြီး ဒေါ်ထိပ်တင်ကြီးပါးစပ်က ထုတ် ပြောရသည်အထိ ဒေါ်ထားညိုက သူချစ်သည့် မိသားစုဘဝ အမြတ်တနိုး ဖက်တွယ်ထားခဲ့သည်။

ဒါပေမဲ့ ကံတရားက ဒေါ်ထားညိုဘက်မှာ မရှိ။ ယောက္ခမကြီးက အယုံသွင်းစကားတွေနှင့် ဒေါ်ထားညိုကို သူ့သား နားက အဝေးကိုလွင့်သွားအောင် ကြိုးစားခဲ့တာ အောင်မြင် သွားသည်။

ဆင်းရဲသားချွေးမနှင့် သူဌေးယောက္ခမတို့ ထိပ်တိုက်တွေ့ ကြသည့်ပွဲမှာ ဒေါ်ထားညိုက ရှုံးရှုံးအအ။ ယောက္ခမဆင်တဲ့ အကွက်ထဲ တည့်တည့်ဝင်နင်းမိသည်။

ဒေါ်ထားညို ယောက္ခမပိုင် စီန်လည်ခွဲပျောက်သွားသည့် အချိန်က ဒေါ်ထားညို၏ သားနှင့်ခင်ပွန်းသည်တို့ ခွေမျိုးများရှိ သည့် တောင်ကြီးကို ခဏအလည်ရောက်နေသည့်အချိန်။

ဒေါ်ထားညိုဘက်က ဘာတစ်ခုမှ ရှေရာတိကျစွာ ဖြေ ရှင်းချက်မပေးနိုင်ခဲ့။ တစ်ချိန်လုံး မျက်ရည်ကျနေခဲ့ရသည့်အချိန် တွေ။ ယောက္ခမကိုယ်တိုင်က ဒေါ်ထားညိုကို သူခိုးအဖြစ်စွပ်စွဲ သည်။

နောက်တော့ အိမ်ကြီးပေါ်က နှင်ချသည်။ သားကြီးနှင့် ခင်ပွန်းသည် ပြန်လာတာကို စောင့်ပါရစေဆိုတာပင် မရ။ နောက် ဆုံး သားငယ်လက်ကိုဆွဲပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်



www.burmeseclassic.com

သားအမိနှစ်ယောက် ယောက္ခမအိမ်က ဆင်းခဲ့ကြရသည်။

ထိုအချိန်ကစပြီး ဒေါ်ထားညို သားကြီးကိုရော ခင်ပွန်းသည် မျက်နှာကိုပါ မတွေ့ခဲ့ရတော့သည်မှာ ဒီနေ့ ဒီအချိန်ထိဖြစ်သည်။ သားတစ်ယောက်ကို လက်ဆွဲပြီး သုခမြိုင်ကို ဒေါ်ထားညို အကြိမ်ကြိမ်လာပေမယ့် အကြံပိုင်သော ယောက္ခမကြီးက သုခမြိုင်အိမ်ကြီးကို ရောင်းပစ်ကာ ခြေရာဖျောက်ပစ်သည်။

သားငယ်လက်ကိုဆွဲပြီး ငိုရှိုက်ရုံမှတစ်ပါး တခြား ဘာဆိုဘာမှ ဗဟုသုတမရှိခဲ့သည့် ဒေါ်ထားညို။ ဆွေမျိုးတော်စပ်သည့် သီလရှင်ဆရာကြီး ဘွားပညာထံမှာ သားအမိနှစ်ယောက် ဆင်းရဲကြပ်တည်းစွာ မှီခိုရင်း အဖျားရောဂါ အပြင်းအထန်ခံစားရသည့် သားငယ်လေးကို ဆေးကုသစရာ ငွေမရှိတာတစ်ခုတည်းနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရ၏။

သားငယ်လေး မရှိတော့သည့်နောက်မှာ ဒေါ်ထားညို စိတ်တွေလေသွား၏။ ထိုအချိန်မှာ ကလေးတစ်ယောက်အမေဖြစ်သော စစ်တို့အမေနှင့် တွေ့ခဲ့ရခြင်းဖြစ်သည်။

စစ်ကို ဒေါ်ထားညိုက သူ့သားလေးအမှတ်ဖြင့် တုန်မှေအောင်ချစ်သည်။ စစ်ကိုယ်တိုင်ကလည်း အမေတော်နေသူဆိုတော့ ဒေါ်ထားညိုမှ ဒေါ်ထားညို။





ဒီလိုနှင့် ဒေါ်ထားညို၏ ဒုတိယဘဝခရီးလမ်းမှာ စစ်တို့သားအဖ ပါဝင်ပတ်သက်လာခဲ့သည်မှာ သားကြီးနှင့်ပြန်တွေ့ရသည့်အချိန်အထိ။

"တကယ်တော့ သားအဘွားရဲ့ စိန်ဘယက်ကို အမေယူပါဘူး သားရယ်၊ ယူဖို့မပြောနဲ့၊ သူတို့ပစ္စည်း ဘယ်နေရာမှာထားမှန်းတောင် မသိတဲ့ဘဝပါ၊ ဒါကိုမှ မေမေ့ကို သူခိုးလို့စွပ်စွဲတာကတော့ မေမေ့ဘဝရဲ့ဝဋ်ကြွေးပေါ့"

"ကျွန်တော်တို့ကို ဘွား ပြောတုန်းကတော့ မေမေက ဘွားနဲ့ရန်ဖြစ်ပြီး တစ်ခွန်းမခံပြန်ပြောရာက ညီလေးလက်ကိုဆွဲပြီး အိမ်ကြီးပေါ်က ဆင်းသွားတာတဲ့"

"ထားလိုက်ပါတော့ သားရယ်၊ အခုချိန်ကျမှ ဒါတွေပြောနေလို့လည်း အကြောင်းမထူးတော့ပါဘူး၊ သူတို့လည်း လူ့လောကကြီးထဲက ထွက်သွားကြပြီပဲ၊ ဝဋ်ကြွေးရှိရင် ပေးဆပ်ရမှာပဲလေ၊ အရင်အတိတ်ဘဝက မေမေကိုယ်တိုင် ဘာတွေဘယ်လိုလုပ်ခဲ့သလဲဆိုတာ သိနိုင်မြင်နိုင်တာမှမဟုတ်ဘဲ၊ ဝဋ်ရှိလို့ ပေးဆပ်ရတယ်လို့ပဲ မှတ်ပါတယ်"

"မေမေရယ်"

"အခုချိန်ကစပြီး မေမေ့ဘဝရဲ့ နောက်ဆုံးအချိန်အထိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့အတူ မြတ်ရတနာမှာ စိတ်ချမ်းချမ်းသာသာ နေလို့ ရောက်ပြီးရော၊ ပြီးခဲ့တာတွေကိုလည်း ဘာတစ်ခုမှ ပြန်မတွေးပါနဲ့တော့နော်၊ မနက်ဖြန် ညီလေးရှိတဲ့နေရာကို ကျွန်တော်သွားကြည့်ပါဦးမယ်၊ မေမေရော ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါလား"

ထွန်းမြတ်ညို့စကားကြောင့် ခေါ်ထားညို ငိုင်သွားသည်။ ဖြစ်နိုင်ရင် ခေါ်ထားညိုကိုယ်တိုင် စစ်ရှိရာကို သွားပြီး စစ်ကို သူနဲ့အတူလိုက်နေဖို့ ခေါ်လိုက်ချင်သည်။

ဒါပေမဲ့ စစ်က ခေါ်ထားညိုရဲ့သွေး မဟုတ်သလို ထွန်းမြတ်ညိုနဲ့ ဘယ်လိုမှ သွေးမတော်သားမစပ်သည့် သူစိမ်းမိန်းကလေးတစ်ယောက်။ ထွန်းမြတ်ညိုနဲ့ ခေါ်ထားညို အတူဝလာတာမြင်ရင် စစ်ရင်ထဲ ဝမ်းနည်းကြေကွဲမှာ သေချာသည်။

ဒါကတစ်ပိုင်း။ ခေါ်ထားညိုကိုယ်တိုင် ဝမ်းနဲ့လွယ်မမွေးရပေမယ့် စစ်ကို ချစ်သည်။ ဆင်းရဲဒုက္ခတွေ ပြည့်နေသည့် ဘဝအမောထဲက ရုန်းထွက်စေချင်သည်။

စစ်ဘဝက ဆင်းရဲတွင်းနက်ပြီး မလှမပ ရုန်းကန်ရှာဖွေနေရပေမယ့် စစ်က သိပ်လှသည်။ မတတ်သာလို့ လက်ပိုက်ကြည့်နေခဲ့ရပေမယ့် စစ် ထမင်းဆိုင်မှာ ပင်ပင်ပန်းပန်း တစ်နေကုန် အလုပ်လုပ်နေတာကို အစကတည်းက မကြည့်ရက်။





စစ်ကို ခေါ်ထားညိုကိုယ်တိုင် ဖျောင်းဖျပြီး မြတ်ရတနာမှာ အတူခေါ်ထားဖို့ စိတ်ကို ပိုင်ပိုင်ဆုံးဖြတ်လိုက်၏။

"မေမေပါ လိုက်မယ် သား၊ စစ်ကို နားလည်သဘောပေါက်အောင် ရှင်းပြပြီး စစ်ကို မေမေတို့နဲ့အတူ ခေါ်ထားမယ်"

"ဝမ်းသာလိုက်တာ မေမေရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

''ကျွီး''

ကြီးစု ထမင်းဆိုင်ရှေ့ကို ကားအကောင်းစားကြီး ထိုးဆိုက်ရပ်တန့်လာသည်အထိ စစ်အာရုံက ထိုနေရာမှာမရှိ။ စစ်နဲ့ သက်ဆိုင်ပတ်သက်လာလိမ့်မည်လို့လည်းမထင်။ ကိုယ်လုပ်ရမည့် အလုပ်ကို သဲမဲလုပ်နေတုန်း စစ်နားမှာ အတူ ဟင်းယန်းကန်တွေ သယ်ချပေးနေသည့် ငြိမ်းထံမှ အလန့်တကြားအသံကြောင့် စစ်ကိုယ်လေး ဆတ်ခနဲတွန့်သွား၏။

''ဟယ်…အန်တီညို၊ စစ်…ဟိုမှာ နင့်အမေ အန်တီညို လာတယ်၊ ကားကြီးကလည်း အပျံစား၊ အန်တီညို ဝတ်ထားတာကလည်း လှလိုက်တာဟယ်''





မိန်းမသဘာဝဆိုတာ ဒါပဲ။

ငြိမ်းက စစ်ကို လက်တို့ပြောရင်း စစ်အမေ ခေါ်ထားညို တစ်ကိုယ်လုံး သိမ်းကျုံးကြည့်ပြီးသား ဖြစ်နေ၏။ အမေဆိုတာ နှင့် စစ်ခေါင်းလေး ချာခနဲ နောက်ကိုလှည့်ကြည့်ချိန်မှာ တမ်သွေး တစ်မွေး လှပကျက်သရေရှိနေသော အမေနှင့်အတူ ယှဉ်တွဲတွေ့ လိုက်ရသည့် လူတစ်ယောက်ကြောင့် စစ်မျက်နှာလေး ပိုတင်းသွားသည်။

မြင်ရုံနှင့် အဓမ္မသားကြီး ထွန်းမြတ်ညိုမှန်း သိစေသော တည်ကြည်ခန့်ညား ချောမောပုံက လူတွေကြားထဲ ထင်းခနဲ ထင်သာမြင်သာရှိသာမက သိသာစွာပေါ်လွင်ထင်ရှားနေ၏။ အထူးသဖြင့် ခြောက်ပေနီးပါး အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်ခုံးထူထူ၊ နှာတံမြင့်မြင့်၊ မျက်ဝန်းတောက်တောက်တွေက ရူးရှုလက်ဖြာလျက် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး စစ်ကိုသာ ဦးတည်စိုက်ကြည့်နေပုံက တရင်းတနှီး။

''စစ်''

''အမေ''

''ကြီးစုဆီမှာ အမေ ခွင့်တောင်းပြီးပြီ၊ အမေတို့နဲ့ ခဏသောက် လိုက်ခဲ့ပါကွယ်၊ စစ်က လိမ္မာပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"စစ် မလိုက်ချင်ဘူး အမေ"

အမေ့နားမှာ မားမားကြီးရပ်ပြီး စစ်မျက်နှာကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည့် အမေ့သားကြီး ထွန်းမြတ်ညို မျက်နှာကို မကြည့်မိအောင် တမင်မျက်နှာလွှဲထားလျက် စစ် ငြင်းသည်။

ကွက်ခနဲပျက်သွားသည့် အမေ့မျက်နှာနှင့်အပြိုင် ထွန်းမြတ်ညို မျက်နှာချောချောမှာပါ အလိုမကျခြင်းတွေ ကြီးစိုးသွားတာကို စစ် မမြင်လိုက်။

စစ်ထံမှ ငြင်းပယ်စကားကြောင့် ဒေါ်ထားညို ရင်ထဲဆို့သွားကာ မျက်ရည်တွေပါ မျက်လုံးအိမ်ထဲ ချက်ချင်းပြည့်လာ၏။

"အမေ့ကို မသနားတော့ဘူးလား စစ်ရယ်၊ သားကြီးလာခေါ်နိုင်းလို့ သားကြီးအိမ်ကိုလိုက်သွားရပေမယ့် အမေနဲ့အတူ စစ်ကလေး ပါမလာတော့ အမေ့ရင်ထဲ ဘယ်လောက်နာကျင်ခံစားရတယ်ဆိုတာ စစ် သိရဲ့လားကွယ်၊ အမေ့ကို မချစ်တော့ဘူးလားဟင်"

"ချစ်ပါတယ်"

"ဒါဆို အမေ့စကားကို စစ် နားထောင်ပါကွယ်၊ စစ်နဲ့





ခွဲပြီး နေရတာ အမေ ဘယ်လိုမှစိတ်မချမ်းသာဘူး ကလေးရယ်"

ပြောရင်း ဒေါ်ထားညိုက မျက်ဝန်းမှာ ပြည့်အိုင်လာသည့် မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် အသာတို့သည်။ အမေ မျက်ရည်ကျတာမြင်တော့ စစ်ကိုယ်တိုင်လည်း စိတ်မချမ်းသာ။ ဖြစ်နိုင်ရင် အမေ့ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်ပြီး အားပါးတရ ငိုချလိုက်ချင်သည်။

စစ်လည်း အမေ့ကိုချစ်သလို အဖေ့ကိုချစ်သည်။ အဖေက သူ့စကား နားမထောင်ရကောင်းလားဆိုပြီး စစ်ကို စကားမပြောတော့ပေမယ့် ကြီးစုဆီတော့ နေ့တိုင်းလာသည်။

ရိုးရိုးလာတာတော့ မဟုတ်။

နေ့တိုင်း အရက်သောက်ပြီးမှ မူးမူးရူးရူးနှင့် လာခြင်းဖြစ်သည်။ စစ်က အဖေ့ကို အရက်မသောက်ဖို့ပြောပေမယ့် မရ။

"အဖေ··ဘာလို့ အရက်တွေ နေ့တိုင်းသောက်နေတာလဲဗျာ၊ ဘယ်တုန်းက ဒီလိုသောက်ဖူးလို့လဲ၊ အမေသိရင် စိတ်ကောင်းမှာမဟုတ်ဘူး၊ စစ်လည်း စိတ်ဆင်းရဲတယ်၊ နောက်ကို အရက်မသောက်နဲ့ဗျာ"

"မင်းက ဆရာကြီးလား စစ်"

"အဖေ"



www.burmeseclassic.com

www.burmeseclassic.com

"မင်း ငါ့ကို ဘာမှပြောစရာမလိုဘူး စစ်၊ မင်းတောင် မိဘလက်နဲ့ရေးတာကို ခြေနဲ့ဖျက်သေးတာ၊ ငါပြောတဲ့စကားကို နားမထောင်ဘူး၊ မင်းလုပ်ချင်ရာလုပ်တယ်၊ ငါလည်း မင်း ဘာ ပြောပြော ဂရုမစိုက်ဘူး၊ ငါ စိတ်ချမ်းသာတာ ငါလုပ်မယ်၊ မင်းလို မိဘစကား နားမထောင်တဲ့ကောင်က မိဘကိုပြန်ပြီး ဆရာလုပ်ဖို့ မစဉ်းစားနဲ့၊ ဒါပဲ"

အဖေက စစ်ကို လုံးဝစကားမပြော။

စစ် ဘာပြောပြော ဂရုလည်းမစိုက်။

စစ်မှာသာ အဖေ့ကို သနားစိတ်၊ အမေ့ကို လွမ်းစိတ်နှင့် နေ့တိုင်း ကျိတ်ငိုနေရသည်။ အထူးသဖြင့် အမေ့သားကြီး ထွန်းမြတ်ညိုကို စစ် မကျေနပ်။

သူ့ကြောင့် စစ်တို့မိသားစုဘဝလေး တစ်ယောက် တစ်နေရာစီ ပြိုကွဲဖို့ ဖြစ်လာရခြင်းဖြစ်သည်။ ထွန်းမြတ်ညိုဆို သည့် အမေ့သားကြီး ပေါ်မလာတုန်းက စစ်တို့မိသားစု အေးအတူ ပူအမျှ ဘဝကို ပျော်ပျော်ကြီး ချိုတက်ဖြတ်သန်းလာခဲ့ကြတာ အကြာကြီး။

စစ် တစ်သက်ပင်။

အဖေရော အမေပါ စစ်ကို လေသံမာမာနှင့်ပင်မပြော





စစ်မျက်နှာညိုမှာကို စိုးရိမ်ကြသည်။ အခုတော့ အခြေအနေတွေ အားလုံး ပြောင်းလဲသွားသည့်အတွက် စစ် ရင်ထဲနာနေသည်။

အဖေက ငွေမျက်နှာတစ်ခုတည်း၊ အမေ့ဘဝ မြင့်မား ကောင်းစားဖို့တစ်ခုတည်း သူ့ဘဝကို စတေးပစ်သည်။ စစ်တောင် အမေနဲ့ခွဲရလို့ ရင်ကွဲမတတ် ခံစားရသေးတာ။ အဖေ့အတွက် အမေ က သူ့အမြတ်နိုးရဆုံး ချစ်ဇနီး။

အမေနဲ့ခွဲလိုက်ရလို့ အဖေ့ရင်ထဲ ဘယ်လောက်နာကျင် ခံစားနေရမယ်၊ လွမ်းဆွတ်သတိရနေမယ်ဆိုတာ စစ် သိသည်။ အမေကိုယ်တိုင်လည်း စစ်တို့သားအဖနဲ့ ဘယ်တုန်းကမှ ဒီလောက် အကြာကြီး ခွဲနေဖူးတာမဟုတ်။

စစ်ကို အမေ လွမ်းဆွတ်သတိရနေသလို အဖေ့ကိုလည်း အမေ လွမ်းဆွတ်နေမှာ သေချာသည်။ အမေ့ခမျာ သူ့သားကြီး နဲ့အတူ လူက လိုက်နေရပေမယ့် အမေ့စိတ်တွေကတော့ အဖေနဲ့ စစ်ဆီမှာဆိုတာ အမေ့မျက်နှာကို ကြည့်တာနှင့် စစ် သိသည်။

"စစ်…အမေပြောတာ ကြားရဲ့လားကွယ်၊ အမေ စစ်နဲ့ စကားတွေအများကြီး ပြောချင်တယ်၊ ဒီဆိုင်ထဲမှာက လူတွေ အရမ်းရှုပ်နေတာဆိုတော့ အမေတို့နဲ့ ခဏလိုက်ခဲ့ပါကွယ်"

"စစ်က ဘယ်ကိုလိုက်ရမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ အေးအေးဆေးဆေး ပြောလို့ရမယ့် နေရာတစ်နေရာကို သွားကြတာပေါ့ကွယ်"

"ဒါကို စစ်အိမ်ကိုပဲ သွားမယ် အမေ"

"အို"

စစ်စကားအဆုံးမှာ အမေက သူ့သားကြီး ထွန်းမြတ်ညို့ မျက်နှာကို အလန့်တကြား လှမ်းကြည့်သည်။ ထွန်းမြတ်ညိုက သူ့အမေမျက်နှာကို မကြည့်။ သူ့ညီဟု ထင်နေသော စစ်မျက်နှာ နုနုလေးကိုသာ စိုက်ကြည့်နေ၏။

ထွန်းမြတ်ညို စိတ်ကူးနဲ့ ပုံဖော်ထားသည့် သူ့ညီ စစ်ဆိုတာ အခု သူ့မျက်စိရှေ့မှာရှိနေသည့် စစ်ဆိုသည့် ကောင်လေး ပုံစံမဟုတ်။ ရျားကျားလျားလျား ယောကျ်ားပီပီသသ သူနဲ့ ခပ်ဆင်ဆင်တူသည့် ညီတစ်ယောက်၏ပုံစံမျိုး။

အခုတော့ ထွန်းမြတ်ညို စိတ်ကူးနှင့် ပုံဖော်ထားသည့် စစ်၏အသွင်သဏ္ဍာန်၊ သူ လက်ရှိမြင်တွေ့နေရသည့် စစ်ပုံစံက လုံးဝ တခြားစီဖြစ်နေရုံမက ဆန့်ကျင်ဘက်လို့ ဆိုရမည့် အနေအထား။

ယောကျ်ားပီသသည့် ဥပဓိရုပ်က စစ်ထံမှာမရှိ။ အရပ်မြင့်သည်ဆိုပေမယ့် စစ်အရပ်က ထွန်းမြတ်ညို ပခုံးထိရုံ။ အသား တော့ ဖြူဥနေရုံမက အရမ်းနုဖပ်နေတာက ယောကျ်ား တစ်ယောက်နှင့်မတူ။

လူပုံက ခပ်သွယ်သွယ်ဆိုတော့ ပိုဆိုးသည်။ မျက်နှာက ချောင်ကန်ကန်၊ စကားပြောတော့ မာရေကြောရေ ကျွတ်ဆတ်ဆတ် ဆိုပေမယ့် မြဲပြောရလျှင် စစ်က မိန်းမချောချောသည့် ကောင်လေး ဖြစ်နေသည်။

အထူးသဖြင့် စစ်မျက်လုံးတွေက ထူးထူးခြားခြား လှနေ၏။ နှာတံစင်းပြောင့်စွာ ကျနေပုံ၊ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းစေ့ထားပေမယ့် နှုတ်ခမ်းသားတွေက နီနီရဲရဲ ထူထူပြည့်ပြည့်။

အမေနဲ့အတူ ပါလာကတည်းက ထွန်းမြတ်ညိုဆိုတာ ကင်အစ်ကိုမှန်းသိသိနဲ့ ထွန်းမြတ်ညိုကို စစ် ကြည့်သည့်အကြည့်က ကြည့်ပေါက်အကြည့်။ ရန်လိုသည့်အကြည့်။

ထွန်းမြတ်ညို ထင်ထားတာနှင့် ဘာတစ်ခုမှမလွဲ။ စစ်က ထွန်းမြတ်ညိုကို လုံးဝမကြည့်တာက အထင်အရှား။

"ဒါ...အမေ့သားကြီးပဲ စစ်"

စစ်က အမေ့စကားကို အင်းအဲမလုပ်။

ထွန်းမြတ်ညိုမျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး ချက်ချင်း အကြည့်ကိုလွှဲပစ်သည်။ ပုံစံက ခပ်မိုက်မိုက်။







www.burmeseclassic.com

www.burmeseclassic.com



"သားကြီး"

"ကျွန်တော်သိတယ် မေမေ၊ စစ်သဘောအတိုင်း စစ် အိမ်ကိုပဲ သွားကြတာပေါ့"

ထွန်းမြတ်ညိုက ဝင်ပြောခြင်းဖြစ်သည်။

"စစ်အိမ် မဟုတ်ပါဘူး၊ အဲဒီအိမ်က စစ်အဖေနဲ့အမေ ရဲ့အိမ်"

"စစ်"

အမေ့နှုတ်ဖျားက တားမြစ်စကား ထွက်လာပေမယ့် စစ်က ဂရုမစိုက်။ စစ်က သူပြောစရာရှိတာကို ထွန်းမြတ်ညို မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ခပ်တည်တည်ဆက်ပြော သည်။

"အမေ ထွက်သွားတဲ့နေ့ကစပြီး အဖေ နေ့တိုင်းအရက် သောက်နေတာ အမေ သိလား"

"အိုကွယ်"

မျက်နှာပျက်သွားသော အမေ့ကိုကြည့်ပြီး စစ်က အရင် နှုတ်ဆက်၏။

"စစ် အရင်သွားနှင့်မယ် အမေ"

"မဟုတ်တာ စစ်ရယ်၊ အမေ့ကိုချစ်ရင် အမေ့ကိုသနား





ရင် အမေတို့နဲ့ အတူလိုက်ခဲ့ပါကွယ်၊ အမေ့ကို စစ်ပဲချစ်တယ်ဆို၊ အမေ့စကားကို စစ် နားထောင်ပါကွယ်"

"ဒီတစ်ခါပဲနော် အမေ၊ နောက်ဆို စစ် ဘယ်သူ့ကားကို မှ စီးမှာမဟုတ်ဘူး"

"အေးပါကွယ်...အေးပါ၊ လာ..သားကြီး"

အမေက ထွန်းမြတ်ညိုကို ပါးစပ်က လှည့်ခေါ်ရုံသာ ခေါ်ပြီး စစ်လက်ကို မလွှတ်တမ်းဆုပ်ကိုင်၍ ထွန်းမြတ်ညိုရှေ့က ထွက်သွားသည်။

အရွယ်လေးက ငယ်ငယ်၊ လူလေးက နုဖပ်ဖပ်။ သေး သေးသွယ်သွယ်နဲ့ စကားပြောပုံ သိပ်ထောင့်မကျိုးတာကြည့်ပြီး ထွန်းမြတ်ညို မျက်ခုံးတစ်ချက် တွန့်လိုက်သည်။ စိတ်ထဲမှာ သော မတွေ့ပေမယ့် စစ်ဆိုတာ ထွန်းမြတ်ညိုရဲ့ ညီလေးပါလား လို့ ပြန်တွေးလိုက်တော့ သူ့စိတ်ထဲ အလိုမကျတာတွေ ချက်ချင်း ပျောက်သွား၏။

သနားစရာ ညီလေးနဲ့ အမေပါလားလို့ ပြန်တွေးပြီး ခြေ လှမ်းကျဲကြီးတွေနှင့် ကားရပ်ထားသည့်နေရာကို ကြိုရောက်သွား ပြီး တားတံခါးကို ထွန်းမြတ်ညိုကိုယ်တိုင် ဖွင့်ပေးသည်။

အဖေဆိုတာကို သိပ်ပင်မသိလိုက်သော ညီလေး။ ပတွေး



www.burmeseclassic.com

www.burmeseclassic.com



တို့ အပေါ်ဟုထင်ပြီး ခင်မင်တွယ်တာနေရှာပုံလေးကိုက သနား ကရုဏာသက်စရာအဖြစ် ထွန်းမြတ်ညိုရင်ထဲ နင့်ခနဲဖြစ်သွား၏။

အခုချိန်ကစပြီး စစ် ဘာပြောပြော သူသည်းခံရမည်။ အလိုလိုက်မည်။ စစ်ရဲ့ ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး ဒုက္ခတောထဲမှာ မပြည့်မစုံနေခဲ့ရသမျှ အားလုံး ထွန်းမြတ်ညိုဘက် က ပြန်ဖြည့်ဆည်းပေးမည်။

ဒါ ထွန်းမြတ်ညိုရဲ့ ဆုံးဖြတ်ချက်။ အဖေကိုယ်တိုင်လည်း အမေနှင့်ညီလေးတို့သတင်းကို လိုက်စုံစမ်းရှာဖွေလာခဲ့သည်မှာ အဖေ့ရဲ့ နောက်ဆုံးအချိန်တွေအထိ ဖြစ်သည်။

အဖေ တစ်ချိန်လုံး တမ်းတစောင့်စားမျှော်လင့်ခဲ့သော ဇနီးနှင့်သားကို နောက်ဆုံးအချိန်အထိ မြင်တွေ့ခွင့်ရမသွားခဲ့။ အ ထွန်းမြတ်ညိုက အဖေ အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းနိုင်ခဲ့ သ ထွန်းမြတ်ညိုရဲ့ ဘဝကွက်လပ်ကိုလည်း ပြန်ဖြည့်နိုင်ခဲ့တာ ကျေနပ်သည်။

ကားကို ဂရုစိုက်မောင်းနေရင်း ထွန်းမြတ်ညိုက အ နှင့်အတူ ကားနောက်ခန်းမှာ မျက်နှာထားတင်းတင်းလေး ရှုပုပ်ပုပ်ထိုင်နေသော စစ်ရှိရာ မကြာခဏ လှမ်းကြည့်သည်။

ဘယ်လိုကြည့်ကြည့် ဘယ်လိုနေနေ ထွန်းမြတ်ညို





ညီက လူချောလေးဖြစ်တာကိုတော့ သဘောကျမိသည်။ လူပုံ သေးပေမယ့် စစ်က လူချောလေးဖြစ်သည်။ စစ်ခန္ဓာကိုယ်က ယောက်ျားပီပီသသ မရှိတာကို အပြစ်ပြော၍မဖြစ်။

မေမေနှင့်စစ်တို့ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် ဘဝက ထွန်းမြတ်ညိုဘဝနဲ့ တခြားစီ။ လိုအပ်သည့် ဗီတာမင်ဆေးအမျိုး မျိုး၊ အားဆေးအမျိုးမျိုးဆိုတာ စစ်ဘဝမှာ ကြားပင် ကြားဖူးရှာ ညီမဟုတ်။

စစ်အတွက် ထွန်းမြတ်ညိုရင်ထဲ ထိထိခိုက်ခိုက်ဖြစ်သွား ချိန်မှာ ကားနောက်ခန်းမှာထိုင်နေသည့် စစ်ထံမှအကြည့်က စစ်ကို နောက်ကြည့်မှန်မှတစ်ဆင့် ခိုးကြည့်အကဲခတ်နေသော ထွန်းမြတ်ညို ထံ ဖျတ်ခနဲရောက်လာ၏။

ရှောင်ရန် အချိန်မရလိုက်ဘဲ မျက်ဝန်းအကြည့်ချင်း ဆုံ သွားကြသည်။ စစ်ထံမှ တင်းမာခက်ထန်သော စူးရှတောက်ပ သော ရန်လိုသောအကြည့်နှင့် ထွန်းမြတ်ညိုထံမှ မေတ္တာ ကရုဏာ တို့ လွှမ်းခြုံထားသည့် နူးညံ့သိမ်မွေ့သောအကြည့်။

စစ်ကို သနားစရာသတ္တဝါတစ်ကောင်လို သဘောထား ပြီး ကြည့်နေသည့် ထွန်းမြတ်ညို အကြည့်တွေကို မှန်းတီးနာ ကြည်းစိတ်နှင့် မရည်ရွယ်ဘဲ စစ်က ဒိုင်းခနဲ မျက်စောင်းပစ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ရုတ်တရက်ဆိုတော့ ထွန်းမြတ်ညို ကြောင်သွားသည်။ စစ်က သူနဲ့အကြည့်ချင်းအဆုံမှာ မကျေမနပ်ကြည့်ပြီး မျက်စောင်းခဲ့ထိုးပြီး ဆတ်ခနဲအကြည့်လွှဲသွားပုံက ယောက်ျားတစ်ယောက်ရဲ့ အပြုအမူမျိုးမှ မဟုတ်ဘဲ။

ထွန်းမြတ်ညိုနှုတ်ခမ်းမှာ စစ်ကိုကြည့်ပြီး အပြုံးသဲ့သဲ့ရောက်လာ၏။ ယောက်ျားဖြစ်ပြီး မိန်းမဆန်သော အပြုအမူရယ်ချင်လာ၏။ စစ်ကိုယ်တိုင်ကလည်း ဖြူဖြူနုနု၊ လှပုံကလည်း မိန်းမချောချောသည့် လူတစ်ယောက်။

ဒီကြားထဲ စစ် လုပ်ရသည့်အလုပ်က ထမင်းဆိုင်။ မိန်းစားပွဲထိုးတွေကြားထဲမှာ စစ်တစ်ယောက်တည်း ယောက်ျားလေးပါတာဆိုတော့ ဒီလိုအမူအရာတွေလည်း ထိတွေ့ကူးစက်နိုင်တာဟု သူဘာသာ စဉ်းစားသည်။

ထွန်းမြတ်ညိုနှင့်နေရင်ဘော့ ဒီလိုလုပ်လို့မရ။ အားကစားခန်းမထဲမှာ ခေါ်ခေါ်ပြီး ယောက်ျားပီပီသသ ကျားကျားလျားလျားဖြစ်အောင် လေ့ကျင့်ပေးရမည်။

"ရပြီ···သားကြီး၊ ရှေ့ကအလမ်းထဲ ချိုးလိုက်တော့"

ထွန်းမြတ်ညိုကို ခေါ်ထားညိုက လမ်းညွှန်နေစရာမလို။ အမေနှင့်ညီရှိသည့် နေရာကို ထွန်းမြတ်ညိုကိုယ်တိုင် အတိအကျ





မှန်းထားတာဆိုတော့ လိပ်စာကို အတိအကျသိသည်။

နေရာကိုသာ သေချာမသိ၍ မေမေ ညွှန်ပြသည့်လမ်းအတိုင်း သူ့ကားကို ချိုးကွေ့အဝင်မှာ လမ်းထဲကထွက်လာသည့် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။

"အဖေ"

စစ်ထံမှ ခေါ်သံ။

ထွန်းမြတ်ညို သူ့ကားကို ထိုလူကြီးနားမှာ ကွိခနဲရပ်လိုက်၏။ စစ်က ထွန်းမြတ်ညိုကားပေါ်က အပြေးဆင်းသွားပြီး လူကြီးလက်မောင်းကို သွားဖက်သည်။

"အဖေ···ဘယ်သွားမလို့လဲ၊ ဟိုမှာ အမေပါ ပါလာတယ်"

"မင်းပါ ဟိုကိုလိုက်သွားမှာလား စစ်၊ အဖေ ဝမ်းသာလိုက်တာကွာ"

ဦးပိုက်ထွေးက ကားအကောင်းစားကြီးပေါ်က ဆင်းလာသည့် စစ်ကိုတစ်လှည့်၊ ကားနောက်ခန်းက ဆင်းလာသည့် ခေါ်ထားညိုကိုတစ်လှည့် ကြည့်ပြီး မျက်နှာပေါ်မှာ ခံစားချက်တွေ တစ်မျိုးပြီးတစ်မျိုး တဖျပ်ဖျပ်ပြေးသွား၏။

စစ်မှာ အဖေ့စကားကြောင့် မျက်နှာပျက်သွားကာ

"စစ် ဘယ်မှမလိုက်ဘူး အဖေ၊ အမေက အဖေ့ဆွဲတား



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်ဆိုလို့ ဒီကိုခေါ်လာတာ''

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ချိန်မှာ ကားပေါ်က ဒေါ်ထားညိုနှင့် ထွန်းမြတ်ညို ဆင်းလာ၏။

''နေကောင်းတယ်နော် ကိုပိုက်ထွေး''

''ကောင်းပါတယ် ထား''

''ကျွန်တော် ထွန်းမြတ်ညိုပါ ဦး''

''တွေ့ရတာ ဝမ်းသာပါတယ်ကွာ''

''လာလေ...အိမ်ထဲကျမှ စကားပြောကြတာပေါ့''

ဦးပိုက်ထွေးက ဦးဆောင်ပြီး အိမ်ဘက်ကို လှည့်ထွက်သွားတာမို့ အမေနှင့်စစ်က အဖေ့နောက်က လိုက်ခဲ့ကြသည်။ ထွန်းမြတ်ညို သူ့ကားပေါ်ပြန်တက်ပြီး နောက်က မောင်းလိုက်လာချိန်မှာ အဖေက အမေ့ဘက်ကို ဆတ်ခနဲလှည့်ကြည့်သည်။

''စစ်ကို လာခေါ်တာလား ထား''

''ဟုတ်ပါတယ် ကိုပိုက်ထွေး''

''စစ် မလိုက်ဘူးနော် အဖေ''

''စစ်''

''အဖေ ဘာမှမပြောနဲ့၊ စစ် အဲဒီလူ့မျက်နှာကို မကြည့်ချင်ဘူး၊ ထွန်းမြတ်ညိုဆိုတဲ့လူကို စစ် မုန်းတယ်၊ သူ့ကြောင့်





စစ်တို့မိသားစု အခုလိုဖြစ်ရတာ''

''အိုကွယ်''

''စစ်....အဲဒါ မင်းအမေ ထားရဲ့ သားကြီးကွ၊ အမေ ရှေ့မှာ အမေစိတ်ဆင်းရဲအောင် ပြောရလား၊ မင်း တော်တော် မိုက်တာပဲ''

အဖေ့စကားကြောင့် စစ် အမေ့မျက်နှာကို လှမ်းကြည့်လိုက်တော့ အမေ့ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို မြင်သွားကာ စစ် သူ့ကိုယ်သူ နောင်တရသွားသည်။

''စစ်ကိုခွင့်လွှတ်ပါ အမေ၊ စစ် ဒီအသက်အရွယ်အထိ အဖေနဲ့ အမေနဲ့ပါ တစ်ခါမှ အခုလိုမခွဲဖူးလို့ ဝမ်းနည်းမိတာပါ''

''အမေ နားလည်ပါတယ် စစ်ရယ်၊ စစ်ရင်ထဲက ခံစားချက်ကို အမေ နားလည်တယ်''

''ဒါဆိုလည်း အမေ စစ်တို့သားအဖနဲ့ပဲ အတူပြန်လာပြီး နေပါလားဟင်''

''ဟိတ်ကောင်...စစ်၊ မင်းအမေ စိတ်ဆင်းရဲအောင် ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းပါးစပ်ကို ပိတ်ထားစမ်း''

ဦးပိုက်ထွေးကိုယ်တိုင် စစ်လို ပါးစပ်ကထုတ်မပြောပေမယ့် အရင်လို သားအဖသုံးယောက် မရှိအတူ စိတ်ချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာသာ ပျော်ပျော်ရွှင်ရွှင် နေရသည့်ဘဝလေးကိုပဲ ပြန်လိုချင်မိနေမိပါပြီ။

အစတုန်းကတော့ ငွေမျက်နှာတစ်ခုတည်းကိုပဲ ကြည့်မိသည်။ ဒါကလည်း ဦးပိုက်ထွေးဘဝမှာ ကိုယ်တိုင် ငွေအထုပ်လိုက်ကိုင်ပြီး မသုံးဖူးခဲ့သလို ငွေအစုလိုက် အပုံလိုက်ကိုလည်း မမြင်ဖူးခဲ့ပါ။

မိသားစု ချမ်းချမ်းသာသာနေရမည်ဆိုတော့ အပျော်ကြီး ပျော်ခဲ့သည်။ စိတ်ကူးနှင့် ရွှေးချင်တိုင်း ရွှေးခဲ့သည်။ ဦးပိုက်ထွေး အမိကတွေးမိတာက တစ်သက်လုံး ဆင်းဆင်းရဲရဲ မပြည့်မစုံဘဝမှာ ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသည့် ဇနီးနှင့်သမီးဘဝ။ ငွေပုံပေါ်မှာထိုင်ပြီး ချမ်းသာပြည့်စုံစွာ နေစေချင်ခဲ့သည်။

ဒါက သူ့ဆန္ဒ။ တကယ့်လက်တွေ့မှာ ဖြစ်လာတာက ဦးပိုက်ထွေး ထင်သလိုမဟုတ်။ ခေါ်ထားညို သားကြီး ထွန်းမြတ်ညိုရဲ့ အစီအစဉ်ထဲမှာ ပထွေးဖြစ်သူ ဦးပိုက်ထွေး မပါ။ ငွေထုပ်ပစ်ပေးပြီး သူ့အမေနှင့်ညီကို ခေါ်ယူဖို့ ကြိုးစားသည်။

ခေါ်ထားညိုက ဦးပိုက်ထွေးတို့သားအဖကို ခွဲပြီး သူ့သားကြီးနောက်ကို မလိုက်ချင်။ ဦးပိုက်ထွေးက အမျိုးမျိုး စည်းရုံးပြောဆိုလွန်း၍ မတတ်သာသည့်အဆုံးမှာ ဦးပိုက်ထွေးဆန္ဒကို



လိုက်လျောခြင်းဖြစ်သည်။

စပြီးစီစဉ်တုန်းက ဦးပိုက်ထွေးက စစ်ကို သူ စီစဉ်သည့်အတိုင်း လိုက်နာလိမ့်မည်ဟု ထင်ခဲ့သည်။ တကယ့်လက်တွေ့မှာ စစ်က မာနရှိသည်။

ဦးပိုက်ထွေး မျှော်လင့်သလို ဖြစ်မလာခဲ့။ စစ်က ခေါ်ထားညိုနောက်ကို လိုက်မသွားသလို ဦးပိုက်ထွေးကိုယ်တိုင်လည်း ငွေတစ်ထုပ်နှင့် ကိုယ့်နေရပ်မှာပဲ ကျန်ခဲ့သည်။

အစတုန်းကတော့ ငွေတွေကိုကြည့်ပြီး ပျော်သလိုလိုဘာလိုလို။ နောက်တော့ ကိုယ့်အချစ်ဆုံးဇနီးနှင့် သမီးက ဦးပိုက်ထွေးနားမှာမရှိတော့ မပျော်တော့။ ထွန်းမြတ်ညို ပေးသည့်ငွေကို တစ်ပြားတစ်ချပ်မှမသုံးဘဲ ကိုယ့်ဘဝ ကိုယ်ရုန်းနေသည့် စစ်ကိုကြည့်မိတော့ ဦးပိုက်ထွေး ပိုရင်နာရသည်။

ဖြစ်နိုင်ရင် ထွန်းမြတ်ညိုပေးသည့်ငွေကို ပြန်ပေးပြီး ခေါ်ထားညိုနှင့် အရင်လိုဘဝမှာပဲ ပျော်ပျော်ရွှင်ရွှင် ကိုယ့်မိသားစုနှင့်ကိုယ် နေချင်သည်။

တစ်ပြိုင်နက်တည်းမှာပင် ခေါ်ထားညိုကို ဦးပိုက်ထွေး ကိုယ်တိုင် ချမ်းသာပြည့်စုံစွာ မထားနိုင်တာပြန်တွေးပြီး ချစ်ဇနီးဘဝကို ခုက္ခတောထဲ ထပ်မဆွဲနှစ်ရက်ဘဲ ဖြစ်နေ၏။





www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွဲနေသည့် ဦးပိုက်ထွေး အတွေးထဲမှာ စစ်ကို သနားဆုံးဖြစ်သည်။ စစ်ခမျာ အမေနှင့်လည်းခွဲရ၊ အဖေနှင့်ကျပြန်တော့လည်း အဆင်မပြေ။

ဦးပိုက်ထွေးက စစ်ကို သူ့စကားနားထောင်စေချင်သည်။ စစ်ကလည်း သူ မှန်သည်ဟု ထင်သည့်ကိစ္စမှာ ဘူးဆို ဖရုံမသီး။

"အဟမ်း"

သားအဖသုံးယောက် တိုးတိုးကျိတ်ကျိတ်ပြောရင်း မျက်စိမျက်နှာပျက်နေတာကို မသိဟန်ဆောင်၍ ထွန်းမြတ်ညို ချောင်းဟန့်သံ ပေးလိုက်မှ ဦးပိုက်ထွေးနှင့် ဒေါ်ထားညိုက ခပ်မြန်မြန်ဣန္ဒြေဆည်လိုက်ပေမယ့် စစ်ကတော့ မှုန်ကုပ်ကုပ်မျက်နှာထားကို မပြင်။

"လာ…သားကြီး ဒီမှာထိုင်"

"ဟုတ်ကဲ့"

"ကိုပိုက်ထွေးနဲ့ စစ်လည်း ထိုင်ကြပါ"

ဒေါ်ထားညို စကားကြောင့် အားလုံးကိုယ်စီ နံအသီးသီးမှာ ဝင်ထိုင်လိုက်ကြသည်။ အားလုံးအကြည့်တွေကတော့ ဒေါ်ထားညိုထံမှာ ရောက်နေကြသည်။





"စစ်လည်း အခု အမေပြောမယ့်စကားကို သေချာနားထောင်ပေးပါကွယ်၊ ဖြစ်နိုင်မယ်ဆိုရင် အမေ စစ်နဲ့မခွဲပါရစေနဲ့၊ စစ်နဲ့အတူ အမေ နေချင်တယ်"

စကားအဆုံးမှာ ဒေါ်ထားညိုက စိတ်မထိန်းနိုင်သလိုတစ်ချက် ကျိတ်ရှိုက်ပြီး ကျလာသည့်မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် တို့သုတ်သည်။

"မငိုပါနဲ့တော့ ထားရယ်၊ စစ်လည်း သူ့အမေကို လွမ်းနေတာပါဟ"

"စစ်ပဲ အမေ့ကိုလွမ်းနေတာဆိုတော့ အဖေကရော အမေ့ကို မလွမ်းဘူးလား"

"စစ်"

အဖေက စစ်ကို မျက်နှာထားနှင့် ခပ်ဆတ်ဆတ် လှမ်းဒေါက်သလို အမေ အင့်ခနဲငိုချသည်။ မျက်စိမျက်နှာပျက်နေသောအဖေ့ကိုကြည့်ပြီး စစ်က သူပြောစရာရှိတာကို ဆက်ပြောသည်။

"စစ် မှန်တာပြောတာ အဖေ၊ စစ် ဒီအသက်အရွယ်ရောက်လာပြီ၊ စစ်တို့သားအဖသုံးယောက် ဘယ်တုန်းကမှ ခွဲမနေခဲ့ဘူး၊ အခုကျမှ…"

အပြောနှင့်အတူ စစ်အကြည့်က ထွန်းမြတ်ညိုထံ မှန်း



www.burmeseclassic.com

www.burmeseclassic.com

တီးစိတ်နှင့် ခက်ထန်စွာ ဖျတ်ခနဲရောက်လာ၏။

"စစ်တို့မိသားစုကွဲရတာ အစ်ကို့ကြောင့်လို့ စစ်က ပြောချင်တာလား"

"အဖြေက ရှင်းနေတာပဲ၊ အမေကိုယ်တိုင်လည်း စစ်တို့သားအဖကို သတိရပြီး လွမ်းနေမှာ စစ်သိတယ်၊ ကိုယ်ချင်း လည်း စာတယ်"

"အစ်ကိုကတော့ စစ်တို့ကို ကိုယ်ချင်းမစာဘူးလို့ပြောတာလား"

"ခင်ဗျားဘာသာ စဉ်းစားကြည့်ပေါ့"

"စစ်"

"ကိုယ့်အစ်ကိုကြီးကို ဒီလိုမပြောရဘူးလေကွယ်"

အမေ့ထံမှ တားမြစ်စကားကြောင့် စစ် နှုတ်ပိတ်ငြိမ်သက်စွာ ထွန်းမြတ်ညိုထံမှ အကြည့်ကို ဖျတ်ခနဲ လွှဲလိုက်သည်။ ဒီလောက်ဆို စစ်ရင်ထဲမှာ ဘာတွေ ဘယ်လိုရှိနေတယ်၊ ခံစား ပေါက်ကွဲနေတယ်ဆိုတာ ထွန်းမြတ်ညိုဆိုတဲ့လူကြီး သိလောက်ပြီ။

"စစ်ကိုခွင့်လွှတ်ပါ သားကြီးရယ်၊ စစ်က ငယ်ရွယ်သူဆိုတော့ ဘာကိုမှ နားမလည်ရှာလို့ပါကွယ်"





ထွန်းမြတ်ညိုကို ဒေါ်ထားညိုကပဲ တောင်းပန်နေသည်။

"ကျွန်တော့်ကို စစ် ဘာကြောင့် မကျေမနပ်ဖြစ်နေတာလဲဆိုတာ အခု ကျွန်တော်သဘောပေါက်သွားပြီ မေမေ၊ ပြောစမ်း စစ်၊ မင်း ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ",

သူ့ကို ဂရုမစိုက်သလိုမျက်နှာပေးနှင့် ခပ်တည်တည် ကျောခိုင်းထားရာက ထွန်းမြတ်ညို အမေးစကားအဆုံးမှာ လှပ ငိုင်းစက်သော မျက်ဝန်းအကြည့်တွေက သူ့ထံ ဖျတ်ခနဲရောက်လာ၏။

"စစ်ဖြစ်ချင်တာပြောရင် ခင်ဗျားက တကယ်လုပ်ပေးနိုင်မှာမို့လို့လား"

"မင်းဖြစ်ချင်တာ ငါ့ကို အရင်ပြောကြည့်"

"စစ်တို့မိသားစု အတူတူပြန်နေချင်တယ်၊ အဲဒါ စစ် အဖြစ်ချင်ဆုံး ဆန္ဒပဲ"

"စစ်"

စစ် စကားအဆုံးမှာ ဘယ်သူမှ ဘာမှမပြောနိုင်ဘဲ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

■ ● ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းကို ထွန်းမြတ်ညို ချလိုက်သည်။ မျက်ဝန်းထဲမှာ စစ်ပုံရိပ်က ပျောက် မသွား။ လူပုံချောချော သွယ်သွယ်ပါးပါး ကောင်လေးက ပုံစံ ကြည့်တော့ ပျော့စိစိနဲ့၊ ပြောလိုက်တဲ့စကားတွေက မာရေကြော နေနဲ့။ တစ်လောကလုံး သူ့လုပ်စာထိုင်စားနေသည့်ပုံစံက အပြည့်။

အမေနဲ့ အစ်ကိုအရင်းက အတူတူနေပါဆိုတာကို စကား နားမထောင်။ ပထွေးဖြစ်သူကိုပဲ စစ်က သူ့အဖေရင်းထက် သည်း သည်းလှုပ် ချစ်ပြနေတာကိုပဲ ထွန်းမြတ်ညိုက ကြည့်မရ။

အားလုံးရှေ့မှာလည်းဖြစ်၊ ကိုယ်ကလည်း စစ်ဆိုတဲ့ ညီလေးကို အခုမှလည်းတွေ့ရတာဆိုတော့ စိတ်ထဲရှိသလောက်





ထွန်းမြတ်ညိုပါးစပ်က ဘာစကားမှ ပြောမထွက်အောင် ထိန်း ထားရသည်။

အစကတည်းက စစ်က ဂျစ်ကန်ကန်၊ ဘုကျကျဆိုတာ ဦးကိုင်းကျော်ဆီက အားလုံးကြားထားပြီးသား။ ထွန်းမြတ်ညိုဘက် က အလျှော့မပေးလို့မဖြစ်။ ဘယ်တုန်းကမှမရှည်သောစိတ်ကို ခုနင့်ကျမှ ရှိရှိသမျှ ဆွဲချုဆန့်ထုတ်ထားရတာကို စစ်က သိမှာ မဟုတ်။

သူ့ကိုယ်သူ ဆရာကြီးပုံဖမ်းပြီး အမေကိုရော အစ်ကို့ကို ပါ ပညာတွေ ပြန်ပေးနေသည်။ စစ်ပြောပုံက ပထွေးဖြစ်သူ ဦးပိုက်ထွေး မပါရင်ကိုပဲ ထွန်းမြတ်ညိုအိမ်ကြီးပေါ်ကို မတက် နိုင်ပါဆိုသည့်သဘော။

စစ်ဘက်ကြည့်ရင်တော့ ပထွေး ဦးပိုက်ထွေးကို အဖေ လို ထင်ချင်ထင်နေမည်။ ငယ်ငယ်လေးကတည်းက အတူနေလာ တာဆိုတော့လည်း သားအဖသံယောဇဉ်နဲ့ ချစ်ခင်တွယ်တာနိုင်ပေ မည့် ထွန်းမြတ်ညိုအတွက်ကျတော့ ဦးပိုက်ထွေးဆိုတာ အမေ့ နောက်ယောကျ်ား။ ထွန်းမြတ်ညိုရဲ့ ပထွေး။ သူ့စိမ်းသက်သက် လူတစ်ယောက်ကို အခုမှပြန်တွေ့ရသည့် အမေဖြစ်သူနားမှာ အတူ တွေ့တဲ့မကြည့်ချင်။ မကြည့်နိုင်တာ ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူရဲ့ ရင်ထဲမှာတော့ ဘယ်လိုနေသည်မသိ။ 
ကတော့ လုံးဝ ဦးပိုက်ထွေးလူဖြစ်နေတာ သေချာသည်။ 
နှုတ်ဖျားက ပထွေးဖြစ်သူ ဦးပိုက်ထွေးကို အဖေလို့ တစ်ခါ
တိုင်း ထွန်းမြတ်ညို ဖခင်ကြီးကို သွားသတိရပြီး ရင်ထဲ ဆစ်
ဆစ်ခနဲ ဖြစ်သွားသည်။

မင်းအဖေအရင်းက ဒီလူကြီး မဟုတ်ဘူးကွ။

အဲဒါ မင်းပထွေးဆိုသည့် စကားကိုပဲ ထွန်းမြတ်
စိတ်ထဲ ကျိတ်ပြောနေပေမယ့် အပြင်ကိုတော့မထွက်။ ထွက်
ကလည်း မဖြစ်။ ဒီကိစ္စမှာ ထွန်းမြတ်ညိုရဲ့သဘောထားမ
အားလုံးက ကိုယ့်သဘော ကိုယ်ဆောင်နေတာဆိုတော့ လက်
အနေအထားက အခြေအနေအရပ်ရပ်ကို ပွဲကြည့်ပရိသတ်အ
အကဲခတ်နေရုံ။

စစ်ဘက်က သူ့သဘောထားကို အတိအလင်းကြေ
ပြီးပြီဆိုတော့ ဒီတစ်ခါဆုံးဖြတ်ရမှာက ထွန်းမြတ်ညို အလှ
ကိစ္စက ထင်သလောက်မလွယ်။ ဖြစ်နေတဲ့ကိစ္စကလည်း အရေး
အဝယ်မဟုတ်။

လူမှုရေးအရှုပ်အထွေးတောင်မှ ရိုးရိုးမဟုတ်။ ရှင်း
မရအောင် ရှုပ်နေသည့် အနေအထား။





ပထွေးဖြစ်သူ ဦးပိုက်ထွေးကို ရတနာ့စံအိမ်ကြီးပေါ် ဘယ်
ဘို့မှ အတူခေါ်မထားနိုင်။ ဒါ ထွန်းမြတ်ညိုရဲ့ ဆုံးဖြတ်ချက်။

စစ်နဲ့ ပထွေးဖြစ်သူ ဦးပိုက်ထွေး။ ဘယ်သူ့ကို ထွန်းမြတ်
ညို ရွေးရမည်နည်း။ ကိစ္စက ထင်သလောက်မလွယ်။ ထွန်းမြတ်ညို
အမေကိုယ်တိုင် ပါးစပ်က ဘာတစ်ခုမှထုတ်မပြောပေမယ့် စစ်
ပြောသလို ဦးပိုက်ထွေးနှင့် စစ်ကို လွှမ်းချင်လွှမ်းနေမည်ထင်သည်။

ထွန်းမြတ်ညိုကြောင့် ဘာမှမပြောဘဲ အလိုက်သင့် ရှေ့
ဆက်ဆိတ်နေပေမယ့် အမေ့ရင်ထဲမှာတော့ သောကဝေဒနာတွေ
မှာသေချာသည်။ တွေးရင်း ထွန်းမြတ်ညို အာရုံနောက်သွား
သည်။

အလုပ်ကိစ္စတွေ ဘယ်လောက်များများ၊ အခက်အခဲတွေ
ဘယ်လောက်ပဲရှိရှိ ထွန်းမြတ်ညိုကိုယ်တိုင် အောင်နိုင်ကျော်ဖြတ်
ခဲ့တာချည်းဖြစ်ပေမယ့် မိသားစုအရေးကိစ္စမှာတော့ ထွန်းမြတ်ညို
သက်လျှော့ အရှုံးပေးရတော့မလို ဖြစ်နေတာကိုပဲ စိတ်ထဲက
သဘောမကျ။

ဒီမှုပဲ ဒီစတိုင်က ထွန်းမြတ်ညိုမှ မဟုတ်ဘဲ။ ထွန်းမြတ်
ညီဘဝမှာ အရာရာကို ရဲရင့်ပြတ်သားမှုတွေနဲ့၊ ဟင်ဆို နောက်
မှ မလှည့်စတမ်း ကြမ်းရှုပြတ်သားမှုတွေနဲ့ အပေါ်စီးကချည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းလာခဲ့သူက အခုတော့ ဘာမဟုတ်သည့်ကိစ္စလေးနှင့်

"ကျစ်"

နှုတ်ဖျားက အသံထွက်သွားသလို မျက်နှာပေါ်မှာလည်း အလိုမကျခြင်းတွေနဲ့ တင်းမာခက်ထန်လျက်။

မေမေက စစ်နှင့် ထွန်းမြတ်ညိုတို့ကိစ္စမှာ ဘာတစ်ခု ဝင်မပြော။ ရေငုံနှုတ်ဆိတ်နေ၏။ သားကြီးနဲ့သားငယ် ဘယ်ဘက် မှ ဝင်မပါတာ မေမေ့အပြစ်မဟုတ်။ ထွန်းမြတ်ညို ခေါင်းရှု စိတ်ရှုပ်နေချိန်မှာ ဖုန်းသံက ရုတ်တရက် ထမြည်သည်။

"ဟဲလို"

"ဟို…ဦးထွန်းမြတ်ညိုနဲ့ ပြောချင်လို့ပါရှင်"

တစ်ကြိမ်တစ်ခါမှ မကြားဖူးသည့် မိန်းကလေး တစ်ယောက်၏ မဝံ့မရဲ အသံတိုးတိုးလေးကြောင့် ထွန်းမြတ်ညို မျက်ခုံးအစုံတွန့်သွား၏။

"ပြောပါ…အခုပြောနေတာ ထွန်းမြတ်ညိုပါပဲ"

"ဒါဆို စစ်ရဲ့အစ်ကိုကြီးပေါ့နော်"

"ဟုတ်ပါတယ်"

စစ်ဆိုသည့် နာမည်ပါလာတာနှင့် သူ့ဆီ ဖုန်းဆက်လာ သည့် မိန်းကလေးကို ထွန်းမြတ်ညို စိတ်ဝင်စားသွားသည်။





"ဟိုလေ…ငြိမ်းက စစ်ရဲ့သူငယ်ချင်းပါ၊ အခု ဖုန်းဆက် တာလည်း စစ်က ဆက်ခိုင်းတာမဟုတ်ပါဘူး၊ ငြိမ်းဘာသာ စစ် အတွက် စိုးရိမ်စိတ်ပူလို့ အစ်ကိုကြီးဆီ ဖုန်းခိုးဆက်နေတာပါရှင်"

"စစ်က ဘာဖြစ်နေလို့လဲ"

စစ်အတွက် စစ်ရဲ့သူငယ်ချင်း ငြိမ်း ဆိုသူလေးက စိုးရိမ် စိတ်ပူသည်ဆိုတော့ ထွန်းမြတ်ညိုစိတ်ထဲ သိချင်စိတ်က ပိုပြင်းပြ သွား၏။

"စစ် အရမ်းဖျားပြီး ကယောင်ကတမ်းတွေ ပြောနေလို့ အစ်ကိုကြီး၊ ဆေးရုံကိုသွားမယ်ပြောတာလည်း လက်မခံလို့ ဟင့်…ဟင့်…ဟင့်"

ပြောရင်းက ငြိမ်းဆိုသည့် ကလေးမလေးက ငိုချလိုက် ဖြင့် ထွန်းမြတ်ညိုကိုယ်ကြီး ဆတ်ခနဲဖြစ်သွား၏။

"စစ် အခုဘယ်မှာလဲ ညီမ၊ ကိုယ် အခုလာခဲ့မယ်"

"ကြီးကြီးစု ဆိုင်မှာပါရှင့်"

"သင့်ခ်ယူး"

တစ်အိမ်တည်း အတူရှိနေသည့် မေမေ့ကိုပင် အကျိုး အကြောင်း ပြောမနေနိုင်တော့။ ပြောလိုက်ရင် စိတ်ပူတာပဲ အဖတ် တင်မည်။ အကောင်းဆုံးက စစ်ဆိုသည့် သူ့ညီ လူဆိုးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ရတနာမြို့ကို အမြန်ခေါ်လာမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။

"ကျိုး"

ကြီးစု ထမင်းဆိုင်ရှေ့မှာ ထွန်းမြတ်ညိုကားကို ထိုးရပ်လိုက်တော့ ငြိမ်းဆိုသည့် ကလေးမက ငိုထားသည့်မျက်နှာနှင့် သူ့နားကို အပြေးရောက်လာ၏။

"စစ် ဘယ်မှာလဲ ညီမ"

"အပေါ်ထပ်က သူ့အခန်းထဲမှာပါ အစ်ကို၊ ငြိမ်းနောင် က လိုက်ခဲ့ပါ"

ငြိမ်းက ထွန်းမြတ်ညိုကို ရှေ့ကဦးဆောင်ခေါ်သွားသည် ထမင်းဆိုင်က ဆိုင်ပိတ်ချိန်ဖြစ်၍ လူရှင်းနေသည်။ ဆိုင်ပိုင်ရှင် ကြီးစုဆိုသူကို မတွေ့ရ။ တခြားသူတွေကတော့ ငြိမ်းနှင့် ထွန်းမြတ် ညိုကို စိတ်ဝင်တစား ကြည့်နေကြရုံမှတစ်ပါး တခြား ဘာစကား မှမဆိုကြ။

"ကြီးစုရော"

"ကြီးကြီးစုက ရွာက သူ့အဒေါ် နေမကောင်းလို့ ပြန်သွားပါတယ်၊ ဆိုင်ကို ဦးလေးသိန်းနဲ့ လွှဲထားခဲ့တာပါ"

"ဪ"





"ဒီအခန်းပဲ အစ်ကို"

ငြိမ်း ညွှန်ပြသည့်အခန်းရှေ့မှာ ရပ်လိုက်တော့ ငြိမ်းက အခန်းတံခါးကို ချပ်ခနဲဖွင့်ပြီး စစ်ရှိရာကို လှမ်းကြည့်သည်။

အခန်းက ခပ်ကျဉ်းကျဉ်း။

လူတစ်ယောက် နေဖြစ်သည်ဆိုရုံ။

တစ်ယောက်အိပ် ခုတင်လေးပေါ်မှာ စစ်ကို အနွေးအကျီ ထူထူထဲထဲ စောင်ခြုံထဲမှာ မျက်စိမှိတ်လျက် ငြိမ်သက်နေတာ တွေ့ရသည်။

အိပ်ပျော်နေတာလား၊ အဖျားတက်ပြီး ငြိမ်နေတာလား၊ သေချာမသိ။ သေချာတာကတော့ စစ် ရှန်းကန်လှုပ်ရှားနေရသည့် ...က ထွန်းမြတ်ညိုနှင့် ဆန့်ကျင်ဘက်။ ကြမ်းတမ်းခါးသီးမှု ...နှင့် ပင်ပန်းဆင်းရဲမှုန်းတာကို ကြည့်ပြီး ထွန်းမြတ်ညိုရင်ထဲ ...ခနဲဖြစ်သွား၏။

သူ့ငွေအစ်ကိုတစ်ယောက်လုံး ရှိလျက်နှင့် ဘဝကို ...နှင်းခက်ခဲစွာ ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်နေရသည့် ညီငယ်။

"စစ်"

ငြိမ်းက စစ်နာမည်ကိုခေါ်ရင်း ခပ်မှောင်မှောင် စစ်အခန်း ...ဝင်သွားပြီး မီးခလုတ်ကို ဖျောက်ခနဲ ဖွင့်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စစ်ရေ"

စစ်ထံမှ ဘာတုံ့ပြန်သံမှ မကြားရ။

ငြိမ်းက စစ်နဖူးပြင်လေးကို သူ့မလက်လေးဖြ ဆတ်ခနဲထိပြီး ထွန်းမြတ်ညိုဘက်ကို လှည့်ကြည့်သည်။

"စစ်ကိုယ်တွေ တအားပူနေတုန်းပဲ အစ်ကို"

စိုးရိမ်စိတ်ကြောင့် ငြိမ်းမျက်နှာလေး ပျက်နေသည် အသံလေးကလည်း ငိုသံစွက်လျက် မျက်ရည်ဝဲနေသော မျက်ဝန်းများဖြင့် ထွန်းမြတ်ညိုကိုတစ်လှည့်၊ စစ်မျက်နှာလေး တစ်လှည့် ကြည့်ကာ မျက်လွှာချသွား၏။

"အစ်ကို့ကိုခေါ်တာ စစ်သိရင် ငြိမ်းကို စစ်က သိ စိတ်ဆိုးမှာ သိပါတယ်၊ ဒါပေမဲ့ စစ်ကိုလည်း ဒီအတိုင်းပစ်မထား နိုင်ဘူး"

ပြောရင်း ကျလာသည့်မျက်ရည်တွေကို လက်ခုံလေးနှ ဖိသုတ်နေသည့် ငြိမ်းကိုကြည့်ရင်း စစ်အပေါ်ထားသည့် ငြိမ်း သံယောဇဉ်ကိုပါ လှမ်းမြင်လိုက်ရ၏။

"ငြိမ်းကို ကျေးဇူးတင်ပါတယ်ကွယ်၊ ဆိုင်ပိုင်ရှင် ဦးလေ ကိုလည်း ပြောလိုက်ပါ၊ စစ်ကို အစ်ကိုခေါ်သွားပြီလို့"

"ဦးလေးသိန်းကို ငြိမ်း ပြောထားပြီးပါပြီ၊ အစ်





စစ်ကိုသာ ခေါ်သွားပါနော်၊ အစ်ကို့လို အစ်ကိုတစ်ယောက်ရှိနေ မှတော့ ဒီနေရာကို စစ် ဘယ်တော့မှပြန်မလာခိုင်းပါနဲ့တော့ အစ်ကိုရယ်၊ စစ်ကို ငြိမ်း သနားလို့ပါ၊ ငြိမ်းစကားထဲမှာ အမှား ပါရင် ခွင့်လွှတ်ပါနော်"

"ငြိမ်း မမှားပါဘူးကွယ်၊ စစ်ကို အစ်ကိုခေါ်သွားမယ်"

"စစ်"

စစ်ကို ခေါ်ကြည့်သည်။

စစ်က မလှုပ်။ ငြိမ်းနှင့် ထွန်းမြတ်ညိုတို့ ပြောဆိုနေ သည့် စကားတွေကိုလည်း ကြားပုံမရ။ တအင်းအင်းညည်းသံနှင့် အတူ မျက်လုံးမဖွင့်နိုင်အောင် အဖျားကြီးလျက် သတိလစ်မတတ် ဖြစ်နေ၍ စစ်မျက်နှာချောချောလေးကို ကိုယ့်ညီလေးအဖြစ် စိုက် ခနဲကြည့်ကာ စစ်ကိုယ်လေးကို ခြုံစောင်မှဖယ်ခွာပြီး ပွေ့ယူချီမ လိုက်၏။

စစ်က ဘာမှမသိ။

လေးကန်နေသော မျက်ဝန်းကို ဖွင့်သည်ဆိုရုံလေး တစ်ချက်ဖွင့်ကြည့်ကာ ချက်ချင်းပြန်ပိတ်ကာ ငြိမ်သွားသည်။

ထွန်းမြတ်ညိုက စစ်ကိုယ်လေးကို ကလေးတစ်ယောက် လို ပေါ့ပါးစွာ သယ်ယူချီမပြီး သူ့ကားနောက်ခန်းမှာ ညင်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ချာသိပ်ကာ ငြိမ်းကိုနှုတ်ဆက်ပြီး ကားကို နေရာက မောင်းထွက်ခဲ့သည်။

လူမသိ သူမသိ ဖြစ်ရအောင် စစ် ဖျားနေတာ ဘယ်နှရက်ရှိနေပြီမသိ။ ကားကို အရှိန်မြှင့်မောင်းရင်း မိသားစုဆရာဝန်လည်းဖြစ်၊ ထွန်းမြတ်ညို သူငယ်ချင်းလည်းဖြစ်သော ဒေါက်တာ အောင်ကောင်းသို့ ဖုန်းဆက်လိုက်သည်။

“ပဲလို”

“အောင်ကောင်း…ငါပါ၊ အရေးကြီးတဲ့ လူနာတစ်ယောက် ရောက်လာလို့ မင်း လာကြည့်ပေးပါဦး”

“မင်းအိမ်ကိုဆိုရင်တော့ လာမကြည့်နိုင်တော့ဘူး မြတ်ညို၊ ငါရှိတဲ့ ဆေးရုံကိုသာလိုက်ခဲ့တော့၊ အခုလည်း ငါ အော်ပရေးရှင်း ဝင်ရတော့မှာဆိုတော့ ငါ့တပည့်မတစ်ယောက် ကို မင်းတို့ရောက်လာရင် ကြည့်ပေးဖို့ တစ်ခါတည်း တွဲပေးထားခဲ့မယ်၊ ဒေါက်တာယမင်းဆိုတဲ့ နာမည်ကိုသာ မှတ်ထားလိုက်၊ ဒါပဲ”

အောင်ကောင်း ခေါ် ကိုပျာယာက အမည်နှင့်လိုက်ဖက်စွာ ပျာယာခတ်အောင်ပြောပြီး ပျာပျာယာယာနှင့်ပင် ဖုန်းချသွား၍ ထွန်းမြတ်ညိုမှာ သူ့ကားကို ကိုပျာယာ ခေါ် ဒေါက်တာ





အောင်ကောင်းရှိနေသည့် ဆေးရုံကိုသာ ဦးတည်လိုက်ရသည်။

စစ် အခြေအနေကို ကြည့်လိုက်တော့လည်း ဆေးရုံ ဆေးခန်း တစ်ခုခုမှာ မလွဲမသွေပြသပြီး ဆေးကုသရမည့်အခြေအနေ။ ဆေးရုံကို ထွန်းမြတ်ညို ရောက်သွားတော့ အောင်ကောင်း၏ တပည့်မ ဒေါက်တာမ လှလှလေးက သူတို့အလာကို အသင့်ကြိုစောင့်နေတာနှင့် စစ်ကို လူနာခုတင်ပေါ်တင်ပြီး လိုအပ်တာတွေ စမ်းသပ်စစ်ဆေး၊ ဆေးထိုး ဆေးသွင်းတာတွေနှင့် ရှုပ်သွား၏။

“ဖြစ်နိုင်ရင် ဆေးရုံမှာ တစ်ရက်နှစ်ရက်လောက် နေလိုက်တာ ပိုကောင်းမယ်”

ထွန်းမြတ်ညိုက အဖျားသွေးဖြင့် နီမြန်းနေသော စစ် မျက်နှာကို တစ်ချက်စူးစိုက်ကြည့်လိုက်သည်။ လှပုံက ပါးပါး နဲ့နဲ့။ မျက်နှာပြင်ဖွဲ့စည်းထားပုံက မျက်ခုံး၊ မျက်လုံး၊ နှာတံ အကျ၊ နှုတ်ခမ်းတည်နေပုံကအစ စစ်ဆိုတာ တကယ့်လူချောလေး တစ်ယောက်။

ဘယ်လိုနေနေ ဘယ်လိုကြည့်ကြည့် စစ်စတိုင်က မိုက်နေသည်။ မိနေသည်။ အထူးသဖြင့် ယောက်ျားတန်မဲ့ ထူထဲ မည်းနက်နေသည့် မျက်ခုံး မျက်တောင်ရှည်တွေက ကော့ညွှတ်လျှက် လှပဝိုင်းစက်သော မျက်နက်ဝန်းတစ်စုံအဖြစ် ညို့အားပြင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ ဖန်တီးဖွဲ့စည်းနေပုံက အသည်းယားစရာဖြစ်နေ၏။

ဖြူနုဥဖပ်နေသည့်မျက်နှာ၊ ပန်းသွေးရောင်ထနေသည့် အသားအရေကအစ စစ်ကို ဘယ်လိုလူမှ ဘဝကြမ်းထဲမှာ ရုန်းကန်လှုပ်ရှားနေရသော ဆင်းရဲသားလေးလို့ သတ်မှတ်ယုံကြည်ချင်စရာမရှိ။

ရှေးဘဝက ကုသိုလ်ကံအရှိန်အဝါနှင့် မြင်သူတိုင်း နှစ်ခါပြန် ငေးကြည့်ချင်စရာ လှချောလေးမှ ဘဝအမောတွေ ပြည့်နေခြင်းကို ထွန်းမြတ်ညိုပဲ သိသည်။ အရွယ်လေးကလည်း ငယ်ငယ်၊ ခါးသီးသည့် ဘဝပေးအတွေ့အကြုံကြားမှာ လူလားမြောက်ရှင်သန်ကြီးပြင်းလာရသည့် ထွန်းမြတ်ညို၏ညီငယ်အဖြစ် သူသိထားသည့် စစ်မျက်နှာလေးကို စိုက်ကြည့်ရင်း သူ သက်ပြင်းချသည်။

စစ်မျက်နှာတစ်ခုတည်းနှင့် ပထွေးဖြစ်သူ ဦးပိုက်ထွေးကို ထွန်းမြတ်ညိုဘဝထဲမှာ နေရာတစ်နေရာ ပေးကိုပေးမှဖြစ်တော့မည်။ ဒါကို သူသိသည်။

သုခမြိုင်မှာ ဦးပိုက်ထွေးကို အတူနေခွင့်မပြုနိုင်သည်ကလည်း ထွန်းမြတ်ညို၏ နိုင်မာသောဆုံးဖြတ်ချက်ဖြစ်သည်။ အကောင်းဆုံးက ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာအဖြစ် ပထွေး ဦးပိုက်ထွေးကို သူ့ဘက်က အလုပ်တစ်ခုပေးပြီး သူ့ဘဝ





သူ နိုင်နိုင်မာမာ ရပ်တည်ခွင့်ပြုပေးမှ ဖြစ်မည်။

ဒါဆို စစ်လည်း သူ့ပထွေး လမ်းပေါ်မှာ အလုပ်မရှိဘဲ လျှောက်သွား မူးယစ်သောက်စားနေတာကို မြင်ရတော့မှာမဟုတ်။ မိခင်ကြီးလည်း စိတ်ချမ်းသာမည်။

"ဘယ်လိုလဲ အစ်ကို၊ ပေးရှင့်ကို ဆေးရုံတင်မှာလား"

"ဖြစ်နိုင်ရင်တော့ သူ့ကို ဒီမှာ တစ်ယောက်တည်းမထားခဲ့ချင်ဘူးဗျာ၊ အိမ်ကိုပဲ ပြန်ခေါ်သွားပြီး ဟိုမှာပဲ ဆေးဆက်ကုချင်တယ်"

"ရတယ်လေ၊ လူနာရှင်ရဲ့ဆန္ဒအတိုင်း ဖြစ်ရမှာပေါ့၊ ဆရာကလည်း သူ့သူငယ်ချင်းကို သေချာဂရုစိုက်လို့ မှာထားပါတယ်၊ နောက်ထပ် နာရီဝက်လောက်နေပြီးရင် လူနာကိုပြန်ခေါ်သွားလို့ရပါပြီ"

ဆေးရုံခုတင်ထက်မှာ ဆေးရှိန်ဖြင့် နှစ်ခြိုက်စွာအိပ်ပျော်နေသော စစ်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး အိမ်ကို ဖုန်းလှမ်းဆက်လိုက်၏။

"ဟဲလို"

ဖုန်းလာကိုင်သူက ထွန်းမြတ်ညို၏ အားကိုးယုံကြည်ရသော တပည့် ဇော်ကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါပါ ဖော်ကြီး၊ စစ်အခန်းကို သေချာရှင်းထားလိုက်၊ စစ် နေမကောင်းလို့ ဆေးရုံကိုသွားပြရတာ မေမေ မသိစေချင် ဘူး၊ ခဏနေရင် ငါတို့ပြန်ရောက်မယ်၊ လူနာအတွက် စွပ်ပြုတ် ရည်လေး ဘာလေး လိုရမယ်ရ လုပ်ထားလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

ထွန်းမြတ်ညို ဖုန်းချပြီး စစ်ရှိရာ လှမ်းကြည့်သည်။ စစ် က ကားနောက်ခန်းမှာ နှစ်ခြိုက်စွာအိပ်ပျော်လျက် အနေအထား အတိုင်း မလှုပ်မယှက်။ မေမေသာ သူ့သားအငယ်ကို ဒီလိုပုံစံနဲ့ မြင်ရရင် ဘယ်လိုနေမည်မသိ။

ပထွေးဖြစ်သူ ဦးပိုက်ထွေးကို သူ့ကုမ္ပဏီမှာ အလုပ် တစ်နေရာခန့်လိုက်လျှင် ကိစ္စကပြီးပြီ။ ကားကို ခြံဝန်းထဲ ချိုးကွေ့ အဝင်မှာ ဖော်ကြီးက ကြိုစောင့်နေသည်။

"မေမေရော ဖော်ကြီး"

"အပေါ်ထပ်က ဘုရားခန်းထဲမှာပါ ဆရာ"

မေမေ ဘုရားခန်းထဲမှာဆို၍ စိတ်ထဲ နည်းနည်းတော့ ပေါ့သွားသည်။ ကားနောက်ခန်းတံခါးကိုဖွင့်ပြီး စစ်ကိုယ်လေး ကို ပွေ့ယူလိုက်တော့ ထွန်းမြတ်ညို လက်ထဲမှာ စစ်ကိုယ်လေး က ပေါ့ပါးစွာ ပါလာ၏။





စစ်အတွက်ပြင်ထားသည့်အခန်းက ထွန်းမြတ်ညို အခန်း နှင့် ကပ်လျက်အခန်း။ အိပ်ခန်းထဲရှိ အသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အစားတွေကအစ အားလုံး ထွန်းမြတ်ညိုအိပ်ခန်းနှင့် အမျိုးအစားချင်း အတူတူ။ တန်ဖိုးချင်းအတူတူ။ ကာလာအရောင် ပဲ ကွဲသွားသည်။

သူနှင့် အသက်ချင်းလည်းကွာ။

ဆင်းရဲဒုက္ခတွေကို အသက်အရွယ်နှင့်မမျှ ခံခဲ့ရသူလည်း ဖြစ်၍ အသနားပိုကာ အလိုလိုက် အကြိုက်ဆောင်ဖို့ ထွန်းမြတ်ညို စိတ်ထဲမှာ ပိုင်းဖြတ်ထားသမျှ စစ်ဆိုသည့် ညီငယ်က ထွန်းမြတ်ညို စိတ်ကူးအတွေးထဲကအတိုင်း ဘာတစ်ခုမှဖြစ်မလာ။

စစ်က ထွန်းမြတ်ညိုနဲ့ အသက်ချင်းကွာတာကို ဂရုမစိုက်။ ပိုက်ခံရှိသူ သူဌေးအစ်ကိုအဖြစ် စိတ်လည်းမဝင်စား။ ရင်းနှီး နွေးထွေးလိုဟန်လည်း မပြ။ ကျွတ်ဆတ်မာကျောသောစတိုင်၊ မိုက်ကန်းကန်းပုံစံအပြည့်နှင့် အစ်ကိုဖြစ်သူ ထွန်းမြတ်ညိုကို စိတ် မော လူမော ဖြစ်စေသူ။

ဖြူဖွေးအိညက်သော အိပ်ရာပေါ် စစ်ကိုယ်လေးကို အသာ ချ သိပ်လိုက်သည်။ လူမှန်းသူမှန်းမသိ၊ မှားနာနေချိန်မှာ ထွန်း မြတ်ညိုက စစ်ကို သူသဘောနှင့်သူ သုခမြင်ကို ခေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာက အရေးမကြီး။

စစ် သတိရတာနှင့် ထွန်းမြတ်ညိုကို ဘယ်လိုပြဿနာရှာဦးမလဲဆိုတာ တွေးပြီး စစ် အိပ်ခန်းတံခါးကို သူကိုယ်တိုင် ညင်သာစွာဆွဲပိတ်ပေးလိုက်၏။

■ ■ ■



## အခန်း (၅)

အိပ်ရာက ကြည်လင်စွာ နိုးထလာသည်နှင့် စစ်နားထဲ ထမင်းဆုံ့ကြားရသည်က ကျေးငှက်တို့၏ တီတီတာတာ အော်မြည်သံဖြစ်သည်။ နောက်တစ်ခု အသိတရားထဲဝင်လာတာက ဆိတ်ငြိမ်သော ပတ်ဝန်းကျင်။ ကြီးစုတို့ဆိုင်မှာ ကြားနေကျစကားပြောသံ၊ ဆူညံသံ၊ ကားသံ၊ ပစ္စည်းချသံ ဘာဆိုဘာသံမှမရှိ။

ပြီးတော့ နူးညံ့ညင်သာ ပျော့ပျောင်းသော အိပ်ရာ၏ အထိအတွေ့။ မှေးမှိတ်ထားသည့် မျက်ဝန်းအစုံကို ဖျတ်ခနဲဆွဲအဖွင့်မှာ စစ် မြင်တွေ့နေကျ ပတ်ဝန်းကျင်နှင့် ဆန့်ကျင်ဘက် ကွာခြားသော ကြီးကျယ်ခမ်းနားသည့် အသုံးအဆောင်ပစ္စည်းများကို မြင်လိုက်ရသည့်အတွက် အိပ်ရာက, ဆတ်ခနဲ ထထိုင်လိုက်မိသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ စစ်ရင်မှာ အထိတ်တလန့်ဖြစ်သွား၏။

သပ်ရပ်သန့်ရှင်းသည့် အိပ်ခန်းတစ်ခုထဲကို စစ် ဘယ် ရောက်နေသနည်း။ အိပ်မက် မက်နေတာဟု ထင်ချင်ပေမယ့် အိပ်မက်မဟုတ်မှန်း စစ် သိနေတော့ ပိုဆိုးသည်။

စစ် ပြင်းပြင်းထန်ထန် ဖျားတာကို ပြန်မှတ်မိသည် နောက်တော့ စစ်နားမှာ ငြိမ်း ငိုနေသည်။ ထိုနောက်ပိုင်း ဦးခေါင်းထဲ ဘာဆိုဘာမှမရှိတော့သလို ဘာကိုမှလည်း မမှတ်

အိပ်မက်ထဲမှာလိုလို မေမေ့ကိုတွေ့သည်။ ပြီး မေမေ့သားကြီး ထွန်းမြတ်ညှိဆိုသည့် လူကြီး။ နောက်တော့ ဘာ ဘာမှ သေချာရေရာစွာ မမှတ်မိတော့သော အိပ်မက်တွေထဲ စစ်တစ်ကိုယ်လုံး မျောလွင့်လျက်။ စိတ်နှင့်ခန္ဓာ ပြန်လည် ဆက်မိချိန် စစ်ရောက်နေသည့်နေရာက ကြီးစုံ၏ထမင်းဆိုင်မ ဘဲ စစ် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် နေရာစိမ်းတစ် ရောက်နေရသည့် စစ်အဖြစ်ကို စစ် အံ့သြမဆုံး။

အိပ်ရာက ဝုန်းခနဲအထမှာ စစ်ကိုယ်ပေါ်က စစ် ဖူးသည့် အဝတ်အစားသစ်တွေကြောင့် စစ်ကိုယ်စစ် အလန့်တ ငုံ့ကြည့်ရင်း ပါးတွေ နားတွေ ထူပူကုန်သည်အထိ။

“ကျွီး”



“ဟော...စစ်၊ သတိရပြီလား”

“မေမေ”

မိခင်ဖြစ်သူကို မြင်လိုက်ရတော့ စစ် အံ့သြမှုက ပို၍ သွတ်အထိပ်ရောက်သွားကာ မေမေ့ရင်ခွင်ထဲ ပြေးဝင်မိသည်။

“စစ် ဘယ်ကိုရောက်နေတာလဲ မေမေ၊ ဒီနေရာက ဘယ် နေရာလဲဟင်”

“ဒါ စစ်အိမ်လေ”

“စစ်အိမ်”

“ဟုတ်တယ်၊ ဒါ စစ်ကလေး နေရမယ့် စစ်ကလေးရဲ့ ”

မိခင်ဖြစ်သူ၏ အပြုံးမျက်နှာကိုကြည့်ရင်း စစ်အတွေးထဲ ခုံတစ်ရာက ဖျတ်ခနဲ ရောက်လာသည်။

“ဒါ မေမေ့သားကြီး ဦးထွန်းမြတ်ညှိအိမ်ပေါ့ ဟုတ် ”

စစ်အမေးကို မေမေက မဖြေ။

ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံသဖြင့် စစ်ရင်ထဲ ခံစားချက် တွေ အမျိုးမျိုးဖြစ်ထွန်းသွားကာ မျက်နှာလှလှလေးလည်း ရအောင် ကွက်ခနဲ ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စစ် သိပ်ဖျားပြီး သတိလစ်နေလို့ စစ်ကို ကြီး
က သားကြီးကိုယ်တိုင် ဒီကိုခေါ်လာတာ"

မေမေက စစ်သဘောထား၊ စစ် ခံယူချက်ကို သိ
၍ စစ်ရင်ထဲက ခံစားချက်ကို စာနာနားလည်စွာ ပြောပြ
စစ်ရင်ထဲ ဘယ်လိုမှမကောင်းနိုင်။

"စစ်"

"စစ်ပြန်တော့မယ် မေမေ"

"မင်းက ဘယ်ကိုပြန်မှာလဲ စစ်"

"သားကြီး"

"ဦးထွန်းမြတ်ညို"

အောင်မြင်ခန့်ညားသော စကားသံနှင့်အတူ စစ်
ကို မားမားကြီးရောက်လာသည့် ထွန်းမြတ်ညို မျက်နှာချေ
ကိုကြည့်ပြီး စစ်မျက်နှာလှလှလေး ပို၍တင်းသွားသည်။

စစ်ကို ဦးထွန်းမြတ်ညိုက သူညီအထင်နှင့် သူခေ
ခေါ်လာတာကို စစ်သိပေမယ့် စစ်ဆိုတာ ဦးထွန်းမြတ်ညို
မဟုတ်ဘူးဆိုတာ ထွန်းမြတ်ညိုက မသိ။ ဒီအကြောင်းကို
သည့် စစ်က ကိုယ့်အစ်ကိုမဟုတ်၊ ဘာမှလည်းမဟုတ်
လူရဲ့အရိပ်အောက်ကို ခိုဝင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်



"စစ် ကြီးစုဆိုင်ကို ပြန်မယ်၊ ကူညီပေးခဲ့တာတွေအတွက်
ကျေးဇူးတင်ပါတယ်"

စစ်က ထွန်းမြတ်ညိုကို ဘယ်လိုမှမခေါ်။ စကားကို
ပြတ်နှင့်ပြောနေပုံက တကယ့်သူစိမ်းဆန်ဆန်။ ထွန်းမြတ်ညိုနှဲ့
ကြားမှာ ညီအစ်ကိုသွေးသားသံယောဇဉ်ဆိုတာ နည်းနည်းမှ
သည့် အနေအထား။

စစ်မျက်နှာ ချောချောနုနုလေးကို ထွန်းမြတ်ညို စိုက်
ကြည့်လိုက်သည်။ ထွန်းမြတ်ညိုကို တုံ့ပြန်ကြည့်နေသည့် စစ်
မျက်ဝန်းအစုံက မည်းနက်ဝိုင်းစက်လျက် ကြည်လင်တောက်ပ
တာ အပြစ်ဆိုတာ ဘာဆိုဘာမှမရှိအောင် အပြစ်ကင်းစင်လှန်း
သည်။

"မင်းကိုယ်မင်း ဘယ်သူဆိုတာရော သိသေးရဲ့လား စစ်၊
ဘာ တစ်ကောင်ကြွက် မဟုတ်ဘူးကွ၊ နားလည်လား၊ မင်း
အမေရှိတယ်၊ အစ်ကိုရှိတယ်၊ သုံးမကုန် ဖြုန်းမကုန်တဲ့ စည်းစိမ်
ရှိတယ်"

အဲဒါ စစ်နဲ့ဘာဆိုင်လို့လဲဆိုသည့် စကားကို စစ်ရင်ထဲ
သည်း တစ်ခွန်းမခံ ပြန်ပြောနေမိသည်။

"ကြီးစုဆိုင်ကိုပြန်ပြီး မင်း ဘာသွားလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ် လုပ်မယ်"

"ဘာကွ"

"စစ် အလုပ် လုပ်မယ်လို့ပြောတာ"

"ကြည့်စမ်း…ဒီလောက်ပြောနေတဲ့ကြားက၊ မေမေ… မေမေ့သားကို ဘာမှဝင်မပြောတော့ဘူးလား"

တစ်ယောက်မျက်နှာ တစ်ယောက် မျက်တောင်မခတ် စူးစိုက်ကြည့်နေရာက ဒေါ်သကို ချုပ်တည်းမျိုသိပ်ပြီး မိခင်ဖြ… သူ့ဘက်လှည့်ကာ လေသံကို လျှော့ပြောလိုက်ရသူက ထွန်းမြတ်ညို…

"မေမေ့မှာ စစ်ကိုဘာမှပြောစရာ မရှိပါဘူးဗျာ၊ … ဘာဝအခြေအနေ၊ စစ် ခံစားနေရတာတွေကို မေမေ အားလုံး… တယ်"

စစ်အသံက နာကြည်းခါးသီးမှုတွေနှင့် ခပ်ရှရှ။ မေမေ… ကတော့ စစ်ကိုတစ်လှည့်၊ ထွန်းမြတ်ညိုကိုတစ်လှည့် ကြည့်က… တစ်စုံတစ်ခုကိုပြောဖို့ ချီတုံချတုံ မဝံ့မရဲ ဝေခွဲရခက်နေမှန်း … သိပေမယ့် ထွန်းမြတ်ညိုက မသိ။

သူ့မိတ်ဆွေယံမှာ စစ် လုပ်နေပုံတွေကို ဒေါ်သဖြစ်နေသည်… ညီအငယ်လေးဖြစ်ပါလျက် သူ့လို အစ်ကိုကြီးတစ်ယောက်… အာခံနေသည်။ မထီမဲ့မြင် ပြုနေရုံသာမက အနားမှာအတူရှိ…





…ည့် မိခင်ကြီး၏ခံစားချက်ကိုပါ ဘာတစ်ခုမှဂရုမစိုက်၊ ထည့်… တွက်တာကိုက ပိုခံပြင်းဒေါသဖြစ်စရာ ဖြစ်နေ၏။

မေမေ့ပုံစံကို ကြည့်လိုက်တော့လည်း စစ်မျက်နှာကို …စိမ့်စိမ့်စိုက်ကြည့်ရုံကလွဲပြီး ဘာကိုမှ မပြောရက် မဆိုရက်ပုံစံ …မို့ ထွန်းမြတ်ညိုပဲ စကားဆက်လိုက်ရ၏။

"ဒီမှာ စစ်၊ မင်းနဲ့ မေမေ့ကြားက ခံစားချက်တွေကို … ဘာမှမပြောချင်ဘူး၊ ဒါပေမဲ့ အခုချိန်ကစပြီး မင်း သုခမြို့င် … ဘယ်ကိုမှမသွားရဘူး၊ မင်း ဒီမှာနေရမယ်၊ ကျောင်းတက် …ယ်၊ ဒါပဲ"

"ခင်ဗျားပြောသလို မလုပ်ဘူးဆိုရင်ရော"

"စစ်…ကိုယ့်အစ်ကိုကြီးက ကောင်းစေချင်လို့ ပြော…ာကို ဒီလိုပြန်မပြောရဘူးလေကွယ်၊ စစ် မေမေ့ကို မချစ်တော့ …ူးလား၊ မသနားတော့ဘူးလား စစ်ရယ်"

မျက်ရည်တွေမြည့်နေသည့် မိခင်မျက်နှာကို မြင်လိုက် …တော့ စစ်ရင်ထဲက ခံစားနေရတာတွေကို တစ်ဝက်မက လျှော့ …ိုက်ရသည်။

"စစ်ဖြစ်စေချင်တဲ့အတိုင်း ဦးပိုက်ထွေးကို ကုမ္ပဏီမှာ …လုပ်ပေးမယ်၊ စားစရာ နေစရာပေးမယ်၊ အခုချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုက်တွေး ဘာတစ်ခုမှ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘူး၊ မင်း ဖြစ်ချင်တာ ဒါပဲမဟုတ်လား"

"မဟုတ်ဘူး"

"ဟင်"

"မိသားစု အတူတူနေဖို့ဆိုတာ..."

"ဆောရီးပဲ စစ်၊ ငါ့အိမ်ကြီးပေါ်မှာ ပတွေးကိုခေါ်တင် ထားဖို့ဆိုတာတော့ လုံးဝ လက်မခံဘူး"

စစ် စကားမဆုံးသေးခင် ထွန်းမြတ်ညိုက ခါးခါးသီးသီး ဝင်ပြောလိုက်၍ နှုတ်ခမ်းကို ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်မိသူက စစ်။

"အဖေ့ကို ခင်ဗျားက အိမ်ကြီးပေါ်ခေါ်ထားဖို့ စစ်က လည်း မတောင်းဆိုပါဘူး၊ အမေနဲ့ခင်ဗျား အတူနေသလို စစ်က လည်း စစ်အဖေနဲ့ အတူနေမှာကိုပြောတာပါ"

"စစ်"

မေမေ့ထံမှ စစ်မည်ကို ခေါ်သံနှင့်အတူ လှကလည်း စစ်နား ရောက်လာ၏။

"လောလောဆယ် စစ် အနားယူလိုက်ပါဦးကွယ် နောက်မှ ဒီကိစ္စတွေကို ဆေချာထပ်ဆွေးနွေးကြရအောင်ပါ ကလေး





ရယ်၊ သားကြီးလည်း စစ်ကို ဘာမှထပ်မပြောနဲ့တော့၊ စစ် ထျန်းမာမှ..."

"စစ် နေကောင်းပါပြီ မေမေ"

စစ်က သူဖြစ်ချင်တာကို ဖွင့်တိုးပြောတော့ ထွန်းမြတ်ညို က စစ်ထံမှ ယောင့်မကျိုးသော ပုံစံကိုကြည့်ကာ စိတ်ထဲက အသည်းယားနေမိသည်။

မေမေ့ကိုကြည့်ရတာ စစ်ကိုရှိသမျှအချစ်တွေ ပုံအောပြီး သိပ်ချစ် သိပ်အလိုလိုက်ထားပုံမျိုးပါ။ အခုချိန်ထိ ထွန်းမြတ်ညို နှင့်စစ်ကြားမှာ ဘယ်ဘက်ကမှ ဝင်မပေါ်နိုင်ဘဲ ကိုယ်တိုင် မျက်ရည် လေးတစမ်းစမ်း ဖြစ်နေတာကလွဲပြီး ပြတ်ပြတ်သားသား ရပ်တည် နိုင်တာ ဘာတစ်ခုမှမရှိ။

ထွန်းမြတ်ညို အလိုအတိုင်းသာဆို ဒီလိုလူဆိုးလေးကို အခန်းတံခါးပိတ်ပြီး သော့အထပ်ထပ်ခတ် သိမ်းထားပစ်လိုက် သည်။ ဒါမှ သူဖြစ်ချင်တာတစ်ခုခုကို လွယ်လွယ်နှင့် ဖြစ်ခွင့် ရနိုင်မှန်း သိသွားမှာလို့ တွေးမိပေမယ့် ဆန့်ကျင်ဘက်အတွေး တစ်ခုကလည်း စစ်လိုလူတစ်ယောက်ကို ဒီလို ချုပ်ချုပ်ချယ်ချယ် သုပ်၍မရနိုင်တာကိုလည်း သူ့အလိုလို သိနေပြန်သည်။

"စစ် မေမေ့ကိုချစ်ရင် မေမေ့စကားကို နားထောင်ပြီး ဒီမှာနေပါကွယ်၊ ဒါဆို စစ်ဖေဖေလည်း စစ်အတွက် စိတ်မပူရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ မေမေလည်း စစ်နဲ့အတူနေရလို့ စိတ်ချမ်းသာတယ်၊ စစ် အစ်ကိုကြီးပြောတာကို နားထောင်ပါကွယ်၊ စစ်က လိမ္မာပါတယ်၊ မေမေ့စကားကို....အမလေး...မူးလိုက်တာ''

''ဟာ...မေမေ''

''မေမေ...မေမေ...လုပ်ပါဦး၊ မေမေ့ကို ခေါ်လို့မရတော့ဘူး''

စစ်ကိုယ်ပေါ် လဲပြိုကျလာသည့် ဒေါ်ထားညိုကိုယ်ကြီးကို လှုပ်နှိုး၍မရသဖြင့် စစ် အလန့်တကြား အော်လိုက်ပြီး ထွန်းမြတ်ညို မျက်နှာကို အားကိုးတကြီး မော့အကြည့်

''ဖယ်...ဖယ်၊ မေမေ့ကို ခုတင်ပေါ် ကိုကို ပွေ့တင်လိုက်မယ်''

မိခင်ဖြစ်သူ၏ ကိုယ်လေးကို ပေါ့ပါးလျင်မြန်စွာ ခုတင်ပေါ်ပွေ့တင်ပြီး ဖုန်းတစ်လုံးနှင့် ဆရာဝန်လှမ်းပင့်နေချိန်မှာ စစ်ကတော့ သူမကြောင့် သတိလစ်သွားသည့် မိခင်မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းနှစ်လွှာကို တင်းတင်းပိတ်လျက် အံလေးကြိတ်လိုက်၏။

ဒီပွဲမှာ စစ် ရှုံးသွားပြီဆိုတာ ကြေညာနေစရာပင်မလိုအောင် နာကျင်ကြေကွဲမှုတွေနှင့် သိလိုက်၏။

■ ■ ■



## အခန်း (၅)

နေ့ချင်းညချင်း ပြောင်းလဲသွားသည့် အခြေအနေတွေကြားမှာ နေသားမကျသလို စိတ်ရောလူပါ စိတ်ညစ်ညူး ရှုပ်ထွေးနေရသူက စစ်ကိုယ်တိုင်ဖြစ်သည်။

ပြဿနာက တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်ဆိုတာလိုမျိုး။ သုခမြိုင်ကို စရောက်သည့်နေ့ကတည်းက စစ် တစ်ရက်မှမပျော်။

ထွန်းမြတ်ညိုကို သူမဘာဝ အစစ်အမှန်ကို ပြောပြဖို့ ကြိုးစားအားထုတ်တိုင်း မိခင်ကြီး ဒေါ်ထားညိုမျက်နှာကိုမြင်ကာ သက်ပြင်းအခါခါ ချနေရသည့်ဘဝ။

''ဖြစ်နိုင်ရင် ဒီအတိုင်းလေးပဲ နေပေးလိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



စော်ရယ်၊ စစ်ဖွင့်ပြောလိုက်လို့ သားကြီးမှာ သူ့ညီလေးမရှိတော့ဘူးဆိုတာသိရင် သူ့ အမျှော်လင့်ကြီး မျှော်လင့်ထားရတဲ့ သူ့စိတ်ကူးထဲက ညီလေးအတွက် စိတ်ကောင်းနိုင်ရှာမှာမဟုတ်ဘူး"

ဒါက ဒေါ်ထားညိုဆိုသည့် ထွန်းမြတ်ညိုမိခင်ကြီး၏ သူဖြစ်ချင်သည့် ရင်ထဲက စိတ်ဆန္ဒ။ စစ်ဘက်ကို ပြန်ကြည့်တော့ ထိုသို့မဟုတ်။

"စစ်က ဒီလိုသိသိကြီးနဲ့ ငြိမ်နေမယ်ဆိုရင် ဦးထွန်းမြတ်ညိုအပေါ် ဘယ်လောက်မရိုးသားရာ ရောက်လဲဆိုတာ မေမေ သိရဲ့လား၊ ဦးထွန်းမြတ်ညို နေရာမှာ စစ်ဆိုရင်လည်း စစ်ကို တစ်ပတ်ရိုက် လိမ်ညာပြီး အခွင့်အရေးယူနေတဲ့လူကို ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဒီလိုပဲ ဦးထွန်းမြတ်ညိုကိုယ်တိုင်က..."

"စစ်ထက် အသက်အများကြီး ကြီးတဲ့သူပါကွယ်၊ စစ်အစ်ကိုလို သဘောထားပြီး ကိုကိုလို့ပဲခေါ်ပါ"

မေမေ ဒေါ်ထားညိုက စစ်အစ်ကိုအရွယ်မို့ သူ့သားကြီးကို ကိုကိုလို့ စစ်ကိုခေါ်နိုင်းပေမယ့် ထွန်းမြတ်ညိုဆိုတဲ့လူကြီးက စစ်အစ်ကိုမဟုတ်တော့ ခက်သည်။

ကိုယ့်အစ်ကိုအရွယ်ဆိုတာ မှန်ပေမယ့် စစ်နဲ့သွေးမတော်သားမစပ်သည့် လူတစ်ယောက်ကို ကိုကိုဟု စစ် မခေါ်ချင်။





ခေါ်လည်း ခေါ်ကျင့်မရှိတာမို့ စိတ်ထဲ ဘာလိုလိုဖြစ်ကာ နှုတ်တွန့်ဝန်လေးနေမိသည်။

"စစ်ကိုခွင့်လွှတ်ပါ မေမေ၊ အခုလောလောဆယ် မေမေက မပြောပါနဲ့ဦးဆိုတာ ရတယ်၊ ဒါပေမဲ့ စစ် ဘယ်သူဆိုတာတော့ ဦးထွန်းမြတ်ညို သိအောင် စစ်ကိုယ်တိုင် ဖွင့်ပြောမှဖြစ်မယ်၊ သူက စစ်ကို သူ့ညီလို့ထင်ပြီး ပေးနေတဲ့အခွင့်အရေးတွေကို စစ်ဘက်က ချောလဲရောထိုင်လုပ်ပြီး ယူနေရအောင် စစ်က လူလိမ်လူညာ မဟုတ်ဘူး"

"မေမေတော့ ဘာပြောရမှန်း မသိတော့ပါဘူး စစ်ရယ်၊ စစ်သဘောထားကို မေမေ သိပါတယ်၊ စစ် ဘယ်သူဆိုတာ သားကြီးကို မေမေကိုယ်တိုင်ပဲ အကျိုးသင့် အကြောင်းသင့်ရှင်းပြပြီး ဖွင့်ပြောလိုက်တော့မယ်ကွယ်"

"ကျေးဇူးတင်ပါတယ် မေမေ၊ မေမေကသာ စစ် ဘယ်သူဘယ်ဝါဆိုတာ ဖွင့်မပြောဘူးဆိုရင် စစ် ဒီသုခမြိုင်မှာ တစ်နာရီ တစ်စက္ကန့်တောင် မနေချင်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးပါပြီ"

စစ်က သူ့သဘောထား သူ့ဆန္ဒကို မိခင်ကြီးဒေါ်ထားညို သိအောင် အခုမှ ရင်ဖွင့်လိုက်သဖြင့် ဒေါ်ထားညို ကျိတ်သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိက်လိုက်သည်။

စိတ်နေရာမှာ တခြားတစ်ယောက်ဆို အခြေအနေတွေက ဘယ်လိုဖြစ်လာမည်မသိ။ စစ်ကတော့ ရိုးသားသူ။ အလိုလောဘနည်းသူ။ ဘဝကို လိပ်ပြာသန့်သန့် ရင်ဆိုင်ဖြတ်သန်းလိုသူဆိုတော့ ဖော်းသားသည့်အလုပ် ဘာတစ်ခုမှ လက်မခံတာ စစ် အပြစ်လို့ ပြော၍မဖြစ်။

စစ်ရဲ့ဖြူစင်မှုလေးတွေကိုပဲ ပိုပြီးတန်ဖိုးထား ချစ်မြတ်နိုးနေရသူဖြစ်သည့်အတိုင်း စစ် ဦးခေါင်းလေးကို ဒေါ်ထားညို ရင်ခွင်ထဲဆွဲယူပြီး စစ်ကိုယ်လေးကို တင်းတင်းဖက်ထားလိုက်သည်။ စစ်ကလည်း ဒေါ်ထားညို ကိုယ်လေးကို သူမလက်လေးများဖြင့် တင်းကျပ်စွာ ပြန်လည်ဖက်တွယ်ထားရင်း မျက်ရည်လေးတွေ ဝဲနေသည်။

ဦးထွန်းမြတ်ညိုက စစ်အပေကို သူ့ကုမ္ပဏီမှာ ကားဒရိုင်ဘာအဖြစ် ခန့်လိုက်သလို အမေ့အတွက် နေစရာ၊ စားစရာ ဘာတစ်ခုမှ မပူပင်ရအောင် စီမံဖန်တီးပေးသည်။ ပြီးတော့ စစ်ကို သူ့ညီလေးဟုထင်ပြီး နိုင်ငံခြားမှာ ကျောင်းသွားတားဖို့ အပူတပြင်းစီစဉ်နေတာကို စစ်က လက်မခံ။

ပြတ်ပြတ်သားသား ငြင်းဆန်တော့ စစ်နဲ့ ထွန်းမြတ်ညို





ကြားမှာ ပြဿနာက မပြေလည်ဘဲ တအုံနွေးနွေးဖြစ်နေသည်။ တစ်ခါတလေတော့လည်း စစ်ကိုပါ်စစ် ထွန်းမြတ်ညိုရဲ့ညီလေး ဖြစ်ပေးလိုက်ချင်သည်။

ဒါဆို အစ်ကိုကြီး အဖအရာအဖြစ် ညီငယ်လေးထံမှာ အစ်ကိုတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေလည်းကျေ၊ သူဖြစ်ချင်သည့် ဆန္ဒတွေလည်း ပြည့်ဝသွားမည်။

အခုတော့ စစ်က ထွန်းမြတ်ညိုရဲ့ညီ မဟုတ်သလို မေမေဒေါ်ထားညိုရဲ့ သားလည်းမဟုတ်ခဲ့။ စစ်ဆိုတာ မေမေ့သမီး။ ထွန်းမြတ်ညိုရဲ့ ညီမဟုတ်။ ဒါကို ထွန်းမြတ်ညို မသိပေမယ့် စစ်က ကိုယ့်ဘဝကိုယ် သိထားသည်။ နားလည်ထားသည်။

ရိုးရိုးရှင်းရှင်းနှင့် ဘဝကို ပင်ပင်ပန်းပန်း ဖြတ်သန်းလာခဲ့ရပေမယ့် စစ် ပျော်သည်။ ဘာအပူအပင်မှမရှိ။ လူဆင်းရဲပေမယ့် စိတ်မဆင်းရဲခဲ့။

ထွန်းမြတ်ညိုဆိုသည့် မေမေ့သားကြီး ရောက်လာမှ စစ်တို့မိသားစုဘဝက တစ်ဆစ်ချိုးပြောင်းသွားသည်။ ငွေမျက်နှာတစ်ခုတည်းနှင့် ဘဝမှာ နေရာမှန်တွေ ပျောက်သွားတော့မတတ်ဖြစ်လာသည်။

ဒါပေမဲ့ စစ်က သူမဘဝအမှန်ထဲက ဘယ်ကိုမှ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ရန်းမထွက်။ အရှိကိုအရှိအတိုင်း အမှန်ကို အမှန်အတိုင်း ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

အခုတော့ မေမေ ခေါ်ထားညီ့ကိုယ်တိုင်က စစ်ဘာ အမှန်ကို သူသားကြီး ထွန်းမြတ်ညိုကို သူကိုယ်တိုင်ဖွင့်ပြောမည် ကတိပေးသွားသည်။ စစ်ရင်ထဲ တင်းကျပ်လေးလံနေသော ဝန်ထုပ် ဝန်ပိုးကြီး အနည်းငယ် ပေါ့ပါးသက်သာသွား၏။

စစ်အခန်းထဲက မေမေ ထွက်သွားချိန်မှာ စစ် အိပ်ခန်း ထဲက ဖုန်းက အသံမြည်လာ၏။

"ဟဲလို"

"စာကြည့်ခန်းထဲကို ခဏဆင်းလာခဲ့ဦး၊ မင်းနဲ့ကိုယ် ဆွေးနွေးစရာရှိတယ်"

စစ် ဘာမှပြန်မပြောရသေးခင် တစ်ဖက်က ဖုန်းချသွား သဖြင့် စစ်လက်ထဲက ဖုန်းကိုချပြီး ထွန်းမြတ်ညို စောင့်နေသည့် စာကြည့်ခန်းရှိရာသို့ ထွက်ခဲ့သည်။

ထွန်းမြတ်ညို၏ စာကြည့်ခန်းကို စစ် တစ်ခါရောက်ဖူး သည်။ စာအုပ်တွေအများကြီးကိုမြင်ရတော့ စစ်စိတ်ထဲ တော်တော် ကျုံးဆန်းသွားသည်။ အိမ်တစ်အိမ်ထဲမှာ ဒီလောက်များသည့် စာအုပ် တွေ စစ် တစ်ခါမှမတွေ့ဖူး။ စစ်ရောက်ဖူးသည့် အငှားဆိုင်က





စာအုပ်တွေတောင် ထွန်းမြတ်ညို စာကြည့်ခန်း၏ တစ်ဝက်ပင် မရှိ။

ဒီလူ စာတော်တော်ဖတ်တာပဲဆိုသည့် အထင်ကြီးစိတ် နှင့်အတူ ကိုယ်တိုင် စာဖတ်ဝါသနာပါသည့် စစ်အတွက် တန်ဖိုး ဖြတ်နိုင်သော ရတနာပုံကြီးထဲ ရောက်သွားသလို ထင်မိသည်။

ထွန်းမြတ်ညို စာကြည့်ခန်းရှေ့ရောက်တော့ အခန်းတံခါး ကို ခပ်ဖွဖွခေါက်လိုက်၏။

"တံခါးဖွင့်ထားတယ်…ဝင်ခဲ့"

"ကျွီ"

အခန်းတံခါးကို တွန်းဖွင့်လိုက်တော့ စာကြည့်စားပွဲမှာ စာအုပ်ပုံနှင့် အလုပ်ရှုပ်နေသော ထွန်းမြတ်ညိုကို တွေ့လိုက်ရ သည်။

"မင်းက စင်ကာပူမှာ ကျောင်းသွားမတက်ချင်ဘူးဆို တော့ ဘယ်မှာတက်ချင်တာလဲ၊ ဩစတြေးလျလား၊ အင်္ဂလန် လား"

ထွန်းမြတ်ညိုက နောက်ကိုလှည့်ကြည့်ဘဲ စစ်ကို မေး သည်။

"မြန်မာပြည်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"စစ်နေချင်တာ ဒီမြန်မာပြည်မှာလို့ ပြောတာပါ"

ဆတ်ခနဲ လှည့်ကြည့်လာသည့် ထွန်းမြတ်ညို မျက်နှာပေါ်က အလိုမကျခြင်းတွေကို မြင်ပေမယ့် စစ် မသိဟန်ဆောင်နေလိုက်သည်။

"မင်းက ဘယ်လိုကောင်လဲ စစ်၊ အားလုံး မင်းသဘော အတိုင်း မင်းစိတ်တိုင်းကျချည်း လိုက်လုပ်ပေးနေရတော့မှာလား မင်းကို မြင့်စေချင်လို့ နတ်ပြည်ဆွဲတင်နေတာကို မင်းက…"

"ကိုယ့်အိုးနဲ့ကိုယ့်ဆန် တန်ရုံပဲ ကောင်းပါတယ်ဗျာ အရေးကြီးတာက ကိုယ့်ဘဝ ကိုယ်သိဖို့၊ ဘဝမမေ့ဖို့ပဲ၊ စစ်ဘ… ကို စစ် ဘယ်တော့မှမမေ့ဘူး"

"ဘယ်သူကရော မင်းဘဝကို မေ့ခိုင်းနေလို့လဲ စစ် မင်းသိထားဖို့က မင်းဟာ အရင်တုန်းက စစ် မဟုတ်တော့ဘူး မင်းရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးမယ့် အစ်ကိုရှိတယ် ဥစ္စာစီးပွားတွေရှိတယ်"

"အဲဒါတွေက စစ်နဲ့မဆိုင်ပါဘူး"

စစ် စကားကြောင့် ထွန်းမြတ်ညိုမျက်နှာ တင်းသွားက… စစ်မျက်နှာကို စိုက်ကြည့်သည်။





"ဘယ်ဟာက မင်းနဲ့မဆိုင်တာလဲ"

နှစ်ခုစလုံးဟာ စစ်စိတ်ထဲ ပြန်ဖြေလိုက်ပေမယ့် အပြင် …တော့

"ဥစ္စာစီးပွားဆိုတာ ကိုယ်ကိုယ်တိုင် ရှာဖွေရနိုင်မှ …ပိုင်လို့ ပြောနိုင်တာမျိုးပါ၊ ဦးထွန်းမြတ်ညို ရှာဖွေပေးတဲ့ …ည်းတွေက…"

"နေစမ်းပါဦး၊ မင်းက ကိုယ့်အစ်ကိုကြီးကို ဘာကိစ္စ …ွန်းမြတ်ညိုလို့ ခေါ်နေရတာလဲ၊ ပြောစမ်း"

မျက်နှာထားတင်းသလို လေသံကလည်း တင်းနေသည့် …မြတ်ညိုမျက်နှာချောချောကို ကြည့်ပြီး စစ်မျက်နှာထားက …ည်း ဘင်းနေပါသည်။ ကိုယ့်အစ်ကိုအရွယ်ဆိုပေမယ့် ကိုယ့် …ကို မဟုတ်တဲ့လူကို ကိုကိုဟု မခေါ်ချင်တာက တစ်ပိုင်း၊ …တရားအရ ရှိသေလေးစားမှုဖြင့် ကိုယ့်ထက်အသက်ကြီးသူ …ယောက်ကို အစ်ကိုလို့ ခေါ်သင့်တာက တစ်ပိုင်း။

"ဟိတ်ကောင်…ငါမေးနေတာ ဖြေလေကွာ"

ထွန်းမြတ်ညိုက ဒေါသဖြစ်ဖြစ်နှင့် သူ့မျက်စိရှေ့က …န်ကန် မျက်နှာပေးနှင့် စစ်မျက်နှာလေးကို စိုက်ကြည့်လိုက် …ည်း



www.burmeseclassic.com

www.burmeseclassic.com



လှုပုံလေးက ချောချော။

ပုံစံလေးကြည့်တော့ နုနုဖပ်ဖပ်။ အကြောင်းမသိ
အခြောက်လို့ထင်ရအောင် မိန်းမချော ချောပေမယ့် ဘယ်နေရာ
နုန့်မနေ။ ဒီကြားထဲ စကားပြောပုံဆိုပုံကအစ နေပုံထိုင်ပုံအထ
ဘာဆို ဘာတစ်ခုမှ ထောင့်မကျိုး။

ဂျစ်ကန်ကန် မိုက်ကန်းကန်းပုံစံက လှုနဲ့မလိုက်။ အ
လည်း ထွန်းမြတ်ညို မေးတာကိုမဖြေဘဲ ခံတန်တန်ပုံစံနဲ့ မျက်
အတွန့်ချိုးပြီး ထွန်းမြတ်ညိုကို မကြည့်သလိုလို မကျေနပ်သလို
လုပ်နေပုံက ထရိုက်ချင်စရာ။

ထွန်းမြတ်ညိုလို လူတစ်ယောက်ကို သူ့အစ်ကိုတော်
မှာကိုပဲ သေမလောက် ကြောက်နေပုံမျိုး။

"မင်း ဘယ်လိုကောင်လဲ စစ်၊ မင်းစိတ်ထဲမှာ ငါ
မင်းအစ်ကိုကိုဆိုတာ အခုချိန်ထိ အသိအမှတ်မပြုသေးဘူးဆို
သဘောလား"

"စစ် မသိဘူး"

"ဘာကွ၊ မင်းက ဘာကိုမသိတာလဲ"

"အားလုံးပဲ"

"ကျစ်…မင်းကွာ၊ လူလေးငယ်ငယ်ရွယ်ရွယ်နဲ့ ပြော

ဆိုရ ခက်လှချည်လား၊ ကြာရင် မင်းပြောပုံဆိုပုံနဲ့ ငါ့စိတ်နဲ့ လွယ်
မှ မဟုတ်ဘူး၊ ကျောင်းကိစ္စ နောက်မှဆက်ဆွေးနွေးမယ်၊ မင်း
အခန်းကို မင်းပြန်တော့ စစ်"

ပြန်ဆိုတော့လည်း ပြန်ရုံပေါ့။

စစ် ထွန်းမြတ်ညိုရှေ့က ခပ်တည်တည် လှည့်ထွက်
သည်။ ရင်ထဲမှာတော့ ကိုယ်စီခံစားချက်တွေနှင့် တင်းတင်း
ကျပ်ကျပ် ပေါက်ကွဲချင်နေသည့်အဖြစ်ကို နှစ်ယောက်စလုံး ကိုယ်စီ
ချုပ်တည်းမျိုသိပ်လိုက်ရတာကိုတော့ ဘယ်သူမှ မသိလိုက်ကြ။

■ ■ ■




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ရုတ်တရက် ထွန်းမြတ်ညို ခရီးထွက်သွား၍ စစ်အတွေ ဒေါသဖြစ်စရာ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းအ တွေနှင့်လည်း ခေတ္တခဏ ကင်းဝေးသွားသည်။

ဒါပေမဲ့ ဒီလိုပုံစံနှင့် ရေရှည် ရှေ့ဆက်သွားဖို့ဆို ဘယ်လိုမှမဖြစ်။ ဒါကို စစ်သိသည်။ သိ၍လည်း ဒီအိမ်ကြီး အမြန်ဆုံး ထွက်သွားနိုင်ဖို့ ခေါင်းပူအောင် စစ် စဉ်းစားနေမိသည်

ဒါကလည်း အပြောလွယ်သလောက် လက်တွေ့ လုံးဝလွယ်သည့်ကိစ္စမဟုတ်။ စစ်ထွက်သွားလျှင် စစ်အဖေ အမေပါ စိတ်ဆင်းရဲကြရဦးမည်။ စိတ်ထိခိုက်ကြရမည်။

ဒီလိုမဖြစ်စေချင်လို့ပဲ စစ်ကိုယ်တိုင် စိတ်အဆင်းရဲခံ





ဦးထွန်းမြတ်ညိုဆိုသည့် မေမေ့သားကြီးအိမ်မှာ လိုက်နေ နေရသည့် ဘဝ။ စစ်အဖြစ်က စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အနေ အထား။

အဖေရော အမေပါ စစ်ကိုပဲ တစ်ချိန်လုံး အရိပ်တကြည့်ကြည့်နှင့် ကျေနပ်ကြည်နူးနေကြတာ စစ် သိသည်။

"တူ...တူ...တူ"

အပေါ်ထပ် ဘုရားခန်းမှာ မေမေ ဘုရားရှိခိုးနေချိန်မှာ ဖုန်းသံမြည်လာ၍ စစ် ကောက်ကိုင်လိုက်ရ၏။

"ဟဲလို"

"စစ်လား၊ အန်ကယ် ဦးတိုင်းကျော်ပါ"

ဦးတိုင်းကျော်ဆိုတာ ဦးထွန်းမြတ်ညို၏ ရှေ့နေကြီး။ သူကြောင့် စစ်တို့သားအမိ သားအဖတစ်တွေ ဦးထွန်းမြတ်ညို၏ အိမ်ကြီးကို ရောက်လာခြင်းဖြစ်သည်။

"ဟုတ်ကဲ့...ပြောပါ အန်ကယ်၊ အစ်ကိုကြီးတော့ အိမ်မှာမရှိဘူးဗျ"

"အန်ကယ် သိတယ် စစ်၊ အခု အန်ကယ်ပြောမှာလည်း ထွန်းမြတ်ညိုအကြောင်းပဲ၊ အခု မင်းအစ်ကိုကြီး သိပ်နေမကောင်း ဖြစ်နေတယ်လို့ပြောတယ်၊ အဲဒါ မင်းအစ်ကိုဆီကို မင်း လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါ''

''ခင်ဗျာ''

''ဒီလိုလေ၊ မင်းတို့မှာက ပြေးကြည့်မှ ဒီညီအစ်ကို နှစ်ယောက်တည်း ရှိတာမဟုတ်လား၊ အခု မင်းအစ်ကို နေမကောင်း ဖြစ်နေတဲ့အချိန်မှာ လုပ်ငန်းကို ဦးစီးကွပ်ကဲဖို့ အလုပ်ပိုင်ရှင်လိုအ နေသလို မင်းအစ်ကိုနားမှာ မင်းရှိနေဖို့လည်း လိုတယ်၊ လေယာ လက်မှတ် အန်ကယ် အားလုံးစီစဉ်ပြီးပြီ၊ မင်းဘက်က အသင့် ဖြစ်ရင် သွားရုံပဲ၊ နောက်နာရီဝက်ဆို မင်းကိုလာကြိုဖို့ ကား ရောက်လာလိမ့်မယ် စစ်''

''ဗျာ…ဟို…စစ်က ဘယ်ကိုသွားရမှာလဲဗျ၊ ပြီးတော့ စစ်တစ်ယောက်တည်း''

''မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွ၊ ဟိုရောက် ရင် မင်းကိုလာကြိုမယ့်သူ အသင့်ရှိပြီးသားပဲ၊ မင်းသွားရမှာက မင်းအစ်ကိုဆီကိုလေ၊ မင်းအမေကိုတော့ မင်းအစ်ကိုကြီးက အခေါ် လွှတ်လို့ ခဏအလည်လိုက်သွားရတာပါလို့ ပြောခဲ့''

ဦးတိုင်းကျော်က စစ်သွားရမည့်ခရီးစဉ်ကို အသေးစိတ် ညွှန်ကြားသလို ဟာကွက်တစ်ခုမှ မရှိအောင်လည်း အတိအကျ စီစဉ်ပေးထားသည်။





''စစ် လိုက်မသွားလို့ မရဘူးလား အန်ကယ်''

''ဒါကတော့ မင်းအပိုင်းပဲ စစ်၊ လက်ရှိအခြေအနေအရ ဆိုရင် မောင်ထွန်းမြတ်ညို ရှိတဲ့နေရာကို လိုက်အသွားသင့်ဆုံး လူဟာ မင်းပဲ စစ်''

စစ်ဘက်က ဘာတစ်ခုမှ စောဒကတက်ခွင့်မရှိ။ တစ်ဖက် က ပြောနေတာတွေအားလုံး လက်ရှိအနေအထားအရ မှန်နေသည်။ အများအမြင်မှာ စစ်ဆိုတာ ဦးထွန်းမြတ်ညို့ရဲ့ ညီပဲ။ အစ်ကို ဒုက္ခရောက်နေချိန်မှာ အစ်ကိုရှိတဲ့နေရာကို လိုက်သွားရမှာ၊ ပြုစု စောင့်ရှောက်ရမှာ ညီတစ်ယောက်ရဲ့တာဝန်။

သွားဆို သွားလိုက်ရန်သာရှိသည်။

တခြား ဘာအကြောင်းမှမရှိ။

တကယ့်လက်တွေ့မှာ ဖြစ်နေတာက အထင်နဲ့အမြင် လုံးဝတခြားစီ။ စစ်ဆိုတာ ဦးထွန်းမြတ်ညို့ရဲ့ ညီမဟုတ်သလို သူတို့ထင်နေသလို ယောက်ျားတစ်ယောက်လည်း မဟုတ်။

ကိုယ့်ကိုယ်ကို တကယ့်ယောက်ျားလေးတစ်ယောက်လို ပုံဖမ်းထားပေမယ့် စစ်ဆိုတာ နုနုနယ်နယ် မိန်းမသား။ ကိုယ်နဲ့ ဘာတစ်ခုမှ သွေးမတော် သားမစပ် ယောက်ျားပျိုတစ်ယောက် ရှိရာကို ဘာမဆိုင် ညာမဆိုင် သွားဖို့ဆိုတာ စိတ်ကူးထဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။

တို့ဆိုင်းတွေဝေမှုတွေနဲ့ ခရီးဆောင်အိတ်ထဲ အဝတ်တွေစုထည့်ရင်း စစ်မျက်နှာက တည်ငြိမ်လေးနက်မှုနှင့်အတူ စိတ်ရှုပ်ထွေးမှုကိုပါ တစ်ပြိုင်တည်း ခံစားနေရသည်။

ဘယ်လိုမှ ငြင်းမဖြစ်သည့်ကိစ္စ။

စစ် မသွားနိုင်ပါဟုဆိုလျှင် မည်သူသွားမည်နည်း။ စစ်ကိုယ်စား မေမေ့ကို လွှတ်ရုံသာရှိသည်။ မိခင်ကြီးကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းသူ မဟုတ်။ ခရီးထွက်ဖို့မဆိုထားနှင့်၊ အိမ်ထဲက အိမ်ပြင်တောင် ဝေးဝေးလံလံ မသွားတတ်သူ။

လေကြောင်း၊ ကုန်းကြောင်း ခရီးရှည်ကို အနားမှာ အဖော်မပါဘဲ ဘယ်လိုမှသွား၍မဖြစ်။ သွားဖြစ်သည့်တိုင်အောင် ရောဂါသည်မို့မဖြစ်။ နောက်ဆုံး ဖြစ်ချင်ရာဖြစ် စွန့်စားသွားဖို့ ဆုံးဖြတ်လိုက်ရသူက စစ်။

ပထမဆုံး ဖခင်ကြီးရှိရာကို စစ် ဖုန်းဆက်လိုက်သည်။ ပြီးတော့ ဦးထွန်းမြတ်ညို နေမကောင်း၍ သူညီအဖြစ် အစ်ကိုဖြစ်သူထံ သွားရောက်ရမည့်အကြောင်း ရှေ့နေကြီး ဦးတိုင်းကျော်၏ အစီအစဉ်အားလုံးကို ပြောပြသည်။

အရေးကြီးတာက အိမ်မှာကျန်ခဲ့သည့် မေမေ့ကို ဂရုစိုက်





ဖို့နှင့် အဖြစ်မှန်ကို မေမေ မသိအောင် ဖုံးထားဖို့ဖြစ်သည်။ ဖေဖေကတော့ စစ် ဘာပြောပြော ဘာလုပ်လုပ် အားလုံးကိုစိတ်ချထားသူ။ မဟုတ်မခံ စိတ်ဓာတ်ကို သိထား၍လည်း စစ်ကို ယုံကြည်ထားသည်။

"စိတ်ချပါကွာ၊ မင်းအမေကို အဖေ သေချာဂရုစိုက်ထားလိုက်ပါ့မယ်၊ မင်းသာ မင်းသွားမယ့်ခရီးကို ဖြောင့်ဖြောင့်သွား၊ ဟိုရောက်ရင်လည်း ထွန်းမြတ်ညိုနဲ့ ရန်ဖြစ်မနေနဲ့ဦး"

အဖေက သူဖြစ်ချင်တာကို မှာသည်။ စစ်က ချိုသည် ခါးသည် ဘာကိုမှ ကတိမပေးဘဲ ဖုန်းချလိုက်သည့်အချိန်မှာ ဦးတိုင်းကျော်ဖုန်းက ထပ်မြည်လာ၏။

"ကားလွှတ်လိုက်ပြီ စစ်၊ မင်းအမေကို အကျိုးအကြောင်း ရှင်းပြပြီးရင် လေဆိပ်ကို တစ်ခါတည်းဆင်းတော့၊ အခုပဲ ဟိုက ဖုန်းလာတယ်၊ ထွန်းမြတ်ညိုအခြေအနေ စိုးရိမ်ရတယ်တဲ့"

ဘာမှမတတ်နိုင်တော့။

လက်ထဲက ဖုန်းကိုပစ်ချပြီး မေမေရှိနေရာ ဘုရားခန်းအပေါ်ထပ်ကို တက်ခဲ့သည်။ စစ် ဘုရားခန်းရှေ့ရောက်တော့ မေမေက ဘုရားခန်းထဲက ထွက်အလာနှင့်ဆုံသည်။

"စစ်လေးပါလား၊ မေမေ့ကို ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စစ် ခရီးထွက်ရမယ် မေမေ"

"ခရီးထွက်ရမယ် ဟုတ်လား၊ ဘယ်ကိုများ စစ်က သွားမလို့လဲ"

"အစ်ကိုကြီး ထွန်းမြတ်ညိုဆီကိုပါ"

"အလို...ဒါက ဘယ်လိုဖြစ်ရတာလဲ၊ စစ်နဲ့ စစ်အစ်ကိုကြီးက ဘယ်တုန်းက ပြေလည်သွားကြတာလဲ စစ်ရဲ့"

မေမေ့မျက်နှာပေါ်က ဝမ်းသာကျေနပ်မှုကို မြင်လိုက်ရ၍ စစ် အလိုက်သင့်ပြုံးလိုက်သည်။ မေမေ့စိတ်ထဲ ထင်နေတာကတစ်မျိုး၊ ဖြစ်နေတာက တခြား။ ဒါပေမဲ့ အခုချိန်မှာ အဖြစ်မှန်တွေကို ရှင်းပြနေလို့ နှစ်ဦးနှစ်ဖက် ဘယ်သူမှအကျိုးမရှိ။ ထို့ကြောင့် စစ် မေမေ့ကို ပြုံးပြလိုက်ရင်း

"ဒီလိုပါပဲ"

ဟု မပွင့်တပွင့်ပြောလိုက်တော့ မေမေက ကျေနပ်စွာ ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဘာပဲဖြစ်ဖြစ် စစ်တို့ပြေလည်သွားတာကို မေမေ ဝမ်းသာပါတယ် စစ်ရယ်၊ စစ် ဘယ်နေ့ခရီးသွားမှာလဲ"

"ဒီနေ့ပဲ မေမေ၊ အစ်ကိုကြီးက လေယာဉ်လက်မှတ်ပို့လိုက်တယ်၊ သိပ်အကြာကြီးတော့ မဟုတ်ပါဘူး၊ အလည်အပတ်သဘောမျိုးသက်သက်ဆိုတော့ ဟိုမှာ ပျော်သလောက်နေပြီး ပြန်လာရုံပါ၊ စစ်သွားရမယ့် လမ်းခရီးအတွက် အစ်ကိုကြီးကပဲ အားလုံးစီစဉ်ပြီးသားဗျ"

"အေးလေ...စစ်အစ်ကိုကြီးကိုယ်တိုင် စစ်ကို လာစေချင်တာဆိုတော့လည်း သွားပေါ့၊ မေမေ့အတွက် စိတ်ချပါ၊ သားကြီးက မေမေ့ကို သေချာဂရုစိုက်ဖို့ ဒေါ်စိန်ကို မှာသွားသလို ဦးတိုင်းကျော်ကိုလည်း သေချာအပ်သွားပြီးသား"

"ဖေဖေ့ကိုလည်း စစ် ဖုန်းဆက်ပြီးပြီ မေမေ၊ မေမေ ဘာဖြစ်ဖြစ် ဖေဖေ့ကို ပြောဆိုတိုင်ပင်ပေါ့"

"စိတ်ချပါ စစ်ရယ်၊ မေမေ နေတတ်ပါတယ်၊ စစ်သာ စစ်အစ်ကိုကြီးနဲ့ အဆင်ပြေအောင်နေ...ဟုတ်လား"

"ဟုတ်ကဲ့"

မေမေ့ရှေ့မှာ မေမေ ကျေနပ်အောင် စစ်ခေါင်းညိတ်လိုက်၏။ ဖေဖေနဲ့မေမေ စစ်ကိုမှာနေသည့်ပုံစံက တစ်ခုတည်း။ အရေးကြီးတာက ထွန်းမြတ်ညိုနဲ့ စစ်တို့ အဆင်ပြေဖို့ကိုပဲ ဦးစားပေး စဉ်းစားထားကြပုံရသည်။

"တီ"

"ဟော...လာကြိုတဲ့ကား ရောက်လာပြီ မေမေ၊ စစ်



www.burmeseclassic.com

www.burmeseclassic.com


သွားတော့မယ်''

''အေးကွယ်…သွားရတဲ့ခရီးကလည်း ရက်တရက်ကြီး ဆိုတော့ မမေ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ လမ်းခရီးမှာ အစစ အရာရာ သတိရှိနော် စစ်၊ ဟိုရောက်ရင်လည်း ဖုန်းဆက်ဦး''

''ဟုတ်ကဲ့ပါ၊ သွားပြီနော် မမေ''

စစ်ကို ကားနားအထိ မေမေကိုယ်တိုင် လိုက်ပို့ပေမယ့် ဘာကိုမှ ရေရေရာရာ နားလည်ပုံမရ။ စစ်မှာလည်း အစ်ကို ထွန်းမြတ်ညို အခြေအနေ စိုးရိမ်ရသည်ဆိုတာကလွဲပြီး တခြား ဘာကိုမှမတွေးနိုင်သေး။ ဖွဟဲ့…မပြောကောင်း မဆိုကောင်း။ ဒီလူကြီး တစ်ခုခုဖြစ်သွားမှဖြင့်…။

အတွေးနှင့် စစ်ရင်ထဲ ပူသွားတာ ဘယ်နေရာကမှန်း မသိ။ ကားက လေဆိပ်အတိုင်း တရိပ်ရိပ်ပြေးနေသည်။ မဖြစ် မနေ ထွန်းမြတ်ညိုကိုယ်တိုင် စစ်အတွက် ဝယ်ပေးထားသည့် ဟန်းဖုန်းကို ယူလာခဲ့သည်။

ထွန်းမြတ်ညိုဖုန်းကို လှမ်းဆက်တော့ ဖုန်းက စက်ပိတ် ထားသည့်အတွက် သက်ပြင်းရှိုက်လိုက်သည်။ သေချာတွေးကြည့် တော့ စစ်နဲ့ ထွန်းမြတ်ညိုဆိုတာ ရန်သူတွေလည်းမဟုတ်။ မိတ်ဆွေလို့လည်း မမည်။






တစ်ယောက်ကိုတစ်ယောက် အထင်အမြင်လွဲမှားမှုတွေ နှင့် မတည့်အတူနေ ဖြစ်နေကြရသူနှစ်ဦးဖြစ်သည်။ စစ်ဘက် ကကြည့်ရင် စစ် မှန်သလို၊ ထွန်းမြတ်ညိုဘက်က ထွန်းမြတ်ညို ဘက်ကကြည့်တော့လည်း ထွန်းမြတ်ညိုက မှန်နေသည်။

မမှန်တာက လက်ရှိမှာဖြစ်နေသည့် အနေအထားတွေ။

လေဆိပ်ကိုရောက်နေသည်အထိ စစ်တစ်ယောက်တည်း ယောင်ချာချာဖြစ်နေတုန်း ဦးတိုင်းကျော်ဖုန်း ဝင်လာ၏။

''ဘာမှစိတ်မပူနဲ့ စစ်၊ ဟိုရောက်ရင် မင်းကို မင်းအစ်ကို အသည့်တွေ လာကြိုလိမ့်မယ်၊ မင်းဓာတ်ပုံကို ပေးထားပြီးသား၊ သူတို့နဲ့လိုက်သွားရုံပဲ''

အစီအစဉ်အားလုံး သူ့ဟာနှင့်သူ ကွက်တိဖြစ်အောင် ဦးတိုင်းကျော်က စီစဉ်ထားသည်။ စီစဉ်မကျဖြစ်နေတာက စစ်။ ဒီလို ခရီးမျိုး တစ်ခါမှမထွက်ဖူး။ လေယာဉ်စီးပြီး ခရီးသွားဖို့ ဆိုတာ စစ် စိတ်ထဲမှာပင်မရှိ။

အခုတော့ သူများနည်းတူ ရောယောင်ပြီး လေယာဉ် ပေါ် ရောက်လာခဲ့သည်။ ပျံသန်းချိန် မိနစ်ငါးဆယ်ဆိုပေမယ့် စစ်စိတ်ထဲ ငါးကမ္ဘာလောက်ကြာနေသည်။ လေယာဉ်စီးရတာကို စစ်ကြောက်သည်။


www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ရုပ်ရှင်တွေထဲကလို လေယာဉ်ကြီးတစ်ခုခု ထဖြစ်လိုက်မှဖြင့်…။ ရသမျှ ဘုရားစာတွေ စစ်ရွတ်နေချိန်မှာ တခြားခရီးသည်တွေက ဣန္ဒြေပင်မပျက်။ ကိုယ့်စတိုင်နှင့်ကိုယ် ဟုတ်နေကြသည်။ ဘယ်သူမှ စစ်လိုကြောက်မနေကြ။

သေတစ်နေ့ မွေးတစ်နေ့ဟု မှတ်ထားကြသလား မသိ၊ လေဆိပ်မှာ လေယာဉ်ကြီးဆင်းတော့မှ စစ် သက်ပြင်းချနိုင်သည်၊ လေယာဉ်ကွင်းက အထွက်မှာ စစ်ကိုလာကြိုသည့် ဦးထွန်းမြတ်ညို တပည့်နှစ်ယောက် စစ်အမည်ကို ရေးထားသည့် ဘုတ်ဖြူဖြူလေးကို ကိုင်ထား၍ အဆင်ပြေသွားသည်။

တွေ့စတုန်းက ဦးထွန်းမြတ်ညိုရဲ့ညီ စစ်ဆိုတာလားဟု မေးပြီး လာကြိုသူ ဦးဇမ္ဗူနှင့် ဒရိုင်ဘာ ဦးမွဲ တို့ဆိုတာ သူတို့ကိုယ်သူတို့ မိတ်ဆက်၍ သိလိုက်ရတာပဲရှိသည်။ လမ်းခရီးမှာ ဘယ်သူကမှ စကားအပိုမဆို၍ ကားစက်သံမှတစ်ပါး တခြားမည်သည့်အသံဗလံမှ မကြားရဘဲ တိတ်နေ၏။

ကားအရှိန်ဖြင့် လမ်းရှိမြင်ကွင်းတိုင်းက ရိပ်ခနဲ ရိပ်ခနဲကျန်ခဲ့သည်။ စစ်မှာ ဦးထွန်းမြတ်ညိုအိမ်ကြီးပေါ်သို့ လွန်ဆန်၍မရသော အကြောင်းတရားများဖြင့် ရောက်နေရသော်လည်း အခုချိန်ထိ ဦးထွန်းမြတ်ညို ဘယ်လိုစီးပွားရေးလုပ်ငန်းများ လုပ်မှန်း





သိ။

ကုမ္ပဏီသူဌေးဆိုတာပဲ သိသည်။ စစ် စီးလာသည့်ကား ဟိုချိုးဒီကွေ့ဖြင့် လူသူကင်းရှင်း၍ အိမ်ကြီးအိမ်ကောင်းတွေ ရှိသည့် ခြံဝန်းကျယ်ကြီးတစ်ခုထဲ ချိုးကွေ့ဝင်ရောက်သွား၏။

"ရောက်ပါပြီ၊ အိမ်ထဲမှာ သူဌေးရှိပါတယ်"

ကားကို အိမ်ကြီးရှေ့မှာရပ်ပြီး ဦးဇမ္ဗူက စစ်ကိုပြော
သည်။

စစ်က တိတ်ဆိတ်နေသော ပတ်ဝန်းကျင်အနေအထားကို ခဲတ်သလို တစ်ချက်ကြည့်ပြီး ကားပေါ်ကဆင်းလိုက်တော့ က စစ် ခရီးဆောင်အိတ်ကိုဆွဲယူ၍ စစ်နောက်က လိုက်လာ
၏။

"လာ…မောင်စစ်"

ဦးဇမ္ဗူက စစ်ရှေ့ကဦးဆောင်ပြီး နှစ်ထပ်တိုက်ဖြူကြီး ဝင်သွားသည်။ အိမ်ကြီးအတွင်းရှိ အိမ်ထောင်ပရိဘောဂ အသုံးဆောင်ပစ္စည်းနှင့် ပြင်ဆင်ဖွဲ့စည်းပုံက ရန်ကုန်အိမ်ကြီးမှာရှိသည့် တန် အကောင်းစားပစ္စည်းတွေချည်းဖြစ်ကာ ဖုန်တစ်စက်မှ ဘဲ ဖိတ်ဖိတ်လက်နေ၏။

စစ်တို့ အိမ်ထဲရောက်သည်နှင့် အိမ်ကြီး၏အတွင်းပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အသားလတ်လတ် အရပ်ပြတ်ပြတ် ဝိန်ဝိန်ပါးပါးနှင့် အသ ခြောက်ဆယ်အရွယ် လူကြီးတစ်ယောက်ထွက်လာ၏။

"ရောက်လာကြပြီလား၊ ဦးက မောင်ထွန်းမြတ်ညို အတွင်းရေးမှူး ဦးနက်ကျော်ပါ လူလေး"

"ကျွန်တော်က စစ်ပါ"

"လူချောလေးပဲ"

ဦးနက်ကျော်ထံမှ ချီးကျူးစကားကို စစ် စိတ်မဝင် အခုချိန်ထိ အရိပ်အယောင်မျှပင် မမြင်ရသေးသည့် ဦးထွန်းမြတ် ကိုသာ စိတ်ရောက်နေ၏။

"သောစ်ကို သူညီရောက်နေပြီဆိုတဲ့အကြောင်း အ ပေးလိုက်ဦးလေ ဦးနက်ကျော်"

ဦးဇမ္ဗူက ဝင်ပြောခြင်းဖြစ်သည်။ ဦးမှုံကတော့ အဝတ်အိတ်ကို ခုံတစ်လုံးပေါ်တင်ထားပြီးနောက် အိမ်ကြီးထဲ ထွက်သွားသည်မှာ ပြန်ပေါ်မလာတော့။

"မောင်ထွန်းမြတ်ညို မရှိဘူး ဇမ္ဗူ၊ ကိုတလုတ် တစ်ဖက်ကမ်းကို သွားတယ်"

"နေမကောင်းဘူးဆို"

စစ်က မနေနိုင်၍မေးခြင်းဖြစ်သည်။ ဦးတိုင်းေ

ပြောတုန်းကတော့ အသည်းအသန်။ အိပ်ရာထဲ လဲနေသည့် လူမမာ။ က ပြုစုစောင့်ရှောက်ရမည့်သူ။ အခု စစ်ကြားရတာက ပြောင်းပြန်။

စစ် ပြုစုရမည့်လူမမာက အိပ်ရာထဲမှာမရှိသည့်အပြင် အစ်ဖက်ကမ်းကိုတောင် သွားနေလိုက်သေးသည်တဲ့။

"ဟုတ်တယ် လူလေး၊ မောင်ထွန်းမြတ်ညို အခြေအနေက ရီးသွားဖို့မသင့်တော်ဘူး၊ အိပ်ရာထဲမှာနေရမယ်လို့ ဆရာဝန် ကိုယ်တိုင် ပြောထားတာပဲ"

"ဦးကိုယ်တိုင်လည်း တားပါတယ်၊ ပြောမရတာနဲ့ ွှတ်လိုက်ရတယ်"

ဦးနက်ကျော် စကားအဆုံးမှာ ဧည့်ခန်းထဲရှိ လူအားလုံး တ်ဆိတ်သွားသည်။ စစ်ကိုယ်တိုင်လည်း ဘာပြောရမှန်းမသိ။ ဦးထွန်းမြတ်ညို အပါအဝင် ဒီမှာရှိကြတဲ့လူတွေအားလုံး စစ်ထက် အသက်အများကြီး ကြီးကြသလို ဘဝအတွေ့အကြုံ၊ လုပ်ငန်း အတွေ့အကြုံ ရင့်ကျက်ကြသူတွေချည်းဆိုတော့ စစ်ဘက်က ဘာမှ ပြောစရာမရှိ။

"သိပ်လည်းစိတ်ပူမနေပါနဲ့ မောင်စစ်၊ သောစ်က သူ ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်ဆိုတာ သိပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇမ္ဗူက စစ်ဘက်ကိုလှည့်ပြီး နှစ်သိမ့်စကားဆိုသည်

“ဦးနက်ကျော်…မောင်စစ်ကို အနားယူနိုင်းလိုက်ဦး မောင်စစ်…ဦးဇမ္ဗူ ပြန်လိုက်ဦးမယ်၊ လိုအပ်တာရှိရင် ဦးနက်ကျော် ကိုပြော၊ သူ အားလုံးစီစဉ်ပေးလိမ့်မယ်၊ ဦးနက်ကျော်…ကျွန်တော် ပြန်ပြီ”

ဦးဇမ္ဗူက စစ်ကိုလာကြိုသည့် ဦးမှုံကားနှင့် ပြန်သွား သည်။ စစ်က ဦးနက်ကျော် စီစဉ်ပေးခြင်းဖြင့် သူမ တည်းရမည့် အခန်းကို ရောက်သွား၏။ သားနားသပ်ရပ်သော အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်ချိန်ထိ စစ်ရင်ထဲ ဘာကိုမကျေနပ်မှန်း မသိဘဲ နိုးလိုးခုလုကြီးဖြစ်နေ၏။

■ ■ ■



## အခန်း (၉)

အိပ်ရာထဲမှာ ဘယ်ညာလူးလှိမ့်နေပေမယ့် စစ် ဘယ် လိုမှ အိပ်မပျော်။ မေမေ့ကိုဖုန်းဆက်ပြီး ချောမောစွာရောက်ကြောင်း …မပူအောင် ဖုန်းဆက်အကြောင်းကြားလိုက်ရပေမယ့် စိတ်ထဲ …မှာ ဦးထွန်းမြတ်ညို လုပ်တာကို ဘာတစ်ခုမှဘဝင်မကျ။

ဟွန်း…ပြောတော့ဖြင့် လူမမာတဲ့။ လူမမာက လူမမာ …နေဘဲ အလုပ်ကိစ္စနဲ့ တစ်ဖက်ကမ်းကို လိုက်သွားသည်။ သူဌေး …တဲ့လူတန်းစားတစ်ရပ်မှာ အလုပ်လောဘကြီးတတ်ကြသလို …ယ့်အတွက် အမြတ်ကျန်ရင် ဘာပဲလုပ်ရလုပ်ရဆိုသည့် လူစား …။

ငွေကို သဲသဲမဲမဲ ရှာဖွေကြသူတွေဆိုတော့ ကိုယ့်ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရေးကိုယ် ဂရုမစိုက်နိုင်သလို ကိုယ့်အသက်ကိုယ်ပင် မငဲ့ကွက်
ကြသူတွေ။ ဦးထွန်းမြတ်ညို ဆိုတာကလည်း ဒီလိုလူစားမျိုးတွေ
ထဲက တစ်ယောက်ထင်သည်။

ဒါကြောင့် ကိုယ်တိုင် နေမကောင်းသည့်ကြားက စီးပွား
ရေးကိစ္စနှင့် တစ်ဖက်ကမ်းကို လိုက်သွားတာမဟုတ်လား။ ခေါ
အတွေးလေးများဖြင့် စစ် ညည့်နက်မှ အိပ်ပျော်သွားသည်။

စစ် အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပြီဖြစ်သည
ဦးနက်ကျော် ပြောပြ၍ ညကပဲ ဦးထွန်းမြတ်ညို ပြန်ရောက်
ပြီဟုသိရသည်။ အစ်ကိုပြန်ရောက်လာပြီဆိုတော့ ညီအဖြစ် အစ်
ကျန်းမာရေးအခြေအနေကို သွားကြည့်ရမည့်သူက စစ်။

"ဒီအခန်းပဲ လူလေး၊ မနက်စာစားဖို့ ဦးနက်ကျော် ထမင်
စားခန်းကပဲ စောင့်နေမယ်"

ဦးနက်ကျော်က စစ်ကို ဦးထွန်းမြတ်ညို အခန်းရှေ့
ထားပြီး အောက်ထပ်ကိုပြန်ဆင်းသွားသည်။ ဦးထွန်းမြတ်ညို အခ
တံခါးကို ကွန်း၍ကြည့်တော့ အလွယ်တကူ ပွင့်သွား၏။

အခန်းပေါက်ဝမှာရပ်ပြီး ထွန်းမြတ်ညို အိပ်ခန်း
တစ်ချက်အကဲခတ်ကြည့်လိုက်တော့ အသုံးအဆောင်ပစ္စည်းတွေ
အားလုံး အမိုးတန်တွေချည်း။ သူ့အခန်းထဲ စစ် ဝင်လိုက်တော





ယောက်အိပ်ခုတင်ကြီးပေါ်မှာ လဲလျောင်းငြိမ်သက်နေသည့်
သတ္တာန်တစ်ခုက ဆီးကြိုသည်။

ထိုသူက တခြားသူမဟုတ်။ ဦးထွန်းမြတ်ညို။ သိုးမွေး
စောင်ထဲမှာ တစ်ကိုယ်လုံး နစ်မြုပ်နေ၏။ ညက ခရီးပန်းလာ
၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတာလား၊ အဖျားတက်နေတာလား
ဆိုတာ စစ် မသိ။ တရွေ့ရွေ့ခြေလှမ်းတွေက ထွန်းမြတ်ညို ခုတင်
ဆီ ရောက်မှန်းမသိ ရောက်သွားချိန်

"ကျွိ"

နောက်ဘက်ဆီမှ အိပ်ခန်းတံခါးဖွင့်သံနှင့်အတူ ရိပ်ခနဲ
ဝင်လာသည့် သဏ္ဌာန်တစ်ခုကြောင့် ဝင်လာသူကို စစ် လှမ်း
ကြည့်…တစ်ဖက်ကလည်း စစ်ကိုမြင်တွေ့သွားပုံနှင့် ခြေအစုံ
ရပ်သွားကာ တအံ့တဩဟန်လေးဖြင့် ပြန်အကြည့်မှာ အကြည့်
ချင်း ဆုံသွားသည်။

"သြော်…ကိုကိုညီ စစ် ဆိုတာထင်တယ်"

မိန်းမလှလေးတစ်ယောက်ထံမှ လှလှပပ အပြုံးနှင့်
ချိုသာယဉ်ကျေးသော နှုတ်ဆက်စကားသံအဆုံးမှာ စစ် ခေါင်း
ညိတ်ရမှာလား၊ ခေါင်းခါရမှာလား ဝေခွဲမရသောစိတ်ဖြင့် မျက်ခုံး
လေးတွန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"တို့က သက်ထားခင်၊ ကိုကို့ရဲ့ ဖမ်မလီဒေါက်တာ
လည်း ဟုတ်တယ်၊ သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ အဟင်း…
ဟင်း"

သက်ထားခင် ရယ်လိုက်တော့ ချစ်စရာကောင်းအော
ခွက်ဝင်သွားသည့် ပါးချိုင့်ရှည်ကြီးနှစ်ဖက်ကို စစ် ငေးခဲ့ကြ
ဖြစ်သွားသည်။

လှလိုက်တာ…။

ပြီးတော့ ချစ်စရာလည်းကောင်းသည်။ ကိုကိုဟု
ရှေ့မှာ ထွန်းမြတ်ညီကိုခေါ်နေသည့် သက်ထားခင်ဟာ ထွန်းမြတ်ည
ရဲ့ သူငယ်ချင်းဆိုတာ သိပ်တော့မဖြစ်နိုင်။ အသက်အရွယ်ချ
ကွာသလို သူငယ်ချင်းအခေါ်အဝေါ် မဟုတ်သည့် ကိုကိုဆိုသည
နာမ်စားထဲမှာ ရိုးသားမှုကို ရှာမရဟုထင်သည်။

"ကိုကို့ညီ…စစ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

သက်ထားခင် မေးမှ စစ် ခေါင်းညိတ်ဖြစ်တော့ သူမ
ရယ်သည်။

"ကိုကို့ညီက လှချောပဲ"

ပွင့်လင်းစွာ ယောကျ်ားပျိုတစ်ယောက်ကို ရှေ့မှာထား





ပြီး ချီးကျူးစကားဆိုရဲသူရဲ့ မျက်နှာမှာ ဘာအပြောင်းအလဲမှ ဖြစ်
မသွားပေမယ့် စစ် ပါးနှစ်ဖက်ကတော့ သူ့အလိုလို ဖြန်းခနဲ
နွေးသွားသည်။

'မင်း ဒီလိုပဲ ယောကျ်ားလေးချောချောမြင်ရင် ရှုပ်ပြုံး
ပြုံး ချီးကျူးစကားဆိုနေကျလား' ဆိုသည့်စကားကို စစ်ရင်ထဲက
မကျေမနပ် ပြောမိပေမယ့် အပြင်မှာတော့ ဖျားနေသည့် ဦးထွန်း
မြတ်ညိုက အနားမှာမို့ နှုတ်ဆိတ်နေလိုက်သည်။

သက်ထားခင်က ဖြူသောမျက်နှာ ရဲခနဲဖြစ်သွားသော
စစ်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းအစုံ ပိုပြုံးသွားပေမယ့် နောက်
ထပ် ဘာမှထပ်မပြောတော့။

နှစ်ခြိုက်စွာ အိပ်မောကျနေသည့် ဦးထွန်းမြတ်ညိုနား
လျှောက်သွားကာ သူမ ဆေးသေတ္တာလေးကိုဖွင့်ပြီး လိုအပ်သည့်
စစ်ဆေးမှုတွေ တစ်ခုပြီးတစ်ခု ကျွမ်းကျင်သေသပ်စွာ လုပ်သွား
၏။

"အဖျားက မကျဘူး၊ ဆေးရုံတက်ပါဆိုတော့လည်း
စကားက နားမထောင်နဲ့၊ ကိုကို့ကြောင့် ခက်ပါတယ်၊ အိပ်ရာထဲ
နေပါဆိုမှ ခရီးထွက်သွားသေးတယ်"

"ရှင့်အစ်ကိုက လူဆိုးပဲ စစ်၊ ဆရာဝန်စကားကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ နားမထောင်ဘူး၊ သူလုပ်ချင်တာ လုပ်တာပဲ၊ ကိုယ့်ကိုယ်ကိုလည်း မသနားဘူး သိလား''

သက်ထားခင် မျက်နှာလှလှလေးပေါ်မှာ အပြုံးကို ရှာမတွေ့သော့။ စိတ်ရှုပ်ထွေးသည့် အမူအရာလေးနှင့် သက်ပြင်းတစ်ချက်ချလျက်က မျက်ခုံးလေးတွန့်ပြီး ဦးထွန်းမြတ်ညို မျက်နှာကို စိတ်ညစ်သလိုကြည့်နေ၏။

''အခု ရှင့်အစ်ကိုကို ဆေးရုံတင်ရမယ်၊ ရှင့်သဘောက ဘယ်လိုလဲ စစ်''

''အစ်ကိုကြီးသဘောကို အရင်မေးကြည့်ပါဦး မသက်ထား''

''ကိုကိုက ဘယ်တော့မှ ဆေးရုံ၊ ဆေးခန်း သွားချင်တဲ့ လူစားမျိုးမဟုတ်ဘူးရှင့်၊ အခုလည်း ပရက်ရှာအရမ်းကျနေပြီ၊ ဆေးရုံကို အချိန်မီရောက်မှဖြစ်မယ်၊ အခုလောလောဆယ်မှာ ရှင်က သူ့ညီပဲ စစ်၊ ရှင်သဘောတူရင် ကိုကို့ကို အခုပဲ ဆေးရုံတင်လိုက်တော့မယ်''

''လိုအပ်ရင်လုပ်ပါ၊ စစ် သဘောတူပါတယ်''

''ဒါဆို ကိုကို့ကို ဆေးရုံတင်ဖို့ ကျွန်မ အခုပဲစီစဉ်လိုက်တော့မယ်နော်''





သက်ထားခင် စကားကို စစ် ခေါင်းညိတ်လိုက်သည်။ လက်ရှိအနေအထားမှာ ဒီလိုပဲ ဆုံးဖြတ်မှဖြစ်မည်။ စစ်၏အဆုံးအဖြတ်ဖြင့် ဦးထွန်းမြတ်ညိုကို ချက်ချင်းဆေးရုံပို့လိုက်ကြသည်။

ဦးထွန်းမြတ်ညိုကို ပြုစုရန် သူနာပြုဆရာမ ငှားထားပေမယ့် လူနာရှင်အဖြစ် လိုက်ပါရသူက စစ်ကိုယ်တိုင်ဖြစ်နေ၏။ နှစ်ရက်တိတိ သတိမေ့နေပြီးမှ ထွန်းမြတ်ညို သတိရလာ၏။

သူ သတိရရချင်း ပထမဆုံး မြင်တွေ့လိုက်ရသည့် သူ့ခုတင်စွန်းတွင် ခေါင်းတင်ပြီး အိပ်ပျော်နေသည့် စစ်၏မျက်နှာနုနုလေးဖြစ်သည်။ အလွန်အင်မတန် ဂျစ်ကန်ကန်နိုင်၍ မာနကြီးလှသော စစ်ကို ထွန်းမြတ်ညို နားမလည်ပေမယ့် ကိုယ့်ညီလေးပါလားဆိုသည့်စိတ်နှင့် အချစ်ပို၊ အသနားပိုမိသည်။

စစ် အခုလိုဖြစ်ရတာ သူ့ကြောင့်ဟု ထင်နေ၏။ စစ်သာ မိသားစု စုံစုံညီညီနှင့် ပြည့်စုံချမ်းသာစွာ လူလားမြောက်ကြီးပြင်းခဲ့ရလျှင် အခုလိုပုံစံမျိုး ဖြစ်လာမှာမဟုတ်ဟု တွေးမိသည်ကလည်း အကြိမ်ကြိမ်။

မိန်းကလေးတစ်ယောက်လို နုငယ်ချောမောသော စစ်မျက်နှာလေးက နှစ်ခြိုက်စွာ အိပ်ပျော်နေချိန်မှာ ဝိဘိ ကလေးငယ်လို အပြစ်ကင်းစွာ ချစ်စရာကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်…

အစ်ကိုညီလေး…။

မင်းဘဝမှာ ခံစားခဲ့ရတဲ့ သောကဝေဒနာတွေ၊ ခါးသီးနိမ့်ကျခဲ့ရတဲ့ ဘဝအခြေအနေတွေအားလုံး အခုချိန်ကစပြီး အစ်ကိုကြီး ပြန်လည်ဖြည့်ဆည်းပေးပါ့မယ်ကွာ။

ထွန်းမြတ်ညိုက စစ်ကို အမေ ဒေါ်ထားညိုနှင့်အတူပါသွားသော သူ့ညီလို့ပဲ ထင်နေတုန်းဖြစ်သည့်အတိုင်း သူ့ညီဘဝ ခက်ခဲကြမ်းတမ်းခဲ့ရတာ တွေးမိတိုင်း စိတ်မကောင်းဖြစ်ပြီး တစ်ယောက်တည်း ကျိတ်ကတိပေးနေသည်။

ထွန်းမြတ်ညိုက စစ်ကို ဘယ်လိုပဲ ဖြည့်စုံအောင်ထားထား စစ်က ဂရုမစိုက်။ စိတ်မဝင်စား။ သူ့ဘာသာ စိတ်ထင်သလို နေတတ်တာကို ထွန်းမြတ်ညို အားမလို အားမရ ဖြစ်နေတာကလည်း သူတို့နှစ်ယောက်ကြားက အကြီးမားဆုံး လွဲမှားနေသော ပြဿနာဖြစ်သည်။

မင်း ဘာလို့ ဒီလောက်ခေါင်းမာနေရတာလဲ စစ်။

ငါဟာ မင်းအစ်ကိုကြီးဆိုတာ အခုချိန်ထိ မင်းဘက်က လက်မခံနိုင်သေးတာ ဘာကြောင့်လဲ။ ဒါကိုတော့ ထွန်းမြတ်ညို နားမလည်။ စစ်နှင့် သူ့ကြားမှာ မမြင်ရသော အရာတစ်ခုရှိနေ





သလို စစ်ကို သူ့ဘက်က ဘယ်လိုပဲရင်းနှီးနွေးထွေးအောင် ကြိုးစားပေမယ့် စစ်ဘက်က တစ်ခုမှ အသိအမှတ်မပြု။ လက်မခံတော့ ခက်သည်။

ဒါက ထွန်းမြတ်ညိုက စစ်ကို သူ့ညီဟုထင်ပြီး ပေးဆပ်နေသည့် အစ်ကိုတစ်ယောက်၏ လိုက်လျောမှုတွေဖြစ်ပေမယ့် ကိုယ့်ဘဝ ကိုယ်သိသည့် စစ်က ထွန်းမြတ်ညို သူ့အပေါ် ပိုကောင်းပြလေ၊ ပိုအလိုလိုက်လေ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုဖြစ်လေ ဖြစ်ကာ စိတ်ရှုပ်နေတာကို ထွန်းမြတ်ညို မသိ။

အခုလည်း ထွန်းမြတ်ညိုတစ်ယောက် အိပ်ရာထက်က အရွေ့အပြောင်း လုပ်လိုက်သည်နှင့် အအိပ်ဆတ်သော စစ် မျက်ဝန်းအစုံက ဖျတ်ခနဲပွင့်လာပြီး ခေါင်းပါထောင်လာ၏။

"ဆက်အိပ်လေ စစ်"

"ဟင်…ခင်ဗျား ဘယ်တုန်းက သတိရတာလဲဟင်"

"အခုပဲ"

"ဆရာမ…ဆရာမ"

"ရှင်"

"လူနာအခြေအနေကို ကြည့်ပါဦးဗျာ၊ ဘယ်လိုနေလဲ"

စစ်က တာဝန်ကျဆရာမကို နှိုးပြီး ထွန်းမြတ်ညို အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို စစ်ဆေးခိုင်းတော့ ထွန်းမြတ်ညို စိတ်ထဲက ကျိတ်ပြုံးလိုက်၏။

ဒီလိုဆိုတော့လည်း ညီအစ်ကိုချင်း အရေးကြီးတော့ သွေးနီးပါလားဗျာ့ ထွန်းမြတ်ညို စိတ်ထဲတွေးပြီး သဘောကျနေသေးသော် စစ်ကတော့ ထွန်းမြတ်ညို မြန်မြန်နေကောင်းမှ အိမ်ကို အမြန်ပြန်ရမှာကို တွေးနေ၏။

"အားလုံးကောင်းပါတယ်၊ စိုးရိမ်စရာမရှိတော့ပါဘူး၊ အိပ်ပျော်အောင်သာ ဆက်အိပ်လိုက်ပါ"

"ဆရာမက ပြန်အိပ်ဦးတဲ့"

စစ်က မည်သည့်နာမ်စားမှမသုံးဘဲ တုံးတိတိပြောလိုက်သံအဆုံးမှာ ထွန်းမြတ်ညို မျက်ဝန်းအစုံက ပြန်ပိတ်သွား၍ စစ် သက်ပြင်းချလိုက်သည်။ သိပ်မကြာလိုက်၊ ထွန်းမြတ်ညို နှစ်မြိုက်စွာ ပြန်လည်အိပ်ပျော်သွား၍ စစ်နှင့် ဆရာမပါ စိတ်ချလက်ချ အိပ်လိုက်ကြသည်။ ဆေးရုံမှာ တစ်ရက်နေပြီး ထွန်းမြတ်ညိုက သူ့သဘောနှင့်သူ ဆေးရုံကဆင်းသဖြင့် အိမ်ပြန်ရောက်လာကြသည်။

"ဘာဖြစ်လို့ စိတ်ထင်ရာတွေ လျှောက်လုပ်နေရတာလဲ ကိုကိုရယ်၊ မတော်တဆ ကိုကို တစ်ခုခုထပ်ဖြစ်ရင် ဘယ်လို





လုပ်မလဲ"

"ဘာမှမဖြစ်ဘူး၊ ကိုယ် နေကောင်းနေပြီ"

ဒေါက်တာမသက်ထားက ကိုကို့အဖြေကို သဘောမကျပေမယ့် ပြောမရသည့်လူအဖြစ် စိတ်ညစ်သလို သက်ပြင်းချသည်။

"ကိုကိုက သိပ်ခက်တာပဲ၊ ကလေးလည်း မဟုတ်ဘဲနဲ့၊ ဆရာဝန်ပြောတဲ့စကားကို နားမထောင်ဘူး၊ အိမ်မှာနေမယ်ဆိုလည်း အေးအေးဆေးဆေးနေနော်၊ ဟိုသွားဒီသွားတွေ လျှောက်လုပ်မနေနဲ့"

ကိုကိုက မသက်ထားစကားကို အင်းမလုပ် အဲမလုပ်။ မသက်ထားက ကိုကို့ကျန်းမာရေးကို စိတ်ကျေနပ်အောင် စစ်ဆေးပြီးမှ သူမကားလေးနှင့် ပြန်သွားသည်။

"ဒီမှာ ကိစ္စတွေပြီးပြီဆိုတော့ မနက်ဖြန် ရန်ကုန်ပြန်မယ် စစ်၊ မနက် ဆယ်နာရီ အသင့်ပြင်ထား"

ထွန်းမြတ်ညိုစကားကြောင့် စစ် မျက်ခုံးတွန့်သွားသည်။

"ဆရာဝန်မမက ကိုကို့ကို အိပ်ရာထဲမှာနေရမယ်လို့ ပြောထားတယ်မဟုတ်လားဗျ"

"သူပြောတိုင်း လုပ်ရမှာလားကွ၊ ကိုကို သိပါတယ်၊ မင်းသာ မနက်ဖြန် လေယာဉ်ကွင်းချိန်အမီ အသင့်ပြင်ထား၊ ကဲ…



www.burmeseclassic.com

www.burmeseclassic.com



သွားနားတော့”

ကိုကိုဟု မခေါ်ချင်ပေမယ့် တခြားနာမ်စား သုံးစရာမရှိ၍ ဖျစ်ညှစ်ခေါ်လိုက်ရပေမယ့် ထွန်းမြတ်ညိုက ဂရုမစိုက်။ ဆရာဝန်မမ စကားကိုလည်း နားမထောင်။ သူထင်ရာလျှောက်လုပ်နေသည့် လူကြီးက စစ်ကို သွားနားတော့ဆိုတာနှင့် မကျေမနပ်မျက်နှာဖြင့် သူ့ရှေ့က ထွက်ခဲ့သည်။

“စစ်...နေဦး”

သွားဆိုတော့လည်း သူ။

နေဦးဆိုတော့လည်း သူ။ လှမ်းလက်စခြေလှမ်းကိုရပ်ပြီး နောက်ကို စစ် လှည့်ကြည့်တော့ ဖုန်းပြောရင်း ထွန်းမြတ်ညိုက စစ်ကို လက်ကာပြသည်။

“ငါ မသိဘဲ မင်းတစ်ယောက်တည်း ဘယ်ကိုမှမသွားနဲ့၊ ကြားလား စစ်”

“ဟုတ်ကဲ့”

“ကဲ...သွားတော့”

ထွန်းမြတ်ညိုနားက စစ် လှည့်ထွက်ခဲ့သည်။ တစ်ယောက်တည်း ဘာတွေဖြစ်နေမှန်းမသိ။ စစ်ကို တစ်ယောက်တည်း အပြင်မသွားနဲ့ဆိုတာ ရိုးမှရိုးရဲ့လား။ ထွန်းမြတ်ညိုဆိုတဲ့ လူကြီးမှာ





တခြားရန်သူတွေ ဘာတွေများ ရှိနေလို့လား။ တွေးရင်း စစ် ရင်မောသွားသည်။ တစ်သက်လုံး ရိုးရိုးသားသားနေ၊ အေးအေးချမ်းချမ်း စားသောက်လာခဲ့တာ အခုချိန်ထိ စစ်တစ်ယောက် သွားချင်ရာသွား၊ နေချင်သလို နေခဲ့တာ ဘာဆိုဘာမှမဖြစ်။

ဒီလူကြီးဆီ ခဏရောက်လာမှ ဟိုဟာမလုပ်ရ၊ ဒီဟာလုပ်ရနဲ့။ စစ် စိတ်ထဲ ထွန်းမြတ်ညိုကို သိပ်မသင်္ကာသလိုဖြစ်လာ၏။ ကျိုကျိုတက် ချမ်းသာနေတာ ရိုးရိုးသားသား စီးပွားရှာထားတာ ဟုတ်မှဟုတ်ရဲ့လားမသိ။ ဥပဒေနဲ့မလွတ်ကင်းတဲ့ အလုပ်တွေလုပ်နေရင် မေမေ ရင်ကျိုးမှာသေချာသည်။

စစ် အခန်းထဲမဝင်ချင်တာနှင့် ခြံထဲကိုဆင်းခဲ့သည့်အချိန်မှာ အနက်ရောင် မှန်လုံကားတစ်စီးက ခြံရှေ့က ဖြည်းဖြည်းမျှင်းမောင်းသွားတာကို တွေ့လိုက်ရပေမယ့် သတိမထားမိ။

“ဝိုး”

“ဒုတ်”

“ဟာ...ဘာလဲ”

စစ်နားက ဝိုးခနဲ ကပ်ဖြတ်သွားသည့် အရိပ်တစ်ခုနှင့်အတူ အလှစိုက်ထားသည့် သစ်ပင်ကို လာစိုက်သည့် ဓားတစ်ချောင်းကြောင့် စစ် အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားရိုးမှာ တပ်ထားသည့် အနီရောင်ပန်းပွားလေးက လေထဲမှာ လွင့်နေသလို လက်ကိုင်ရိုးမှာ ဖတ်ချည်ထားသည့် စာတစ်စောင်ကြောင့် ဓားကို သစ်ပင်မှဆွဲနုတ်ပေမယ့် မရ။ ဓား သွားက သစ်ပင်ထဲကို ခပ်နက်နက်စိုက်ဝင်နေ၍ စစ် အားနှင့် နုတ်မရဘဲ ဖြစ်နေစိုက်မှာ စစ်နားကိုရောက်လာသူက ထွန်းမြတ်ညို။

"ဘာလုပ်နေတာလဲ စစ်"

"ဟာင်"

စစ်ကိုမေးရင်း သစ်ပင်မှာစိုက်နေသည့် ဓားကို မြင်သွား သည့် ထွန်းမြတ်ညိုမျက်နှာက သိသာစွာ တင်းမာခက်ထန်သွား တာ မြင်လိုက်ရ၏။

"ဒီဓားကို ဘယ်သူလာပစ်သွားတာလဲ စစ်"

"စစ် မသိဘူးဗျ၊ ခုတ်မနေ အသံကြားလို့ စစ် ကြည့် လိုက်တော့ သစ်ပင်မှာစိုက်နေတဲ့ ဒီဓားကို တွေ့တာပဲ"

ထွန်းမြတ်ညိုက သစ်ပင်မှဓားကို ကျင်လည်စွာဖြုတ်ယူ ပြီ၊ ဓားမှာပါလာသည့် စာကို ဖွင့်ဖတ်၍ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ စာကိုပါ လုံးချေလွှင့်ပစ်လိုက်၏။

"ဒီကောင်တွေ သိပ်လူပါးဝနေပြီ၊ ထွန်းမြတ်ညိုကိုမှ ဘာကောင်ထင်နေလဲ မသိဘူး"



"တကာ ဘာစာလဲဗျ၊ ကိုကိုကို ခြိမ်းခြောက်တဲ့စာလား"

စစ် အမေးစကားကို ထွန်းမြတ်ညိုက ချက်ချင်းမဖြေ။ ပြီးမှ မဖြေချင် ဖြေချင်နှင့်

"အရေးမပါတဲ့ကိစ္စတွေပါ၊ မင်းသိလို့လည်း ဘာမှ အကြောင်းမထူးပါဘူး"

"စစ်က သိချင်တယ်ဆိုရင်ရော"

"မင်းသိချင်လည်း ငါမပြောချင်ဘူး၊ ငါ့မှာ တခြား လုပ်ရောတွေရှိသေးတယ်၊ အပြင်ခဏသွားဦးမယ်၊ မင်းလိုက် လား"

မလိုက်ဘူးလို့ စစ် စိတ်ထဲက ပြန်ပြောလိုက်ပြီးမှ ဓား ပစ်ပေါက်၍ စာပေးသည့်လူကို သတိရသွားကာ 'လိုက်မယ်' ဟု ခေါင်းပြန်ညိတ်လိုက်ရ၏။

ထွန်းမြတ်ညိုက ကားမောင်းကျွမ်းသလို ကားမောင်း ရည်၊ ကြမ်းသူဖြစ်ကြောင်း၊ သူ့ကားစီးမှ စစ် သိခဲ့ရသည်။ လမ်းလုံး လာလိုက်သည့် ဖုန်းတွေက တစ်ခုပြီးတစ်ခု။ ဆက်၍၊ မိန်းမ စုံနေသည်။

စီးပွားရေးကိစ္စလည်း ပါသည်။ ဟိုကိစ္စ ဒီကိစ္စလည်း ပါသည်။ ပိုက်ဆံချမ်းသာသော သူဌေးလည်းဖြစ်၊ လူပျိုလူလွတ်

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်၍ ရည်းစားတွေ မှိုလိုပေါက်နေပုံရသည်။ စစ် စိတ်[illegible]
က မိန်းမကိစ္စပွေရှုပ်တာကို သဘောမကျပေမယ့် ကိုယ်နှင့်မဆိုင်
သည့်ကိစ္စဖြစ်၍ စိတ်မဝင်စားသလို နေလိုက်သည်။

ဖုန်းတပြောပြောနှင့် ထွန်းမြတ်ညိုကားက ခနဲ့သွားလေ[illegible]
သော နှစ်ထပ်တိုက်ကြီးရှိသည့် ခြံဝန်းကျယ်ကြီးထဲ ချိုးဝင်သွား
၏။ တိုက်ကြီးရှေ့မှာ ကားကိုရပ်လိုက်သည်နှင့် တိုက်ထဲက ပြေး[illegible]
ထွက်လာသူက စစ်အရွယ် ကောင်လေးတစ်ယောက်။

“ဟော…ကိုထွန်း၊ ဖုန်းဆက်ပြီးကတည်းက မျှော်[illegible]
သွားလိုက်တာ၊ ဘယ်တွေသွားနေတာလဲဗျ”

ကိုကို့ကို စကားပြောရင်း ကောင်လေးအကြည့်တွေ[illegible]
စစ်ထံ ဖျတ်ခနဲ ရောက်လာ၏။ အကြည့်ချင်းဆုံသွားသည်။ [illegible]
က အကြည့်ကိုလွှဲပေမယ့် ကောင်လေးက မလွှဲ။ မျက်လုံးတော[illegible]
တောက်တွေနဲ့ စစ်မျက်နှာကို စူးစိုက်ကြည့်နေပုံကို စစ် မကြိုက်[illegible]

“သူက ဘယ်သူလဲ ကိုထွန်း”

[illegible] “ကိုယ့်ညီ…စစ်တဲ့” [illegible]

“စစ်…ဟုတ်လား” [illegible]

[illegible] “အငြိမ်းနဲ့” [illegible]

[illegible] ကောင်လေးက ကားပေါ်ကဆင်းလာသည့် ထွန်းမြတ်[illegible]

[illegible]ကို လုံးဝစိတ်မဝင်စား။ စစ်ကိုသာ စိတ်ဝင်စားလျက် စစ်
[illegible]တစ်ကိုယ်လုံး စေ့စေ့ကြည့်နေပုံက မှန်းစရာ။

“ကိုထွန်းညီက လှချော့ပဲဗျ။ ရုပ်ရှင်မင်းသား လုပ်နိုင်း
[illegible]ပါလား”

ထွန်းမြတ်ညိုက ဘာမှမပြော။ စစ်မျက်နှာကို တစ်ချက်
[illegible]စိမ်းကြည့်ပြီး ပြုံးနေပြီးမှ

“စစ်…ဒါ အစ်ကို့မိတ်ဆွေ ဦးဘထွန်းရဲ့သား အဲဘတ်၊
အဲဘတ်…စစ်ကိုခေါ်ပြီး ဧည့်ခံထားလိုက်ဦးကွာ၊ ကိုယ် အန်ကယ်
[illegible]နဲ့ သွားတွေ့လိုက်ဦးမယ်”

“အိုကေ…လာ စစ်”

အဲဘတ်က စစ်ကိုခေါ်ပြီး ထွန်းမြတ်ညိုရှေ့က ထွက်
သွားသလို ထွန်းမြတ်ညိုကလည်း စစ်ကို တစ်ချက်လှည့်မကြည့်
[illegible]ဘဲ အိမ်ကြီးထဲသို့ မားမတ်ခန့်ညားသော ခြေလှမ်းများဖြင့် လှမ်းဝင်
သွားပုံကိုကြည့်ပြီး မျက်နှာလှလှလေး စူပုပ်တင်းမာကာ မကျေ
[illegible]နပ် ဖြစ်ကျန်ခဲ့သူက စစ်။

ခေါ်တုန်းက သူသဘောအတိုင်း စစ်ကိုခေါ်လာပြီး တစ်ခါ
[illegible] မမြင်မတွေ့ဖူးသည့် သူစိမ်းနှင့်ထားသွားတာကို သဘောမကျ
[illegible]ပေမယ့် မတတ်နိုင်။ မျက်နှာထားတည်တည်နှင့် အဲဘတ်ခေါ်ရာ







www.burmeseclassic.com

www.burmeseclassic.com



နောက် ဣန္ဒြေမပျက် လိုက်ခဲ့သည်။

"လာကွာ...စစ်၊ ဒီအိမ်မှာ ငါက ပုလိပ်၊ လွတ်လွတ်လပ်လပ်နေ၊ ဘီယာသောက်မလား"

"နီး"

"ဘာလဲ...မင်းအစ်ကို ဆူမှာစိုးလို့လား"

အဲဘတ်အမေးကို စစ် မဖြေတော့ အဲဘတ်က ခပ်သွဲ့သွဲ့ ရယ်သည်။ ပြီးတော့ စစ်စကားကို ဂရုမစိုက်သလို ရေခဲသေတ္တာထဲက ဘီယာဘူးတွေကိုထုတ်ယူပြီး စားပွဲပေါ်ချသည်။

အိမ်ကြီးက ကြီးကျယ်ခမ်းနားသလို အသုံးအဆောင် ပစ္စည်းတွေကလည်း အဖိုးတန် အကောင်းစားတွေချည်းဖြစ်၍ ဘယ်နေရာကိုကြည့်ကြည့် ကြည့်မဝ။

"လာ...အတူသောက်ရအောင်"

အဲဘတ်က အမြည်းလုပ်မည့် ဇနက်တွေကိုပါ ထုတ်ယူပြီး စားပွဲပေါ်ချလိုက်တော့ စစ် မျက်ခုံးတွန့်၍ ခေါင်းခါလိုက်သည်။

"စိတ်ချပါ၊ မင်းအစ်ကို ကိုထွန်း မဆူအောင် ငါပြောပေးမယ်၊ ဒါနဲ့ မင်းနဲ့ကိုထွန်းက ညီအစ်ကိုအရင်းလား"

"မင်းက ဘယ်လိုထင်လို့လဲ"





စစ်က အဲဘတ်အမေးကို မဖြေဘဲ အမေးနှင့်တုံ့ပြန်လိုက်တော့ အဲဘတ်က ပခုံးတွန့်ပြီး စစ်မျက်နှာကို စိုက်ကြည့်သည်။

"ချောတာချင်းတော့ တူသားပဲ၊ ဒါပေမဲ့ မင်းက မိန်းမတစ်ယောက်လို ချောတာ၊ ကိုထွန်းက လုံးဝဟဲဗီးယောက်ျားကြီးတိုင်အပြည့်၊ မင်းနဲ့တော့ တခြားစီပဲ"

အဲဘတ်က ပြောပြီး ဘီယာတစ်ဘူး ဖောက်သောက်လိုက်ပုံက ကျွမ်းကျွမ်းကျင်ကျင်။ မေးတာကတခြား၊ ဖြေတာက တခြားဖြစ်နေ၍ စိတ်မဝင်စားသလိုပုံစံနဲ့ အဲဘတ်ကို ကျောခိုင်းကာ လှမ်းအထွက်

"မင်းတို့ ညီအစ်ကိုအရင်းမဟုတ်ဘူး မဟုတ်လား"

"မင်းထင်တဲ့အတိုင်းပဲ"

"ဝှတ်...ဒီလိုပဲဖြစ်ရမှာပေါ့ကွ၊ အဲဘတ်ပဲ...လူကဲခတ် ဒီလောက်မညံ့ပါဘူး"

အဲဘတ်က သူ့စကားသူ သဘောကျစွာ ရယ်နေချိန်မှာ စစ်က မရယ်နိုင်။ အရွယ်ငယ်ငယ်လေးနဲ့ အရက်သောက်တာကို မကြိုက်။ အခုမှ စစ် သေချာသတိထားမိတာ လှပသော အရက်ဘားတစ်ခု ရှိနေခြင်းဖြစ်သည်။

"မင်း ဒီလိုပဲ အရက်သောက်နေကျလား"



www.burmeseclassic.com

www.burmeseclassic.com



"အရက် မဟုတ်ပါဘူးကွ၊ ဘီယာပါ"

"တီ…တီ"

"အဲဘတ်"

ကားဟွန်းသံ ဆူဆူညံညံနှင့်အတူ အဲဘတ်အမည်ကို ဟစ်ခေါ်လိုက်သည့် ချိုချိုလွင်လွင် မိန်းကလေးတစ်ယောက် အသံ ကြောင့် အဲဘတ်မှာ စစ်ကိုပင် စကားမပြောနိုင်ဘဲ အိမ်ရှေ့ကို ကမန်းကတန်း ပြေးထွက်သွားပုံက သွက်လက်မြန်ဆန်နေ၏။

"ဟေး…ဇူဇီ၊ ဘော်ဒါတွေအများကြီး၊ ဒါက ဘယ်ကို သွားမလို့လဲ"

ကားထဲမှာ ဆယ်ကျော်သက်အရွယ် မိန်းကလေးအုပ်စု က အလှချင်းပြိုင်လျက်။ အဲဘတ်ကို ပြုံးပြီးကြည့်နေကြသလို အဲဘတ်မျက်နှာမှာလည်း အပြုံးတွေဝေနေ၏။

"ပစ်ကနစ်ထွက်မလို့၊ လိုက်မလား"

"ဒါမျိုးဆို အဲဘတ်တို့က ဘယ်တုန်းက ငြင်းဖူးလို့လဲ လိုက်မယ်"

"ဒါဖြင့် ယူကားနဲ့လိုက်ခဲ့၊ ဇူဇီတို့ သွားနှင့်မယ်"

"ဟော့…နေဦး…နေဦး၊ အထဲမှာ ကိုယ့်သူငယ်ချင်း ရောက်နေတယ်ကွ၊ ဇူဇီတို့နဲ့ တစ်ခါတည်းမိတ်ဆက်ပေးမယ်၊ ခဏ





စောင့်"

အဲဘတ်က ဇူဇီတို့အုပ်စုကိုထားပြီး စစ်ရှိရာ အပြေးပြန် ရောက်လာသည်။

"စစ်…မင်းကို ငါ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့ ခဏ"

ခေါ်သည့်လူက ခေါ်နေပြီဆိုတော့ စစ် မငြင်းသာတော့။ အဲဘတ်နှင့်အတူ ခပ်တည်တည်လိုက်ခဲ့သည်။ တွေ့ပါပြီ။ ဖြူဖြူ ဖွေးဖွေး အချောအလှ မိန်းမလှလေးတစ်စု။ အဲဘတ်နှင့်အတူ တွဲထွက်လာသည့် စစ်တစ်ကိုယ်လုံး သိမ်းကျုံးပြီး ခပ်ရဲရဲ ခပ်ကဲကဲ စူးစိုက်ကြည့်နေကြပုံက တော်ရုံလူ ခြေလှမ်းမှားသွားနိုင်သည့် အနေအထားပေမယ့် စစ်က ဣန္ဒြေတစ်ချက်မပျက်။

"ဒါ…ကိုယ့်သူငယ်ချင်း စစ်ပဲ"

"လှချောလေးပါလား ဇူဇီ၊ တို့ကို အပိုင်ပေးနော်"

"ဟေး…ဘရုဏီကွ၊ ဘရုဏီ"

မိန်းကလေးတစ်သိုက်၏ အော်သံတွေ ဆူညံသွား၏။ ထိုအထဲမှာ ဇူဇီဆိုသည့် မိန်းမလှလေး မပါ။ အားလုံးထဲမှာ သူမ တစ်ယောက်တည်းသာ ခပ်တည်တည် စစ်ကို မရယ်မပြုံး လက် ပိုက်ကြည့်နေပုံက အထင်ကြီးစရာ၊ ချီးကျူးစရာဖြစ်ပေမယ့် တခြား



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကြောင့် စစ်မျက်နှာ ပိုတင်းသွားသည်။

အများအမြင်မှာ ကိုယ့်ကို လူချောလေးတစ်ယောက်လို ထင်မြင်နေပေမယ့် စစ်ဆိုတာက သူလိုကိုယ်လိုထဲက မိန်းမသား တစ်ယောက်ဆိုတော့ ကိုယ့်ရှေ့မှာ တခြားမိန်းကလေးတွေကို ခပ်တည်တည်ပဲ ရှိနေစေချင်သည်က စစ်ဆန္ဒ။

ဒါပေမဲ့ လက်တွေ့ဖြစ်နေတာတွေက စစ်ဆန္ဒနဲ့တခြားစီ ဆိုတော့ မျက်နှာထား တင်းထားရုံကလွဲ၍မတတ်နိုင်။ အဲဘတ် ကတော့ တစ်ချိန်လုံး ပြုံးနေပြီး ဇွဲဇီကိုတစ်လှည့် စစ်ကိုတစ်လှည့် ကြည့်နေပြီးမှ မိန်းကလေးအုပ်စုနှင့် မိတ်ဆက်ပေးသည်။

"စစ်…သူက ဇွဲဇီ၊ ဒါက ဘရဏီ"

"ကျွန်မက သဇင်၊ သူက တော်ဝင်တဲ့"

အဲဘတ် မိတ်ဆက်ပေးတာကို မခံဘဲ သဇင်နှင့် တော်ဝင်က သူတို့ကိုယ်သူတို့ မိတ်ဆက်သည်။ အားလုံးမျက်နှာက အပြုံးတွေ ဝေနေ၏။

"ဟုတ်ကဲ့၊ အားလုံးပဲ တွေ့ရတာဝမ်းသာပါတယ်"

"ယွန်းနှာမည်က စစ် တစ်လုံးတည်းပဲလား"

"ဟုတ်ပါတယ်"

"ဪ"





စစ်နာမည်ကို စိတ်ဝင်တစားမေးလာသူက ဇွဲဇီဆိုသည့် မိန်းမလှလေး။ အားလုံးထဲမှာ ဇွဲဇီက အလှဆုံးဖြစ်သည့်အတွက် စစ်သာ တကယ့်ယောကျ်ားလေးတစ်ယောက်ဆိုရင် ဝမ်းသာ ဝုဏ်ယူချင်စရာဖြစ်ပေမယ့် စစ်က မိန်းကလေးဆိုတော့ စိတ်ထဲ မှာ ဘာမှထူးခြားမှုမရှိပါ။

စိတ်ရှုပ်၊ အာရုံနောက်နောက်နေတာပဲ ရှိသည်။

"ဟော…ဟိုမှာ ကိုကိုလာပြီ၊ အားလုံးပဲ ခွင့်ပြုပါဦး"

ထွန်းမြတ်ညိုကို လှမ်းမြင်လိုက်သဖြင့် ဟန်မဆောင်နိုင် အောင် ပျော်ပါးလွတ်လပ်သွားသူက စစ်။ အားလုံးကို နှုတ်ဆက် ကျောခိုင်းပြီး ထွန်းမြတ်ညိုရှိရာသို့ ခြေလှမ်း ခပ်သွက်သွက်နှင့် လျှောက်သွား၍ အားလုံး ဘာမှမပြောနိုင်ဘဲ ငေးကျန်ခဲ့သည်။

"အဲဘတ်…အစ်ကိုတို့သွားပြီဟေ့"

"ဟုတ်ကဲ့ ကိုထွန်း"

ထွန်းမြတ်ညိုက အဲဘတ်ကို ရင်းရင်းနှီးနှီး နှုတ်ဆက် နေချိန်မှာ စစ်ကတော့ ဘယ်သူ့မျက်နှာကိုမှမကြည့်။ ရပ်ထားသည့် ကားပေါ် အပြေးတက်ပြီး ကားတံခါးကို ဝုန်းခနဲပိတ်လိုက်ပုံက အသည်းအသန်။

"စစ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှင့်အတူ စစ်နားရောက်လာသည့် အဲဘတ်ကြောင့် စစ် စိတ်ရှုပ်သွားပေမယ့် ခပ်တည်တည် လှည့်ကြည့်လိုက်တော့ အဲဘတ်မျက်နှာကြီးက စစ်နား ဘွားခနဲရောက်လာ၏။

"ဒီမှာ ငါ့ဗစ်စစ်တင်းကတ်၊ အချိန်မရွေးဖုန်းဆက်၊ အချိန်မရွေးလာလည်၊ မင်းအတွက် ငါ့အိမ်တံခါးကို အမြဲဖွင့်ထား တယ်"

"သင့်ခ်ယူ"

အဲဘတ်လက်ထဲက ယိပ်စာကတ်ကို လှမ်းယူလိုက်ချိန် မှာ ထွန်းမြတ်ညီကားက စထွက်သည်။

"အဲဘတ်က မင်းကို တော်တော်ခင်သွားပုံပဲ၊ ဟို ကောင်မလေးအုပ်စုကလည်း မင်းကို စိတ်ဝင်စားနေတာမဟုတ် လား"

"အဲဒါတွေ စစ် မသိဘူး"

စစ်အသံက မာဆတ်ဆတ်ဆိုတော့ ထွန်းမြတ်ညီက စစ်ကို ကားမောင်းနေရင်းက ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဘာလဲ...မင်းရည်းစားကို သတိရနေလား"

"ဘာဗျ...ဘယ်ကရည်းစားလဲ"

"ငြိမ်း ဆိုတာလေ"





မကြည်သောစိတ်က အခုမှ ဟုတ်ခနဲငြိမ်သွားသည်။ ငြိမ်းနှင့်သူ့ကို ထွန်းမြတ်ညီက တစ်မျိုးထင်နေ၏။ ထင်မည်ဆို လည်း ထင်လောက်စရာပါ။ ယောက်ျားပျိုတစ်ယောက်နဲ့ မိန်းမပျို တစ်ယောက်၏ ရင်းနှီးပတ်သက်ပုံက ထွန်းမြတ်ညီ့မျက်လုံးထဲ တစ်မျိုးထင်ချင်စရာကောင်းနေတာ ဝန်ခံသည်။ စစ်သာ တကယ့် ယောက်ျားလေးဆိုရင်ပေါ့လေ။

အခုတော့ ထွန်းမြတ်ညီ့ရဲ့ ညီနေရာကို ဝင်ရောက်နေရာ ယူထားရသူက ထွန်းမြတ်ညီရဲ့ညီ မဟုတ်သလို ထွန်းမြတ်ညီ ထင်သလို ယောက်ျားလေးတစ်ယောက် မဟုတ်တော့ခက်သည်။

"ငြိမ်းက ဆိုးတော့မဆိုးပါဘူး၊ ဒါပေမဲ့ ငါ့ညီတစ်ယောက် အနေနဲ့ဆိုရင်တော့ သဘောတူဖို့ တော်တော်ခက်လိမ့်မယ်"

"ဘာဖြစ်လို့လဲ၊ ငြိမ်းက ဆင်းရဲလို့လား"

ထိုအမေးကို စစ်က ထွန်းမြတ်ညီ့မျက်လုံးထဲကို တည့် တည့်စူးစိုက်ကြည့်ရင်း ခပ်တည်တည် မေးလိုက်ခြင်းဖြစ်သည်။ ဆင်းရဲနိမ့်ကျသည့် လူတွေကို ဂုဏ်ကြီးရှင် သူဌေးဆိုသည့် လူ တွေက အမြဲ အထင်သေးနှိမ့်ချနေကျဆိုတာ စစ်သိသည်။

သို့၍ ကိုယ်တိုင်ခံစားရ၍လည်း စစ်ရင်ထဲ သူဌေးဆို သည့် လူတွေကိုအထင်မကြီး။ ကိုယ်တိုင်ကြိုးစား၍ ရှိသားသ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ တစ်နေ့တစ်ရှိန် အောင်မြင်ရမည်။ သူဌေးတစ်ယောက် ဖြစ်ခွင့်ရှိသည်။

မရှိဆင်းရဲသားဆိုပြီး လူနှင့်လူချင်း အထင်သေးတာကို မုန်းသည်။ ကြည့်၍မရ။ ထိုသူတွေထဲမှာ ထွန်းမြတ်ညို ဆိုသည့် လူလည်း အပါအဝင်တစ်ယောက် ဖြစ်နေခြင်းမှာ သိပ်တော့ အံ့သြစရာမရှိ။

ထွန်းမြတ်ညိုက စစ်မေးတာကို ချက်ချင်းမဖြေ။ စစ် ရင်ဆိုင်ဖြတ်သန်းလာရသည့် ဘဝအနေအထားကိုသိနေ၍ စစ်ရင် ထဲက စကားချက်ကို သဘောပေါက်သည်။ ကိုယ်က လူချမ်းသာ သူဌေးဘဝနှင့် လူလားမြောက် ကြီးပြင်းလာခဲ့ရပေမယ့် စစ်ဘဝက ရုန်းကန်လှုပ်ရှားနေရသည့် ဆင်းရဲသားလူတန်းစားဘဝ။

ဒါကိုခွဲခြားချင်၍ ထွန်းမြတ်ညို ဆိုလိုရင်းမဟုတ်ပေမယ့် ထွန်းမြတ်ညိုလို သူဌေးတစ်ယောက်၏ ညီအဖြစ် ငြိမ်းထက် အဆ ပေါင်းများစွာ သာလွန်သော အသိုင်းအဝိုင်း အနေအထားက မိန်းကလေးတစ်ယောက်လောက်တော့ သူ့အရှိန်အဝါနှင့် အချိန် မရွေး ရယူနိုင်သည်ဆိုတာမျိုး ရည်ရွယ်ရင်းဖြစ်သည်။

"ငါဆိုလိုတာက မင်း ငြိမ်းထက်သာတဲ့ မိန်းကလေး တစ်ယောက် အချိန်မရွေး ရနိုင်တယ်ဆိုတာ မင်းသိစေချင်လို့"





ထွန်းမြတ်ညို စကားအဆုံးမှာ မစ်နူတ်ခမ်းက မထိတရိ ပျောင်ပြုံးတစ်ခု လှစ်ခနဲရောက်လာတာ ထွန်းမြတ်ညို မြင်လိုက် ရသည်။

"စကားအလှတွေ သုံးမနေစမ်းပါနဲ့ဗျာ၊ ငြိမ်းကဆင်းရဲ လို့ သဘောမကျတာ မဟုတ်လား"

"မင်းကောင်းစားဖို့အတွက် အစ်ကိုတစ်ယောက်အနေနဲ့ တာဝန်ဝတ္တရားရှိလို့ ပြောနေတာကွ"

"အစ်ကိုတစ်ယောက်အနေနဲ့ တာဝန်ဝတ္တရားရှိလို့ ပြော နေတာဆိုရင် ငွေပုံပေါ်မှာထိုင်ပြီး စိတ်ဆင်းရဲနေရမှာထက် တစ်ယောက်ဘဝကို တစ်ယောက် အပြန်အလှန် တာနားလည်ပြီး နှစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး နေနိုင်တဲ့ဘဝဟာ ငွေမရှိ ဝုဏ်မရှိ ပေမယ့် အေးအေးလုံခြုံတယ်၊ စိတ်ချမ်းသာတယ်၊ လောကမှာ ငွေရှိမှ ပျော်နိုင်တာမဟုတ်ဘူးဗျ"

"မင်းက ငါ့ကို ဆရာလုပ်နေတာလား စစ်"

"ဘဝနဲ့ရင်းပြီးဖြစ်လာတဲ့ အသိကို ပြောပြတာ၊ စစ် ကိုယ်တိုင် ဆင်းရဲသား၊ ဆင်းရဲတဲ့သူတွေရင်ထဲက စကားချက်ကို စစ်ထက် ဘယ်သူပိုသိဦးမှာလဲ"

"တော်တော့ ... စစ်၊ မင်းကို ဘယ်သူကမှ အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူး''

''စစ်က ပြောချင်နေတာဆိုရင်ရော''

စစ်နှင့် ထွန်းမြတ်ညို အကြည့်ချင်းဆုံသွားသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။ စစ်အကြည့်တွေက ထွန်းမြတ်ညို အပေါ် စိန်ခေါ်သည့်အကြည့်။ မကျေနပ်သည့် အကြည့်မှန်းသိ၍ အကြီး ဖြစ်သည့် သူကပဲ အလျှော့ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ဆင်းရဲသားဘဝကို စစ်ကိုယ်တိုင် ရင်ဆိုင်ဖြတ်သန်းခဲ့ရ ဆိုတော့လည်း...။

''အေးလေ...ငြိမ်းကိုမှ လက်ထပ်ချင်တယ်ဆိုလည်း မင်းသဘောပါ''

''ငြိမ်းကိုမှ လက်ထပ်ချင်ပါတယ်လို့ ဘယ်သူက ပြော နေလို့လဲ''

စကားအဆုံးမှာ တစ်ခါတည်း လှည့်ထွက်သွားသည်။ စစ် နောက်ကျောပြင်ကိုကြည့်ပြီး ထွန်းမြတ်ညို သက်ပြင်းချလိုက် သည်။ လှုပုံချောချော၊ အကောင်ပေါက်စလေးက ထွန်းမြတ်ညို ဗလကြီးကြီး အစ်ကိုတစ်ယောက်ကို တစ်ချိန်လုံး မကျေနပ်နေ တာကို ထွန်းမြတ်ညိုကိုယ်တိုင် ဘယ်လိုဖြေရှင်းရမှန်းမသိ၍ ဖြစ် သည်။

■ ■ ■



## အခန်း (၁၀)

စည်ကားရှုပ်ထွေးနေသည့် လမ်းအတိုင်း ထွန်းမြတ်ညို အားလေးကို ဟိုကွေ့ဒီရှောင်ဖြင့် ကျွမ်းကျင်စွာ မောင်းနေပေမယ့် ချိန်နှုန်းကိုမလျှော့။

ကားကိုပဲဖြစ်ဖြစ်၊ လူကိုပဲဖြစ်ဖြစ် အားလုံးကိုတိုက်မိတော့ သလိုလို ပုံစံအနေအထားအတိုင်း ပွတ်ကာသီကာ မောင်းနှင်နေ ကြောင့် စစ်မှာ အသက်ကိုပင် ဖြောင့်ဖြောင့်မရှူရဲ။ မျက်လုံး ဆိုင်းသားဖြင့် ကြောက်လန့်စိတ်ကို ကျိတ်မှိတ်မျိုသိပ်ရင်း နှုတ်ခမ်း ကို တင်းတင်းစေ့၍ လူက ခပ်တည်တည်ထိုင်နေပေမယ့် စိတ်ထဲ တော့ နည်းနည်းမှမငြိမ်။

တစ်ချိန်လုံး ဘုရားတနေပေမယ့် ထွန်းမြတ်ညိုကို ကား



www.burmeseclassic.com

www.burmeseclassic.com



အရှိန်လျှော့ပါဟု မပြောရဲ။ ထွန်းမြတ်ညို မျက်နှာချောချော ဒေါသဖြင့် တင်းမာခက်ထန်နေပုံက ကြောက်စရာ။ ဒီကြား အဖျားပြန်ထနေ၍ သူ့ကိုယ်ပေါ်မှာ အနွေးထည်ထူကြီးက ပါသေ သည်။

ဒီပြဿနာဖြစ်လာချိန်မှာ အိမ်မှာ ဦးမှုံကလွဲပြီး တခြာ ဘယ်သူမှမရှိ။ အိမ်ကိုဖုန်းဝင်လာချိန်မှာ ဖုန်းကိုင်မိသူက စ တစ်ဖက်က ဦးကျင်ဝမ် ဆိုသည့်ပုဂ္ဂိုလ်က ဦးထွန်းမြတ်ညို ရှိလာ သူ့လက်ကိုင်ဖုန်း စက်ပိတ်ထား၍ ဆက်မရပါဟုဆိုတော့ စစ် ရုတ်တရက်တော့ ဘယ်လိုဖြေရမှန်းမသိ။ နောက်တော့ အ အတိုင်းပဲ ထွန်းမြတ်ညို အိမ်မှာရှိကြောင်း ပြောလိုက်သည်။

ထွန်းမြတ်ညိုနဲ့ စကားပြောချင်သည်၊ ခဏခေါ်ပေး ဆိုတော့ စစ်ပဲ ထွန်းမြတ်ညိုကို သွားခေါ်ပေးလိုက်ရသည် ထွန်းမြတ်ညိုကတော့ ဦးကျင်ဝမ်ဆိုသည့် အမည်ကို ကြားကတည် က မျက်ခုံးထူတွေ အတွန့်ချိုးပြီး မျက်နှာထားပါ တစ်မျိုးပြော သွားသည်။

သူတို့ချင်း ဖုန်းပြောကြတော့ စစ် သူ့နားမှာရှိမနေတော ကိုယ့်ဘာသာ တစ်ယောက်တည်း စာအုပ်တစ်အုပ်ဖတ်ပြီး အ ဖြန့်နေ၍ ဒေါသတကြီး အော်ဟစ်ပေါက်ကွဲလိုက်သည့် ထွန်းမြ





ညို အသံကြားမှ စာအုပ်ကို ဝုန်းခနဲပစ်ချပြီး ထွန်းမြတ်ညိုရှိရာ သို့ ပြေးထွက်ခဲ့သည်။

"အေး…ငါ အခုလာခဲ့မယ် ကျော်ကြီး၊ အဲဒီမှာ င်းစောင့်နေ"

ထွန်းမြတ်ညို ဒေါသနှင့်ဖုန်းကိုချပြီး ကားသော့ကို ဆွဲ ယူလိုက်ချိန်မှာ စစ် သူ့နားရောက်သွားသည်။

"ငါ အပြင်ခဏသွားဦးမယ် စစ်၊ ဦးဇမ္ဗူလာရင် ကျော်ကြီးဆီ သွားတယ်ပြောလိုက်"

"နေမကောင်းဘဲနဲ့ တစ်ယောက်တည်းသွားလို့ ဘယ် ဖြစ်မလဲ၊ စစ်ပါ လိုက်ခဲ့မယ်"

"မင်းနဲ့မဖြစ်ပါဘူး၊ နေခဲ့"

"ဘာလို့မဖြစ်ရမှာလဲဗျ၊ စစ်လည်းလိုက်မယ်"

"ပြောမရရင် လိုက်ကွာ"

ထွန်းမြတ်ညိုကိုယ်တိုင်က ဒေါသနဲ့ဆိုတော့ အကျိုးသင့် အကြောင်းသင့် ရှင်းမပြနိုင်တော့ဘဲ ရပ်ထားသည့်ကားပေါ် သူ ကိုယ်တိုင် ဝုန်းဒိုင်းကြဲတက်သွား၍ စစ်လည်း သူနှင့်အတူ ကား ပေါ် ပါလာရခြင်းဖြစ်သည်။

ဘယ်နေရာကို သွားလို့သွားမှန်းလဲ မသိ။ ဘယ်လိုလူ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာကြောင့် ဒီလောက်ဒေါသဖြစ်နေရတာလဲဆိုတာလည်း နားမလည်။ ရင်တထိတ်ထိတ်နှင့် သူ့ကားပေါ် ပါလာရခြင်းဖြစ်သည်။ ဒါကလည်း အကြောင်းရှိသည်။ အမေ ဒေါ်ထားညိုက သူ့သားကြီးကို အစစအရာရာ ဂရုစိုက်ရန် စစ်ကို သေချာမှာလိုက်သည်။

ဦးထွန်းမြတ်ညို မတော်တဆ တစ်ခုခုဖြစ်၍ စစ် မသိလျှင် အမေကို ဘယ်လိုပြောရမှန်းမသိ။ ဒါကို စစ် ကြောက်သည်။ စစ်ကိုပေးသည့်တာဝန်ကို ကျေချင်သည်။ ဒါက စစ် ခံယူချက်။

ဒေါသဖြင့် ခက်ထန်နေသော ထွန်းမြတ်ညို မျက်နှာချေချောကို တစ်ချက် မျက်လုံးဝေ့အကြည့်မှာ ကားက ဆိပ်ကမ်း တစ်ခုအတွင်း ဝေါခနဲ အရှိန်မလျှော့ဘဲ ပြေးဝင်သွား၏။

"သူတို့ သခုပဲထွက်သွားတာ ကိုမြတ်ညို၊ ဘယ်လို လုပ်မလဲ"

ထွန်းမြတ်ညို ကားရပ်လိုက်တာနှင့် လူသုံးလေးယောက် ပြေးလာပြီး ထွန်းမြတ်ညိုကို အရေးတကြီးပြောဆိုနေရင်း ထွန်းမြတ် ညိုနှင့် အတူပါလာသော စစ်ကို အားလုံးက စိတ်ဝင်တစား ဝိုင်းကြည့်နေကြ၍ စစ်ရင်ထဲ မနှစ်မြို့နိုင်ဘဲ ဖြစ်သွားသည်။





လူတွေအားလုံးပုံစံက မြင်တာနှင့် လူဆိုးလူမိုက်ပုံစံတွေ ဆ အထင်းသား။ ထွန်းမြတ်ညိုနှင့် လက်တွဲလုပ်ကြသည့်လူတွေ ထဲမှာ ဒီလိုလူမျိုးတွေရှိနေတာကို အံ့သြနေမိသည်။

"ငါ သူ့နောက်လိုက်မယ် ကျော်ကြီး"

"ဖြစ်ပါ့မလား ကိုမြတ်ညို၊ ကိုကျင်ဝှက်တို့အကြောင်း သည်း ခင်ဗျားသိရဲ့သားနဲ့"

"သိလည်း ငါ ဂရုမစိုက်ဘူး ကျော်ကြီး၊ ထွန်းမြတ်ညို ကို ဒီလိုလာကျောလို့ကတော့ တစ်ခုခု လက်တုံ့ပြန်ခွင့်ရမှ ကျေနပ် နိုင်မယ်"

"ဒါဆို သူ့နောက် အပင်ပန်းခံမလိုက်နဲ့တော့ ကိုမြတ် ညို၊ ကျွန်တော့်မှာ တခြားအစီအစဉ်ရှိတယ်၊ တစ်နေရာရာမှာ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်လား"

"ဘယ်ကိုသွားမှာလဲ"

"ကျွန်တော့်နောက်ကိုသာ လိုက်ခဲ့ပါ၊ ဒါနဲ့ သူက"

ကျော်ကြီးဆိုသူက စစ်ကိုကြည့်ပြီး မေးမြန်းခြင်းဖြစ်သလို ထွန်းမြတ်ညိုကလည်း ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"ငါ့ညီ"

"သြော်...ဟုတ်ပြီ၊ ဒါဆို ကျွန်တော်တို့သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဝေါခနဲပြေ ထွက်သွားသည်။ ဘာပြဿနာတွေ ဘယ်လိုဖြစ်နေမှန်းမသိပေ မယ့် ကျော်ကြီးဆိုသည့်လူကို စစ်စိတ်ထဲ သဘောမကျ။ ဒီလူ့ အကြည့်ထဲမှာ မရိုးဖြောင့်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ကို တွေ့နေရသလို ထင်မိသည်။

သေသေချာချာတော့ မသိ။ စိတ်ထဲမှာ တစ်မျိုးဖြစ်နေ ၍ အနားမှာရှိနေသည့် ထွန်းမြတ်ညိုကို လှမ်းကြည့်လိုက်တော့ မျက်နှာသားတင်းတင်းနှင့် ကားကိုသာ ဂရုစိုက်မောင်းနေ၍ စ နှုတ်ပိတ်နေလိုက်သည်။

ကျော်ကြီးတို့ကားက သစ်ပင်ဝါးပင်တို့ အုပ်ဆိုင်းနေသည့် မြို့ကြီးတစ်ခုထဲ ဝေါခနဲချိုးကွေ့သွား၍ ထွန်းမြတ်ညိုကလည်း သူ့ကားကို ကျော်ကြီးတို့ခြံထဲ ချိုးကွေ့လိုက်ဝင်သွားသည်။

အိမ်နှင့်ခြံက ကမ်းဘက်ကိုမေးတင်ထား၍ တသွင်သွင် စီးဆင်းနေသည့် မြစ်ကြီးကို လှမ်းမြင်နေရသည်။ စစ်တို့အရင် ကြိုရောက်နေပြီဖြစ်သော ကျော်ကြီးတို့လူစုက ကားပေါ်ကဆင်း ပြီး ဟိုလိုလို ဒီလိုလို ကားနားမှာ ရပ်နေကြသည်။

"လာ…ကိုမြတ်ညို၊ အိမ်ထဲမှာ စကားပြောရအောင်"

"အိုကေ"





ကျော်ကြီးဆိုသည့်လူကပဲ ထွန်းမြတ်ညိုကို အိမ်ထဲမှာ စကားပြောရအောင်ဟုဆိုလာ၍ လှမ်းကြည့်လိုက်တော့ သားနား လှပသည့် နှမ်ထပ်တိုက်ဝါဝါကြီးက လှလှပပ ခန့်ညားစွာ ဆီးကြို နေ၏။ ထွန်းမြတ်ညို ဦးဆောင်၍ ကားပေါ်က ဆင်းသွားသည့် အတွက် စစ်လည်း သူ့နောက်က လိုက်ဆင်းသည်။

"ကိုမြတ်ညို ညီကို အရင်က ကျွန်တော် မမြင်ဖူးဘူး နော်"

"သူက ရန်ကုန်မှာပဲ အမြဲနေတဲ့ကောင်လေ၊ နာမည် က စစ်"

"လူကတော့ အစ်ကို့ထက်တောင် ပိုချောနေပါလားဗျာ၊ ငေးကြည့်ရတာ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေမယ်ထင် တယ်"

ကျော်ကြီးကပြောပြီး သူ့စကားသူ သဘောကျစွာ အားပါး တရရယ်သည်။ ထွန်းမြတ်ညိုက စစ်ကိုတစ်ချက်ကြည့်ပြီး နှုတ်ခမ်း မှာ အပြုံးတစ်ခု လက်ခနဲပေါ်လာပေမယ့် ချက်ချင်းပျောက်သွား သည်။

စစ်ကတော့ မျက်နှာထားခပ်တည်တည်နှင့် အရယ် အပြုံး မဲ့ဝမလုပ်။ အိမ်ကြီးကိုသာ စိတ်ဝင်တစား တစ်ချက်အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ထိုင်ဗျာ…ဘာသောက်မလဲ၊ အပူလား၊ အအေးလား"

"ဘာမှမသောက်ချင်ဘူး ကျော်ကြီး၊ အလုပ်ကိစ္စ ပြောကြရအောင်"

"အိုကေ"

ထွန်းမြတ်ညိုနှင့် ကျော်ကြီးတို့ အလုပ်ကိစ္စအကြောင်း အချေအတင် ဆွေးနွေးနေကြပေမယ့် စစ် ဘာမှနားမလည်။ နားလည်တာက ထွန်းမြတ်ညို စကားပြောရင်း ပို၍ဒေါသဖြစ်လာခြင်း၊ ပို၍တင်းမာလာခြင်းဖြစ်သည်။

"ဘယ်လိုကွ ကျော်ကြီး၊ အစတုန်းက မင်းပြောတော့ ဒီကိစ္စ ဦးကျင်ဝှက် လုံးဝမသိဘူးဆို၊ အခု ငါက ငွေတစ်ဝက်ချေပြီးမှ ဘယ်လိုလုပ် ဒီလူကကြားထဲက ပစ္စည်းအားလုံး သိမ်းယူသွားရတာလဲ"

"ဒါက ဒီလိုရှိတယ် ကိုမြတ်ညို၊ ကျွန်တော် ဆိုင်တာက…"

"တော်ကွာ၊ မင်း ဘာမှမပြောနဲ့တော့၊ ဒီကိစ္စ အတွင်းလူ သစ္စာဖောက်နေပြီဆိုတာ ရှင်းနေပြီ"

"ကိစ္စအားလုံး အစအဆုံး မင်းပဲတာဝန်ယူခဲ့တာ





ကျော်ကြီး"

"ဟိုကို ကျွန်တော်မငြင်းဘူး ကိုမြတ်ညို၊ ဒါပေမဲ့ ကြားထဲမှာ အခက်အခဲပြဿနာတွေကလည်း အများကြီး"

"ဟုတ်ပြီ၊ မင်းဘက်က အခက်အခဲတွေကို ငါဘာမှ မပြောချင်ဘူး၊ အခု ငါပြောချင်တာက ငါ့ငွေကိစ္စ၊ အဲဒါကို မင်း ဘယ်လိုရှင်းမလဲ၊ ငါသိချင်တာ ဒါပဲ ကျော်ကြီး"

ရုတ်တရက် ငြိမ်ခန်းတစ်ခုလုံး တိတ်သွားသည်။ ကျော်ကြီးဆိုသည့်လူထံမှ ဘာသံမှထွက်မလာဘဲ လက်ထဲက စီးကရက်ကိုသာ ဖိသောက်နေ၍ စစ်ကပဲ ကျော်ကြီးဆိုသည့်လူမျက်နှာကို စိုက်ကြည့်နေမိသည်။

ပြဿနာအားလုံး၏ တရားခံက တခြားသူမဟုတ်။ ကျော်ကြီးဆိုသည့်လူ။ ဒီလူက နှစ်ဖက်စလုံးက ငွေတွေကို နင့်နေအောင်ယူထားရာမှ အခုကိစ္စ ပေါ်လာခြင်းဖြစ်သည်။

ထွန်းမြတ်ညိုပြောသည့် သစ္စာဖောက်ဆိုသူက ကျော်ကြီး။

"ဒီလိုလုပ်ဗျာ ကိုမြတ်ညို၊ လောလောဆယ် ကျွန်တော့်မှာ ငွေမရှိသေးဘူး၊ ဒီတော့ ကျွန်တော့်အိမ်ဂရန်ကို ခင်ဗျား ယူချင်ယူထားလိုက်"

"ငါလိုချင်တာ အိမ်ဂရန်မဟုတ်ဘူး ကျော်ကြီး၊ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ငွေ၊ ငါ မင်းကို ယုံကြည်စိတ်ချစွာ လွှဲပေးခဲ့တဲ့ ငွေ"

ထွန်းမြတ်ညို ဒေါသဖြစ်နေသလို ကျော်ကြီးမျက်နှာက လည်း မှုန်ကုပ်မည်းပျက်နေ၏။

"ကျွန်တော့်ဘက်က အတတ်နိုင်ဆုံး ညှိနှိုင်းပေးနေတာပဲ၊ ကိုမြတ်ညို လက်မခံနိုင်ဘူးဆိုမှတော့…"

"ဖြောင်း"

"ဒုတ်"

"ဝုန်း"

"ခွပ်"

"အား"

"ဟာ…ခင်ဗျားတို့ ဘာလုပ်တာလဲဗျဟင်"

"ကဲကွာ"

"အမလေး"

အခြေအနေတွေက အိမ်ကြီးထဲမှာ ရှုပ်ထွေးသွားသလို ထွန်းမြတ်ညိုကို နောက်မှ အလစ်ဝင်ရိုက်လိုက်သူကြောင့် နေရာမှာ ခွေခနဲ ထွန်းမြတ်ညို ပုံကျသွားချိန် အလန့်တကြား အော်ဟစ်ပြီး နေရာမှ ဝုန်းခနဲထလိုက်သည့် စစ်ကိုလည်း အလွတ်မပေး။

ပြင်းထန်သော လက်သီးချက်ကြောင့် နေရာမှာ စစ် ခွေခနဲ





လဲကျသွားသည်နှင့်

"ဟိတ်ကောင်တွေ မြန်မြန်လုပ်ကြစမ်း၊ ဘာလက်စ လက်နမှ မကျန်ရစ်စေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

နာကျင်လွန်း၍ မျက်လုံးကိုမဖွင့်နိုင်ပေမယ့် စစ်က ထွန်းမြတ်ညိုလို လုံးဝသတိလစ်သွားတာမဟုတ်။ နားထဲမှာ လှုပ်ရှားသံ စကားပြောသံအားလုံး ကြားနေသလို စစ်ကိုယ်တိုင် ခပ်ကြမ်းကြမ်း ဆွဲယူခြင်းခံလိုက်ရသည်။

ဒီလူတွေ စစ်တို့ကို ဘယ်များ ခေါ်သွားမလို့ပါလိမ့်။ အတွေးနှင့် စစ်ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။

လက်ရှိအခြေအနေက ကိုယ် စိတ်မချရဆုံး လူယုံက သစ္စာဖောက်ခြင်း ခံလိုက်ရရုံမက ကိုယ့်အသက်ကိုပါ အန္တရာယ်ပြုခြင်း ခံနေရသည့်အဖြစ်။

"ဝုန်း"

"ဝုန်း"

"အ"

ကားတစ်စီးပေါ် အရှိန်နှင့် ပစ်တင်လိုက်သည်ဟု ထင်လိုက်ပေမယ့် အနေအထားက စစ်ထင်သလိုမဟုတ်။ မျက်ဝန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဖွင့်အကြည့်မှာ မြင်လိုက်ရတာက မော်တော်ဘုတ်တစ်စီး ပေါ် ရောက်နေ၍ ကိုယ့်ကံကြမ္မာကို စစ် နားလည်သွားသည်။

ဘာလက်စလက်နမှ မကျန်စေနဲ့ဆိုတာ စစ်နဲ့ ဦးထွန်း မြတ်ညိုကို ရေထဲမှာ ကိစ္စတုံးနိုင်းနေတာ။ သတ်ပစ်နိုင်းနေတာ ပါလား။

အတွေးနဲ့ စစ်တစ်ကိုယ်လုံး အေးစက်သွားသည်။

ဘုရား…ဘုရား။

အသွားမတော် တစ်လှမ်းဆိုတာ ဒါလား။

နေရင်းထိုင်ရင်း ဘုမသိဘမသိနှင့် စစ်က ကြားထဲက သေရတော့မည်အဖြစ်ကိုတွေးပြီး အော်ငိုချင်လာ၏။ ခန္ဓာကိုယ် တစ်ခုလုံး နာကျင်နေပေမယ့် အသံထွက်၍မအော်ရဲ။ ကျိတ်မှိတ်ခံ နေရသည့်အဖြစ်။

ထွန်းမြတ်ညိုရှိရာကို လူအလစ်မှာ မျက်လုံးလေးမှေးပြီး ဖျတ်ခနဲ ခိုးကြည့်လိုက်တော့ မှောက်နေတဲ့ပုံစံက တစ်ချက်မလှုပ်။ တကယ့်အသေကောင်အတိုင်းဆိုတော့ ဘာတစ်ခုမှ အားကိုး၍မရ။

"သူတို့ကို ဘယ်လိုလုပ်ရမလဲ ထွန်းဇော်"

"ထုံးစံအတိုင်းပေါ့ကွာ၊ အသူရာတွေနားမှာ ပစ်ချထား ခဲ့ရင် ပြီးတာပဲ"





"ဘာလို့ အဲဒီနေရာအထိ သွားနေမှာလဲကွ၊ ဟောဟို မှာ မြင်လား ငှက်ကျွန်း၊ အဲဒီနေရာကိုမောင်း၊ နှစ်ယောက်စလုံး သတိမေ့နေတာဆိုတော့ ရေထဲပစ်ချလိုက်တာနဲ့ အမြုပ်ပဲ"

"ဖြစ်ပါ့မလား၊ တော်ကြာ ဆရာကျော် သိသွားရင်"

"ဖြစ်ပါတယ်ကွာ၊ ငါ့ကောင်မလေးနဲ့ ချိန်းထားတာ သွားရဦးမယ်၊ ဒီကိစ္စ မင်းနဲ့ငါပဲ သိတာ၊ တခြားဘယ်သူမှ သိစရာမလိုဘူး၊ ကြာပါတယ်ကွာ၊ အခုပဲ ရေထဲပစ်ချလိုက်မယ်"

"ဟေ့ကောင်…မိုးလုံး"

"ဟိတ်…ဝုန်း"

"ဟ…ဘာတုန်း"

ဒီတစ်ခါ စစ် ငြိမ်ပြီး နားထောင်နေလို့မဖြစ်တော့။ လဲ နေရာက ဝုန်းခနဲ ခုန်ထပြီး တိုက်ခိုက်မည့်အနေအထားပုံစံ အသင့် ပြင်ထားလိုက်တော့ စစ်တို့ကို ရေထဲပစ်ချရန် ပြင်နေသည့်လူက အလန့်တကြားပုံစံနှင့် စစ်ကို မျက်လုံးတွန့်ကြည့်သည်။

"ခင်ဗျားတို့ ကျုပ်နား မကပ်နဲ့နော်"

ဗလခြင်း ယှဉ်လို့မရသလို ပုံစံခြင်းမတူသည့် လူနှစ် ယောက်က မည်းမည်းသည်းသည်း၊ ကြမ်းတမ်းသောရုပ်ရည်နှင့် ဓမ်လို ဖြူဖြူအုအု နုဖပ်ကာ မင်းသားချောချောနေသည့် လူဗလံ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ခြေဆုံးခေါင်းဆုံး သေချာကြည့်ပြီး သူတို့အချင်းချင်း ပြန်ကြည့်လိုက်ကြကာ မြင်ရသည်။

"မင်းကလည်း အလာကြီးပါလား ကောင်လေးရဲ့ ဘာလဲ မင်းပုံစံနဲ့ တို့ကို ပြန်ချမလို့လား"

"ဟား…ဟား…ဟား"

ပါးစပ်ကြီးဟပြီး အော်ကြီးဟစ်ကျယ် ရယ်နေသည့် ပုံစံကြီးကိုက ကြောက်စရာလို့တွေးရင်း မျက်နှာကို ပိုတင်းလိုက်သူက စစ်။

လူချင်းအတူတူ ဘာကြောက်စရာရှိလဲဟု ကိုယ့်ကိုယ်ကို အားပေးရင်း မျက်လုံးကလည်း ထုရိုက်စရာ လက်နက်တစ်ခုခု ရလိုရငြား အပြေးအလွှား ရှာဖွေကြည့်နေမိ၏။

"ဟော…ဟိုမှာ"

ကြောင်က ကြွက်ကိုစသလို စစ်ပုံစံကြည့်ပြီး ပြုံးစိစိလုပ်နေသည့် လူနှစ်ယောက်ကို ခဏထားပြီး မော်တော်အောက်ခြေမှာ ကျနေသည့် သစ်သားချောင်းတစ်ခုကို တအားပြေးဆွဲ၍ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်တော့ စိတ်ထဲမှာ နည်းနည်းလိုသလိုဖြစ်သွား၏။

"သတ္တိရှိရင် လာလေဗျာ၊ ကျုပ်လက်ထဲမှာ မြင်လား"





ကြောက်ကြောက်လန့်လန့်နှင့် ပါးစပ်က စိန်ခေါ်ရင်း လက်ထဲကတုတ်ကို ဟိုရမ်းဒီရမ်း လုပ်နေသော စစ်ပုံစံက ဘာနဲ့တူနေသည်မသိ။

အခုချိန်ထိ ထွန်းမြတ်ညိုက တုတ်တုတ်ပင်မလှုပ်သေးတော့ စစ်မှာ အားကိုးရာမဲ့လျက် သူ့နာမည်ကို အကျယ်ကြီး အော်ခေါ်ပစ်သည်။

"ဦးထွန်းမြတ်ညို"

"ဟိတ်…လူကြီး၊ ထဦးဗျာ"

အရေးကြုံလာပြီဆိုတော့ ကိုကိုတွေ ဘာတွေခေါ်ဖို့ သတိမရတော့ဘဲ သူ့နာမည်ကို အော်လည်းအော်၊ ပုံပျက်ပန်းပျက် ခွေခေါက်ကျနေသည့် သူ့ကိုယ်ကြီးနား အရောက်သွားပြီး ခြေထောက်တစ်ဖက်နှင့် သူ့ဒူးဆစ်ကို ခပ်စပ်စပ် ပစ်ကန်ထည့်လိုက်ချိန်မှာ ငရဲတွေ ဘာတွေ ကျမှာလည်း မကြောက်တော့။

"ဘယ်လိုလဲ ကောင်လေးရ၊ လက်ထဲမှာ တုတ်ကြီး တရမ်းရမ်းနဲ့ သိပ်ကြောက်နေပါလား"

"မကြောက်လို့ ခင်ဗျားတို့ကို စိန်ခေါ်နေတာပေါ့ဗျ၊ သတ္တိရှိရင်…"

"ဟိတ်…ဒီမှာ လာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

"အမလေးဗျ"

"ဝုန်း"

တစ်ဖက်က ဗိုးခနဲ ပြေးဝင်လာသည့် လူရိပ်ကို အလန့်တကြား ခုန်ရှောင်လိုက်တော့ စစ်နားမှာရှိနေသည့် ထွန်းမြတ်ညို ကိုယ်ကြီးပေါ် အရှိန်နှင့် လုံးထွေးပစ်ကျသွားသူက စစ်။

"ဟား…ဟား…ဟား"

ရယ်သံတွေ ဆူညံသွားချိန်မှာ အသိတရားတွေ ခန္ဓာကိုယ်ထဲ ဖျတ်ခနဲ ရောက်လာသူက ထွန်းမြတ်ညို။ ရုတ်တရက် ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ဖြစ်မှန်းမသိ။ နောက်မှ ကျော်ကြီး သူ့ကို သစ္စာဖောက်သွားတာ ပြန်သတိရပြီး လဲနေရာက ဝုန်းခနဲထလိုက်၏။

"ဦးထွန်းမြတ်ညို"

စစ်အသံက ဝမ်းသာခြင်း တုန်ရီနေသလို လူကလည်း ဝုန်းခနဲ ထွန်းမြတ်ညိုနား အပြေးရောက်သွားကာ ကျောချင်းကပ်ထားလိုက်သည်။

"မင်းတို့ ဒါ ဘာလုပ်တာလဲကွ…ဟင်"

ထွန်းမြတ်ညိုအသံက အားမာန်အပြည့်နှင့်ဆိုတော့ လက်





ကတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အားတက်လာသူက စစ်။

"သူတို့က စစ်တို့ကို ရေထဲပစ်ချပြီး ငါးစာကျွေးမလို့"

"ဘာ…မင်းတို့ ယုတ်မာလှချည်လား၊ ဒီလောက် ယုတ်တဲ့ကောင်တွေ"

"ကဲကွာ…ကဲ"

ထွန်းမြတ်ညိုက အခုမှ သူ ဘာကြောင့် ရေပြင်အလယ် မော်တော်ပေါ် ရောက်နေရတာလဲဆိုတာ အဖြေကို သိရှိသောပေါက်သွားကာ ဒေါသလည်း အထွတ်အထိပ်ရောက်သွားသည်။

"ကဲကွာ…လာ"

"ဗိုး…ဒုတ်"

တခဏချင်း မော်တော်ပေါ်မှာ ရန်ပွဲတစ်ခုဖြစ်သွားသည်။ ကြီးလူတွေက ထွန်းမြတ်ညို ကိုယ်ခံပညာတတ်မှန်းမသိ။ သမုန်တိုင်းထန်နေသည့် ထွန်းမြတ်ညိုက မည်းမည်းမြင်သမျှ ကျုံးချသလို စစ်ကလည်း တုတ်တရမ်းရမ်းနှင့် နီးရာလူကို ဖို့ကြိုးစားရင်း ကိုယ့်ကိုယ်ကိုမထိအောင်လည်း ရှောင်ရသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒီကြားထဲက လူတစ်ယောက်ရဲ့ လက်သီးက စစ်ရဲ့ မေးရိုးတည့်တည့်ကို ထိပြီး ပါးစပ်က အားခနဲ တစ်ချွန်းသာ အော်နိုင်သည်။ လက်ထဲက တုတ်ပါ လွတ်ကျသွားသည်။

တစ်ဖက်လူတွေကလည်း ထွန်းမြတ်ညိုအရှိန်အဝါကို ကြည့်ပြီး ကြောက်ကြောက်လန့်လန့်နှင့် ဓားပါထုတ်လာတော့ စစ် မျက်လုံးဝိုင်းသွားသည်။ ထွက်ပြေးရအောင်လည်း အောက်မှာက ရေပတ်လည်ဝိုင်းနေသည်။

"ဘယ်လိုလုပ်ကြမလဲ ကိုကြီး၊ ဒီပုံအတိုင်းဆို ကျွန်တော် တို့..."

"ဟိတ်ကောင်တွေ...ဟိုမှာ မော်တော်တစ်စီး တို့ လာနေပြီ၊ ဘယ်လိုလုပ်မလဲ"

"မောင်းပြေးကွာ၊ ဖြစ်ချင်ရာဖြစ် အမိမခံနိုင်ဘူး"

"ဟိတ်ကောင်...စစ်၊ ရေထဲကိုခုန်ချလိုက်"

"ဗျာ"

"အရေးထဲ ဒီကောင် အူကြောင်ကြောင်နဲ့၊ လာစမ်း"

"ဟာ...မလုပ်နဲ့၊ ကျွန်တော် ရေမကူးတတ်ဘူး"

"ဝုန်း"





"အမလေးဗျ"

"ဗွမ်း"

ထွန်းမြတ်ညိုက စစ်စကားကို ဆုံးအောင်နားမထောင်။ မော်တော်စက်ရှိန် ပိုမြင့်မလာခင်မှာ စစ်လက်ကိုဆွဲပြီး ရေထဲကို ဝုန်းခနဲ ဆွဲခုန်ချလိုက်၍ ရေမကူးတတ်ဘဲ ထွန်းမြတ်ညိုနှင့်အတူ ရေထဲထိုးကျသွားပုံက ကြောက်စရာ။

မျက်လုံးထဲပြာပြီး အသည်းထဲအေးသွားပေမယ့် ထွန်းမြတ် ညိုက ရေကူးချုပ်ပီယံဖြစ်၍ စစ်ကိုယ်လေးကို သူနှင့်ခပ်လှမ်းလှမ်း ထားကာ ကိုယ်ဖော့ပြီး သူနှင့်အတူ ရေပေါ် ပေါ်အောင် ခေါ်ပါးစွာ ဆွဲယူလာ၏။

ရေပေါ်ကိုရောက်တော့ ထွန်းမြတ်ညိုတို့ကို စိုးရိမ်တကြီး ကြည့်နေကြသည့် လူတွေနှင့် ရပ်ထားသော မော်တော်တစ်စီးက သည်။

"ဘောကွင်းကိုဆွဲလိုက် ကိုထွန်း၊ ဒီဘက်က ကျွန်တော် က လှမ်းဆွဲလိုက်မယ်"

ရှေ့ဆုံးမှ ဦးဆောင်အော်နေသူကို ထွန်းမြတ်ညို လှမ်း ကြည့်လိုက်တော့ တခြားသူမဟုတ်။ ခေါက်တာသက်ထားခင် အောင် ရန်မိုးဖြစ်နေ၍ ကံကောင်းသွားသည်။ စစ်ကိုယ်ကိုဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



၍ ဘောက္ကင်းပေါ် အရင်ဆုံးမေးပေးလိုက်ပြီးမှ ဆွဲယူရန် အချက် ပြလိုက်သည်။

"ဆွဲ…ဆွဲ…၊ ကိုထွန်း…ကျွန်တော်တို့ဆွဲပြီနော်၊ သေချာ ကိုင်ထား"

ရန်မိုးတို့အဖွဲ့က ထွန်းမြတ်ညိုတို့နှစ်ယောက်ကို သူတို့ မော်တော်ရှိရာ ဖြည်းဖြည်းချင်း ဆွဲယူပြီး တစ်ယောက်ချင်း မော်တော်ပေါ် ဆွဲတင်ကြသည်။

"ဘယ်လိုဖြစ်ကြတာလဲ ကိုထွန်း၊ ဟိုလူတွေကရော ဘယ်သူတွေလဲ"

ရန်မိုးက ရေစိုအဝတ်တွေလဲပြီး နွေးနွေးထွေးထွေး အနေအထားရောက်နေပြီဖြစ်သော ထွန်းမြတ်ညိုကို သူသိချင်တာ စမေးပေမယ့် ထွန်းမြတ်ညိုမှာ ရန်မိုးမေးတာကို ချက်ချင်းမဖြေနိုင်

ကျော်ကြီးကို ဘယ်လိုလက်တုံ့ပြန်ရမလဲ စဉ်းစားရင်း စစ်ရှိရာကို လှမ်းကြည့်လိုက်တော့ သူနှင့်မတော်သည့် အကျိုးမ ဘောင်းဘီပွပွကြီးနှင့် လုံးဝ လူမမာဖြစ်သွားသော စစ်ကိုကြ ၍ သက်ပြင်းရှိုက်လိုက်၏။

ဒီကြားထဲ စစ်ရဲ့ ညာဖေးတစ်ဖက်က ရန်သူ့လက်သ ချက်ဖြင့် မြင်မကောင်းအောင် ရောင်ကိုင်းနေပုံက မကြည့်ရ





ရော။ မေမေသာ သူ့သားငယ်လေး ဒီလိုဖြစ်ပုံကိုသိရင် ဘယ် လောက် ရင်နာမည်မသိ။ ထွန်းမြတ်ညိုကိုယ်တိုင်ပင် စစ် ဖြစ်နေ ပုံကိုကြည့်ပြီး ကျော်ကြီးကို သတ်ပစ်ချင်နေ၏။

"ကျော်ကြီး ကိုယ့်ကို သစ္စာဖောက်သွားပြီ ရန်မိုး"

"ဟာ…ဒီလူ တယ်ကြောက်စရာကောင်းပါလား"

"ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲ ရန်မိုး၊ အစကတည်းက ဒီကောင် ခြေလှမ်းပျက်နေတာ သတိထားမိရင် ဒီလိုဖြစ်မှာမဟုတ် ဘူး"

"အခု ကိုထွန်းတို့ကိစ္စကို ဘယ်လိုလုပ်မှာလဲ၊ အသက် တိုပါ အန္တရာယ်ပြုလာပြီဆိုတော့ ဒီလူကို ရဲတိုင်ပြီး အမှုဖွင့် ရှာ"

ရန်မိုးက ထွန်းမြတ်ညိုတပည့် ကျော်ကြီးကိုသိ၍ ကျော့နပ်။ ထွန်းမြတ်ညိုကတော့ ရန်မိုး ဒေါသဖြစ်တာထက် အဆ ရာထောင်မက ဒေါသဖြစ်နေပေမယ့် ကိုယ့်ပစ္စည်းတွေက ကျော်ကြီး သက်ထဲမှာရှိနေတော့ အများကြီး စဉ်းစားနေရ၏။

ရဲတိုင်ပြီး အမှုဖွင့်တာကတစ်ပိုင်း၊ သူ့ပစ္စည်းတွေ ပြန်ရ မှုက တစ်ပိုင်းဆိုတော့ ကျော်ကြီးကို ဘယ်လိုလက်တုံ့ပြန်ရရင် ကောင်းမလဲဆိုတာ အကွက်ချ စီစဉ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးလက်ထဲမှာ သိန်းရာချီနေသည့် ပစ္စည်းတွေ အများကြီး။

ကျော်ကြီးက ထွန်းမြတ်ညိုကို သစ္စာဖောက်ဖို့ ကြိုး စီစဉ်ထားပြီဆိုတော့ ကျော်ကြီးကို သူ့အိမ်မှာပြန်ရှာလည်း တွေ့ မဟုတ်။ တစ်ဖက်နိုင်ငံထဲ ကူးသွားလောက်ပြီဆိုတာ တွေး စရာပင်မလို။

“ကျွန်တော် ဘာလုပ်ပေးရမလဲ ကိုထွန်း”

“ကျော်ကြီးဆီကို လိုက်ပို့ကွာ”

“ဗျာ”

“ကိုထွန်းတစ်ယောက်တည်း ဖြစ်ပါ့မလား”

“ငါ့လူတွေလည်း ရှိပါသေးတယ်ကွ၊ ပို့မှာသာ ပို့ ပါ”

“ကျွန်တော် မလိုက်ဘူး”

အသံကြားရာသို့ ထွန်းမြတ်ညို လှမ်းကြည့်လိုက်ေ အမျှားရှေ့ဖြင့် နီရဲနေသည့် မျက်နှာမှာ ဆံပင်စုတ်ဖွားနှင့် စ တွေ့လိုက်ရ၍ ထွန်းမြတ်ညို မျက်ခုံးတွန့်သွား၏။

“ကျွန်တော် ဖျားနေပြီ၊ အိမ်ကိုပြန်ပို့ပါ”

“ဟုတ်တယ်…ကိုထွန်းမြတ်ညို၊ ခင်ဗျားစိတ်





ကျွန်တော်တို့ နားလည်ပါတယ်၊ ဒီမှာက လူမမာနဲ့ဆိုတော့ အခု လောလောဆယ် အိမ်ကိုပြန်တာလည်း ကောင်းပါတယ်ဗျာ၊ နောက် မှ စီမံစရာရှိတာ ခေါင်းအေးအေးထားပြီး စီစဉ်တာ ပိုကောင်း ပါတယ်”

“ဟုတ်တယ် ကိုထွန်း၊ ဦးစိန်ပြောသလို နောက်မှပဲ သွားစရာရှိတာ သွားပါဗျာ”

အမျှားနှင့်တစ်ယောက် ဖြစ်နေရုံမက စစ်ကိုယ်တိုင် ထွန်းမြတ်ညို မျက်စိရှေ့မှာ ဖျားနေပြီဆိုတော့ သူသွားချင်သည့် ခရီးကို ရှေ့မဆက်နိုင်ဘဲ နေရာမှာ ရပ်တန့်ရန်မှတစ်ပါး တခြား မရှိသည့်အတူ အိမ်ပြန်မည့်အစီအစဉ်ကိုပဲ သဘောတူ ခေါင်း ညိတ်လိုက်ရ၏။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

စစ်က ဆရာဝန်ခေါ်ပြီး ဆေးထိုးပေမယ့် အဖျားက မ
ဆေးထိုးဆေးသောက်နေသည့်ကြားက အဖျားက တရှိန်းရှိန်းတ
နေတော့ ထွန်းမြတ်ညို ခြေမကိုင်မိ လက်မကိုင်မိ ပျာယာ
နေချိန်မှာ မေမေ့ဆီက ဖုန်းဆက်လာတော့ ပိုဆိုးသည်။

"နေကောင်းရဲ့လား သားကြီး"

"ကောင်းပါတယ် မေမေ"

"စစ်ရော"

"ဗျာ"

"စစ် နေကောင်းရဲ့လားလို့ မေးတာ သားရဲ့"

"ဟို…အဲဒါက အခု စစ် ဖျားနေတယ် မေမေ"





"ဘယ်လို…စစ် ဖျားနေတယ်ဟုတ်လား သားကြီး"

"ဟုတ်ကဲ့"

ဟိုအကြောင်း ဒီအကြောင်း စကားလွှဲပြောနေပေမယ့် နောက်ဆုံးတော့ ထွန်းမြတ်ညို မပြောချင်သည့် စကားကိုပဲ မေမေ ကမေးလာ၍ သူ ညာချင်ပေမယ့် မညာရက်တာနှင့် အမှန်အတိုင်း ပဲ ဖွင့်ပြောဖြစ်သွားသည်။

"သိပ်လည်း စိတ်မပူပါနဲ့ မေမေ၊ ဖျားတယ်ဆိုပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး၊ တစ်ရက် နှစ်ရက် ဆေးထိုးပြီးရင် အမြဲသား ချက်ချင်း ပြန်နေကောင်းသွားမှာပါ၊ စစ်နားမှာ ကျွန်တော် လည်း ရှိနေတာပဲ၊ မစိုးရိမ်နဲ့နော် မေမေ"

ထွန်းမြတ်ညိုက စစ်အတွက် ဘယ်လိုပဲ မစိုးရိမ်ပါနှင့် ဟု မိခင်ဖြစ်သူကို နှစ်သိမ့်အားပေးပေမယ့် ဒေါ်ထားညိုက ကိုယ့် ဝမ်းနာ ကိုယ်သာသိသည့်အဖြစ်မို့ စစ် နေမကောင်းဆိုတာနှင့် ဖုန်းကိုကိုင်ပြီး မျက်စိမျက်နှာပျက်နေ၏။ ထွန်းမြတ်ညိုစကားသံ ကိုနားထောင်ပြီး စစ် မိန်းကလေးတစ်ယောက်ဆိုတာ သားဖြစ်သူ အခုချိန်ထိ မသိသေးမှန်း သိလိုက်၏။

"အမေ စစ်နဲ့စကားပြောလို့ရမလား သားကြီး"

စစ်ကို စိုးရိမ်စိတ်နဲ့ ဒေါ်ထားညို ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့သား အိပ်နေတယ် အမေ၊ မနက်ဖြန်ကျမှ ပြောပါလား အမေ"

"သိပ်များ ဖျားနေလား သားရယ်၊ အမေ လိုက်လာခဲ့ရမလား"

"အာ…အမေတစ်ယောက်တည်း ခရီးထွက်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ ပြန်ခဲ့မယ်"

"သားပြောတော့ စစ် နေမကောင်းဘူးဆို"

"စစ် နေကောင်းတာနဲ့ ချက်ချင်းပြန်ခဲ့မယ် မေမေ"

"စစ်အတွက် မေမေ စိတ်ပူလိုက်တာ သားရယ်၊ စစ်က ကျန်းမာရေးချူချာတယ် သားရဲ့၊ ဂရုစိုက်ပါကွယ်"

"စိတ်ချပါ မေမေ၊ ကျွန်တော် စစ်ကို ဂရုစိုက်ပါတယ်"

မိခင်ကြီးကျေနပ်အောင် စကားတွေ အကြာကြီးပြောပြီးမှ ဖုန်းချလိုက်သည်။

မေမေ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာ။ စစ်က သူနှင့်လုံးဝမတူ။ ယောက်ျားဖြစ်ပြီး လူပုံက ချောလွန်းနုလွန်းသည်။ ယောက်ျားပီသတာ ဘာတစ်ခုမှမရှိ။

အကြောင်းမသိလျှင် ယောက်ျားစစ်စစ်က မိန်းမဆန်ဆန်ချော၍ တွေ့သည့်လူတိုင်းက စစ်ကိုမြင်လျှင် နှစ်ခါပြန် ကြည့်ကြ





သူတွေချည်း။ စစ် အခုလိုဖြစ်ရသည့်ထဲမှာ အဓိက တရားခံက ထွန်းမြတ်ညို ဖြစ်သည်။

စစ်ကို သူနှင့်အတူ ခေါ်မသွားမိလျှင် စစ်လည်း ဒီလိုဖြစ်စရာမရှိ။ အခုတော့ စစ်ခမျာ ပြင်းထန်စွာ ဖျားနာခြင်းနှင့် ထိတ်လန့်ချောက်ချားမှုတွေပါ ခံစားနေရဟန်ဖြင့် ညတိုင်း ယောင်ယမ်းအော်ဟစ်နေ၍ ထွန်းမြတ်ညိုမှာ စစ်နားက မခွာနိုင်။

စစ် အခန်းထဲမှာပဲ ညအိပ်နေသည်။

စစ် အခြေအနေကို စောင့်ကြည့်ရင်း ထွန်းမြတ်ညို အတွေးထဲ ကျော်ကြီး ယုတ်မာမှုကို ခွင့်မလွှတ်နိုင်အောင် ခံပြင်းဒေါသတွေ ဆူဝေနေ၏။

"ငါ့ညီ တစ်ခုခုဖြစ်သွားလို့ကတော့ မင်းအသက်ကို ရအောင်ပြန်ယူပြမယ် ကျော်ကြီး၊ အဲဒါ ငါ့သစ္စာပဲ"

"အား…ကြောက်တယ်၊ ကြောက်တယ်"

စူးစူးဝါးဝါး ထအော်လိုက်သည့် စစ်အသံကြောင့် ထွန်းမြတ်ညို အတွေးတို့ ရပ်သွားကာ စစ်နားကိုရောက်သွား၏။

"စစ်…ဟိတ်ကောင်"

"အင်း…ဟင်း…ဟင်း"

"စစ်…စစ်"



www.burmeseclassic.com

www.burmeseclassic.com



"အင့်…ဟင်…ဦးထွန်းမြတ်ညို"

စစ် အဖျားတက်ပြီး အိပ်မက်ဆိုးတွေ မက်နေရာက အလန့်တကြား နိုးလာတော့ သူ့မျက်နှာကို စိုးရိမ်သောမျက်ဝန်းများဖြင့် ငုံ့မိုးစူးစိုက်ကြည့်နေသည့် ထွန်းမြတ်ညို မျက်နှာကို အနီးကပ်မြင်လိုက်ရ၍ ကြောက်လန့်စိတ်ကို အချိန်မီထိန်းချုပ်ဖို့ ကြိုးစားပေမယ့် မရ။

"အိပ်မက်ဆိုးတွေ မက်နေတာလား စစ်"

"ဟုတ်"

ထွန်းမြတ်ညိုက သူ သိချင်တာကို မေးလည်းမေး၊ စစ် နဖူးကို သူ့လက်နှင့် ဖျတ်ခနဲလာထိ၏။

"မင်း ကိုယ်တွေ တော်တော်ပူနေတာပဲ၊ ဆရာဝန်ခေါ်လိုက်မယ်"

"ဆေးသောက်ထားတာပဲ၊ ပျောက်သွားမှာပါ"

ထွန်းမြတ်ညိုအမေးကို ပါးစပ်က ဖြေနေပေမယ့် စစ် မျက်ဝန်းအစုံက ကောင်းကောင်းမဖွင့်။

"ငါ ဆရာဝန်ခေါ်လိုက်မယ်"

"မခေါ်ပါနဲ့"

စစ် စကားသံအဆုံးမှာ ထွန်းမြတ်ညိုက သက်ထားထံ





ဖုန်းဆက်တော့ သက်ထားက မရှိ။ နောက် အသိဆရာဝန် တစ်ယောက်ကို ဖုန်းဆက်တော့ ချက်ချင်းရောက်လာပြီး လိုအပ်သည့် ဆေးကုသမှုတွေ ပြုလုပ်ပေးသည်။

"ဒီနေ့ည စောင့်ကြည့်လို့မှ မသက်သာရင် လူနာကို ဆေးရုံတင်ရမယ် ထွန်းမြတ်ညို"

"ဟုတ်ကဲ့"

ဆရာဝန်ပြောသမျှ ထွန်းမြတ်ညို ခေါင်းညိတ်ရုံကလွဲ၍ တခြားမရှိ။ တစ်ညလုံး စစ်နားမှာ ထွန်းမြတ်ညိုစောင့်သည်။ ချောမောလှသော စစ်မျက်နှာလေးက ကလေးဆန်ဆန် နှုတ်ခမ်းဖြူ ဝင်းမွတ်နေပုံက ချစ်စရာ။

ထွန်းမြတ်ညိုလို အစ်ကိုတစ်ယောက်လုံးရှိပါလျက် ဘဝ ကြမ်းကြမ်း၊ စရိုက်ကြမ်းကြမ်းမှာ ကြီးပြင်းလာရသော ညီလေးပါလားဟု တွေးမိတိုင်း ထွန်းမြတ်ညိုရင်မှာ အမေနှင့် ညီအတွက် မချိအောင် နာရသည်ချည်း။

"ဟင်း"

တိတ်ဆိတ်သောအခန်းထဲမှာ ထွန်းမြတ်ညို၏ သက်ပြင်းချသံက ကျယ်လောင်စွာ အဆုံးသတ်သွား၏။ ဒီနေ့ည သက်သာရင် ဆေးရုံတင်ရမည်ဆိုတာတွေးပြီး စစ်ကို တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ပြုစုဖြစ်သည်။ မျက်နှာချောချောလေးကို ရေပတ်နှင့် တဖွဖွတိုက်ရင်း စစ်ရင်ဘတ်နေရာမှာ ပြုတ်နေသည့် ကြယ်သီးနေရာကို အကြည့်က ဖျတ်ခနဲရောက်သွားချိန်မှာ ထွန်းမြတ်ညို မျက်ခုံးတွန့်သွားသည်။

ဒါက ဘာလဲ။

ရက်တရက် ထွန်းမြတ်ညိုကိုယ်တိုင် ရင်ဘတ်တစ်ခုလုံး တင်းကျပ်စွာ စည်းနှောင်ထားသည့်နေရာကို ချက်ချင်း သဘော မပေါက်။

စွပ်ကျယ်လည်း မဟုတ်ပါဘူး။ အထပ်ထပ် ရစ်ပတ်ထားသည့် စစ်ရင်ဘတ်နေရာက အစည်းအနှောင်ကို သေချာ စူးစိုက်ကြည့်ရင်း ရင်ဘတ်ကြယ်သီးကို ဖွင့်အချ…

''ဟာ''

ထွန်းမြတ်ညိုမျက်လုံးထဲ ပြာသွားကာ ခေါင်းထဲလည်း မိုက်ခနဲဖြစ်သွားသည်အထိ အခြေအနေတွေက ဆန့်ကျင်ဘက် အဖြစ် ပြောင်းလဲသွားပုံက မယုံနိုင်စရာ။

''စစ်''

စစ်အမည်ကို အံ့သြတုန်လှုပ်စိတ်ဖြင့် ခပ်တိုးတိုးခေါ်လိုက်မိသလို အဖျားရှိန်ဖြင့် နစ်မြုပ်ကွာအိပ်ပျော်နေသော စစ်မျက်နှာ





လေးကို စူးစိုက်ကြည့်လိုက်မိသည်။ သူ့ညီလေးဟု ထင်ထားသည့် စစ်က ထွန်းမြတ်ညိုထင်သလို သူ့ညီလေး မဟုတ်ဘဲ နုနုရွရွ လှလှပပ မိန်းမချောလေးတစ်ယောက် ဖြစ်နေခြင်းအဖြစ်ကို ထွန်းမြတ်ညိုကိုယ်တိုင် ဘယ်လိုမှ ယုံကြည်၍မရ။

အမေနဲ့အတူပါသွားတာ ထွန်းမြတ်ညိုရဲ့ ညီလေး၊ ယောကျ်ားသား စစ်စစ်ပါ။ အခု ထွန်းမြတ်ညိုရှေ့ကို ရောက်နေသူက အမေ့ရင်သွေး၊ ထွန်းမြတ်ညိုရဲ့ ညီလေးမဟုတ်။ အလွန်လှပသည့် မိန်းမလှလေးတစ်ယောက်။

ဒါ ဘယ်လိုဖြစ်တာလဲ။

ထိတ်လန့်ချောက်ချားစိတ်တွေနှင့် စစ်ကိုယ်ပေါ်က အကျႌကြယ်သီးအစုံကို တုန်ရီသောလက်များဖြင့် နေရာတကျ ပြန်တပ်ပေးလိုက်ရပေမယ့် ထွန်းမြတ်ညိုစိတ်တို့က မတည်ငြိမ် တော့ပါ။

ထွန်းမြတ်ညိုညီလေး ဘယ်မှာလဲ။ ဒီမိန်းကလေးက ထွန်းမြတ်ညိုရဲ့ညီမဟုတ်တာ လုံးဝသေချာသည်။ ဘာဖြစ်လို့ ထွန်းမြတ်ညိုကို ဘဝအမှန်အတိုင်း အသိမပေးဘဲ သူ့ညီ စစ်အဖြစ် လိမ်ညာဖုံးကွယ်ထားရတာပါလိမ့်။

အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမည်။ ထိုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာက ဘယ်လိုအကြောင်းအရာ ဖြစ်မည်လဲ။ သေချာတာ က ထွန်းမြတ်ညိုပိုင်ဆိုင်သမျှ များပြားလှသော စည်းစိမ် ချမ်းသာကို ရယူလိုမှုကြောင့်ပဲ မလိမ်သင့် မညာသင့်တာကို လိမ်ခဲ့ညာခဲ့တာ ဖြစ်မည်။

ဒီကိစ္စတွေ ထွန်းမြတ်ညိုအမေ ဒေါ်ထားညိုကိုယ်တိုင် မသိခဲ့ဘူးလား။ မဖြစ်နိုင်။ ဒီကိစ္စကြီးတစ်ခုလုံး ဤမျှ နက်ရှိုင်းရှုပ်ထွေးအောင် လုပ်ကြသူတွေထဲ ထွန်းမြတ်ညိုအမေ ကိုယ်တိုင် ပါကိုပါရမည်။

ဒီမိန်းကလေးက ဘယ်သူလဲ။

သူ့ညီ စစ်ကရော ဘယ်မှာလဲ။

အတွေးနှင့် ထွန်းမြတ်ညိုရင်ထဲ ရှုပ်ထွေးကာ မိခင် ဖြစ်သူထံ ချက်ချင်းဖုန်းခေါ်လိုက်သည်။

"ဟဲလို"

ဖုန်းလာကိုင်သူက ထွန်းမြတ်ညိုအမေ ဒေါ်ထားညို ဖြစ်သည်။

"အမေ...ကျွန်တော်ပါ"

"သားကြီးလား၊ စစ်လေး ဘာဖြစ်လို့လဲဟင် သား"

စိုးရိမ်စိတ်ဖြင့် ပျာယာခတ်နေသည့် မိခင်အသံကို နား





ထောင်ပြီး ထွန်းမြတ်ညို ခဏတော့ ငြိမ်သွားသည်။ သူ သိချင်တာကို သိကိုသိရမှဖြစ်မည်။ ထို့ကြောင့် သူ့ရင်ထဲက စကားများကို ထိန်းချုပ်ထားခြင်းမပြုဘဲ မိခင်ဖြစ်သူကို တိုက်ရိုက် ရှင့်မေးဖို့ ဆုံးဖြတ်လိုက်သည်။

"စစ် ဘယ်မှာလဲ အမေ"

"ဘယ်လိုကွဲ့၊ သားကြီးနားမှာ စစ်လေးမရှိတော့လို့လား၊ အမေ ရင်ထိတ်လိုက်တာ သားရယ်"

စစ်ကို မေမေ ဘယ်လောက်ချစ်မှန်း၊ သံယောဇဉ်ရှိမှန်း သိ။ ထွန်းမြတ်ညို ဒီလောက် စကားစလိုတ်တာနဲ့ပဲ ပျာ နေတာကိုကြည့်ပြီး သူ သက်ပြင်းချလိုက်သည်။

"ကျွန်တော်လည်း မေမေ့လိုပဲ ရင်ထိတ်နေတယ်မေမေ၊ ကျွန်တော့်ညီလေး စစ် ဘယ်ရောက်သွားပြီလဲ၊ ဘယ်နေရာမှာလဲ အမေ"

"သားကြီး"

"သိပ်အံ့သြသွားလား မေမေ၊ အခု ကျွန်တော့်နားမှာရှိ နေတာ အမေ့ရင်က မွေးထုတ်လိုက်တဲ့ အမေ့ရဲ့သား စစ် မဟုတ် ဘူးဗျ၊ သူက စစ် ဟန်ဆောင်ထားတဲ့ မိန်းကလေးတစ်ယောက်ဆို တာ အခုပဲ ကျွန်တော် သိလိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော့်ညီလေး စစ် ဘယ်မှာလဲ မေမေ၊ ကျွန်တော် ညီစစ်ကိုပဲ ကျွန်တော် လိုချင်တယ်၊ ကျွန်တော့်ညီလေး ဘယ် မှာလဲ"

ထွန်းမြတ်ညိုအသံက ပေါက်ကွဲမှုတွေနှင့် မချိမဆံ့ တကယ်ဆို ဒီကိစ္စကို မေမေကိုယ်တိုင် အဖြစ်မှန်အတိုင်း ထွန်းမြတ်ညိုကို ဖွင့်ပြောသင့်ပါလျက်နှင့်။ မိခင်ဖြစ်သူကိုယ်တိုင် ထွန်းမြတ်ညိုကို လိမ်ရက်ညာရက် ဟန်ဆောင်နိုင်းရက်တာ အံ့သြနားမလည်စိတ်နှင့် နာကျင်ကြေကွဲရသည်။

"ဘာဖြစ်လို့ ကျွန်တော့်ကိုဝိုင်းပြီး လိမ်ညာခဲ့ရတာ ဗျာ၊ ဒီကိစ္စထဲမှာ မေမေကိုယ်တိုင် ပါဝင်ခဲ့တာကို ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်ဘူး၊ ဘာဖြစ်လို့ ကျွန်တော့်ကိုမှ လိမ်ညာ ရက်ရတာလဲ မေမေရယ်"

ထွန်းမြတ်ညိုအသံက အဆုံးသတ်မှာ ဝမ်းနည်းထိခိုက်မှုနှင့် စို့လျက် တုန်ခါသွား၏။

"မေမေ ရှင်းပြပါရစေဦး သားရယ်၊ မေမေ ရှင်းပြ တာကို အရင်နားထောင်ပြီးမှ သားကြိုက်သလို ဆုံးဖြတ်ပါကွယ် သားကြီးကို မေမေ လိမ်ညာချင်လို့ ဖြစ်ခဲ့ရတာမဟုတ်ပါဘူး





သားရယ်၊ အကောင်းမှန်း အဆိုးမှန်းမသိဘဲ စိတ်ထင်ရာမိုက်မဲပြီး ပြောချင်ရာပြောလိုက်တဲ့ ကိုပိုက်ထွေးကြောင့် အခုလိုကိစ္စတွေ မဖြစ်သင့်ဘဲ ဖြစ်လာခဲ့ရတယ်ဆိုတာ မေမေ့ သားကြီး ယုံဖြစ်အောင် ယုံလိုက်စမ်းပါကွယ်"

"မေမေကိုယ်တိုင် ဒီကိစ္စကို ဖွင့်မပြောဖြစ်တာကတော့ မေမေ့အပြစ်ပါ၊ ဒါပေမဲ့ သားကြီးကိုတော့ မေမေ သိပ်ချစ် ဘယ်တယ်ဆိုတာ မေမေ့သားကြီး ယုံပါကွယ်"

ဒေါ်ထားညိုက သားဖြစ်သူ အထင်လွဲနေသမျှ ကြိုးစား ဖြေရှင်းရင်း ပါးပြင်ပေါ် မျက်ရည်တွေ အဆက်မပြတ် စီးကျ လာ၏။ တစ်နေ့ ဒီလိုဖြစ်မည်ဆိုတာ ဒေါ်ထားညိုသိခဲ့ပြီး သားပါ။ ဒါကြောင့်လည်း ကိုပိုက်ထွေးကို တားခဲ့ပေမယ့် မရ။ အခုတော့ အမေဖြစ်သူ ဒေါ်ထားညိုကိုယ်တိုင်ရော ကာယကံရှင်ဖြစ်သည့် စစ်ကိုယ်တိုင်ရော ဘယ်လိုအကြောင်းပြချက်နှင့် ခေါင်းဖော်ရ မှန်းမသိ။

စစ်လေးကတော့ အစတည်းက ဒီဇာတ်ရှုပ်ထဲမှာ မပါ လို့၍ ဖခင်ဖြစ်သူနှင့် ခါးခါးသီးသီး ပြဿနာဖြစ်ခဲ့သူ။ အခုတော့ မခံမဖြစ်ချင်တာတွေ ဖြစ်လာသည့်အချိန်မှာ စစ် ဘက်က မားမားရပ်ပြီး ဖြေရှင်းပေးမယ့်သူအဖြစ် ဒေါ်ထားညိုမှတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



တခြားမရှိ။

"စစ်အပေါ်မှာ အထင်မလွဲပါနဲ့ သားရယ်၊ စစ်မှာ အမေ တည်းက ဒီကိစ္စကို လုံးဝသဘောတူခဲ့ရှာတာ မဟုတ်ပါဘူး အမေကိုယ်တိုင်လည်း ကိုပိုက်ထွေးကို တားခဲ့ပါသေးတယ်၊ ဒါပေမဲ့ ကိုပိုက်ထွေးက သားရှေ့နေကြီး ဦးတိုင်းကျော်ကို အမေ့မှာ သားငယ်လေးရှိသလိုလို ပြောလိုက်တည်းက အဖြစ်မှန်ကို သားကြီး သိအောင် အမေရှင်းပြဖို့ ကြိုးစားပေမယ့် ဖြစ်မလာခဲ့ဘူး"

"စစ်ကိုယ်တိုင်ကလည်း သူ့အဖေနဲ့ ပြဿနာတွေဖြစ်ပြီး သားကြီးကို လုံးဝအတွေ့မခံခဲ့တာ ဒီကိစ္စတွေကြောင့်ပါ သားရယ် အမေ့ကိုခွင့်လွှတ်ပါ၊ စစ်လေးကိုလည်း ဘာတစ်ခုမှ နစ်နစ်နာနာ မပြောလိုက်ပါနဲ့ကွယ်၊ သူ့ခမျာ ဒီအဖေနဲ့ အမေတို့ အသနားခံလွှ လို့ ဖွတ်နစ်ပြီး မျက်စိမှိတ်လိုက်ရတာပါ"

"ကျွန်တော် နားလည်ပြီ မေမေ"

သူ ဒါပဲပြောနိုင်သည်။

အမေနဲ့ သားကြားမှာ ဘာမဟုတ်သည့် ပြဿနာနှင့် နောက်ထပ် စိတ်ဝမ်းမကွဲချင်တော့။ နှစ်တွေအကြာကြီး အမေနှင့်ခွဲ ရပြီးပြီ။ နောက်ထပ်ခွဲရန် ဆန္ဒမရှိတော့။

"ကျွန်တော့်ညီလေးရော မေမေ"





"သားငယ်လေးက လေးနှစ်သားမှာပဲ ဆုံးသွားခဲ့ ပါပြီကွယ်"

အမေ့စကားအဆုံးမှာ ထွန်းမြတ်ညိုဘက်က အသံတိတ် သွားသည်။ သူ မျှော်လင့်သလို သူ့ညီလေး လူ့လောကကြီးထဲမှာ မရှိတော့သည်မှာ လုံးဝသေချာသွားပါပြီ။

"သားကြီး"

"ဗျာ"

"စစ်လေးရော ဒီကိစ္စသိသွားပြီလား သား"

"သူ မသိဘူး မေမေ"

"အေး…စစ် သိရင်လည်း သားဆီမှာ တစ်နာရီ တစ်စက္ကန့်တောင် ပြည့်အောင်နေမှာ မဟုတ်ပါဘူးကွယ်၊ အရွယ်နဲ့ မမျှအောင် ဘဝကြမ်းကြမ်းကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပေမယ့် စစ်က ရိုးသားတယ်၊ မဟုတ်မခံ မာန်မာနအပြည့်ရှိတဲ့ ကလေးပါ"

"သူ လုံးဝမလုပ်ချင်တဲ့ကိစ္စကို အမေ့ကိုချစ်တဲ့စိတ်နဲ့ အမေ စိတ်ချမ်းသာအောင် သူ့ကိုယ်သူ အနစ်နာခံလိုက်ရတာကို က သိပ်သနားစရာကောင်းနေပါပြီကွယ်"

နောက်ထပ် မေမေက ထွန်းမြတ်ညိုကို စကားတွေ အများကြီးပြောနေသည်။ အမေက စစ်ကို သနားစရာဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



စိဘအတွက် အနစ်နာခံတတ်သည့် သမီးအလိမ္မာဟု ပြောသည်။ ဒါဆို သူကရော..။

နှစ်ပေါင်းအကြာကြီး ကွဲနေရပြီးမှ ပြန်တွေ့ရသည့်အမေကို စိတ်ချမ်းသာအောင် လုပ်မှာလား၊ စိတ်ဆင်းရဲအောင် လုပ်မှာလား။

"စစ် ပြန်လာချင်ရင် အမေကိုယ်ကိုင် လာခေါ်မယ်"

"အမေ မလာပါနဲ့၊ စစ်ကို ကျွန်တော်ပဲ ပြန်ပို့ပါ့မယ်၊ အခုလောလောဆယ်တော့ စစ် နေကောင်းတဲ့အထိ ကျွန်တော် စောင့်ရှောက်ဦးမယ်"

"အမေတို့ကို ခွင့်လွှတ်နော် သားကြီး"

"ဖြစ်ပြီးတဲ့ကိစ္စတွေ မေ့လိုက် မေမေ၊ ကျွန်တော်လည်း အားလုံးကို မေ့ပစ်လိုက်ပါပြီ"

"သာခုပါ သားရယ်..သာဓု..သာဓု"

"ကျွန်တော် နောက်မှ ဖုန်းထပ်ဆက်မယ် မေမေ"

"ကောင်းပါပြီ သားကြီးရယ်"

ထွန်းမြတ်ညိုလက်ထဲက ဖုန်းကိုပိတ်ပြီး အမှောင်ထဲမှာ အကြာကြီး ငေးငိုင်နေမိသည်။ လောကကြီးက တယ်လည်း ထူးခြားဆန်းကြယ်ပါလား။ ထင်မှတ်ထားတာတွေ ဖြစ်မလာ





ဘမယ့် ထင်မှတ်မထားတာတွေက တစ်ခုပြီးတစ်ခုဖြစ်လာသည်။

လှုယုံ ကျော်ကြီးက ထွန်းမြတ်ညိုကို သစ္စာဖောက်သွား
ကော သူ့အသက်ကိုပင် သတ်ပစ်ဖို့အထိ ကြိုးစားခဲ့သည်။
မ်ပေါင်းများစွာ ကွဲကွာနေသည့် အမေနှင့် ညီလေးကို ပြန်တွေ့ရ
ည်မှာ မကြာသေး၍ ဝမ်းသာနေချိန်မှာ ဝမ်းနည်းစရာကောင်း
ဘက စစ်ဟု သူသိထားသည့် အမေ့ရင်သွေး သူ့ညီလေးက
ွန်းမြတ်ညိုရဲ့ ညီမဟုတ်ဘဲ သူတစ်ပါး၏ရင်သွေး မိန်းမလှလေး
တစ်ယောက် ဖြစ်နေသည်။

ကံကြမ္မာအလှည့်အပြောင်းက အံ့သြစရာကောင်းသလို
ံကြည်လက်ခံချင်စရာ ဘာတစ်ခုမှမရှိ။ ဒါပေမဲ့ တကယ့်
က်တွေ့ဘဝမှာ ထင်မှတ်မထားတာတွေ တစ်ခုပြီးတစ်ခု
ွန်းမြတ်ညိုဘဝမှာ ဖြစ်လာတော့ မယုံချင်ပေမယ့်လည်း
ံရသည်။

လက်မခံချင်ပေမယ့် လက်ခံရသည်။ ဒါကြောင့် စစ်ကို
တွေ့တည်းက ထူးခြားသည်ဟု ထွန်းမြတ်ညို ထင်ခဲ့သည်။
ဘထူးခြားနေမှန်းမသိ။ အစ်ကိုတစ်ယောက်အနေနှင့် ချမ်း
ာပြည့်စုံစွာ ကြီးပြင်းရှင်သန်ခဲ့ရသူ တစ်ယောက်အပေါ် မပြည့်မစုံ
င်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရသော ညီငယ်က သူ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းဆန်စွာမကျေမနပ် ကလန်ကဆန်ပြုခဲ့တာလို့ပဲ ရိုးသား
ထင်ခဲ့သည်။

အခုမှ အဖြစ်မှန်ကိုသိရပြီး စစ် ဘာကြောင့်သူ့အပေါ်
ဂျစ်ကန်ကန် သူစိမ်းဆန်ဆန် ပြုမူပြောဆို ဆက်ဆံခဲ့ရ
လည်းဆိုတာ ထွန်းမြတ်ညို တစိမ့်စိမ့်တွေးရင်း စစ်ဘက်
အခြေအနေ၊ စစ် သဘောထားကို နားလည်သဘောပေါ
လာသည်။

ကိုယ့်ကို အလိမ်ခံလိုက်ရပြီဆိုတုန်းက ဒေါသစိတ်
ဝုန်းခနဲ ထပေါက်ကွဲပေမယ့် ထွန်းမြတ်ညိုကို လိမ်ညာခဲ့
တွေထဲမှာ မေမေကိုယ်တိုင်ပါနေတော့ အဖြစ်ယူဖို့ခက်သည်
စိတ်ကို အတတ်နိုင်ဆုံး ငြိမ်းအေးမှုရှိအောင် ကြိုးစားထိန်း
ပြီးမှ သွေးအေးအေးနှင့် ပြန်စဉ်းစားကြည့်မိတော့ စစ်မှာ အပြစ်
တာ သူ ပိုသိလာသည်။

မတတ်သာ၍ စစ်က ထွန်းမြတ်ညိုမျက်စိရှေ့ကို ရော
လာပေမယ့် ထွန်းမြတ်ညိုအနားက ဝေးနိုင်သမျှဝေးအော
ထွက်ပြေးဖို့ အချိန်တိုင်း ကြိုးစားနေတတ်သူဆိုတာ စတွေ့ တည်း
ထွန်းမြတ်ညို စစ် သဘောထားကို ရိပ်စားနားလည် ခဲ့သည်

စစ်ဘက်က အမှားမရှိ။





ဒါဖြင့် မှားသူက မည်သူနည်း။

ထွန်းမြတ်ညို မျက်လုံးထဲ စစ်အဖေ ဦးပိုက်တွေးပုံရိပ်က
ဖျတ်ခနဲ ရောက်လာ၏။

ဒီလူ လူလိမ်ပဲ။

ခံပြင်းဒေါသနှင့် သူ တွေးသည်။ တစ်ပြိုင်နက်တည်း
မှာပဲ သမီးတစ်ယောက်မှာထားသည့် ဖခင်တစ်ယောက်၏
မေတ္တာကို ပြေးမြင်သည်။ ဆင်းရဲနိမ့်ကျလွန်းသည့်ဘဝမှ ချမ်းသာ
ပြည့်စုံသည့်ဘဝကို မြင့်တင်ပေးလိုသည့် ဖခင်၊ အတွေးတိမ်တိမ်၊
ဉာဏ်အမြော်အမြင်နည်းနည်းနှင့် ပညာမဲ့လုပ်ရပ်ထဲမှာ အမေနှင့်
စစ်က ဓားစာခံဖြစ်ခဲ့ရပုံကို ပြန်တွေးရင်း ဘာဆက်လုပ်ရမှန်း
မသိအောင် ဖြစ်သွားသူက ထွန်းမြတ်ညို။

အချိန်ပြည့် အရက်မူးနေသူတစ်ယောက်ရဲ့ အတွေးအခေါ်
က ဒီလောက်ပဲရှိပေမယ့် အမြော်အမြင်ရှိသည့် စစ်က တစ်နေ့
ဒီလိုဖြစ်လာမှာ ကြိုသိထား၍ ထွန်းမြတ်ညိုဆီက ဘာတစ်ခုမှ
အခွင့်အရေးမယူခဲ့တာ အခုမှ ပိုသဘောပေါက်လာသည်။

သူ ဘာဝယ်ပေးပေး၊ ဘယ်လိုရတနာပစ္စည်းတွေပဲ
ဆင်ဆင်၊ အဖိုးတန် အသုံးအဆောင်ပစ္စည်းအားလုံး ဘာတစ်ခုမှ
မထိဘဲ သူ့နေရာနဲ့သူ အကန့်လိုက်၊ ဘူးလိုက်၊ အိတ်လိုက် အစီအရီ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဗီရိုထဲ ထည့်သိမ်းထားတတ်သည့် စစ်။

မဖြစ်မနေ မတတ်သာသည့်အဆုံးမှာ ထွန်းမြတ်ညို ဝယ်ပေးထားသည့် အသုံးအဆောင်ပစ္စည်းတွေ ခဏလူသုံးပေးတာကလည်း ထွန်းမြတ်ညို စိတ်ကျေနပ်သည်ဆိုရုံ အယောင်ပြပြီး ချက်ချင်းပြန်သိမ်းပစ်တာ သူမြင်သည်၊ တွေ့သည်။

စစ်နှင့် နောက်ထပ် ပြဿနာမဖြစ်ချင်တာနှင့် ဘာမှထပ်မပြောဖြစ်တာက သူ့ကြောင့် စစ် စိတ်ညစ်ပြီး သူ့အရိပ်ကထွက်သွားမှာစိုး၍ပါ။

အခု သူ ဘာဆက်လုပ်ရမည်နည်း။

"စစ်"

ထွန်းမြတ်ညို့နှုတ်ဖျားက စစ်အမည်ကို ခပ်တိုးတိုးခေါ်ကြည့်ရင်း လှပသော စစ်မျက်နှာလေးကို သူ စိုက်ကြည့်လိုက်သည်။ အစတည်းက စစ်ဆိုတာ ယောကျ်ားတန်မယ့် သိပ်ချောလွန်းလှလွန်းတာ။ နုနုဖပ်ဖပ်လေး ဖြစ်နေတာကို သတိထားမိပေမယ့် ယောကျ်ားတန်မယ့် မိန်းမချော ချောတာလောက်ပဲ တွေးမိသည်။

တကယ်လက်တွေ့ဘဝမှာ သိပ်လှသည့် မိန်းမချောလေး ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။ အခု သူ့မျက်စိရှေ့ အိပ်ရာထက်မှာ လှပသော မိန်းမချောလေး ကြောက်လန့်ပြီးဖျားနေသည်။





သူမဘဝနဲ့ ဘယ်လိုမှ သက်ဆိုင်ပတ်သက်ခြင်းမရှိသည့် ချောက်ချားတုန်လှုပ်စရာ အဖြစ်အပျက်တွေကြားမှာ သွေးပျက်သွားသည့် မိန်းမလှလေး။

"အား...အမယ်လေး"

"ဟော့"

"ကြောက်တယ်...ကြောက်တယ်"

ချွေးသီးချွေးပေါက်တွေနှင့် ထွန်းမြတ်ညို့ရင်ခွင်ထဲ အလန့်တကြား ပြေးဝင်လာသည့် စစ်ကိုယ်လေးကို ညင်သာစွာ သိမ်းမပွေ့ခင်မှာ စစ်လက်လေးတွေက ထွန်းမြတ်ညို့ကိုယ်ကို တင်းကျပ်စွာဖက်ထားသည့်အဖြစ်ကြောင့် သူ့ရင်ထဲ နွေးခနဲဖြစ်သွားသည်။

"စစ်"

"စစ်နားမှာ ကိုယ် ရှိတယ်၊ မကြောက်နဲ့နော်"

မရည်ရွယ်ဘဲ နူးညံ့သိမ်မွေ့မှုတွေနှင့် ကြင်နာယုယစွာ ပြောလိုက်မိတာ ဘာကြောင့်ဟု ထွန်းမြတ်ညို့ကိုယ်တိုင်လည်း မသိ။

"စစ်နောက်ကို လူဆိုးတွေ လိုက်သတ်နေတုန်းပဲ ကိုကို"

စစ်ထံမှ တုန်ရီတိုးအက်စွာ ထွက်ပေါ်လာသော ကိုကို ခေါ်သံလေးက ထွန်းမြတ်ညို့နားကို ဖြတ်ကျော်ပြီး နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



အထိ ဝင်ရောက်သွားၿ၏။

"စစ် ဘာမှမဖြစ်ဘူး အိပ်မက်ဆိုးတွေ မက်နေတာ လာ…စစ်နားမှာ ကိုကို စောင့်ပေးမယ်"

ထွန်းမြတ်ညိုက စစ်ကိုယ်လေးကို ထွေးပွေ့ပြီး အိပ်ရာထက် ညင်သာစွာ ပွေ့တင်ပေးလိုက်ပြီး စစ်ကိုယ်လေးပေါ် စောင်ပါးလေး ခြုံပေးလိုက်သည်။

"ကိုကို"

"ဗျာ"

"စစ်နားမှာပဲ နေနော်"

"ကောင်းပြီ"

နှစ်ခြိုက်စွာ ပြန်အိပ်ပျော်သွားသည့် စစ်မျက်နှာလေးကို သူ စိုက်ကြည့်လိုက်သည်။ စစ်က အခုအချိန်ထိ သူမဘာဝမှန်ကို ထွန်းမြတ်ညိုသိသွားတာ မသိ။

သူ သိကြောင်း စစ်ကို ဖွင့်ပြောရန် သင့်၊ မသင့် စဉ်းစားရင်း ဒရင်းဘတ်ပေါ် ကိုယ်ကို ပစ်လှဲချလိုက်၏။

■ ■ ■



## အခန်း (၁၂)

အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးလာတော့ အခန်းတစ်ခုလုံး ညအိပ်မီးအလင်းရောင် ဖြာလဲ့လဲ့မှတစ်ပါး တိတ်ဆိတ်နေသည့် အခန်းကို ဖျတ်ခနဲမျက်လုံးဝေ့အကြည့်မှာ စစ် ခုတင်ဘေးနားက ခုံမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသည့် ထွန်းမြတ်ညိုကို အလင်းပျပျမှာ တွေ့လိုက်ရသည်။

အဖျားက သိသာစွာ ကျသွားပေမယ့် လူက နုံးခွေကာ အားအင်ကုန်ခမ်းလျက်။ မျက်ဝန်းအစုံကို ညင်သာစွာပြန်လည် ေစ့ပိတ်ပြီး အိပ်ရာထက်မှာ ငြိမ်နေမိသည်။

ရင်ထဲမှာပူပြီး ရေအေးအေးသောက်ချင်စိတ် ဖြစ်လာ ပေမယ့် လူက နေရာက ရုတ်တရက်မထချင်။ အိပ်နေသူကို



www.burmeseclassic.com

www.burmeseclassic.com



နှီးပြီး ရေတစ်ခါလောက်တိုက်ပါဟု ပြောရအောင်ကလည်း မဖြစ်

စစ်ကြောင့် ဦးထွန်းမြတ်ညို စိတ်ရောလူရော ပင်ပန်းနေတာ စစ် သိသည်။ ဒီကြားထဲ သူ့လူယုံက ဦးထွန်းမြတ်ညို ပစ္စည်းတွေ အပိုင်စီးသွားရုံသာမက အသက်ကိုပင် အန္တရာယ်ပြုရက်ကြသူတွေ။

ငွေအကြောင်းတွေးမိတော့ စစ် တော်တော်ကြောက်သွားသည်။ ငွေကြေးဥစ္စာရလိုမှုအတွက် ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာတွေ ဆုံးရှုံးစွန့်လွှတ်လိုက်ကြပြီးနောက်မှာ ရာဇဝတ်မှုကျူးလွန်ဖို့အထိပါဖြစ်လာပုံကို ပြန်သတိရမိတော့ ကံကောင်း၍ အသက်မသေသော ကိုယ့်အဖြစ်ကို တော်တော်လေး ဝမ်းသာလိုက်ရသေးသည်။

ဦးထွန်းမြတ်ညိုကိုသာ စစ်နှင့်မှာ အတူပါမလာရင် ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ရေနက်ထဲမှာ စစ်အဖြစ်က တွေးပင်တွေးစရာမရှိ။ အမေသာ စစ်အကြောင်းတွေသိရင် ရင်ဘတ်ဖိနေမှာ သေချာသည်။

ဒီနေရာမှာ စစ် ဆက်မနေချင်တော့။ အသက်အန္တရာယ် ဘေးကင်းလုံခြုံသည့် ကိုယ့်အိမ်ကိုယ့်ရာမှာပဲ ပြန်နေတော့မည်။ အမေဆူလျှင်လည်း ခံလိုက်တော့မည်။ အမေ့သားကြီး ကိုယ်တိုင်





လည်း ကျန်းမာနေပြီဆိုတော့ သူနားမှာ စစ် ရှိနေစရာအကြောင်းမရှိ။

တစ်ဆက်တည်းမှာပဲ ဒီလောက်ချမ်းသာပြည့်စုံနေပါလျက် ဘာဖြစ်လို့ ကိုယ့်အသက်အန္တရာယ်ကို ထိခိုက်စေသည့် စီးပွားရေးကို ဘာကြောင့်များ လုပ်ချင်ရတာပါလိမ့်ဟု ဦးထွန်းမြတ်ညိုအကြောင်း မဆီမဆိုင် စဉ်းစားမိလိုက်သေးသည်။

သူ့နေရာမှာ စစ်ဆိုလျှင်တော့ အန္တရာယ်ရန်စွယ်ကြားက အလုပ်တွေ ဘာတစ်ခုမှ စိတ်ဝင်စားမိမှာမဟုတ်။ အခုတော့··

စစ်အတွေးက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားကာ ထွန်းမြတ်ညိုမျက်နှာကို မျက်လုံးဖွင့်ပြီး ဖျတ်ခနဲလှမ်းကြည့်လိုက်တော့ နှစ်ခြိုက်စွာအိပ်နေဆဲ။

ရင်ထဲက ပိုပူလာသည်။

ရေသောက်မှ ဖြစ်တော့မည်။ အရှုပ်အလဲ ဖျားနေတာ ဘယ်နရက်ရှိမှန်းမသိ။ ဒီကြားထဲ ချောက်ချားစရာ၊ ကြောက်စရာအိပ်မက်တွေကြားမှာ မနားတမ်း ပြေးလွှားနေရတာလည်း အကြိမ်ကြိမ်။

အိပ်ရာဘေး ကြိုးစားထပြီး စားပွဲပေါ်ရှိ ရေတကောင်း ရှိရာ လက်ကိုအလှမ်း··

''ဂုန်း''



www.burmeseclassic.com

www.burmeseclassic.com



“ခွမ်း”

“ဟာ…စစ်”

“အမယ်လေး”

စစ် မျက်ဝန်းထဲ ပြာခနဲဖြစ်သွားပြီး အရှိန်မထိန်းနိုင်ဘဲ ခုတင်ပေါ်က လဲပြိုအကျမှာပဲ စစ်လက်ထဲက ရေဖန်ခွက် ကလည်း ခွမ်းခနဲ ကျကွဲသည်။ တိတ်ဆိတ်သော အခန်းထဲ ဆူညံကျယ်လောင်စွာ ထွက်ပေါ်လာသောအသံကြောင့် အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာသူက ထွန်းမြတ်ညို။

သူ့မျက်စိရှေ့မှာပဲ စစ်ကိုယ်လေး ခုတင်ပေါ်က ပြုတ်ကျသွားတာ၊ ရေဖန်ခွက် ကျကွဲသံတွေကြောင့် ထွန်းမြတ်ညို အိပ်ရာမှ ဝုန်းခနဲ ခုန်ထပြီး စစ်ရှိရာအပြေးရောက်သွားသည်။

“စစ်…စစ်”

“ကိုကို”

စစ်ထံမှ တုံ့ပြန်ထူးသံ တိုးတိုးလေးအဆုံးမှာ လဲပြိုနေသော စစ် ကိုယ်လေးကို ထွန်းမြတ်ညို၏ နွေးထွေးသန်မာသောလက်အစုံက ဆွဲခနဲပွေ့ယူချီမပြီးဖြစ်သွား၏။

“ဘာဖြစ်လို့ တစ်ယောက်တည်း အိပ်ရာက ထရတာလဲ စစ်၊ ပြစမ်း…ဘာဖြစ်သွားသေးလဲ”





“ဟင့်အင်း…ဘာမှမဖြစ်ပါဘူး၊ ရင်ထဲက ပူပြီး ရေသောက်ချင်လို့ပါ”

“ဒီမှာ ခဏနေဦး”

ထွန်းမြတ်ညိုက စစ်ကိုယ်လေးကို ခုတင်ပေါ်ညင်သာစွာချပေးပြီး စစ်အတွက် ရေတစ်ခွက် ခပ်ယူလာကာ စစ်လက်ထဲ ထည့်ပေးသည်။

“သောက်လိုက်”

စစ် ရေသောက်နေချိန်မှာ သူက စစ်နဖူးလေးကို ဖျတ်ခနဲ လာထိသည်။

“တော်သေးတယ်၊ ကိုယ်ပူကျသွားလို့”

“တော်ပြီလား”

“ဟုတ်”

စစ်လက်ထဲက ရေခွက်ကိုယူပြီး စားပွဲပေါ်တင်သည်။ အိပ်ရာထဲ လှဲချလိုက်သည့် စစ်ကိုယ်လေးပေါ် ထွန်းမြတ်ညို ကိုယ်တိုင် စောင်ခြုံပေးလိုက်ချိန်မှာ စစ်မျက်ဝန်းအစုံက စေ့ပိတ်ထားပြီးဖြစ်သည်။

အိပ်ရာဘေးရှိ ကြမ်းပြင်မှာ ပြန့်ကျဲနေသည့် ဖန်ခွက်အကွဲအစတွေကို ထွန်းမြတ်ညိုကိုယ်တိုင် ရှင်းလင်းပြီးချိန်၊ စစ်က



www.burmeseclassic.com

www.burmeseclassic.com



အသက်မှန်မှန်ရှူလျက်. နှစ်မြိုက်စွာ ပြန်လည်အိပ်ပျော်သွားတာကိုကြည့်ပြီး ထွန်းမြတ်ညို ဆက်အိပ်လို့မရတော့။

အခန်းအပြင်ဘက်ထွက်ပြီး တစ်ယောက်တည်း ညအမှောင်ကိုငေးရင်း စီးကရက်သောက်နေမိသည်။ စစ် ဘဝမှန်ကို သိသွားပြီးနောက်မှာ စစ်ကို သူကိုယ်တိုင် ဘယ်လိုပုံစံနှင့် ပြုမူပြောဆို ဆက်ဆံရမလဲဆိုတာ တွေးစရာတွေ အများကြီးဖြစ်လာသည်။

စစ်မှာ မာနရှိတာ. သူ သိသည်။

ထွန်းမြတ်ညိုကသာ စစ်ဘဝမှန်ကို သိသွားပြီလို့ပြောကြည့်၊ စစ်က သူ့နားမှာ အချိန်တစ်နာရီ၊ တစ်စက္ကန့်ပင်နေမည်မဟုတ်။ သူ့ဘဝထဲက ချက်ချင်းထွက်သွားမှာ သေချာသည်။

ထွန်းမြတ်ညိုသဘောထားက စစ်ကို ထိုသို့မဖြစ်စေချင်။ လှပသော ရုပ်ရည်လေးနှင့်မလိုက်အောင် ပြင်းထန်စွာရုန်းကန်နေရသောဘဝမျိုးထဲ စစ်ကို ပြန်မသွားစေချင်တော့။ သူ့ မျက်စိရှေ့ သူ့အရိပ်မှာ စစ်ဘဝလေးကို နွေးထွေးလုံခြုံစွာ၊ လှပတင့်တယ်စွာ အပူအပင်ကင်းကင်း ငြိမ်းချမ်းပျော်ရွှင်စွာ ဖြတ်သန်းသွားစေချင်သည်။





ဒါ စစ်အဲပေါ်မှာထားသည့် ထွန်းမြတ်ညို စေတနာပါပေမယ့် စစ်ကတော့ သူ့စေတနာကို နားလည်မှာမဟုတ်။ ဘဝအမှန်ကို ထွန်းမြတ်ညို သိသွားပြီးနောက်မှ သူ့မကို ယ်အရောက်မှ တားဆီး၍ရမည်မဟုတ်။

မြတ်ရတနာခြံကြီးနှင့် ထွန်းမြတ်ညိုကို ထာဝရစွန့်ခွာ နိုင်းသွားမှာ သူ သိနေသည်။

စစ်ကို ဒီလိုမဖြစ်စေချင်ရင် ထွန်းမြတ်ညိုဘက်က တစ်ခု ဘာ့ ဆုံးဖြတ်ရမည်။ သူ့ဘာကို ဆုံးဖြတ်ရမည်နည်း။ ထွန်းမြတ် ညိုအာရုံထဲ အတွေးတွေ တစ်ခုပြီးတစ်ခု ဝင်လာသည်။ အထူးသဖြင့် နှင့်သူ ပတ်သက်ခဲ့သည့် အချိန်တွေမှာ စစ်ဘက်က သူ့အပေါ် ငြိမ်းပြင်ပြင် ခါးခါးသီးသီး ဆတ်ဆတ်ထိမခံ ပြုမူပြောဆို ဆက်ဆံခဲ့ပုံတွေ ပြန်သတိရတော့ ထွန်းမြတ်ညိုနှုတ်ခမ်းမှာ ပြုံးသဲ့သဲ့ဖြစ်လာ၏။

စစ်က သူ့အကြောင်းနှင့်သူဆိုတာ အဲဒီအချိန်တုန်းက ထွန်းမြတ်ညိုလည်း မသိ။ ထွန်းမြတ်ညိုသိအောင်လည်း စစ် ဘက်က ဖွင့်ပြောခွင့်မရှိသည့်ဘဝဆိုတော့ စစ်ခမျာ တစ်ဖက် ဖိအားအတင်းပေးနေသည့် အဖေနှင့် အမေကြားမှာ ထွန်းမြတ်ညိုကို ရန်သူကြီးတစ်ယောက်လို ထင်ခဲ့တာ စစ် အပြစ်မဟု



www.burmeseclassic.com

www.burmeseclassic.com



မဆိုသာ။

ထွန်းမြတ်ညိုကိုယ်တိုင်ကလည်း စစ်ကို သူ့ညီလေး ထင်ပြီး စစ် သဘောမပါဘဲ သူ့သဘောနှင့်သူ မြတ်ရတ ခြံကြီးထဲ ခေါ်လာခဲ့တာဆိုတော့ အတွေးတစ်ပိုင်းတစ်စအဆုံး သူ သက်ပြင်းချလိုက်၏။

အမေကိုယ်တိုင် စစ်ကို သိပ်ချစ်တာ ထွန်းမြတ်ညိ သိထားသည်။ မိသားစုဘဝလေးရတာ ဘာမှမကြာသေး ပြန်လည်ပြိုကွဲရဦးမည်ဆိုလျှင် ဘာတွေဆက်ဖြစ်လာမည်နည်း သားကြီးဖြစ်သူ ထွန်းမြတ်ညိုကို အမေချစ်တာမှန်ပေမယ့် သူ့ဘဝ ဘာတစ်ခုမှ ပူပင်စရာမရှိအောင် အသက်အရွယ်၊ အနေအထ ဉစ္စာပစ္စည်းကအစ စီးပွားရေးလုပ်ငန်းအဆုံး ဘာဆိုဘာတစ်ခု လှည့်ကြည့်စရာမရှိ။ စစ်ဘဝကျတော့ ဘာတစ်ခုမှ မျက်နှာ နေ၍ မရသောဘဝ။

စစ်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ကြစတမ်းဆို အမေ ထွန်းမြတ်ညိုဘက်မှာ နေမှာမဟုတ်။ စစ်ဘက်ကသာ မ မတ်မတ်ရပ်တည်မှာ သေချာသည်။ ထွန်းမြတ်ညိုက အ နှင့်လည်းနေချင်သည်။ စစ်ကိုလည်း ဒုက္ခရောက်မှာ မကြည့်ရ

မိသားစုဘဝလေး မပြိုကွဲအောင် သူ့ဘက်က စီ





ဆုံးဖြတ်ရန် တစ်နည်းပဲရှိသည်။ ဒါ့အပြင် တခြားမရှိ။ မနက် င်းတာနှင့် ထွန်းမြတ်ညို သူ့ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော်သည်။

"ဟဲလို"

"အမေလား"

"သြော်...သားကြီး၊ ဘာပြောစရာရှိလို့လဲ၊ ပြောလေ"

အမေ့အသံထဲမှာ စိုးရိမ်ခြင်းတို့ ပျော်ဝင်နေတာ သူ သိသည်။

"စစ်ကိစ္စကို ကျွန်တော် ဖွင့်မပြောခဲ့ဘူးလို့ပဲ သဘော ထားလိုက်ပါ"

"ဘယ်လို သားကြီး"

"စစ် ဘယ်သူဖြစ်ဖြစ် ကျွန်တော့်မိသားစု၊ အမေ့သား သမီးလို့ပဲ သတ်မှတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်သိထားတဲ့ စစ်ဘဝအကြောင်းကို စစ်ကို အမေ ဘာမှမပြောလိုက်ပါနဲ့၊ မြတ်ရတနာအိမ်ကြီးမှာ အရင်ပုံစံအတိုင်း မိသားစုဘဝနဲ့ပဲ ကျွန်တော် နေချင်တယ်"

"အမေ ဝမ်းသာလိုက်တာ သားကြီးရယ်၊ စိတ်ချပါ ကွယ်၊ သားက မပြောနဲ့ဆိုရင် အမေက ပိုတောင်ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိုးမှာပါကွယ်"

"စစ်ကို အမေချစ်တယ် သား"

"ကျွန်တော် သိပါတယ် အမေ"

"သားရယ်"

အမေနဲ့ ဖုန်းပြောအပြီးမှာ ထွန်းမြတ်ညိုရင်ထဲ လေး

နေသမျှ ပေါ့သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ်၊ စစ်ကို သွ

တစ်နည်းနည်းဖြင့် လက်ခံထားရုံမှတစ်ပါး တခြားမရှိ။

ဒီကြားထဲ စစ် အဖျားပျောက်သွား၍ ကျန်းမာရေး

အနေက စိတ်ချလို့ရသွားသည်။ နာလန်ထလူမမာကို မြ

တာဝန်က ဦးနက်ကျော်တာဝန်ဖြစ်ပေမယ့် ထွန်းမြတ်ညို ကိုယ်

က ပါချင်နေတော့ စစ်အတွက် အစားအသောက် အနေအထိုင်

ကိုယ်တိုင် ဂရုစိုက်ဖြစ်သည်။

"ဟိတ်…ဘာလို့ ယန်းပင်တွေ ရေလောင်းနေရတာ

ပြန်များချင်လို့လား"

"သိပါတယ်ဗျာ၊ ရေမစိုစေရပါဘူး၊ ပျင်းလို့ပါ"

"ပျင်းရင် တီဗီသွားကြည့်နေ၊ ပေးစမ်း…ဒီရေပုံး

ပြောပြောဆိုဆို စစ်လက်ထဲက ရေပိုက်ကို ဆွဲယူ

သွားသိမ်းလိုက်သူက ထွန်းမြတ်ညိုဖြစ်နေ၍ စစ် မျက်နှာ





သွားသည်။ အခုတလော ဘာဖြစ်နေမှန်းကိုမသိ။ စစ် ကိုပဲ နေရာတကာ လိုက်ကြည့်နေသလားထင်ရအောင် စစ် ဘာလုပ်လုပ်၊ စစ်အနားကို ဘယ်နေရာကမှန်းမသိ၊ ဖျိုးခနဲ ဖျတ်ခနဲ ရောက် ရောက်လာကာ စစ်ကို အမြဲဆရာကြီးလုပ်နေတတ်၍ ထွန်းမြတ် ညိုကို စစ်စိတ်ထဲ သိပ်မကျေနပ်။

နာလန်ထစ ရောက်သီးသုပ်စားတာ၊ လက်ဖက်သုပ် ချဉ်ငန်စပ်စားတာ၊ ရေချိုးတာကအစ အချိန်အကြာကြီးမချိုးဖို့၊ အချဉ်အစပ်တွေ အများကြီးမစားဖို့ တစ်မျိုးပြီးတစ်မျိုး လိုက် ပိတ်ပင်တာကို မုန်းလာသည်။

"သွားလေ၊ ဒီမှာ လေစိမ်းတွေ တိုက်နေတာ မသိဘူး လား၊ သွား…အိမ်ထဲမှာနေ"

ထွန်းမြတ်ညိုမျက်နှာက ခပ်တည်တည်။ စစ်ကို တစ်ချက် မကြည့်ဘဲ သူပြောချင်ရာပြောနေ၍ စစ် ဒေါသဖြစ်ဖြစ်နှင့် မျက်စောင်းတစ်ချက် လှမ်းအထိုးမှာပဲ တိုက်တိုက်ဆိုင်ဆိုင် သူက စစ်ဘက်ကို ဖျတ်ခနဲလှည့်ကြည့်တာနှင့် တည့်တည့်ဆုံသွား၏။

"ဟင်"

"အို"

စစ်ထံမှ ထင်မှတ်မထားသည့် ချစ်စရာအပြုအမူကြော



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြတ်ညို၏ရင်ထဲ နွေးခနဲဖြစ်သွားချိန်မှာ စစ်ကလည်း မိန်းမဆန်သော သူ့မအပြုအမူကို လှမ်းသွား၍ အနေရခက်ကာ မျက်နှာလှလှလေး ပန်းသွေးရောင်တောက်သွားကာ နေရာက ချာခနဲလှည့်ပြေးဖို့လျက်သား ဖြစ်သွားသည်။

"အဟွန်း…ဟွန်း…ဟွန်း"

ထွန်းမြတ်ညိုက အခုမှ စစ် အလှအပကိုရော၊ ချစ်စရာကောင်းသည့် စစ် အပြုအမူလေးများကိုပါ တစ်နေ့တခြား ပို၍သတိထားမိလာတာနှင့်အမျှ စစ် ဘာလုပ်လုပ် သူ့အတွက်သဘောကျစရာ၊ ရင်ခုန်စရာ ဖြစ်နေခြင်းကိုတွေးပြီး ရင်တသိမ့်သိမ့်ခုန်နေမိတာကိုပဲ ကိုယ့်ဘာသာကိုယ် သဘောကျနေမိ၏။

"ဟိတ်ကောင်…စစ်"

"ဗျာ"

နောက်က ခေါ်သံကြောင့် စစ်ပြေးနေရာက ရပ်၍နောက်ကို အသာလေးငဲ့ပြီး ထူးလိုက်တော့ သူ့ကို ခပ်ပြုံးပြုံးကြည့်နေသည့် ထွန်းမြတ်ညို၏ အပြုံးမျက်နှာနှင့်ဆုံမိတော့လိပ်ပြာမလုံဖြစ်သွား၏။

"ယောကျ်ားဆိုတာ မျက်စောင်းမထိုးရဘူးကွ၊ မင်းယောကျ်ားမဟုတ်ဘူးလား"





"ကိုကိုက စစ်ကို အခြောက်ထင်နေလို့လား"

တစ်ခွန်းမခံ ပြန်ပြောနေကျနှုတ်ခမ်းက ချက်ချင်းပြန်စွာလိုက်ရတာက စစ်ဆိုတာ မိန်းမသားတစ်ယောက်ပါလို့ ထွန်းမြတ်ညိုသိသွားမှာ စိုးရိမ်စိတ်နှင့်ပါ။

"ထင်တော့ ထင်ချင်သားပဲ၊ ဒါပေမဲ့ မင်းဘာကောင်ဆိုတာ မင်းကိုယ်မင်း သိမှာပေါ့"

"သိတယ်ဗျ…သိတယ်၊ စစ်ဆိုတာ…"

"စစ်ရေ…ဒီမှာ စစ်အမေဆီက ဖုန်းလာနေတယ်"

"လာပြီ ဦးနက်ကျော်"

ထွန်းမြတ်ညိုကို စစ် ဆက်ပြီး ရန်တွေ့စကားမဆိုနိုင်ဘဲကလေးတစ်ယောက်လို အမေ့အသံကြားတာနှင့် မြူးကြွစွာထွန်းမြတ်ညိုကိုမေ့ပြီး ထွက်သွားပုံကိုကြည့်ကာ ချစ်ခြင်း၊ မြတ်နိုးခြင်းဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိသူက ထွန်း မြတ်ညို။

မင်းတော်တော် ဒုပါလား ထွန်းမြတ်ညို၊ အစကတည်းကစစ် ဘာဆိုတာ မင်း အစောကြီးတည်းက ကြိုသဘောပေါက်ထားခဲ့ရမှာ…။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဆေးရုံခုတင်ထက်မှ အဖေကိုကြည့်ပြီး မျက်ရည်မဆည်
နိုင်အောင် ဖြစ်နေရသူက စစ်။ အဖေ့တစ်ကိုယ်လုံးမှာ ပိုက်တွေ
ရှုပ်ထွေးနေရုံမက အောက်စီဂျင်ပိုက်နှင့် အသက်ရှူနေရသည့် အဖေ
အမေက စစ်အဖေ ရုတ်တရက်မူးလဲပြီး သတိလစ်သွား
လို့ ဆေးရုံတင်လိုက်သည်ဆိုတာနှင့် အဖေ့ဆီကို ချက်ချင်းပြန်လာ
ခဲ့ကြခြင်းဖြစ်သည်။ အဖေက လုံးဝသတိမရတာ နှစ်ရက်ရှိ
ဆိုတော့ အခြေအနေက စိုးရိမ်ရသည့်အနေအထားမှာ ကြောက်စ
ကောင်းအောင် စစ်ရင်ထဲ တုန်လှုပ်ချောက်ချားမှုတွေနှင့် ပြည့်
နေသည်။

တစ်လောကလုံးပြေးကြည့်မှ စစ်မှာ ဆွေမျိုးရင်းချာရ





လို့ ဒီအဖေနဲ့ ဒီသမီးပဲရှိသည်။ အဖေသာမရှိရင် စစ် ဘာလုပ်
ရမည်နည်း။ ထွန်းမြတ်ညိုတို့ သားအမိက စစ်နားမှာပဲ တစ်ချိန်လုံး
စောင့်ပေးနေကြသည်။

လူမမာကို စိုးရိမ်တာထက် ထွန်းမြတ်ညိုက စစ်တစ်ခုခု
ဖြစ်သွားမှာ ပို၍စိုးရိမ်နေတာ သူ့ကိုယ်သူပဲသိသည်။ အကောင်းဆုံး၊
အတော်ဆုံးသမားတော်တွေနှင့် ဦးပိုက်ထွေးကို ကုသပေးပေမယ့်
မရ။ လေးရက်မြောက်နေ့မှာ ဦးပိုက်ထွေး ဆုံးသွားသည်။

"အဖေ"

"စစ်"

စစ်က ဘာတစ်ခွန်းမှ မအော်နိုင်။ အဖေတစ်ခွန်းပဲ တ,တာ
ထွန်းမြတ်ညိုရင်ခွင်ထဲ တစ်ခါတည်း သတိလစ် မေ့မြောသွားပုံ
လေးက သနားစရာ။

"စစ်လေးရယ်"

ဒေါ်ထားညိုက စစ်အဖြစ်ကို မကြည့်ရက်။ ကိုယ်ကိုယ်
တိုင်လည်း ဦးပိုက်ထွေးအဖြစ်အတွက် ကြေကွဲဝမ်းနည်းမှုတွေနှင့်
သူ မသေဆုံးခင်က ဒေါ်ထားညိုထံမှာ ပြန်လည်အပ်နှံသွားသည့်
ရွှေနေကြီးဦးတိုင်းကျော်ကတစ်ဆင့် ပေးခဲ့သော ထွန်းမြတ်ညိုငွေ
အားလုံး ပေးထားခဲ့တုန်းကအတိုင်း ဘာတစ်ခုမှမသုံးစွဲဘဲ ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

"ထားညိုရယ်…လောကကြီးမှာ ငွေမရှိလို့ နိမ့်ကျသိမ်ငယ်ရတာ မှန်ပေမယ့် စိတ်တော့မဆင်းရဲခဲ့ရဘူး၊ မိသားစု အတူ ပျော်ပျော်ရွှင်ရွှင်နေရတယ်၊ ငွေထုပ်ပိုက်ပြီးမှ သားတစ်ကွဲ မယားတစ်ကွဲ အချိန်ပြည့် စိတ်ဆင်းရဲနေရတာက အတော်ဆိုးတာပဲဟာ"

"ရော့…ဒီငွေတွေ မင်းပဲ မင်းသားကို ပြန်ပေးလိုက်တော့"

ငွေထုပ်ပေးပြီး ဦးပိုက်ထွေး ပြန်သွားခဲ့တာ နောက်ဆုံးပါ။ နောက်ထပ် ဦးပိုက်ထွေးကို ဒေါ်ထားညို ပြန်မတွေ့ရတော့သလို စစ်လည်း သူ့အဖေကို ပြန်တွေ့ခွင့်မရတော့။ ဦးပိုက်ထွေး ရက်လည်သည့်နေ့မှာ ငွေအားလုံးကို ထွန်းမြတ်ညိုလက်ထဲ ဒေါ်ထားညိုကိုယ်တိုင် ပြန်အပ်လိုက်သည်။

"စစ်ကို အမေ နောက်မှ ဖွင့်ပြောလိုက်မယ် သား၊ အခု သွားပြောလိုက်ရင် သူ့အဖေအတွက် စစ် ပိုပြီးခံစားနေရမှာ စိုးလို့ပါကွယ်"

"ဒါကလည်း တစ်ပိုင်းပေါ့ မေမေ၊ ဒါပေမဲ့ ဒီငွေတွေက ကျွန်တော်နဲ့မဆိုင်ဘူး၊ စစ်အဖေရဲ့ငွေတွေ၊ ကျွန်တော့်ကို ပေးမယ့်အစား စစ်ကိုပဲ ပေးလိုက်ပါလားဗျာ"





"စစ်အကြောင်းလည်း သားလည်း သိရက်နဲ့ကွယ်၊ စစ်ရှေ့မှာ ငွေအကြောင်း ဘာတစ်ခုမှမပြောလိုက်ပါနဲ့၊ တော်ကြာ စစ်လေးကိုပါ အမေ ဆုံးရှုံးလိုက်ရမှာစိုးရိမ်လွန်းလို့ပါ သားရယ်"

ထွန်းမြတ်ညိုကလည်း သူ အပြည့်ပေးပြီးသား ပိုက်ဆံကို လက်မခံ။ နောက်ဆုံး ဒေါ်ထားညိုကပဲ ဦးပိုက်ထွေး ကျန်ခဲ့သည့်ငွေတွေကို သိမ်းထားလိုက်ရသည်။

စစ်ကတော့ ထိုအကြောင်းတွေ ဘာတစ်ခုမှမသိ။ အဖေ မရှိတော့ဘူးဆိုတည်းက စစ်ဘဝကြီးတစ်ခုလုံး အကျည်းတန် အရုပ်ဆိုးသွားသည်။

စစ်ကို ခွင့်လွှတ်ပါ အဖေရယ်။

သမီးဖြစ်သူဘဝ ကောင်းစားဖို့ကလွဲပြီး အမှားအမှန် မခွဲခြားနိုင်သည့်အဖေ။ အဖေကြောင့် ဦးထွန်းမြတ်ညိုနှင့် လုံးဝ မပတ်သက်ချင်ဘဲ ပတ်သက်ခဲ့ရသော စစ်။ အခု အဖေမရှိတော့ အဖေ ဖြစ်စေချင်တာတွေလည်း ပြီးဆုံးသွားပြီ ဟုဆိုရမည်။

ဦးထွန်းမြတ်ညိုကို ဘာအတွက်နှင့်မှ စစ်ဘက်က ဆက်လိမ်နေစရာအကြောင်းမရှိတော့။ စစ် ဘယ်သူဘယ်ဝါဆိုတာ အမှန်အတိုင်းဖွင့်ပြောပြီး စစ်ဘဝမှန်၊ နေရာမှန်ကိုပဲ ပြန်သွားတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ရိပ်သာဝင်ချင်တယ် စစ်"

"ဗျာ"

"ဟုတ်တယ်…စစ်၊ အမေမရှိတဲ့အချိန် အိမ်မှာ အမေ့သားကြီးနဲ့ နေပါ့မယ်လို့ အမေ့ကို ကတိပေးပါလားကွယ်"

"စစ် ခေါင်းညိတ်မှ ဘုရားအလုပ်ကို အမေ စိတ်ချလက်ချ လုပ်နိုင်မှာပါ"

အမေ့မျက်နှာကိုကြည့်လိုက်တော့ မှုန်မှိုင်းရီဝေနေသည့် အမေ့မျက်ဝန်းမှုန်မှုန်က အမေ့ရင်ထဲက ခံစားချက်တွေကို ဖော်ပြနေ၍ အမေ့ဆန္ဒကို စစ် မငြင်းရက်အောင်ဖြစ်သွားသည်။

ဒါပေမဲ့ စစ် ဘယ်သူ့ဆိုတာ ဦးထွန်းမြတ်ညိုကို ဝန်ခံလိုက်ရတော့ရှိနေသည်။ စစ်ဟာ သူထင်သလို သူ့ညီမဟုတ်ဘဲ ဘာမှသွေးသားမတော်စပ်သည့် သူစိမ်းမိန်းကလေးတစ် ယောက်လို့ သိသွားရင် ဦးထွန်းမြတ်ညိုဘက်က ဘယ်လို တုံ့ပြန်မှာပါလိမ့်။

ရက်စက် ရင့်သီးမှုတွေနဲ့ စစ်ကို လူလိမ်လူညာမလေး အဖြစ် ကြည့်မရအောင် မုန်းမှာက သေချာနေတာ စစ် သိ သည်။ ဦးထွန်းမြတ်ညိုဆိုသည့် အမေ့သားက အမေ့လို လူရိုး၊ လူဖြောင့်ဆိုတာ စစ် သိသည်။

"စစ်"





"ပြောပါ…အမေ"

"အမေတောင်းတဲ့ကတိကို မပေးနိုင်ဘူးလား"

"စစ် အမေတောင်းတဲ့ကတိကို ပေးနိုင်ပါတယ်၊ ပြီးတော့ စစ်ဘဝအမှန်ကိုလည်း…"

"အခုလောလောဆယ် သားကြီးစိတ်ထဲမှာ အမေကိုယ်တိုင် ဝိုင်းပြီး လိမ်ညာရက်တယ်လို့ ထင်သွားရင်…"

"စစ် နားလည်ပါပြီ၊ အမေ ရိပ်သာကို စိတ်ဖြောင့်ဖြောင့်သွားပါ၊ အမေ ပြန်လာမှပဲ ဒီကိစ္စ အမေနဲ့ ထပ်တိုင်ဝင်ပြီး ပြောပါ့မယ်"

"သာဓုပါ စစ်ရယ်၊ အခုချိန်မှာ အမေ ဘုရားတရား ရိပ်သာမှာပဲ နေချင်တယ်၊ အမေ့ရင်ထဲက သောကအပူမီးတွေကို ငြိမ်းနိုင်တာလည်း ဒီတစ်နည်းပဲရှိတယ်မဟုတ်လားကွယ်"

အမေက စစ်ထံမှ ကတိစကားအထပ်ထပ် တောင်းပြီး ဘုရားရိပ်သာ ဝင်သွားသည်။ အမေ့ကို စစ်နှင့် ထွန်းမြတ်ညိုတို့ လိုက်ပို့ပြီးနောက်မှာ တစ်အိမ်လုံး တိတ်ဆိတ်သွားသလိုထင်ရသည်။

အထူးသဖြင့် စစ်က ဘယ်ကိုမှမသွား။

ထွန်းမြတ်ညိုနှင့်လည်း မေးထူးခေါ်ပြောရုံမှလွဲ၍ ဘယ်သူနဲ့မှလည်း စကားမပြော။ ကျန်သည့်အချိန် သူမအခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ချည်း အချိန်ကုန်နေ၍ ကြာတော့ ထွန်းမြတ်ညိုကိုယ်တိုင် မနေတတ် မထိုင်တတ် ဖြစ်လာ၏။ စစ်အတွက် စိုးရိမ်စိတ်ပူလာသည်။ စစ်ကို ဒီလိုတစ်ယောက်တည်း ထား၍မဖြစ်။ စစ်က သူ့အဖေစိတ်နှင့် ကြိတ်ခံစားနေရမှန်းသိ၍ သူ့ဘက်က တစ်ခုခုလုပ်မှဖြစ်တော့မည်။

အတွေးစိတ်ဖြင့် စစ်အခန်းရှေ့မှာ ထွန်းမြတ်ညို ရပ်လိုက်သည်။

"ဒေါက်...ဒေါက်"

"စစ်...အိပ်နေလား"

"လာပြီ"

တုံ့ပြန်သံအဆုံးမှာ ကျွီခနဲ အခန်းတံခါးပွင့်လာပြီး လှပသော စစ်မျက်နှာနုနုလေး ဘွားခနဲပေါ်လာ၏။ မျက်နှာလေး နွမ်းနေပေမယ့် လှသည်။ အထူးသဖြင့် အပြစ်ကင်းစင်ရိုးသားသည့် စစ်မျက်လုံးဝိုင်းကြီးတွေက ထွန်းမြတ်ညို့နှလုံးသားကို နွေးထွေးလှုပ်ခတ်သွားအောင် ညှို့ယူဖမ်းစားနိုင်လွန်းသည်။

"ဘာလုပ်နေတာလဲ စစ်"

"အိပ်နေတာ"

လှပသော စစ်မျက်နှာလေးကို သူ စိုက်ကြည့်လိုက်သည်။ စစ်က သူ့ကို မကြည့်။ မျက်နှာမှုန်မှုန်နှင့် အကြည့်ကို





လွှဲထား၍ လှပသောစစ်မျက်နှာပေါ်က အစိတ်အပိုင်းအားလုံး ထွန်းမြတ်ညိုစိတ်ကြိုက် ကြည့်ခွင့်ရသွားသည်။

သွေးရောင်လွှမ်းနေသော နီရဲပြည့်တင်းသည့် စစ်နှုတ်ခမ်းလှလှလေးမှာ ထွန်းမြတ်ညိုအကြည့်က နက်ရှိုင်းစွာ အဆုံးသတ်သွားပြီးမှ ဖျတ်ခနဲအကြည့်ကို လွှဲလိုက်သည်။

ဒီလိုပုံစံနဲ့ မင်း ဘယ်အချိန်အထိ နေမှာလဲဆိုသည့်စကားကို ထွန်းမြတ်ညိုစိတ်ထဲကပဲ ဆိုလိုက်သေးမယ့် အပြင်မှာတော့ မျက်နှာထားခပ်တည်တည်နှင့် သူ ဖြစ်ချင်တာကိုပဲ ပြောလိုက်သည်။

"ရေချိုးပြီး အဝတ်လဲခဲ့၊ အလုပ်ကိစ္စနဲ့ အပြင်သွားစရာရှိတယ်"

ထွန်းမြတ်ညို့စကားအဆုံးမှ စစ် အကြည့်စူးလေးတွေ သူ့ထံ ဖျတ်ခနဲရောက်လာ၏။ အကြည့်ချင်းအဆုံမှာ စစ်ရင်ထဲ တစ်မျိုးကြီးဖြစ်သွားပေမယ့် ဘာဖြစ်မှန်းမသိဘဲ ချက်ချင်း အကြည့်လွှဲလိုက်သည်။

"စစ် မလိုက်ချင်ဘူး"

"မလိုက်လို့မရဘူး စစ်၊ ငါ့မှာ အဖော်မရှိလို့ မင်းကို အပါခေါ်နေရတာ၊ ရေချိုးပြီးရင် ဆင်းခဲ့၊ အောက်ထပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမယ်''

စစ်ကို ပြောချင်ရာပြောပြီး နေရာကချာခနဲလှည့်ထွ
သွားသည့် ထွန်းမြတ်ညိုကျောပြင်ကို ကြည့်ရင်း စစ် နှုတ်ခ
လေး စူထော်သွားသည်။

လူကို အမိန့်ပေးနေလိုက်တာ။

သူ့စိတ် သူ့သဘောချည်းပဲ။

စစ် မလိုက်ချင်ဘူးဆိုတာလည်း မရဘူး။

လူကြီးကိုက မုန်းစရာ။

ဝုန်းခနဲ အခန်းတံခါးကို မကျေမနပ် ဆောင့်ပိတ်ပစ်လို
တာ စစ်ရင်ထဲကဆန္ဒကို ပြခြင်းဖြစ်၍ နောင်တမရပေမ
ဝုန်းခနဲအသံမြည်အောင် ဆွဲပိတ်သွားသည့် စစ် အပြုအမူအတွ
သဘောတကျ ကျေကျေနပ်နပ် ပြုံးဖြစ်သူက ထွန်းမြတ်ညို။

သူ လိုချင်တာ ဒါပဲလေ။

အခု သူဖြစ်ချင်သည့်အတိုင်း ကွက်တိဖြစ်လာ၍
အပေါ် အောင်နိုင်သူအဖြစ် ချိုမြစွာပြုံးလိုက်သည်။ စစ်စိတ်
သူ သိသည်။ စစ်ဆိုတာ ချော့ချော့မော့မော့ ပြောဆိုနေ၍ မရသေ
ဂျစ်ကန်ကန် မိန်းမလေးတစ်ယောက်။

ပြီးတော့ ထွန်းမြတ်ညိုကို စတွေ့တည်းက တစ်





ကြည့်မရအောင် မကျေမနပ် အမုန်းကြီးမုန်းနေသူ။ ဒါကလည်း သူမဘဝကို သူမ သိထားသူအဖြစ် သူ့အပေါ်ရန်လိုခြင်းအဖြစ် ကိုလည်း အပြစ်တင်နေ၍မဖြစ်။

အတွေးမဆုံးခင် အဖြူရောင်အရိပ်လေးက ထွန်းမြတ်ညို မျက်ဝန်းထောင့်ထဲ ဖျတ်ခနဲဝင်လာ၏။

''အဆင်သင့်ဖြစ်ရင် သွားမယ်''

''ဘယ်ကိုသွားမှာလဲဗျ''

''ရောက်တော့ သိမှာပေါ့၊ ကားပေါ်တက်''

စစ်က သူ မေးတာကိုမဖြေဘဲ ခပ်တည်တည်မျက်နှာ ခပ်ပြတ်ပြတ်လေသံနှင့် ကားသော့ဆွဲပြီး သူမရှေ့ကခြေလှမ်း ကျဲကြီးတွေနှင့် ဦးဆောင်လျှောက်သွားသူနောက် မကျေမနပ် လိုက်ခဲ့ရသည်။

စစ်သဘော စစ်ဆန္ဒအတိုင်းဆို စစ် ဘာကောင်ဆိုတာ အစောကြီးတည်းက ဖွင့်ပြောပြီးနေမှာဖြစ်ပေမယ့် အမေ့ကို ငဲ့နေရ တာနှင့် စစ် ဖြစ်ချင်တိုင်းဖြစ်ခွင့်မရဘဲ ထွန်းမြတ်ညို ကားပေါ် တက်လိုက်ရသည်။

ကားက ဝေါခနဲ ပြေးထွက်သွားသည်။

ဘယ်သူမှ စကားမဆိုမိ။ စစ်က မျက်စိတည်ရှာငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း လိုက်ပါလာသလို ထွန်းမြတ်ညိုက စစ်အလစ်မှာ စစ်မျက်နှာလှလှလေးကို ချစ်မြတ်နိုးစိတ်ဖြင့် မကြာခဏ ခိုးခိုးကြည့် ဖြစ်သည်။

ဆံပင်နက်ဖွာဖွာဒီဇိုင်း၊ ကပိုကရို အင်္ကျီဘောင်းဘီနှ ပေမယ့် စစ်အသွင်လေးက ရှင်းသန့်နုဖပ်လျက် ဘာတစ်ခု မလိမ်းမခြယ်ဘဲ ဝင်းမွတ်စွာ လှချင်တိုင်းလှနေတာကိုပဲ အံ့သြနေမိသည်။

စစ်ကိုသာ မိန်းမသားပီပီ အပြင်အဆင် အခြယ်အသ နှင့်သာ တွေ့ရမည်ဆိုလျှင် ဘယ်လောက်များ ရင်ခုန်စိတ်လှု ရှားရမည်မသိ။ သူ့ကိုယ်သူလည်း အံ့သြသည်။ စစ်ဆိုတ စတွေ့တည်းက သူ့အပေါ် ဘာတစ်ခုမှ မချိုသာ။ ခပ်ရိုင်းရိုင ဂျစ်ကန်ကန်နှင့် သူ့လိုလူကို အဖက်မတန်သလို ပြုမူပြော ဆက်ဆံခဲ့တာကိုသိရက်နဲ့ စစ်လို ဘာကိုမှဂရုမစိုက်၊ မဝင်စားသည့် မိန်းမလှလေးကိုမှ ထွန်းမြတ်ညိုရင်ထဲ နက်ရှိုင တွေနှင့် ချစ်မှန်းမသိ ချစ်မိသွားရတာ ဘာကြောင့်များပါလိ

တစ်ခုတော့ ကံကောင်းသည်။ စစ်မှာ အခုချိန်ထိ ချ ရည်းစားမရှိ။ စစ်ဘဝမှာ ထွန်းမြတ်ညိုဆိုသည့်သူက အချစ် အတွေးဖြင့် ကျေနပ်စွာ သူ့နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ထင်လာ





ကားကို ဟိုတယ်ထဲ ချိုးကွေ့ဝင်လိုက်တော့ စစ်က လှပသော မျက်လုံးဝိုင်းကြီးတွေနှင့် သူ့ကို ဖျတ်ခနဲလှမ်း ကြည့်သည်။ ဘာလဲဆိုသည့် သဘော။

"ကဲ…ဆင်း"

ပြောပြောဆိုဆို လူကိုယ်တိုင်လည်း ကားကို ပါကင် နေရာမှာရပ်ပြီး ဆင်းသွား၍ စစ်လည်း သူနှင့်အတူ ဘုမသိ ဘမသိ လိုက်ဆင်းရင်း ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ စစ် တစ်သက် ဒီလိုနေရာ တစ်ခါမှမလာဘူး။ လာရန်လည်း အကြောင်းမရှိ။

ထွန်းမြတ်ညိုက စစ်ကို လှည့်မကြည့်ဘဲ လျှောက်သွား၍ သူ့နောက်က စစ် လိုက်ခဲ့သည်။ လှပခမ်းနားသည့် ဟိုတယ် ကြီးထဲ စစ်က အခုမှရောက်ဖူးပေမယ့် ထွန်းမြတ်ညိုက ခပ်တည် တည်။

ဟိုတယ်ဝန်ထမ်းအားလုံးက ထွန်းမြတ်ညိုကို တရင်း တနှီး နှုတ်ဆက်ကြတာ မြင်ရသည့်အတွက် ဒီနေရာက သူ လာနေကျနေရာမှန်း သိလိုက်သည်။ တစ်ခန်းပြီးတစ်ခန်း တစ်နေရာ ပြီးတစ်နေရာ ဖြတ်ကျော်ပြီး အားကစားပစ္စည်း အပြည့်အစုံထား သည့် ခန်းမထဲရောက်လာ၏။

"Gym ကစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းမှာ Stress တွေ သိပ်များနေတာ လျှော့ချဖေး မလို့"

"ဘာဆိုင်လို့လဲဗျာ"

"သိပ်ဆိုင်တာပေါ့ကွ၊ Gym ကစားရင်း မင်းကိုယ်ခန္ဓာ ကြံ့ခိုင်မှုအတွက်လည်း လိုတယ်၊ မင်း ယောကျာ်းမဟုတ်ဘူး လား"

ထွန်းမြတ်ညိုစကားကြောင့် စစ်ကိုယ်လေး တွန့်ခဲ့ ဖြစ်သွားသည်။ ဒီလူကြီး စစ်အကြောင်းတွေများ သိသွားပြီ လားဆိုသည့်အတွေးနှင့် ထွန်းမြတ်ညိုဆိုသည့်လူကြီးကို ဒေး အကြည့် စစ်မျက်နှာလှလှလေးကို အကြည့်တစ်မျိုးဖြင့် ရွှန်း ရွှန်းလဲ့လဲ့ စူးစိုက်ကြည့်နေသူကြောင့် မျက်နှာလှလှလေးကို တင်းလိုက်၏။

"ဘာလဲ…စစ်ပုံက မိန်းမပုံစံဖြစ်နေလို့လား"

"ဟုတ်တယ်"

"ဟင်"

"သွား…စကားမများနဲ့၊ ဟိုမှာမြင်လား၊ သူများတွေ လုပ်သလို လိုက်လုပ်၊ ရော့…ဒီမှာ မင်းအတွက် ငါဝယ်ထား





တဲ့ အဝတ်တွေ"

"ဘုတ်"

အခုမှ ထွန်းမြတ်ညိုလက်ထဲမှ အိတ်နှစ်အိတ်ကို သတိ ထားမိသွားသလို သူ့မထံပြေးဝင်လာသည့် အဝတ်အိတ်ကို ဖျတ်ခနဲ ဆွဲဖမ်းထားလိုက်ရသည်။

"စစ် ဒါတွေ မကစားချင်ဘူးဗျ"

"ထပ်ပြောရင် မင်းကို ငါကိုယ်တိုင် အဝတ်လဲခန်းထဲ ဆွဲခေါ်ပြီး အဝတ်လဲပေးမယ်"

"ဟာ"

"အဝတ်လဲပြီး လာခဲ့တော့"

ခပ်တည်တည် ပြောချင်ရာပြောပြီး စစ်ကိုတစ်ချက်လှည့် ကြည့် ကျောခိုင်းသွားသည့် ထွန်းမြတ်ညိုကျောပြင်ကြီးကို ကြည့်ကာ စစ် ငိုချင်သွားသည်။

ဘာလဲကွာ။

ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနေတာ မနေရ အောင် ဒါ တမင်သက်သက် ပြဿနာရှာတာ။

မလုပ်ချင်ဘူးလို့ ပြောလို့လည်းမရ။ သူ့စကား နားမ ထောင်ရင် စစ်ကို အဝတ်လဲခန်းထဲ ဆွဲခေါ်ပြီး သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲပေးဦးမှာတဲ့။

ဟွန်း…။

စစ်စိတ်ထဲ နည်းနည်းမှ မကျေနပ်။ ဒီလူကြီး စစ်ကို တမင် ဗိုလ်ကျအနိုင်လုနေသည်ဟု ထင်သည်။

"ဟိတ်"

"မသွားသေးဘူးလား"

စစ် လှမ်းကြည့်လိုက်တော့ အားကစားဝတ်စုံနှင့် ထွန်းမြတ်ညိုကို လှမ်းမြင်လိုက်ရ၍ စိတ်ရှုပ်သွား၏။

"ကောင်းပြီ၊ မင်းဘာသာ မသွားချင်ရင် ကိုကို ကိုယ်တိုင် မင်းကိုလာခေါ်မယ်"

"မလာနဲ့"

"ဘာဖြစ်လို့လဲ"

ပြောရင်းမေးရင်း စစ်နားကို လျှောက်လာနေသည့် ထွန်းမြတ်ညိုကြောင့် ခြေဆောင့်ပြီး နှုတ်ခမ်းစူလျှက် နေရာက ချာခနဲ လှည့်ပြေးခဲ့ရသူက စစ်။

ခေါသဖြစ်ဖြစ်နှင့် တွေ့ရာအခန်းထဲ ကမူးရှူးထိုး ပြေးဝင်သွားတော့ အဝတ်လဲခန်းထဲက ထွက်လာသည့် လူကြီးတစ်ယောက်နှင့် ဝင်တိုက်မိသည်။





"ဟေး"

"ဘုတ်"

"အာ… ဆောရီး"

"ဖြည်းဖြည်းလုပ်မှပေါ့ ချာတိတ်ရ"

လူကြီးက ရယ်ရယ်မောမော စစ်နားကထွက်သွားသည်။ အခုမှ စစ် ဝင်လာသည့်အခန်းကို သေချာကြည့်မိတော့ အမျိုးသားအဝတ်လဲခန်းဖြစ်နေ၍ မျက်စိစုံမှိတ်ပြီး အခန်းလွတ်ထဲ ပြေးဝင် အဝတ်လဲလိုက်သည်။

အဝတ်တွေက လုံလုံခြုံခြုံ ထူထူထဲထဲဖြစ်ပေမယ့် ကိုယ့်လိပ်ပြာကိုယ် မလုံသည့်စိတ်က သူမကိုယ်ပေါ် ဂျာကင်ပါး လေး ထပ်စွပ်ပြီးမှ ထွက်လာခဲ့သည်။

"ကြာလိုက်တာကွာ၊ ဘာတွေလုပ်နေတာလဲ"

"အဝတ်လဲနေတာ"

"ကဲ…ကြိုက်တဲ့ပစ္စည်းနဲ့ ကြိုက်တာကစား"

"ဘာမှ မကစားချင်ဘူး"

မှန်တာကို ပြောခြင်းဖြစ်ပေမယ့် ထွန်းမြတ်ညိုက သူ့ကို ရွဲ့သည်ဟုထင်ပြီး ဆတ်ခနဲ စစ်မျက်နှာကို ငုံ့ကြည့်သည်။ မကျေနပ်ခြင်းတွေကို မျိုသိပ်ချုပ်တည်းထားသည့် စစ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေး မှုန်နေတာကိုကြည့်ပြီး သူ လှစ်ခနဲပြုံးလိုက်သည်။

စစ် သူ့ကို စိတ်ဆိုးဒေါသဖြစ်နေပြီပဲ။

ဒီလိုဖြစ်မယ်ဆိုတာ ထွန်းမြတ်ညို ကြိုတွေးထားပြီးသား ဖြစ်၍ မျက်နှာကို ပြန်တည်လိုက်သည်။

"မင်း ကိုကို့ကို ပြဿနာမရှာနဲ့နော် စစ်၊ ဘာမှ မကစားချင်ရင် ကိုကို ကစားသလို လိုက်ကစား"

"လာခဲ့"

"အို"

ပြောနေတာကမှ ကြာဦးမည်။ စစ်ကို သူ ဖြစ်ချင်တာတွေ အမိန့်ပေးပြီး ဗိုးခနဲဆတ်ခနဲ စစ်လက်လေးတစ်ဖက်ကို ဆွဲယူပြီး စစ်ရှေ့က ဦးဆောင်သွားသူနောက်မှာ ဂျစ်ကန်ကန် တွန့်ဆုတ်ဆုတ် မျက်နှာလေးနှင့် အောင့်သီးအောင့်သက် ပါသွားသူက စစ်။

ထွန်းမြတ်ညိုက ဦးဆောင်၍ တစ်ခုပြီးတစ်ခု ကစားသွားတာကို မျက်လုံးလေးဝိုင်း ပါးစပ်လေးဟပြီး လိုက်ကြည့်နေသော စစ်အဖြစ်ကို ရယ်ချင်ပေမယ့် မရယ်ရဲ။

သူ့ကိုကြောက်ပြီး ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေသော စစ်ကို မသိဟန်ဆောင်နေလိုက်သည်။ အပြန် ခရီးမှာ စစ်က တစ်လမ်းလုံး သူ့ကို ဘာစကားမှမပြော။





"စစ်"

စစ် စိတ်ကောက်နေမှန်းသိ၍ စစ်နာမည်ကို ခေါ်ပေမယ့် စစ်က မထူး။

"ဘာလဲ..မင်းက ကိုကို့ကို စိတ်ကောက်နေတာလား စစ်"

"စိတ်ကောက်ရအောင် စစ်က မိန်းမမှမဟုတ်တာ"

"အဟွန်း"

စစ်အပြောကြောင့် သူ ချစ်စနိုးရယ်လိုက်သည်။ စစ် ဘဝအမှန်ကို သူ သိထားတာ အခုချိန်ထိ စစ် မသိသေး။ သူကလည်း စစ်နဲ့ အခုလို နီးနီးကပ်ကပ် နေချင်စိတ်ဖြင့် ဖွင့်မပြော။

"ဒါဖြင့် မင်းက ဘာဖြစ်နေတာလဲ"

"ယောကျ်ားဆိုတာ ကျားကျားလျားလျား ဖြစ်အောင် အားကစားလေးဘာလေး လုပ်ရတယ်ကွ"

"စစ်မှ မလုပ်ချင်ဘဲ၊ စစ် မလုပ်ချင်တာကို ဖွတ်အတင်း မလုပ်နိုင်းပါနဲ့၊ အဲဒါမျိုးတွေ စစ် ဝါသနာမပါဘူး"

"ကောင်းပြီ၊ မင်း ဝါသနာမပါတာ မလုပ်နိုင်းဘူး၊ ကဲ..မင်း ဘာဝါသနာပါလဲ ပြော"

ရုတ်တရက်ဆိုတော့ စစ် ဘာပြောရမှန်းမသိ။ စစ်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတာတွေ ထမင်းဟင်းချက်တာ၊ အိမ်အလှဆင်တာ ဆိုရင် မိန်းမဝါသနာလို့ ပြောရင်အခက်။

"ဟိတ်…ပြောလေ"

"ဘာမှ ဝါသနာမပါဘူးဗျာ"

"ကောင်းကွာ..အဟတ်..ဟား..ဟား"

စစ် တမင်ရွဲ့ပြောမှန်းသိ၍ ထွန်းမြတ်ညို အားပါးတရ ရယ်လိုက်တော့ အမြဲတည်တင်းနေသည့် သူ့မျက်နှာက ကလေး ဆန်စွာ နုပျိုသွားပုံကို သတိလက်လွတ် ငေးခဲ့ဖြစ်သွားသော စစ်အဖြစ်ကို သူ မသိလိုက်။

• • •



## အခန်း (၁၄)

"အား..ကျွတ်..ကျွတ်"

အိပ်ရာက ထလိုက်တာနှင့် စစ်တစ်ကိုယ်လုံး ကိုင်ရိုက် ထားသလို ထူးထူးခြားခြား နာကျင်နေသဖြင့် စစ်ထံမှ အသံ လေးထွက်၍ ညည်းမိလျက်သား ဖြစ်သွားသည်။

မနေ့က ထွန်းမြတ်ညို လုပ်သလို လျှောက်လုပ်တာ ပြန်အမှတ်ရတော့ ထိုလူကြီးကို မုန်းမိသည်။ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေတာ မနေရ။ ရှေ့ဆက် ဘယ်လောက် ဒုက္ခပေးဦးမှာပါလိမ့်ဟု တွေးလန့်စိတ်နှင့်ပင် ရေချိုးခန်းထဲမှာ တစ်ကိုယ်လုံး ရေနွေးနွေးထဲ နှစ်စိမ်လိုက်မှ နာကျင်မှုတွေပ့ါ သက်သာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်...ဒေါက်"

"စစ်"

ရေချိုးခန်းထဲက အထွက်မှာ အခန်းတံခါးခေါက်သံနှင့် အတူ စစ်အမည်ကိုခေါ်နေသည့် ထွန်းမြတ်ညိုအသံကြောင့် စစ်ကိုယ်လေး တွန့်ခနဲဖြစ်သွားပြီး ကမန်းကတန်း အဝတ်အစား လဲလိုက်သည်။

"ဟိတ်ကောင်...စစ်"

"ဒီလောက်ခေါ်နေတာ မကြားရအောင် အိပ်များပျော်နေလား"

"ဒေါက်...ဒေါက်"

"စစ်"

"လာပြီ"

အသံနှင့်အတူ အခန်းတံခါး အပြေးအလွှားလာဖွင့်သည့် စစ်ပုံစံက မျက်နှာပေါ်မှာ ရေမစင်သလို ခေါင်းကဆံပင်တွေ မှာလည်း ရေကစက်လက်။

"ရေချိုးနေတာလားကွ"

"ဟုတ်"

"သွား...သွား၊ ရေစင်အောင် သုတ်လိုက်ဦး"





"ရပါတယ်၊ စစ်ကို ကိုကို ဘာပြောစရာရှိလို့လဲ"

"နောက်မှ ပြောစရာရှိတာ ပြောမယ်၊ လာ..အရင်ဆုံး မင်းဆံပင်တွေကို ရေစင်အောင်သုတ်ဦး"

တားဆီးချိန်ပင် မရ။

တားဆီးချိန်ရလည်း တား၍မဖြစ်သည့် အနေအထားမှာ စစ်အိပ်ခန်းထဲကို စစ်နှင့်အတူ ရောက်လာသူက ထွန်းမြတ်ညို ဆိုသည့် လူကြီး။ စစ် ဘာမှမပြောနိုင်ဘဲ လူကို ကြောင် ကြည့်နေစဉ်မှာပဲ သူက စစ်ခုတင်ပေါ် အခန့်သားဝင်ထိုင် လိုက်တာ မြင်လိုက်ရ၏။

"ခဏနေရင် ဒေါက်တာသက်ထားခင် လာလိမ့်မယ် စစ်၊ ကိုကိုရှိလား မေးရင် အခုပဲ အပြင်ထွက်သွားတယ်ပြောလိုက်"

"သူက ကိုကို့ချစ်သူ မဟုတ်ဘူးလား"

"အရင်က ဟုတ်တယ်၊ အခု မဟုတ်ဘူး"

"အဆက်ဖြတ်တာလည်း မြန်လိုက်တာ"

မနေနိုင်ဘဲ စစ် ဝင်ပြောမိတော့ ထွန်းမြတ်ညိုက စစ် မျက်နှာလေးကို စိုက်ကြည့်သည်။

"အစတည်းက သူ့ကို ချစ်ခဲ့တာမှမဟုတ်ဘဲ"

"မချစ်ဘဲနဲ့ ချစ်သူဖြစ်တာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ မင်း နားမလည်ပါဘူး"

"တီ...တီ"

"ဟော...သက်ထားခင် လာပြီ၊ ဘယ်အချိန်ပြန်ရောက် မှာလဲ၊ ဘယ်သွားနေလဲမေးရင် မသိဘူးလို့ပြောလိုက်"

"နေဦး...နေဦး၊ မင်းဆံပင်က ရေတွေ ကိုကို စင်အောင် သုတ်ပေးမယ်"

နီးရာမျက်နှာသုတ်ပဝါကို ဆွဲယူပြီး သူမနား လျှောက်ခဲ့ ရောက်လာသည့် ထွန်းမြတ်ညို ကိုယ်ကြီးကို မသိမသာ ဖျတ်ခနဲ ရှောင်လိုက်သူက စစ်။

စစ် စိတ်ထဲမှာ သဘောကောင်း၍ ချောမောလှပသော ဒေါက်တာသက်ထားခင်ကို သနားနေမိသလို မိန်းကလေး တစ်ယောက်ကို အလွယ်ချစ်ပြီး အလွယ်တကူမုန်းပစ်သည့် ထွန်းမြတ်ညိုစိတ်ကိုလည်း အထင်သေးနေမိသည်။

"ရတယ်၊ စစ်ဘာသာ ရေသုတ်ရင်း ဒေါက်တာ့ကို ထွက်တွေ့လိုက်မယ်"

"အိုကေ"

မျက်နှာသုတ်ပဝါတစ်ထည်ကို လည်ပင်းမှာ ဖြစ်သလို ဆွဲချိတ်ပြီး စစ် အောက်ထပ်ကို ဆင်းခဲ့သည့်အချိန်ထိ ...





...အခန်းထဲမှာ ထွန်းမြတ်ညို ကျန်ခဲ့သည်။

အိမ်မှာက စစ်၊ ထွန်းမြတ်ညိုနှင့် ခြံစောင့်ကြီးဦးအုန်းက ...ပြီး တခြားသူမရှိ။ အိမ်မှာထမင်းချက်သည့် ဒေါ်စာကြီးက ...မေနှင့်အတူ အဖော်ရအောင် ရိပ်သာလိုက်သွားသလို အေးမာက ...ည်း သူ့အမေ နေမကောင်းဟုဆိုကာ ရွာပြန်သွားသည်။

လောလောဆယ် ထွန်းမြတ်ညို၏ ပြဿနာအရှုပ်ထုပ်ကို ...င်းပေးမည့်သူက စစ် တစ်ယောက်တည်းရှိသည်။ စစ် ဧည့်ခန်းထဲ ...ရောက် ကားပေါ်မှ လှပစွာဆင်းလာသည့် ဒေါက်တာသက်ထား ...င်ကို တွေ့လိုက်ရ၏။

"ဟော...စစ်၊ တစ်ယောက်တည်းလား၊ စစ် ကိုကိုရော"

"ဟို...ကိုကိုက မရှိဘူးဗျ"

"ခစ်...ခစ်၊ စစ်ကလည်း နောက်တတ်သားပဲ၊ အခုပဲ ...စောင့်ကြီး ဦးအုန်းကို မေးလာတာ၊ ညီအစ်ကိုနှစ်ယောက်လုံး ...မ်မှာရှိတယ်၊ ဘယ်မှ မသွားကြသေးဘူးတဲ့"

"ဟမ်"

"အဟင်း...ဟင်း၊ စစ်အစ်ကို အပေါ်ထပ်မှာလား၊ မမ ...သွားတွေ့လိုက်ဦးမယ်နော် စစ်"

ဒေါက်တာ မမလှလှကို စစ် တားရမှာလား။ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးရမလား မသိခင် ဒေါက်တာသက်ထားက လှပကြော့ရှင်းစွာ အပေါ်ထပ်လှေကားအတိုင်း တက်သွားတာကို စစ် ဒီအတိုင်း လက်ပိုက်ကြည့်နေလိုက်ရသည်။

မကြည့်လို့လည်း မဖြစ်။

ချစ်သူတွေဆိုတာ ဒီလိုပဲ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြသူတွေ ချည်း။ သူတို့ချင်း အဆင်ပြေသွားလျှင် ပြီးပြီ။ စစ်ဘက်က တာဝန်ကျေပြီဆိုတော့ ထွန်းမြတ်ညိုတို့ ချစ်သူစုံတွဲတွေကို မေ့လိုက်သည်။

ဗိုက်ဆာတာနှင့် မီးဖိုထဲဝင်မွှေတော့ ထမင်းစားပွဲပေါ်က အုပ်ဆောင်းအောက်မှာ မနက်စာထမင်းကြော်၊ ကြက်ဥကြော် ကော်ဖီ၊ ပေါင်မုန့်မီးကင်၊ မုန့်ညင်းချဉ်၊ ဘာလချောင်ကြော်တွေ အသင့်တွေ့လိုက်ရတော့ မျက်ခုံးပင့်သွားသည်။

ဘယ်လိုလုပ်ပြီး ဒါတွေ စားပွဲပေါ်ရောက်နေတာလဲ အိမ်မှာ ဒီလို စားစရာအသင့်ဖြစ်အောင် လုပ်ပေးမယ့်သူ ဘယ်သူမှရှိတာလည်းဟုတ်။ ထမင်းကြော်တစ်ဇွန်း ခပ်စားလိုက်တော့ ပူနွေးဆဲဖြစ်၍ ပိုအံ့ဩသွားသည်။ အရသာကလည်း ရှယ်။

ထမင်းအုပ်ဆောင်းကို ပြန်ချပြီး ထမင်းစားခန်းထဲ ပတ်လည်ပတ်ကြည့်တာ တခြားထမင်းချက်များ အသစ်ထပ် ရောက်





နေသလားလို့ပါ။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ စစ်"

"ဗျာ"

အိမ်ရှေ့က ကားထွက်သွားသံကြားလို့ အံ့ဩနေတုန်း စစ်ရှိနေသည့် ထမင်းစားခန်းထဲ ရောက်လာသော ထွန်းမြတ်ညို မျက်နှာထားတင်းတင်းကြောင့် စစ် ဘာမှနားမလည် ဖြစ်သွား၏။

"စစ်က ဘာလုပ်လို့လဲဗျ"

"မင်းကို ကိုကို မရှိဘူးလို့ သက်ထားကို ပြောခိုင်းတာ မင်း မမှတ်မိဘူးလား"

"အာ..အဲဒါက ဦးအုန်းက စစ်တို့နှစ်ယောက်စလုံး အိမ်မှာရှိတယ်၊ ဘယ်မှ မသွားသေးဘူးလို့ ပြောလိုက်ပြီးမှတော့ စစ်က ဘာဆက်လုပ်ရမှာလဲ"

စစ် အပြေစကားကြောင့် ဒေါသဖြစ်နေသော ထွန်းမြတ်ညို စိတ်က ချက်ချင်းပြေကျသွားသည်။

"မင်း ဗိုက်မဆာသေးဘူးလား စစ်"

"ဆာနေပြီဗျာ"

"လာ...ဒီမှာထိုင်"

ထွန်းမြတ်ညိုက စစ်အတွက် ထိုင်စရာခုံတစ်လုံး ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



ပေးသလို သူကိုယ်တိုင်လည်း စားပွဲမှာဝင်ထိုင်ပြီး ထမင်းအုပ်ဆောင်းကို ဖွင့်လိုက်၏။

"ဒါတွေက ကိုကို ဝယ်ထားတာလား"

"နိုး"

"ကိုကိုကိုယ်တိုင် ချက်ထားတာ၊ စားကြည့်"

"တကယ်"

"ဒါ ညာစရာလား"

"မဟုတ်ပါဘူး၊ စစ် အံ့ဩလို့ပါ"

"ဘာလဲ...ယောကျ်ားဖြစ်ပြီး ထမင်းဟင်း ချက်တတ်တာကိုလား"

"ဟုတ်"

"အဟွန်း...ဟွန်း...ဟွန်း"

"ဘာမှမဆန်းပါဘူးကွာ၊ နိုင်ငံခြားမှာနေတုန်းက ကိုယ့်ဘာသာ ချက်စားရင်း တတ်လာတဲ့ပညာတွေပါ၊ ဘယ့်နှယ်လဲ...ကိုကို့လက်ရာ ကောင်းရဲ့လား"

"အင်း"

"ဒါဆို တစ်သက်လုံး ချက်ကျွေးမယ်၊ ကိုကိုနဲ့အတူနေမှာလား"





နှစ်ယောက် အကြည့်ချင်းဆုံသွားသည်။ ထွန်းမြတ်ညီက အဓိပ္ပာယ်တစ်မျိုးနှင့် မေးသလို စစ်ကလည်း အတွေးတစ်မျိုးနှင့် ဖြေသည်။

"တစ်နေ့ စစ် ချစ်တဲ့သူ တွေ့လာရင်တော့ ဘယ်နေနိုင်မှာလဲ"

"ဘယ်လို"

"စစ်မှာ ချစ်ရမယ့်သူ ရှိနေပြီလား"

"ရှိချင်လည်း ရှိမှာပေါ့"

"ဘာ"

"သဘောပြောတာလေ၊ လူတိုင်းမှာ ချစ်တတ်တဲ့နှလုံးသားရှိနေတာဆိုတော့ အချိန်မရွေး တစ်ယောက်မဟုတ် တစ်ယောက် ချစ်သွားနိုင်တာပဲ၊ ကိုကို့လိုပေါ့"

"ကိုကို့လို"

ထွန်းမြတ်ညီနှုတ်ဖျားက စစ်စကားကို လိုက်ရေရွတ်မိသည်။

"ကိုကို့မှာ ချစ်သူရည်းစားတွေ အများကြီးရှိတာ စစ်သိတယ်၊ စစ်အလှည့်ကျရင်တော့ ကိုယ်တကယ်မချစ်ဘဲ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး၊ ဝဋ်လည်မှာကြောက်လို့"



www.burmeseclassic.com

www.burmeseclassic.com



စိစ်စကားတွေက ထွန်းမြတ်ညိုကို တိုက်ရိုက်ဦးတည် ပြောနေတာဆိုတော့ စစ်ကိုချစ်မိတာ နည်းနည်းတော့ မျက်နှ ပွသွားသည်။ တကယ်လည်း ထွန်းမြတ်ညိုမှာ ချစ်သူရည်းစားရှေ မရေမတွက်နိုင်အောင်ရှိခဲ့တာ ဝန်ခံသည်။

တကယ်ချစ်ကြ၍ မဟုတ်။

ထွန်းမြတ်ညို၏ စည်းစိမ်ချမ်းသာကို ပိုင်ဆိုင်ချင်ကြ သူများကို နည်းမျိုးစုံသုံးပြီး ချဉ်းကပ်လာသူတွေကို ထွန်းမြ ညိုက ပြန်အသုံးချ ကစားခဲ့ခြင်းဖြစ်သည်။

"စစ် ပြောချင်တာက ကိုကို ဝဋ်လည်မယ်လို့ ဆိုချ တာလား"

"အဲဒါတော့ စစ် မသိဘူး"

"စစ် သိအောင်ပြောရရင် သူတို့လည်း ဝဋ်လည်မှာ ဘာဖြစ်လို့လဲ သိလား၊ သူတို့ကိုယ်တိုင်က ကိုကို့ကိုမချစ် ကိုကို့စည်းစိမ်ချမ်းသာတွေကို မက်ပြီး ချစ်ချင်ဟန်ဆောင်ကြလို့"

ဒီတစ်ခါတော့ စစ် ဘာမှမပြောဘဲ ထွန်းမြတ်ညိုမျက်နှ ကို ငေးခနဲကြည့်ဖြစ်သွားသည်။ လောကကြီးက ငွေကြေ ချမ်းသာပြည့်စုံကြတာကိုပဲ နှစ်သက်မက်မောကြသည်။

ဆင်းရဲဒုက္ခကို ဘယ်လိုလူသားမှအလိုမရှိ။ ထွန်းမြတ်ညို





လို ဆယ်သက်စားမကုန်သည့် လူတစ်ယောက်ရဲ့ အိမ်ထောင် ဖက်အဖြစ် စိတ်ကူးယဉ်ကြသည့် မိန်းကလေးတွေရှိကြတာ သိပ်တော့မဆန်း။ သူတို့ကို အပြစ်တင်၍မဖြစ်။

"အဲဒါကတော့ သူတို့လည်း မိန်းမသားဆိုတော့.."

"အဲဒီ မိန်းမသားတွေထဲမှာ ဂုဏ်တွေ၊ ငွေတွေမမက်ဘဲ ဘဝပျော်ရွှင်မှုကို တမ်းတမ်းတတ လိုချင်နေကြတဲ့သူတွေလည်း ရှိသေးတယ် စစ်၊ ဥပမာ..မင်း"

"ဗျာ"

"မင်းကိုယ်တိုင် သူဌေးအစ်ကိုအိမ်မှာမနေဘဲ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝကိုယ် ကြိုးစားရုန်း ကန်ချင်တာမျိုး"

"စစ်စိတ်ဓာတ်၊ စစ်ခံယူချက် သဘောထားကို ကိုကို ချစ်တယ်၊ စစ်လို စိတ်ဓာတ်မျိုးရှိတဲ့ မိန်းကလေးမျိုးနဲ့တွေ့ရင် ကိုကို ချက်ချင်းလက်ထပ်မယ်"

"ဘာဖြစ်လို့လဲဆိုရင် ကိုကို့နှလုံးသားထဲက တကယ် ချစ်လို့ တကယ်မြတ်နိုးတန်ဖိုးထားတာ အဲဒီလိုမိန်းကလေးမျိုး ဖြစ်နေလို့"

စစ်လက်ထဲကဇွန်း ပြုတ်ကျမသွားအောင် မနည်းသတိ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရသည်။ ထွန်းမြတ်ညိုပြောသည့်စကားက စစ် ရင်ထဲ
တိုက်ရိုက်လာထိသည်။ အကြောင်းမသိရင် ထွန်းမြတ်ညို
စကားတွေက စစ်ကိုပဲ တိုက်ရိုက်ပြောနေသလိုလို။ ပြီးတော့
ထူးခြားစွာ စိုက်ညို့နေသည့် မျက်ဝန်းအကြည့်တွေက အဓိပ္ပာယ်
တစ်မျိုး သက်ဝင်နေသလိုထင်မိတာ စစ်ပဲ စိတ်မှတ်မှားရှပဲလား
မသိ။

စစ်ဆိုတာ ထွန်းမြတ်ညိုရဲ့ညီအဖြစ် ဟန်ဆောင်ထား
သော မိန်းမသားတစ်ယောက်ဆိုတာတော့ သူ မသိလောက်
သေးပါဘူးနော်။ သိများသိနေလို့ ဒီလိုစကားတွေ ပြောတာလား
တွေးရင်း စစ် လိပ်ပြာမလုံချင်တော့ပါ။ သူ့အနားက အဝေး
ထွက်ပြေးချင်လာတာ ဘာကြောင့်မှန်းမသိ။

"စစ်"

"ဗျာ"

"ကိုကို့ဘဝမှာ ကိုကို့နှလုံးသားက လှိုက်လှိုက်လှဲလှဲ
တောင်းဆိုလာတဲ့ စစ်မှန်တဲ့အချစ်ဆိုတာ ဒါပထမဆုံးပဲ၊ သူ့
ကိုကိုချစ်တယ် စစ်"

"ကိုကို့ဘဝ သူကလွဲပြီး တခြားဘယ်သူ့ကိုမှ သူ့
ချစ်သလိုအချစ်မျိုးနဲ့ ချစ်နိုင်တော့မှာမဟုတ်ဘူး"





"ကိုကို့အချစ်ကို စစ် ယုံလား"

"ဗျာ"

"ကိုကို့အချစ်ကို စစ် ယုံရဲ့လားလို့ မေးနေတာ"

စစ်လက်ထဲက ဇွန်းကို ပန်းကန်ပေါ်ချလိုက်၏။ ဘာ
လိုလိုအကြည့်၊ အပြောတွေအောက်မှာ စစ် ရင်ခုန်သံမြန်လာသည်။
ကိုကို့ပုံစံက စစ် မိန်းကလေးဆိုတာ သိနေခဲ့ပြီးသားလိုလို ဘာလိုလို။
စစ် အထင်ပဲဖြစ်ပါစေလို့ ဆုတောင်းပေမယ့်မပြည့်။

"ကိုကို မင်းကိုချစ်နေပြီ စစ်"

"ဟာ"

စစ် မျက်နှာတစ်ခုလုံး ရှက်စိတ်ဖြင့် ထူပူသွားကာ
ထွန်းမြတ်ညိုမျက်နှာကို ထိတ်လန့်ချောက်ချားစွာ မော့ကြည့်
လိုက်တော့ စစ်မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေသည့်
သူ့အကြည့်တွေက စစ်နှလုံးသားအထိ ချွန်မြစွာ ထိုးဖောက်သွား၏။

"ခင်ဗျား...ခင်ဗျား စစ်ကို ဘယ်တုန်းတည်းက သိနေ
တာလဲ ဦးထွန်းမြတ်ညို"

စစ်အသံက တုန်နေသည်။

ရှက်စိတ်၊ ဝမ်းနည်းစိတ်က စစ်ရင်မှာ ချက်ချင်းပြည့်
လာ၏။ စစ်မှာတော့ သူ မသိသေးဘူးအထင်နဲ့ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ။ အခုတော့ စစ် လိမ်ညာဟန်ဆောင်သမျှက သူ့အတွက် ရယ်မောစရာ၊ လှောင်ပြောင်စရာ။

"စစ်ဖျားတဲ့နေ့က စစ် ဘယ်သူလဲဆိုတာ ကိုကို သိခွင့်ရခဲ့တာပဲ စစ်"

"ဒါနဲ့တောင် အခုချိန်ထိမပြောဘဲ ငြိမ်နေတာ ဘာသဘောလဲ ဦးထွန်းမြတ်ညို၊ ခင်ဗျားကို စစ်က လိမ်ညာခဲ့လို့ ခင်ဗျားက စစ်ကို ပြန်ကလဲ့စားချေပြီး ပညာပြတာပေါ့၊ ဟုတ်လား"

"စစ် ထင်သလို မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ ခင်ဗျားကို စစ် မုန်းတယ် သိလား မုန်းတယ်ဗျာ..မုန်းတယ်"

"စစ်...နေဦး"

ထွန်းမြတ်ညို ခေါ်ပေမယ့် နောက်ကို စစ် လှည့်မကြည့်၊ ခြေဦးတည့်ရာ ဖွတ်ပြေးရင်း စစ် ရင်တွေနာနေသည်။ နှလုံးသားတွေ ကြေကွဲနေသည်။ စစ်မှာတော့ တစ်ချိန်လုံး ကိုယ့်ကိုယ်ကို ဟုတ်လှပြီအထင်နဲ့ သူ့ညီ စစ်အဖြစ် ဟန်ဆောင်နေလိုက်ရတာ။

သူကတော့ စစ် ဘယ်သူဆိုတာသိသိနဲ့ တမင်မသိဟန်ဆောင်တာ ဘယ်လောက် မုန်းစရာကောင်းလဲ။

စစ်မှာတော့ မေမေ့ကိုငဲ့ရ၊ အဖေ့ကိုငဲ့ရနဲ့။ စစ် မလုပ်





ချင်ဆုံးအလုပ်၊ စစ် အမုန်းဆုံးအလုပ်ကို မျက်နှာပြောင်ပြောင်နဲ့ လုပ်ခဲ့ရတာ။

"စစ်...မပြေးနဲ့လေ၊ ကိုကိုရှင်းပြတာ နားထောင်ပါဦး"

"ခင်ဗျား...စစ်နောက်ကို မလိုက်နဲ့နော်၊ ပြောမရရင် စစ်ကိုယ်စစ်.."

"စစ်...ဟော့...ရှေ့မှာ ကား"

"ဟာ"

"ကျွီး"

"ဝုန်း"

"အား"

"စစ်"

အော်သံတွေ ဆူညံသွားသလို စစ်တစ်ကိုယ်လုံး ပူခနဲဖြစ်သွားကာ မျက်ဝန်းထဲပြာသွားတာ နောက်ဆုံးသိလိုက်ရပြီး နောက် လောကကြီးနှင့် စစ် အဆက်အသွယ် ပြတ်သွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"စစ်"

"သွား…ခင်ဗျား စစ်နားမလာနဲ့"

"မဟုတ်ဘူးလေ စစ်၊ ကိုကိုက…"

"ဘာ ကိုကိုလဲ၊ စစ်မှာ ဘာအစ်ကိုမှမရှိဘူး၊ ခင်ဗျားကြီးကို စစ် မုန်းတယ်လို့ ပြောနေတယ်နော်"

စစ်အသံက ခံပြင်းနာကျည်းစိတ်တွေနှင့် ဆတ်ဆတ်ထိမခံ။ ထွန်းမြတ်ညိုကိုမြင်တိုင်း အမုန်းမုန်တိုင်း တိုက်ခတ်ရျ အသင့်အနေအထားဖြစ်၍ ဘယ်အချိန် သူမ အနားလာလာ စစ်က ထွန်းမြတ်ညိုကို လက်မခံ။ ခါးခါးသီးသီး အော်ထုတ်နေတတ်





တာကိုပဲ ဘာမှမဖြစ်သလို ပုံစံအပြည့် စစ် မျက်နှာလှလှလေးကို မျက်လုံးလက်လက်တွေ ချစ်မြတ်နိုးစွာ စူးစိုက်ငေးမောကြည့် နေတတ်တာကို စစ် အမုန်းဆုံးဖြစ်သည်။

စစ် ပြေးရာနောက် ထွန်းမြတ်ညို လိုက်လာ၍ ရှေ့က လာနေသည့်ကားနှင့် စစ် တိုက်မိပြီးနောက်မှာ စစ် သတိလစ်သွားသည်။ ကံကောင်းထောက်မ၍ စစ် အသက်အန္တရာယ်ကို မထိခိုက်ပေမယ့် စစ်ညာလက်၊ ခြေမှာ ဒဏ်ရာတော်တော်ပြင်းပြီး အရိုးအက်သွားသည်။

စစ် ပြန်သတိရလာတော့ ဆေးရုံကုတင်မှာ လှုပ်မရသော ဒဏ်ရာနှင့် လူမမာ။ အနားမှာတစ်ချိန်လုံး ပျာနေအောင် သည်းသည်းလှုပ်ပြုစုနေသူက စစ် အမုန်းကို ဖွဲ့ချွေယူသည့် ထွန်းမြတ်ညို။

"ဘာမှ မစိုးရိမ်နဲ့နော် စစ်၊ ခြေထောက်တစ်ဖက်ပဲ ဒဏ်ရာရသွားတာ စစ် သိပ်ကံကောင်းတယ်၊ ကိုကို့နားက နောက်တစ်ခါ စစ် ထွက်ပြေးလို့မရတော့ဘူး"

"ခင်ဗျားပါးစပ်ကို ပိတ်ထား"

"ချစ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောနဲ့ဆိုနော်"

"တစ်သက်မှာ ဒီတစ်ယောက်ကိုပဲ ချစ်ခဲ့တာ၊ ဖူးစာဆုံချင်တော့ ကြံဖန်ပြီးတွေ့ပေးတဲ့ မြားနတ်မောင်ကို ကျေးဇူးတင်ရမှာ"

"သိပ်ချစ်တာပဲ စစ်ရယ်"

မပြောနဲ့ဆိုလည်း မရ။

မကြားချင်ပါဘူးဆိုလည်း လက်မခံ။ ကိုယ်ကိုယ်တိုင်သူ့နားက လှစ်ခနဲ စိတ်နောက်ကိုယ်ပါ ပြေးသွားရအောင်လည်း မဖြစ်။ အနားမှာနေပြီး သူ ပြောချင်ရာတွေ တစ်ခုပြီးတစ်ခု ပြောနေတာကို စစ်မှာ ကြားချင်ချင်၊ မကြားချင်ချင် ကြားနေရတာကိုက ဝဋ်ကြွေးဖြစ်နေ၏။

"ဆရာမ"

"ရှင်"

"ဒီလူကြီးကို စစ်နားက တခြားတစ်နေရာကို ခေါ်သွားပေးစမ်းပါ၊ ဒီမှာ နားငြီးလွန်းလို့"

ဆရာမလေးက စစ်နှင့် ထွန်းမြတ်ညို မျက်နှာကို တစ်ယောက်တစ်လှည့်စီကြည့်ပြီး ပြုံးနေသည်။ အစတည်းက





မကြာခင် လက်ထပ်တော့မည့်ချစ်သူတွေအဖြစ် ထွန်းမြတ်ညိုက ဆေးရုံတစ်ခုလုံး အသိပေးထားတာ စစ် မသိ။

အားလုံးက စစ်နှင့် ထွန်းမြတ်ညိုကို လိုက်ဖက်လှသော ချစ်စရာစုံတွဲလေးအဖြစ် အားကျနေကြသည်။ အထူးသဖြင့် စစ်ကို သည်းသည်းလှုပ်ချစ်ပြနေသော ထွန်းမြတ်ညိုလို ချစ်သူမျိုးသာ ရှိရင်ဆိုသည့် အတွေးကိုယ်စီဖြစ်လာအောင် စစ်ထံမှအမုန်းကို အချစ်အဖြစ်ပြောင်းလဲနိုင်အောင် ကြိုးစားနေသူက ထွန်းမြတ်ညို။

စစ်နှင့် သူ့ကိစ္စကို ရိပ်သာဝင်နေသည့် အမေဖြစ်သူကို ဘာတစ်ခုမှ အသိမပေးဘဲ စစ် ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်လာသည်။ ဒါကလည်း စစ်သဘောနှင့်မဟုတ်။ သူ့ သဘောနှင့်သူ စစ် ငြင်းဆန်နေသည့်ကြားက စစ်ကို ရတနာစံအိမ်ကို ပြန်ခေါ်လာခြင်းဖြစ်သည်။

စစ်နားမှာ အကူသူနာပြုဆရာမ ခေါ်ထားပေမယ့် ဘာမှ မယ်မယ်ရရမလုပ်ရ။ ထွန်းမြတ်ညိုကပဲ တစ်ချိန်လုံး စစ် အနားမှာ အချိန်ကုန်နေတော့ ဆရာမလေးလည်း အလိုက်တသိ ရှောင်နေတတ်သည့်အတွက် စစ်အနားမှာမရှိ။ ထွန်းမြတ်ညို ဘာပြောပြော စစ် လက်မခံနိုင်တာ စစ်ကို စစ်မုန်းသိရက်နဲ့ ပြန်ပြီးမသိသလို



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာဟန်ဆောင်ခံရတာကို ခွင့်မလွှတ်နိုင်၍ပါ။

ထွန်းမြတ်ညိုကတော့ စစ် အခုလို သူ့ကိုမုန်းပြီး သူ့အနားက စစ် ထွက်သွားမှာ ကြောက်လို့ပါဟုဆိုပေမယ့် စစ်နားထဲမှာ မချိုမြိန်၊ မသာယာနိုင်။ တကယ်တော့ စစ်ဘဝနဲ့ ထွန်းမြတ်ညိုဘဝဆိုတာ တခြားစီ။ သူလိုလူ တစ်ယောက်နှင့် လိုက်ဖက်သင့်တော်သည့် အိမ်ထောင်ဖက်တွေ အများကြီး။

အမေလည်း စစ်ဘဝမှန်ကို ထွန်းမြတ်ညို သိသွားပြီဆိုတာ သိပြီးမှတော့ ဒီမှာဘာအတွက်နှင့် ဆက်နေရန် အကြောင်းမရှိတော့။ စစ်ခြေထောက်ပြန်ကောင်းတာနှင့် ဒီအိမ်ကြီးက ထွက်သွားတော့မည်ဟု ဆုံးဖြတ်ထားသလို ထွန်းမြတ်ညိုကလည်း စစ် မာနကိုသိထား၍ စစ်ကို သူ့နားက တခြားထွက်မသွားနိုင်အောင် ကြံစည်ကြိုးစားနေ၏။

စစ်က သူ့ကို လုံးဝမကြည်။

သူမကို ထွန်းမြတ်ညိုက ပြန်လိမ်ညာရပါမည်လားဆိုသည့် ခံပြင်းဒေါသနှင့် ထွန်းမြတ်ညိုအချစ်အပေါ် ခါးခါးသီးသီး တုံ့ပြန်သည့်အတွက် ဒေါသမဖြစ်။ သူလုပ်ပုံက သူမ မာနကို သွားထိမှန်သည်။ သို့၍လည်း ချစ်သူကို ဆုံးရှုံးရမှာကြောက်သည်။





"ကိုကို့ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးလား စစ်ရယ်"

စစ်က မဖြေ။

သူမလက်ထဲက စာအုပ်ကို အဖတ်မပျက်။ ကြာတော့ စ်ကို ထွန်းမြတ်ညို အသည်းယားလာကာ စစ်လက်ထဲက စာအုပ် ဆွဲယူလိုက်သည်။

"ခင်ဗျား ဘာလုပ်တာလဲဗျ။ ဒီမှာ စာအုပ်ဖတ်နေတာ မြင်ဘူးလား"

"မြင်တယ်၊ စစ် အခုလို လုပ်နေပုံတွေကို ကိုကို့နှလုံးသားက မခံနိုင်တော့လို့"

"ခင်ဗျားနဲ့ ပြဿနာမဖြစ်ချင်ဘူးနော်၊ စစ် စာအုပ် ပြန်ပေး"

"ပေးမယ်...ရော့"

"အို"

စစ်စာအုပ်ကို ပြန်ပေးတာမဟုတ်။

စစ်ပါးလေးတစ်ဖက် နွေးခနဲဖြစ်အောင် အနမ်းခံလိုက်၍ စစ် ဒေါသဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…ခင်ဗျား…ခင်ဗျား"

"ကဲဟယ်..ကဲ..ကဲ"

လူက မထနိုင်။

သူမနှင့် အနီးဆုံးမှာရှိနေသည့် အနားက စာအုပ်ကိုဆွဲပြီး ထွန်းမြတ်ညိုကိုယ်ကြီးကို ရိုက်တော့ သူက ပေခံနေပြီးမှ စ လက်ထဲက စာအုပ်ကိုဆွဲယူကာ စစ်ကိုယ်လေးကို သူ့ ရင်ခွင်ထ ဖျတ်ခနဲ ဆွဲယူသိမ်းပွေ့ပစ်တော့ စစ် မျက်လုံးထဲ ပြာသွားသည်

"ခင်ဗျား ဘာလုပ်တာလဲ၊ စစ်ကို လွှတ်နော်"

"လွှတ်မယ်၊ ဒါပေမဲ့ အခုမဟုတ်သေးဘူး"

"ခင်ဗျားနော်…မညစ်ပတ်နဲ့ဆို"

"အို"

စစ်က သူမမျက်နှာလှလှလေးပေါ် အပ်ကျလာသည် အနမ်းမုန်တိုင်းကို မျက်နှာလေး ဘယ်ညာတိမ်း၍ ဆတ်ဆ ထိမခံ ဖွတ်အတင်းရုန်းဖယ်ဖို့ ကြိုးစားသည်။ စစ်အကြော သိသည့် ထွန်းမြတ်ညိုကလည်း လှပသော စစ်မျက်နှာလေး သူ့လက်ဖဝါးထဲမှာ ဖမ်းချုပ်ပင့်မော့ပြီး အနမ်းတွေ တစ်လှေ ခြွေချသည်။





"ချစ်တယ် စစ်ရယ်"

"ကိုကို့ကို မမုန်းပါနဲ့ကွယ်"

"ချစ်တယ်"

အစတုန်းက ညင်ညင်သာသာ။

နောက်တော့ သိပ်သိပ်သည်းသည်း လှိုက်လှဲချိုမြိန်ခြင်း တွေထဲ စိတ်ပါလက်ပါ မျောနစ်သွားကာ ချစ်သူလှလှလေးကို မည်သည့်စကားမှ ဆိုခွင့်မပြု။

သူ့အတွက် စစ်ကို သိပ်ချစ်သည်ဆိုသော စကားက ခလုံလောက်။ ထိုထက် နက်ရှိုင်းကျယ်ပြန့်သော ချစ်ခြင်း မေတ္တာအကြောင်း စစ် နားလည်အောင် ပြောပြချင်နေမိသည်။ မိန်းမချော မိန်းမလှပေါင်းများစွာနှင့် ဆုံဖူးပေမယ့် ဘယ်သူမှ စစ်လို မချစ်ရမနေနိုင်လောက်အောင် ပြင်းပြလှိုက်လှဲသော ခံစားမှုမျိုး မဖြစ်ဖူး။ အခုတော့ စစ်က သူ့အတွက် နှလုံးသားခံစားချက် အစစ်ကို ဖြစ်ပေါ်ခံစားစေသူ။

"ကိုကို့ဘဝမှာ စစ် မရှိလို့မဖြစ်ဘူး စစ်၊ စစ်ကို ကိုကို ပိုင်ဆိုင်ရမှဖြစ်မယ်"

ထွန်းမြတ်ညိုအသံက လှိုက်လှဲတုန်ရီနေသလို သူ့အနမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ထက်သန်ပြင်းပြသည်။

"ခင်ဗျားကြီးကို စစ် မုန်းတယ် သိလား"

"ဖယ်…စစ်ကို လွှတ်"

"မလွှတ်ဘူး"

"ဟင်"

"ကိုကို့ရင်ထဲ ဘယ်လောက်ခံစားနေရတယ်ဆိုတာ စစ် သိလား၊ စစ်ကို သိပ်ချစ်လွန်းလို့ ကိုကို့ဘက်က စစ်ကို အများကြီးအလျှော့ပေး အလိုလိုက်ခဲ့ပြီးပြီ၊ စစ် ချစ်ချစ် မချစ်ချစ် ကိုကိုကတော့ စစ်ကို အပိုင်ယူမှာပဲ"

"သိပ်အတ္တကြီးတဲ့လူ"

"ဘယ်လို"

"ကိုယ့်ခံစားချက်၊ ကိုယ်ဖြစ်ချင်တာကိုပဲ ရှေ့တမ်းတင်နေရအောင် စစ်က စက်ရုပ်မဟုတ်ဘူး၊ လူ..လူ၊ စစ်မှာလည်း စစ် ခံစားချက်..စစ် နှလုံးသားသားနဲ့ သိရဲ့လား"

"စိတ်ချ…ခင်ဗျားလိုလူကို ဒီတစ်သက် ဘယ်တော့မှ မယူဘူး"

"စစ်"





"ခင်ဗျား အခု စစ်နားက သွားနော်၊ ပြောမရရင် ဖြစ်ချင်ရာဖြစ် စစ် ဒီကထွက်သွားရုံပဲ"

"ကောင်းပြီ၊ ဒီတစ်ခါတော့ စစ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်၊ နောက်တစ်ခါဆိုရင်တော့ မရဘူး"

"ကိုကို သွားမယ်"

"အို"

နွေးထွေးနာကျင်သွားသော နှုတ်ခမ်းလေးကို လက်ဖြင့် ဖိအုပ်ရင်း ဒေါသတွေဆူဝေပြီး ကျန်ခဲ့သူက စစ်။

"မုန်းတယ်…မုန်းတယ်၊ ခင်ဗျားကြီးကို စစ် သိပ်မုန်းတယ် သိလား"

လက်ဖဝါးပေါ် မျက်နှာအပ်ပြီး စစ် အားပါးတရ ငိုချလိုက်သည်။ စစ်ဆိုတာ သူပိုင်ပစ္စည်းလား။ ဘဝမှာ လိုတရပြည့်စုံချမ်းသာတာ တစ်ခုတည်းနဲ့ လူတိုင်းကို သူ့လက်ခုပ်ထဲက ရေလို့ ထင်နေတာလား။

ထွန်းမြတ်ညိုလို လူတစ်ယောက်ရဲ့အချစ်ကိုရရင် သေပျော်ပါပြီဆိုတဲ့ မိန်းကလေးတွေ အများကြီးရှိသလို ဒီလိုသူဖြစ်ချင်တာ ဖြစ်ခွင့်ရနေအောင် အတ္တကြီးကြီး ကြိုးစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမုန်းသည့် မိန်းကလေးတွေလည်း အများကြီးရှိတာ သူ့ကို သိစေချင်သည်။

မနက်ဖြန် ပတ်တီးဖြေပြီးတာနှင့် သူ့အိမ်ကြီးက စစ် ထွက်သွားတော့မည်။ ဒီမှာ စစ် ဆက်ရှိနေရင် ထွန်းမြတ်ညို့နှင့် စစ်ကြားရှိ ပြဿနာက ရှင်းမရအောင် ရှုပ်တော့မည်။ ဒီတစ်ခါပဲ စစ် သဘောအတိုင်း ဖြစ်ရမယ်။ နောက်တစ်ခါဆို မရဘူးဆိုတာ ဘာလဲ။ စစ်ကို အနိုင်ကျင့် ခြိမ်းခြောက်ပြနေတာ စစ်ကိုချစ်တဲ့ သူ့အချစ်လား။

ဒေါသနှင့် စစ် အံကြိတ်မျက်ရည်ဝဲနေတုန်း စစ်နားကို ပြန်ရောက်လာသူက ထွန်းမြတ်ညို။ လက်ထဲ စာချုပ်တွေတစ်ထပ် ကြီးပါလာပြီး ဟိုကြည့်ဒီကြည့်နှင့် စစ်ကို ဘာပြဿနာရှာ ဦးမည်မသိ။

"ကိုကို့ကို တစ်ခုလောက်ကူညီပါဦး စစ်၊ အောက် ထပ်မှာ ကိုကို့ရှေ့နေကြီး ဦးတိုင်းကျော်ကြီး စောင့်နေလို့၊ ကုမ္ပဏီ စာချုပ်ထဲက အသိသက်သေနေရာမှာ စစ် လက်မှတ် တစ်ချက် ထိုးပေးရုံလေးပါ၊ ကိုကို့ကို ကျေးဇူးပြုပြီး ကူညီပါဦးဗျာ"

"အိုး…ဘာမှ မကူညီနိုင်ဘူး၊ လက်မှတ် မထိုးပေးနိုင်





ဘူး"

"အောက်ထပ်မှာ လူကြီးစောင့်နေလို့ စစ်ရဲ့၊ ဒီတစ်ခါ တည်းပါဗျာ၊ နောက်ဘယ်တော့မှ စစ်ကို ဒုက္ခမပေးတော့ပါဘူး… ဟုတ်လား"

"မကူညီနိုင်ဘူးလို့ ပြောနေတယ်နော်"

စစ်က သူ့ကိုမကြည့်ဘဲ နှုတ်ခမ်းစူပြီး ကျောခိုင်းနေပုံ လေးကို စိုက်ကြည့်ကာ ထွန်းမြတ်ညို ပြုံးလိုက်သည်။ တကယ် တော့ စစ်ဆိုတာ နုနုငယ်ငယ်ချစ်စရာ မိန်းမလှလေးတစ်ယောက်။ အပေါ်ယံစကားတွေ ဘယ်လောက်အေးစက် တင်းမာနေပေမယ့် စစ်နှလုံးသားက နူးညံ့သိမ်မွေ့တာ သူ သိထားသည်။

"တူ…တူ…တူ"

"ဟဲလို"

"ဟုတ်ကဲ့ အန်ကယ်၊ အခုပဲ ဒီမှာ စစ် လက်မှတ် ထိုးနေပါပြီ၊ မကြာတော့ပါဘူး အန်ကယ်၊ အခုပဲ ဆင်းလာ တော့မှာပါ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"စစ်"



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်ပေမယ့် စစ် မထူး။

ထွန်းမြတ်ညိုက သူပြောစရာ့ဂိုတာ ဆက်ပြောလိုက်သည်။

"ကိစ္စက သိပ်အရေးကြီးနေလို့ပါ စစ်ရယ်၊ အန်ကယ့်ကိုလည်း စောင့်နေရတာ အားနာလို့ပါ၊ သူ့ခမျာ အလုပ်တွေမအားတဲ့ကြားက ကိုကို့ကိစ္စအတွက် အိမ်အထိလိုက်လာပြီး ကိုယ်တိုင် ဆောင်ရွက်ပေးနေရတာကွ၊ နောက် ဘယ်တော့မှ မကူညီလည်း ရတယ်၊ ဒီတစ်ခါတည်း ဟုတ်လား၊ ဒီတစ်ခါတည်း"

"ဒီတစ်ခါတည်းပါကွာ၊ နောက်ကို စစ်စိတ်ညစ်အောင် ဘာတစ်ခုမှ မလုပ်ဘူးလို့ ကတိပေးတယ်ဟုတ်လား၊ အောက်ထပ်မှာ ဧည့်သည်တွေစောင့်နေတယ်၊ အချိန်အကြာကြီး စောင့်ခိုင်းရရင် အားနာစရာ"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွန်းမြတ်ညိုယူလာသည့် စာချုပ်ကို တစ်ချက်မကြည့်ဘဲ သူပြောသည့်နေရာမှာ လက်မှတ်ထိုးပေးလိုက်တာ စစ်နဲ့သူ နှစ်ယောက်တည်းကိစ္စမဟုတ်ဘဲ အောက်ထပ်မှာ ဧည့်သည်တွေ စောင့်နေကြသည်ဆိုသောကြောင့်ပါ။





"သင့်ခ်ယူး စစ်၊ အခုမှပဲ ကိုကို့ရင်ထဲ အေးသွားတယ်"

စစ်က သူ့ကိုတစ်ချက်မကြည့်။

ဖတ်လက်စစာအုပ်ကို ဆွဲပြီး ခပ်တည်တည်လေး ဆက်ဖတ်နေလိုက်သည်။ ထွန်းမြတ်ညိုရင်ထဲက အပူတွေ၊ အအေးတွေ ဘာတစ်ခုမှ စစ် စိတ်မဝင်စားပေမယ့် ထွန်းမြတ်ညိုကတော့ သူဖြစ်ချင်တာ ဖြစ်ခွင့်ရလိုက်တာကို သိပ်ပျော်နေသည်။

ဘာပဲပြောပြော စစ်ကို သူပိုင်သွားပြီ။ စစ် အခု လက်မှတ်ထိုးလိုက်တာက ထွန်းမြတ်ညိုနှင့်သူမ လက်ထပ်စာချုပ်မှန်း စစ်မသိ။ အားလုံးကို ထွန်းမြတ်ညို စီစဉ်ခဲ့ခြင်းဖြစ်သည်။ သူဖြစ်ချင်တာကို သူ့ရှေ့နေကြီး ဦးတိုင်းကျော်ကပဲ အားလုံးစီစဉ်ပေးခြင်းဖြစ်သည်။ စစ် မျက်နှာလှလှလေးကို မြတ်နိုးစွာ တစ်ချက်စူးစိုက်ကြည့်ပြီး စစ်နားက သူထွက်ခဲ့သည်။

နောက်ပိုင်းမှာ ကျော်ကြီးကိစ္စ ရှိသေးသည်။ ထွန်းမြတ်ညို ဆိုတာ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် လွယ်လွယ်နှင့် အရှုံးပေးတတ်သူ မဟုတ်။ အထူးသဖြင့် သူ့အပေါ် လူလည်လုပ် အမြတ်ထုတ်ဖို့ ကြိုးစားရုံမက သူနှင့်စစ် အသက်အန္တရာယ်ကို ပြုခဲ့သည့် ကျော်ကြီးကို ခွင့်မလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



စစ် အချစ်ကို ဆုံးရှုံးရမှာ ကြောက်တာနှင့် ကျော်ကြီးကိစ္စ တစ်အုံမွေးမွေးဖြစ်နေတာကို မဖြေရှင်းဖြစ်သေး။ အခုတော့ စစ်ဆိုတာ သူ့မနီးဖြစ်သွားပြီဖြစ်၍ စစ်ကို ဘယ်အချိန်ဖြစ်ဖြစ် သူပိုင်ဆိုင်ခွင့်ရတော့မည်။

တခြားဘယ်သူမှ စစ်နား ကပ်လို့မရအောင် သူစီစဉ်ပြီးပြီမို့ လုပ်ငန်းခွင်ရှိရာ သူခဏပြန်ရဦးမည်။ သူ့လူယုံ ဦးနက်က ထွန်းမြတ်ညိုကို အမြန်ဆုံးပြန်လာပါဟု ဖုန်းဆက်ထားသည်။ စစ်အခြေအနေကို စောင့်ကြည့်နေရတာနှင့် မပြန်ဖြစ်။

အခု စစ်ကို စိတ်ချ၍ရပြီဆိုတော့ သူ စီစဉ်စရာရှိတာတွေ စီစဉ်ညွှန်ကြားသည်။ စစ်နှင့်ထွန်းမြတ်ညို၏ လက်ထပ်စာချုပ်အတွက် ရှေ့နေချုပ်ကြီး ဦးတိုင်းကျော်ကပဲ အားလုံး စီစဉ်ဆောင်ရွက်ပေးသည်။

"ကိုကို ခရီးထွက်ရဦးမယ် စစ်"

ထွန်းမြတ်ညိုက စစ်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ချစ်မြတ်နိုးစွာ အသိပေးပေမယ့် စစ်က သူ့ကို ဂရုမစိုက်။ သူမပိုင်သည့် ပစ္စည်းတွေကို အိတ်လေးထဲ စုထည့်သည်။

ထွန်းမြတ်ညို ခရီးသွားစရာရှိသလို စစ်လည်း သူနဲ့ဝေး





ရာကိုသွားရန် အားလုံးစီစဉ်ပြီးပါပြီ။

"ကိုကိုနဲ့ ကျော်ကြီးကိစ္စကို စစ် သိတယ်မဟုတ်လား၊ ကိုကို့အသက်ကိုရော ကိုကို့စီးပွားရေးကိုရော ဖျက်ဆီးတဲ့ လူယုတ်မာကို ကိုကို လက်တုံ့ပြန်ရမှ ကျေနပ်နိုင်မှာ၊ အခု ကိုကိုသွားမယ့် ခရီးက ကျော်ကြီးနဲ့ကိုကို စာရင်းရှင်းဖို့ပဲ"

စစ်လက်ထဲ ဆုပ်ကိုင်ထားသော အဝတ်တွေ ဖျတ်ခနဲ လွတ်ကျသွား၏။ ကျော်ကြီးဆိုသည့်လူက ကြောက်စရာကောင်းသည်။ ထွန်းမြတ်ညိုတစ်ယောက်တည်းနှင့် သူတို့က အုပ်စုလိုက်ဆိုတာ စစ်ကိုယ်တွေ့ကြုံရတာဆိုတော့ ထွန်းမြတ်ညိုအတွက် ရင်ထဲပူသွားသည်။

ထွန်းမြတ်ညို တစ်ခုခုဖြစ်လျှင်ဆိုသည့် အတွေးကြောင့် စစ်အကြည့်လေးတွေ သူ့ထံ ဖျတ်ခနဲရောက်သွား၏။

"စစ် ကိုကို့ကို ဘာပြောမလို့လဲ"

"ခင်ဗျားတစ်ယောက်တည်း ဘယ်လိုသွားမှာလဲ"

"စစ်က ကိုကို့အတွက် စိုးရိမ်လို့လား"

"အမေမေးရင် မဖြေတတ်မှာစိုးလို့မေးတာ"

စစ် မျက်နှာလှလှလေးပေါ်က စိုးရိမ်ခြင်းကို ထွန်းမြတ်ညို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရ၏။ စစ်ထံမှ သူလိုချင်သောအဖြေကို မရဘဲ အမေ့ကို လွှဲချလိုက်၍ ချစ်မြတ်နိုးစွာ သူပြုံးလိုက်သည်။

"ဒီအကြောင်းတွေ အမေ့ကို ဘယ်ပေးသိလို့ဖြစ်မလဲကွ၊ ကိုကိုကတော့ တခြားအားကိုးစရာ တိုင်ပင်စရာမရှိတော့ တစ်ယောက်တည်း သွားရမှာပဲ၊ ကိုကို့ကို စိတ်မချရင် စစ်ပါလိုက်ခဲ့လို့ရတယ်"

"မလိုက်ပါဘူး၊ စစ်က ခင်ဗျားနောက် ဘာလို့လိုက်ရမှာလဲ"

"ဟိုတစ်ခါက ကိုကို့အနားမှာ စစ် အတူရှိနေလို့ လွတ်လာတာလေ၊ စစ်ပါလာတော့ ကိုကို့အတွက် ပိုအားရှိတာပေါ့"

"လိုက်ခဲ့နော်"

ခေါ်သည့်လူက ခေါ်နေသည်။

စစ်ကိုယ်တိုင်လည်း ကျော်ကြီးတို့လူစု ရက်စက်ယုတ်မာပုံကို ပြန်တွေးပြီး ကျောထဲစိမ့်လာသည်။ အခန့်မသင့်ရင် အသက်အန္တရာယ် ကြုံနိုင်သည့်ကိစ္စကို ဖြစ်ချင်ရာဖြစ် ပစ်ထားလို့မရတာ စစ် သိသည်။

"ခင်ဗျားမသွားဘဲ နေလို့မရဘူးလား"





"မရဘူးကွ…သွားကိုသွားမှဖြစ်မှာ"

အစထဲက ဒီလိုပြန်ဖြေမှာ စစ်ကသိသည်။ တားလို့ရမလားလို့ တားကြည့်တာပါ။ တားမရတော့လည်း ဒီအတိုင်း လက်ပိုက်ကြည့်နေရုံရှိသည်။

"အေးလေ…ဒီမှာပဲ စစ်နေခဲ့ပါ၊ မပြောကောင်းမဆိုကောင်း ကိုကို့ကြောင့် စစ် တစ်ခုခုဖြစ်ရင် ကိုကိုပဲ ရင်ကွဲရမှာ"

"စစ်…နေခဲ့၊ ကိုကို မနက်ဖြန်သွားမယ်"

ပြောသည့်လူက လွယ်လွယ်ပြောပြီးသွားပေမယ့် မပြီးနိုင်ဘဲ အတွေးတွေလွန်ဆွဲပြီး ကျန်ခဲ့သူက စစ်။ ထွန်းမြတ်ညိုနောက်လိုက်သွားရမှာလား။ မလိုက်ဘဲ နေခဲ့ရမှာလားဆိုတာ ကိုယ့်ဘာသာ မဆုံးဖြတ်နိုင်ဖြစ်နေ၏။

စစ်တို့နှစ်ယောက်ကြားမှာ ပတ်သက်မှုပုံစံက အရင်လို မဟုတ်။ တစ်မျိုးဖြစ်သွားတော့ အရင်လို စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ ဘာပဲလုပ်လုပ် ကိုယ်က မိန်းမသားဆိုသည့်သတိက အမြဲရှိနေတော့ ခက်သည်။

တစ်ညလုံး ထွန်းမြတ်ညိုနှင့်ကျော်ကြီးအကြောင်း စဉ်းစားရင်း ညဉ့်နက်မှ အိပ်ပျော်သွားသည်။ မနက်လင်းတော့ ထွန်းမြတ်ညို



www.burmeseclassic.com

www.burmeseclassic.com



က ခရီးသွားဖို့ အသင့်ပြင်ထားတာ တွေ့လိုက်ရ၏။

"ခင်ဗျား တကယ်သွားတော့မှာလား"

"တကယ်သွားမှာလေ၊ ဘာလဲ စစ်က ကိုယ်ညာနေတယ်ထင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"စစ်လိုက်မယ်"

"စစ်"

သူ့ထံမှ ဝမ်းသာအားရ စစ်အမည်ခေါ်သံနှင့်အတူ စစ်ကို ကြည့်လာသည့် သူ့အကြည့်တွေကို စစ် မသိဟန်ဆောင်နေလိုက်သည်။

"ကိုယ်သိပ်ဝမ်းသာတာပဲ စစ်ရယ်၊ စစ်ကို ကျေးဇူးလည်းတင်တယ်"

"ခင်ဗျား...ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး၊ အနေသားဖြစ်နေလို့"

"အဟွန်း...ဟွန်း ထပ်ဆင့်ကျေးဇူးပါ"

အမေခေါ်ထားညီရှိရာ ရိပ်သာကို သွားနှုတ်ဆက်ပြီး

မိုးမိုး၊ ဝ၁၇၆ပ



စစ်တို့ ခရီးထွက်ခဲ့ကြသည်။ မျက်နှာထားတည်တည်နှင့် စစ်က ထွန်းမြတ်ညီကို စိတ်မဝင်စားသလို လုပ်နေပေမယ့် ထွန်းမြတ်ညီကတော့ တစ်ချိန်လုံး စစ်မျက်နှာကို ကြည့်ကာ တသိမ့်သိမ့် ကြည်နူးနေသည်။

စစ်ကို သူချစ်သည်။

ထိုအချစ်က ဘယ်လိုအရာနှင့်မှ နှိုင်းယှဉ်ဖော်ပြ၍မရသော အချစ်ဖြစ်သည်။

"စစ်"

"ဟင်"

"ချစ်တယ်"

"ခင်ဗျားက အခုထဲက ကတိပျက်နေပြီပဲ"

စစ်စကားကြောင့် ထွန်းမြတ်ညီမျက်နှာမှာ အပြုံးတစ်စ လှစ်ခနဲပေါ်လာ၏။ စစ်က သူမကို ချစ်ကြောင်းမပြောရဟု အမိန့်ထုတ်သလို ထွန်းမြတ်ညီကိုယ်တိုင်ကလည်း မပြောပါဟု ကတိပေးခဲ့တာ ပြန်အမှတ်ရ၍ပါ။

"ဆောရီး...ကိုကို့စိတ်ထဲ အပျော်လွန်သွားလို့"

"ဟွန်း"

မိုးမိုး၊ ဝ၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



စစ် မကျေမနပ် မျက်စောင်းထိုးတော့ သူ ခပ်ဖွဖွရယ်လိုက်သည်။ စစ်ကိုချစ်ရသည့်အထဲမှာ သူမ မျက်စောင်းထိုးတာလည်းပါသည်။ လေဆိပ်ကို ဦးနက် လာကြိုသည်။ စစ်က အရင်ပုံစံအတိုင်း ဘာတစ်ခုမှ မပြောင်းလဲ၍ စစ်ကို မိန်းကလေးမှန်း ဦးနက်မသိ။ ထွန်းမြတ်ညိုကလည်း မပြော။

"အခြေအနေဘယ်လိုလဲ ဦးနက်"

"သတင်းပေးတဲ့လူက သူ့ခြံထဲကအိမ်မှာ ကျောက်ကြီးပုန်းနေတုန်းပဲလို့ပြောတယ်၊ နေမကောင်းလို့ ပြန်လာတာပြောတယ်"

"ဘာရောဂါလဲ"

"အဲဒါတော့ ဦးနက် မသိဘူး၊ သတင်းပေးတဲ့လူကိုယ်တိုင်လည်း မသိဘူးတဲ့ မောင်ထွန်းမြတ်ညို"

စကားက ထိုနေရာမှာ ပြတ်သွားသည်။ ဦးနက်နှင့် ထွန်းမြတ်ညိုတို့ တခြားအကြောင်းတွေ ပြောနေပေမဲ့ စစ် စိတ်မဝင်စားတော့။ အိမ်ရောက်တာနှင့် စစ်ကိုထားပြီး ဦးနက်နှင့် ထွန်းမြတ်ညိုတို့ ကားဖြင့်ပြန်ထွက်သွားကြပြန်သည်။

"ဘယ်ကိုသွားမလို့လဲ ဦးထွန်းမြတ်ညို"

"ဒီနားတင်ပါ...ကိုယ်အခုပဲပြန်လာမယ်၊ စစ် အိမ်မှာပဲ





စောင့်နေ"

စစ်ကိုလိမ်ပြီး ထားခဲ့မှန်းမသိ။

ထွန်းမြတ်ညိုနှင့် ဦးနက်က ကျောက်ကြီးပုန်းနေသည့် ရော်ဘာခြံကို သွားကြခြင်းဖြစ်သည်။ စစ်ကိုပြောရင် သူမပါငိုက်လာမှာ သိနေ၍ တမင်မပြောဘဲနေခြင်းဖြစ်သည်။

"ဟိုရှေ့ကခြံကြီးပဲ မောင်ထွန်းမြတ်ညို"

ဦးနက်ပြောသည့် ခြံကြီးက တိတ်နေ၏။ သစ်ပင်ဝါးပင်တွေ စိမ်းစိုအုပ်ဆိုင်းနေသည့် ခြံကြီးထဲ သေချာကြည့်မှ တိုက်ခံသစ်သားနှစ်ထပ်အိမ်ဟောင်းကို တွေ့ရသည်။

"ကားတွေလည်း တစ်စီးမှမရှိပါလား၊ သူ့တပည့်တွေ အပြင်သွားတယ်ထင်တယ်"

"ဝင်ကြည့်ကြမလား မောင်ထွန်းမြတ်"

"ဝင်မယ်ဗျာ"

ထွန်းမြတ်ညိုကိုယ်တိုင် ကားကို သတိနှင့်မောင်းရင်း မှင်နေသည့် ခြံတံခါးအတိုင်း ခြံကြီးထဲ သူ့ကားကို မောင်းဝင်ခဲ့သည်။ အခုချိန်ထိ ဘယ်သူ့ကိုမှ မမြင်ရတော့။

"တိတ်လှချည်လား၊ လူတွေမရှိတော့ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်အော်သံမှတစ်ပါး တခြားဘာအသံဗလံမှ မရှိ

သော ပတ်ဝန်းကျင်ကို သတိမပြတ် အကဲခတ်ရင်း ရှေးကျသော

နှစ်ထပ်အိမ်ရှေ့ ကားရပ်ပြီး ဆင်းလိုက်ကြသည်။

“ဒုန်း”

“ခွမ်း”

“အထဲက အသံကြားတယ် ဦးနက်၊ လူရှိတယ်ဗျာ

ဖြည်းဖြည်းချင်း သတိနဲ့ဝင်ကြမယ်”

ပွင့်နေသည့် တံခါးအတိုင်း အိမ်ထဲလှမ်းဝင်တော့ ပစ္စည်း

အသုံးအဆောင်အဟောင်းတွေက ဖရိုဖရဲ။ မှုးယစ်သောက်စားထား

သည့် စားကြွင်းစားကျန် အရက်ပုလင်းအလွတ်။ ဘီယာဗူးတွေ

ပြန့်ကျဲလျက်။

“အပြင်က ဘယ်သူလဲ”

အက်ကွဲကွဲမေးလိုက်သံက အိမ်အတွင်းပိုင်းမှ ထွက်လာ

၍ ထွန်းမြတ်ညို့အကြည့်က ထိုနေရာရောက်သွားသလို ခြေလှမ်း

တွေကလည်း ရောက်သွား၏။

“ဟင်…ကိုမြတ်ညို”

“မင်း…ကျော်ကြီးလား”





မြင်ရသည့်မြင်ကွင်းကို ထွန်းမြတ်ညို မယုံ။ ယူပစ်လိုက်

သလို ပိန်ချုံးကျသွားသည့်သဏ္ဌာန်က အရိုးစုလို ကြောက်စရာ

ကောင်းနေရသည့်ကြားထဲ ဆံပင်ရှည်စုတ်ဖွား၊ အပေါ်ဝတ်ထားသည့်

အင်္ကျီက ဖွာရိုးဖားယား။ မျက်လုံးဟောက်ပက်နှင့်လူက ထွန်းမြတ်ညို

ကိုကြည့်ပြီး အီးခနဲရှိုက်ငိုတော့ ထွန်းမြတ်ညို တွန့်ခနဲဖြစ်သွား

၏။

“ကျွန်တော့်ကိုခွင့်လွှတ်ပါ ကိုမြတ်ညိုရာ၊ အခု ကျွန်တော်

လုပ်ခဲ့တဲ့ အကုသိုလ်ကံကို ကျွန်တော် ပြန်ခံနေရပါပြီ”

“ကျွန်တော် သေရတော့မှာဗျာ ကိုထွန်းညို၊ ကျွန်တော့်

အပေါင်းအပါတွေကလည်း ကျွန်တော့်ကို သစ္စာဖောက်ပြီး ရှိတာယူပြေး

တုန်ကြပြီ၊ အခု ကျွန်တော်တစ်ယောက်တည်း၊ အီး…ဟီး…ဟီး”

အသည်းနှလုံး တုန်လှုပ်ချောက်ခြားစွာ ဘဝနောက်ဆုံး

အချိန်အတွက် ရှုံးပွဲချင်ငိုချလိုက်သံက တိတ်ဆိတ်ခြင်းကို ကြောက်

စရာကောင်းအောင် ထိုးဖောက်သွား၍ ထွန်းမြတ်ညိုကိုယ်တိုင်

ဘာစကားမှ မပြောနိုင်အောင် စိတ်ထိခိုက်သွားမိသည်။

“မင်းမိန်းမနဲ့ကလေးရော”

“လေမှောက်လို့ ရေနစ်ပြီး ဆုံးသွားပြီဗျာ၊ ဟီး…ဟီး”



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမြတ်ညို ဘာမှပြောစရာမရှိတော့။

ကျော်ကြီးကို မြင်ထဲက သူဘာ ဒုရာဂါ ခံစားနေရလဲဆို တာ သူသိပြီးပါပြီ။ ဒီလိုလူစားတွေမှာ ဖြစ်တတ်သည့် အရောဂါ နောက်ဆုံးအဆင့်။

"မင်းကို ငါ ဆေးရုံပို့ပေးမယ်"

ကိုယ့်ဥစ္စာပစ္စည်းကို လိမ်ညာယူရုံမက ကိုယ့်အသက်ကို ပင် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သူမှန်း သိပေမယ့် ထွန်းမြတ် ညိုစိတ်က ကျော်ကြီးလို မယုတ်မာနိုင်တော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျောခိုင်းမသွားဖြစ်။ ဆေးရုံပို့ပေးမည်ဆိုတော့ ကျော်ကြီးက လက်မခံ။

"ကျွန်တော့်ဘဝနဲ့ကျွန်တော် ရှိပါစေဗျာ၊ ဒီမှာ ကျွန်တော် ကိုယ်နဲ့မကွာ ထိန်းထားတဲ့ စာချုပ်တွေ ကိုမြတ်ညိုယူပါ၊ ကျွန်တော့် အဖြစ်အတွက် ကျွန်တော့်ဘက်က ပေးဆပ်နိုင်တဲ့ နောက်ဆုံးအခွင့် အရေးကို ကိုမြတ်ညို လက်ခံပါဗျာ"

ထွန်းမြတ်ညို လှမ်းယူလိုက်တော့ သူပိုင်ဆိုင်သည့် အိမ်မြေ စာချုပ် ဖြစ်နေသည်။ သူစာချုပ်ကိုဖတ်ပြီး ကျော်ကြီးကို လှမ်းအကြည့် သူ့မျက်စိရှေ့မှာတင် ကျော်ကြီးတစ်ကိုယ်လုံး ဆတ်





ဆတ်တုန်ပြီး လဲကျသွား၏။

"ကျော်ကြီး"

"မရတော့ဘူး မောင်ထွန်းမြတ်၊ ထားလိုက်တော့၊ ဆေးရုံ ကို ဦးနက်ပဲ အကြောင်းကြားလိုက်မယ်"

ထွန်းမြတ်ညို အိမ်ပြန်ခဲ့သည်။

ဦးနက်က ကျော်ကြီးကိစ္စအားလုံး အစအဆုံး တာဝန်ယူ ဆောင်ရွက်ပေးလိုက်၍ ကျော်ကြီး အသေဖြောင့်သွားခဲ့ပါသည်။

ကျော်ကြီးကိုကြည့်ပြီး ထွန်းမြတ်ညို တော်တော်သံဝေဂ ရသွားသည်။ အချိန်တန်တော့ သေရမယ့်လူချင်း ဘာဖြစ်လို့ မတရားသဖြင့်လုပ်ပြီး တစ်ယောက်ကိုတစ်ယောက် နိုင်ရာစားလုပ် ချင်နေကြသနည်း။

အချိန်တန်တော့လည်း လောဘတကြီး ကိုယ်ရှာဖွေထား သမျှ တရားတာရော၊ မတရားရယူထားတာတွေပါ ထားခဲ့ပြီး သေမင်းခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားရတာ သူ့မျက်စိရှေ့မှာ ဖြစ်သည်။

"ဦးထွန်းမြတ်ညို"

"စစ်"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာလည်းမကောင်းဘူး၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"စိတ်မကောင်းလို့"

"ဟင်"

စစ်က သူ့စကားကို နားမလည်သလို လှပဝိုင်းစက်သည့် မျက်လုံးကြီးတွေနှင့် ချစ်စရာကောင်းအောင် သူ့ကိုကြည့်လာတော့ သူ ချစ်စနိုး ရယ်လိုက်သည်။

"ကောင်မလေးတစ်ယောက်က ကိုယ့်ကို အခုချိန်ထိ ပြန်မချစ်သေးတာ တွေးမိတိုင်း စိတ်မကောင်းဖြစ်နေမိလို့လေ"

"ကိုယ့်ကို ပြန်ချစ်ပါတော့ စစ်ရယ်၊ ကိုယ်တကယ် မခံစားနိုင်တော့လို့ပါဗျာ"

"အာ...ခင်ဗျား"

"စစ်"

"စစ်လက်ကိုလွှတ်ဗျာ"

"ချစ်တယ်ပြောမှ"

စစ်က သူ့မနားမှာ နီးကပ်စွာရှိနေသည့် ထွန်းမြတ်ညိုကိုယ်ကြီးကို တွန်းထုတ်ရင်း သူ့မလက်လေးကို ထွန်းမြတ်ညိုလက်ထဲက ရုန်းပေမယ့် သူကမလွှတ်။





"အဟာမ်း"

"ဟော...ကိုမှာ ဦးနက်လာနေပြီဗျ၊ စစ်ကို လွှတ်စမ်းပါ"

"ညီအစ်ကိုချင်းပဲကွာ ဘာဖြစ်လဲ"

"ဟာ...ခင်ဗျား ဘာလုပ်တာလဲဗျာ"

BURMESE CLASSIC .com

စစ် ပါးတစ်ဖက် နွေးခနဲဖြစ်သွားတော့ ထွန်းမြတ်ညို မျက်နှာကို စိတ်ဆိုးဒေါသဖြင့် မော့အကြည့်မှာ ဖျတ်ခနဲ ငုံ့ကျလာသည့် ထွန်းမြတ်ညိုမျက်နှာချောချောကို ရှောင်ဖယ်ခွင့်မရဘဲ ဖြစ်သွား၏။

"ချစ်တယ်စစ်ရယ်"

"ဟင့်အင်းဗျာ...လွှတ်"

"မလွှတ်ဘူး၊ မေမေ့ဆီ ဖုန်းဆက်လာပြီးပြီ၊ စစ်ကို ကျွန်တော် လက်ထပ်လိုက်ပြီလို့"

"မဟုတ်ဘဲနဲ့ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျာ"

"လက်တွေ့ဖြစ်မှာကို အခုသက်သေပြမယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်းမြတ်ညို"

"အို"

အဆက်မပြတ် ထုရိုက်လာသည့် လက်သီးဆုတ်လေးတွေကို ရင်ခွင်ထဲ သိမ်းယူထွေးပွေ့ကာ လှပသောမျက်နှာလေးထက် ချစ်အနမ်းတွေ အမြတ်တနိုး သွန်ချလိုက်ချိန်မှာပဲ ဖုန်းသံမြည်လာ၏။

ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ အမေဒေါ်ထားညိုဖုန်းဖြစ်နေ၍ ထွန်းမြတ်ညို နှုတ်ခမ်းအစုံမှာ အပြုံးသဲ့သဲ့ဖြစ်သွား၏။

"ဟဲလို"

"သား…အမေပါ၊ သမီးနဲ့ပြောချင်လို့"

"ခဏကိုင်ထားနော် မေမေ၊ ရော့.စစ်နဲ့ပြောချင်လို့တဲ့"

ထွန်းမြတ်ညိုက သူ့လက်ထဲကဖုန်းကို စစ်ကိုလှမ်းပေးတော့ စစ်က မကျေမနပ် လှမ်းယူရင်း သူ့ကို မျက်စောင်းလှမ်းထိုးသည်။

"ခင်ဗျားအကြံ ဒါအကုန်ပေါ့ ဟုတ်လား"

"ဟင့်အင်း…အခုမှအစပဲရှိသေးတယ်"

"ဟွန်း…မုန်းစရာကောင်းတဲ့လူ"





"ဟဲလို"

"စစ်…အမေပါ"

"ဟုတ်"

"သားကြီးက ဖုန်းဆက်လို့၊ သမီးတို့ချင်း ချစ်နေကြပြီဆို"

"ဟို…အဲဒါက"

"မရှက်ပါနဲ့ စစ်ရယ်၊ ဒါ သဘာဝတရားတွေပဲ၊ စစ်ဆိုတာ အမေ့သမီးပါ၊ အမေ့သားကြီးဘဝကို စစ်လက်ထဲမှာပဲ အပ်ခဲ့ချင်တယ်၊ ဒါမှ အမေ အသေဖြောင့်မယ်၊ အမေ့ကိုချစ်ရင် သားကြီးကို လက်ထပ်မယ်လို့ အမေ့ကိုကတိပေးပါလားကွယ်"

"ပေးမယ်မဟုတ်လား"

"ဟို…စစ် စဉ်းစား"

"စဉ်းစားနေစရာလားကွယ်၊ အမေ စိတ်ဆင်းရဲနေတာမြင်ချင်လို့လား"

နောက်ဆုံး အမေ့မျက်နှာကိုထောက်ပြီး စစ် ခေါင်းညိတ်လိုက်ရသည်။

"သားကြီးကို လက်ထပ်ပါမယ်လို့ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တကယ်လက်ထပ်မှာနော်"

"ဟုတ်ကဲ့ပါ"

"ဒါဆို ဖုန်းကို သားကြီးပေးလိုက်တော့ စစ်"

"ဟုတ်"

"ရော့…အမေက ခင်ဗျားနဲ့ပြောမယ်တဲ့"

အနားမှာအတူရှိနေသည့် ထွန်းမြတ်ညိုလက်ထဲ စစ် သူ့မဖုန်းလေး ဆောင့်အောင့်ပေးပြီး နှုတ်ခမ်းစူကာ မကျေမနပ် သူ့နားက လှည့်အထွက်….

"ဟိတ်…ဒါကဘယ်လဲ၊ ဒီနားမှာပဲနေ"

ထွန်းမြတ်ညိုက စစ်အကြံကိုသိသလို စစ်လက်လေး ဖမ်းဆွဲထား၍ စစ်ကိုယ်လေး သူ့ဘက် ယိုင်ခနဲ လဲပြိုကာ သူ့ရင် ထဲ ရောက်သွား၍ စစ် သူ့ကို လက်သီးဆုပ်လေးများဖြင့် ထုရိုက် မိသည်။

"ဘာမှမဖြစ်ပါဘူး မေမေရ၊ စစ်ကို ချစ်လို့စနေတာပါ"

စစ်က သူ့မလက်လေးကို ရုန်းသည်။ သူက မလွှတ်

"စိတ်ချပါ မေမေရဲ့၊ လက်ထပ်ပြီးတာနဲ့ သားသ





ချက်ချင်းယူမှာပါ၊ ဒါမှ မေမေလည်း မြေးချီရမှာ"

"ဟုတ်ကဲ့…ဟုတ်ကဲ့ မေမေ စိတ်ချမ်းသာအောင်နေပါ၊ စစ်က ကျွန်တော့်ကိုချစ်ပါတယ်"

ထွန်းမြတ်ညိုလက်ထဲက ဖုန်းပိတ်လိုက်တော့ စစ်က သူ့မ လက်ကို တအားဆောင့်ရုန်းသည်။

"ဟိတ်…ဒါက ဘယ်လိုဖြစ်နေတာလဲ၊ ဖုန်းတောင် ကောင်းကောင်းမပြောရဘူး"

"ဟွန်း…မပြောရလို့ပဲ အမေစိတ်ချမ်းသာအောင် ခေါင်း ညိတ်တာ၊ ခင်ဗျားကို မယူဘူး"

"မယူလို့မရဘူး၊ ရန်ကုန်အိမ်မှာထဲက လက်ထပ်စာချုပ် မှာ လက်မှတ်ထိုးပြီးသား"

"မဟုတ်တာမပြောနဲ့နော်"

"ဦးတိုင်းကျော်ကို မယုံရင်မေးကြည့်၊ စစ်ကိုယ်တိုင် စာချုပ်မှာ လက်မှတ်ထိုးတုန်းက သေချာမကြည့်လို့ သတို့သမီး စစ်လွှန်းဆိုတာ ဘယ်သူလဲ"

"ကြည့်စမ်း…ခင်ဗျား စစ်ကို လူလည်ကျတာ"

"အဲဒါ စစ်ကိုချစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“သွား…စစ်နားကို ခင်ဗျားမလာနဲ့”

“သွားဆိုလို့သွားမှာနော်၊ စစ်နားကို မလာနဲ့ဆိုတာတော့ မရဘူး”

“ခင်ဗျား…ဟာ”

အမုန်းစကားတစ်ခွန်း ဆိုခွင့်မရ။

ထွန်းမြတ်ညိုရင်ခွင်ထဲ မှိန်းကျပ်သွားသည့် စစ်ရင်ခုန်သံတွေ ဆူညံသွားတာပဲ နောက်ဆုံးသိလိုက်သည်။

BURMESE CLASSIC .com

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ၊

ချစ်မေတ္တာဖြင့်

မြပုလဲသွယ်

ဝိုး၊မိုး၊၀၁၄ပ

www.burmeseclassic.com